www.burmeseclassic.com

# မျှော်လင့်ခြင်းဘုံနန်းဆီ



GRAPHIC DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

DEC 2014

သျှီး

# မျှော်လင့်ခြင်းဘုံနန်းဆီ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဖျူး စာပေ)
အမှတ်-၅၂၀(က)၊ အင်း၀(၄)လမ်း။
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်အဖုံးပုံနှိပ်သူ
ဦးကျင်ရင် (မြ-၁၀၀၉၈) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ်-၁၃၉၊ ၃၁လမ်း။ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်ခြင်း
၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ။
အုပ်ရေ
၅၀၀ အုပ်
တန်ဖိုး
၁၀၀ ကျပ်
ဖြန့်ချိရေး
ဖိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း။
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၈၈၉၄

၈၉၅.၈၃
သျှီး
မျှော်လင့်ခြင်းဘုံနန်းဆီ
ဖျူးစာပေ၊ ၂၀၁၄။
၂၄၀ - စာ၊ ၁၂ × ၁၈ စင်တီ။
(၁) မျှော်လင့်ခြင်းဘုံနန်းဆီ

BURMESE CLASSIC

## ခန်း ( ၁ )

တကယ်ဆိုလျှင် သူနဲ့ စတင်ဆုံတွေ့ခဲ့ရသည်မှာ ရုပ်လွှာရဲ့ ားလေး စဖောက်သည့်နေ့ပဲဖြစ်သည်။ မိုးတွေ ရွာနေသောကြောင့် ားဘောနက် အဖုံးကိုဖွင့်ပြီး ပြင်နေသော ရုပ်လွှာ၏ ဖေဖေ့ကို ီးလေးမိုးပေးထားစဉ် ရုပ်လွှာ၏ဘေးနားသို့ ကော်ရိုလာဗင် င်ကောက်တစ်စီး ထိုးရပ်လာသည်။

ရုပ်လွှာ လှည့်ကြည့်မိတော့ ထိုကား၏နောက်ခန်းတွင် ပ်လွှာ၏ သူငယ်ချင်း မေလေးကို တွေ့လိုက်ရ၏။ ခါတိုင်း လေးစီးနေကျ ကားသည် ဟွန်ဒါဖစ်တ်ကားလေး ဖြစ်သည်။ ခုလို တွေ့မိတော့ ရုပ်လွှာအံ့သြနေသည်။ ကားမောင်းသူက လေး၏ အစ်ကိုဝမ်းကွဲဖြစ်ပြီး တစ်ဖက်မှာထိုင်နေသောသူကို ပ်လွှာ မမြင်ဖူးပါ။ သို့သော် သူကတော့ ရုပ်လွှာကို စိုက်ကြည့်နေခဲ့ ည်။

"ဟေ ... ရုပ်လွှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... မေလေး"

"ကား ဘာဖြစ်တာလဲ"

"ဘာဖြစ်သွားမှန်း မသိပါဘူးဟာ ... ချက်ချင်းကြီးကို ထိုးရပ်သွားတာ"

ကားပြင်နေသော ရုပ်လွှာဖေဖေကလည်း မော့ကြည့်လိုက်သည်။

"ဒါဆို ... လာလေ ရုပ်လွှာ၊ ငါတို့ကားနဲ့ပဲ လိုက်လာခဲ့တော့ပေါ့၊ နင် ကျောင်းသိပ်နောက်ကျလိမ့်မယ်"

"ဟင့်အင်းဟာ ရပါတယ်၊ ငါသွားရင် ဒီမှာ ဖေဖေ တစ်ယောက်တည်း ကျန်ခဲ့ရာမှာ"

"လိုက်သွားလေ သမီး၊ ဖေဖေက ကိစ္စ မရှိပါဘူး၊ သမီးလေး ကျောင်းပျက်နေမယ်၊ သမီး့ ဖေဖေ့ဘေးနားမှာ ရပ်နေလို့လည်း အကြောင်းမထူးပါဘူး၊ ဖေဖေ ပြင်လို့မရရင် မက္ကနစ်ကို ဖုန်းဆက်ခေါ်လိုက်မယ်"

ရုပ်လွှာမှာ သူမ၏ ဖေဖေကို စိတ်မချသလိုဖြင့် စိုးရိမ်ပူပန်ကာ ...

"ဖေဖေကလည်း သမီးလိုက်သွားရင် ဖေဖေ့ကိုထီးမိုးပေး မယ့်သူမှ မရှိတာ ... မိုးရေတွေစိုရွှဲကုန်မှာပေါ့၊ နေမကောင်းဖြစ်နေ မှာ"

ဦးအောင်သင်းက စိုးရိမ်နေရှာသော သမီးကို ပခုံးလေး လှမ်းဖက်ပြီး ကော်ရိုလာဗင်ကားဆီသို့ လျှောက်လာသည်။





"ကဲ ... မေလေးရေ ညည်းသူငယ်ချင်းကို ခေါ်သွားပေးပါဦး၊ ဒီမှာ ဦးလေးကို စိတ်မချဘူးဖြစ်နေတယ်"

ဦးအောင်သင်းက မေလေးကိုလှမ်းပြောရင်း ကားမောင်းသည့် မေလေးအစ်ကို,ကိုလည်း ပြုံးပြလိုက်၏။

"ဦးလေး ဒီနားမှာ ဝပ်ရှော့ပ်တစ်ခုရှိတယ်၊ ကျွန်တော်လွှတ်ပေးလိုက်ပါ့မယ်၊ ဦးလေးကားထဲမှာသာ ဝင်ထိုင်နေပါ၊ တော်ကြာ ရုပ်လွှာက စိတ်ပူနေဦးမယ်"

"အေး ... အေး ... ဦးလေး ကျေးဇူးတင်ပါတယ်ကွာ"

"ရပါတယ် ဦးလေးရဲ့၊ ဦးလေး ဒါက မေလေးအစ်ကို ကိုကျော်သူရတဲ့ ... ဒီနေ့မှ မန္တလေးကရောက်တာ"

"အေးကွယ် ... နောက် မေလေးနဲ့ဦးလေးတို့အိမ်ကို လိုက်လည်ဦး"

ကိုကျော်သူရက ခေါင်းညိတ်လိုက်သည်။

"ဟဲ့ ... ရုပ်လွှာ တက်လေ ... "

ရုပ်လွှာသည် ကားပေါ်သို့ မတက်နိုင်သေးဘဲ သူမ၏ ဖေဖေကို ထီးမိုးပေးရင်း စကားဆက်ပြန်သည်။

"ကားထဲမှာပဲ ဝင်ထိုင်နေပါ ဖေဖေရယ်၊ တော်ကြာ အအေးတ်နေပါ့မယ်"

"သမီးရယ် ဖေဖေ့ကို ကလေး,လေးကျနေတာပဲ၊ ဖေဖေက နောက်တိုင်း အမြဲလေ့ကျင့်ခန်းယူနေတာ သမီးသိသားနဲ့၊ ဒီမိုးလေးလောက်တော့ ဖေဖေခံနိုင်ရည် ရှိပါတယ်၊ ကဲ လိုက်သွား လိုက်သွား



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေရတာ အားနာစရာ …"

"ရုပ်လွှာတို့သားအဖ တစ်ဦးကိုတစ်ဦးအပြန်အလှန် ငဲ့ညှာစွာပြောနေစဉ် သူသည်ရုပ်လွှာ၏ ဖေဖေဦးအောင်သင်းကို ကြည့်မိလိုက်၏။ ဦးအောင်သင်းသည် ဥပမိရုပ်က ခန့်ခန့်ညားညားရှိပြီး အရပ်ထောင်ထောင်မောင်းမောင်းနှင့် ကြည့်ကောင်းသည်။ ထိုကဲ့သို့ ကျန်းမာရေးလည်းကောင်းပြီး ဖျတ်လတ်သွက် လက်စွာရှိနေသော ဦးအောင်သင်းကို ရုပ်လွှာဆိုသော ကောင်မလေး စိုးရိမ်ပူပန်နေတာကြောင့် သူ ရယ်ချင်သွားမိသည်။

"ကဲ … ဖေ ဒါဆို သမီးသွားတော့မယ်နော်၊ ဒီနေ့ ကလပ်(စ်)ကလည်း အရေးကြီးတာတွေ ပါနေလို့ နို့မို့ဆို သမီးမသွားတော့ဘူး၊ ကားပြင်ပြီးရင်လည်း ဖေဖေအိမ်မြန်မြန်ပြန်ပြီး အိမ်မှာဧွေးဧွေးထွေထွေးနဲ့ အနားယူလိုက်နော်၊ ဒီနေ့ ဖေဖေ့ ကုမ္ပဏီကို မသွားနဲ့တော့ …"

"အေးပါ သမီးရယ် … သွားမှာ သွားစမ်းပါကွယ်၊ ဟိုမှာစောင့်နေရတာ ဘယ်လောက်အားနာဖို့ကောင်းလဲ …"

ရုပ်လွှာလက်ထဲမှ ဖွင့်ဆောင်းထားသော ထီးကို ဖေဖေက ယူပြီး မေလေးဘေးမှ တံခါးဖွင့်ပေးသည်။ ပြီး … ကူရှင်နောက်ခန်းသို့ ရုပ်လွှာဝင်ရောက်သည်အထိ ထီးမိုးပေးထားသည်။ ရုပ်လွှာကားထဲရှိ နောက်ကူရှင်တွင် မေလေးနှင့် အတူထိုင်လိုက်သည်။ ဖေဖေက ရုပ်လွှာ ထီးလေးဆောင်းထားရင်း ကားထဲရှိသူတို့ကို ကျေးဇူးတင်သော အမူအယာဖြင့် ပြုံးပြပြီး ခေါင်းညိတ်လိုက်သည်။





သမီးက အဖေကို အဖြစ်သည်းပုံ၊ အဖေက သမီးကို အဖြစ်သည်းပုံတို့ကို သူငေးကြည့်နေမိသည်။ သူ့ဘဝတွင်တော့ အဖေသည် ဘယ်လိုနေမှန်း မသိခဲ့၊ ရှိခဲ့လျှင်လည်း သူ့ကို ထိုသို့ဂရုစိုက်မည်လား မပြောတတ်။

"သမီး ညနေကျောင်းဆင်းရင် စောင့်နေကျခုံတန်းလျားလေးကပဲစောင့် ဖေဖေလာကြိုမယ်"

"ရပါတယ် ဖေဖေရယ်၊ ဖေဖေသာ အနားယူပါ"

"ရပါတယ်တွေ ဘာတွေ မလုပ်နဲ့ ဒါမှ မဟုတ် ဖေဖေ ကုမ္ပဏီကို ဖုန်းဆက်ပြီးတော့ တစ်ယောက်ယောက်ကို ကြိုခိုင်းလိုက်မယ်"

"ဟာ … ဖေဖေကလည်း ဘယ်သူ့ကိုမှ မကြိုခိုင်းပါနဲ့၊ သမီးကြိုသလို ပြန်ခဲ့မယ်၊ ဘတ်(စ်)ကားနဲ့ ဖြစ်ဖြစ်၊ Taxi နဲ့ဖြစ်ဖြစ် ပြန်ခဲ့မယ်"

"စကားမများနဲ့သမီး … ဘတ်(စ်)ကားနဲ့လည်း မပြန်ရဘူး၊ Taxi နဲ့လည်း မပြန်ရဘူး၊ စောင့်နေကျ နေရာမှာပဲစောင့်၊ ဖေဖေ မလာဖြစ်ရင် တစ်ယောက်ယောက်လွှတ်လိုက်မယ်"

"ဟွန်း … ဖေဖေကားကကော သမီးကျောင်းဆင်းတဲ့အချိန် ကောင်းမှာမို့လို့လား …"

"ဟာ … ဒီသမီးနဲ့တော့ ခက်နေပြီ၊ အခု မက္ကနစ်ရောက်လာရင် အခု ကောင်းသွားမှာပေါ့"

ကိုကျော်သူရကလည်း ရုပ်လွှာနှင့်သူမ၏ဖေဖေ အပြန်

www.burmeseclassic.com



အလှန် ပြောနေသည်ကို စိတ်ရှည်စွာ စောင့်နေပြီး ဦးအောင်သင်း ကားဘေးနားမှ ထွက်ခွာသွားတော့မှ သူ၏ကားကို ဆက်မောင်းခဲ့သည်။

ဒါတောင်မှ ရုပ်လွှာသည် ကား၏နောက်ဘက်မှန်ပေါက်မှ သူမ၏ ဖေဖေဦးအောင်သင်းကို မျက်စိတစ်ဆုံး လှမ်းကြည့်နေရင်း လိုက်ပါလာသည်။ မိုးတွေလေတွေကြားတွင် သူမ၏ ဖေဖေအား တစ်ယောက်တည်း ထားခဲ့ရသည်ကိုပင် စိတ်မချနိုင်ဖြစ်နေပုံရသည်။

"ရုပ်လွှာက အဖေကို သိပ်ချစ်တယ်ထင်တယ်"

ကိုကျော်သူရ အမေးကြောင့် ရုပ်လွှာက ခေါင်းလေးညိတ်ပေမယ့် မေလေးက ဝင်ဖြေပေးလိုက်သည်။

"ဟုတ်တယ် ကိုကိုကျော်ရဲ့ ရုပ်လွှာက အဖေတစ်ခု သမီးတစ်ခုပဲရှိတာ၊ ဒါကြောင့် ရုပ်လွှာက သူ့အဖေကို စိတ်မချသလို သူ့အဖေကလည်း ရုပ်လွှာကို စိတ်မချဘူး"

မေလေးပြောသော စကားကို သူနားထောင်နေရင်းမှ သူနှင့် ဘဝတူဆိုတာကို သိလိုက်၏။ သူက အမေရှိပြီး အဖေမရှိ၊ ရုပ်လွှာဆိုသော ကောင်မလေးက အဖေရှိပြီး အမေ မရှိ။

မေလေးက ရုပ်လွှာအကြောင်းကို ထပ်မံစကားဆက်ပြန်သည်။

"ရုပ်လွှာ အဘွားကတော့ မန္တလေးမှာရှိတယ်၊ ရုပ်လွှာအမေဘက်ကပေါ့။ သူ့အဘွားက ဟိုမှာလာနေဖို့ခေါ်တာ ရုပ်လွှာက သူ့





အဖေတစ်ယောက်တည်း ဖြစ်နေမှာစိုးလို့ မသွားဘူးလေ"

"ဒါတော့ ဟုတ်တာပေါ့၊ အဖေတစ်ယောက်တည်းထားပြီး ဘယ်သွားရက်ပါ့မလဲ"

ကျော်သူရက ထိုသို့ပြောလိုက်တဲ့အခါ သူ့ကိုယ်သူ မလုံမလဲဖြစ်သွားရသည်။ သူ မေမေ့ကို မန္တလေးမှာ တစ်ယောက်တည်းထားပြီး ရန်ကုန်မှာကျောင်းလာတက်တာ သူ့ဘက်က တရားပါ့မလား၊ ဒါပေမယ့် မေမေသည် သူ၏ဖက်ရှင်ဆိုင်လေးကို တဖြည်းဖြည်းဖြုတ်ပြီး သူဆရာဝန်ဖြစ်သည်နှင့် ရန်ကုန်ပြောင်းလာမည်ဟု ဆိုသည်။ ရုပ်လွှာဆိုသော ကောင်မလေး သူ့အဖေကို စိတ်မချစွာ ပြောတော့ သူလည်း မေမေ့ကို သတိရမိလိုက်တာဖြစ်သည်။

ကားနောက်ဖက် ကူရှင်တွင် ရုပ်လွှာဆိုသော ကောင်မလေးနှင့် မေလေးတို့ စကားတွေတွတ်ထိုးနေကြသည်။ တစ်ခါ၊တစ်ခါတွင် ကားမှန်ထဲမှ သူ့ဆီသို့ ရုပ်လွှာ၏ မျက်ဝန်းလေးများ ဖျတ်ခနဲစီးဆင်းသွားသည်ကို သူကလည်း စုန်ချည်ဆန်ချည် သိလိုက်သည်။

ရုပ်လွှာ ကြည့်မိသလို၊ သူကလည်း ကြည့်မိ၏။ ရုပ်လွှာ၏ အလှသည် မျက်နှာလေးတင်မဟုတ်ပါ ခန္ဓာကိုယ် အချိုးအစားမှာလည်း မော်ဒယ်တွေလို ပိန်ပိန်ကပ်ကပ် မဟုတ်၊ ပြည့်တင်းနေသော ခန္ဓာကိုယ်လေးက သူ့နေရာနှင့်သူ လက်ရာမြောက် ပန်းပုဆရာထုထားသလို အချိုးအစားကျနေသည်။ သူမ၏ ဖေဖေဦးအောင်သင်း အသားအရည်ကဲ့သို့ပင် ဖြူဝင်းနေသော်လည်း သူမက ငယ်ရွယ်မှုရှိတာကြောင့် ပို၍ အသားလေးတွေ ဝင်းမွတ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တင်ပါးလောက်ရှိသော ဆံပင်ပျော့ပျော့ စင်းစင်းလေးတွေကို နှစ်ဖက်ခွဲစည်းထားသည်။ မိန်းကလေး ချောချောလှလှလေးတွေကို သူတွေ့ဖူးခဲ့ပေမယ့် သူမလောက် ချစ်စရာကောင်းသည့်မျိုး မတွေ့ဘူးပါ။ ချောချော လှလှလေးတွေရှိပေမယ့်လည်း ပြစ်မျိုးမဲ့မထင် မရှိပါ။ တစ်ခုခုတော့ လွဲချော်တတ်၏။

ရုပ်လွှာ၏ အလှသည် အရွယ်ရောက်ဘယ်အမျိုးသားမဆို မကြည့်ဘဲ မနေနိုင်သော အလှမျိုးဖြစ်ပြီး ကြည့်မိပြန်လျှင်လည်း ကြည့်၍ မဝနိုင်ဖြစ်ရ၏။ ရုပ်လွှာတို့ ကျောင်းဝင်းထဲရောက်တော့ မိုးသည်းထန်စွာ ရွာသွန်းမှုသည် ချက်ချင်းပင် တိတ်သွားခဲ့သည်။

ရုပ်လွှာနှင့် မေလေး ကားပေါ်ကဆင်းတော့ ကိုကျော်သူရနှင့် သူလည်း ဆင်းလာသည်။

"တော်သေးတယ် ကိုကိုကျော်၊ မေလေးတို့ အတန်းချိန်နောက်မကျသေးဘူး"

မေလေးပြောလိုက်တော့ ရုပ်လွှာကပါ ကိုကိုကျော်ကို ပြုံးကြည့်လိုက်သည်။

"ကိုကိုကျော် ရုပ်လွှာကို ကိုကိုကျော်သူငယ်ချင်းနဲ့ မိတ်ဆက်ပေးလိုက်ဦးလေ"

ကိုကိုကျော်က မန္တလေးမှာနေပေမယ့် ရန်ကုန်သို့ ရံဖန်ရံခါ လာတတ်ပြီး မေလေးနဲ့ ပါ,ပါလာတာကြောင့် ရုပ်လွှာသိနှင့်နေ၏။ သူနဲ့တော့ မေလေးက မိတ်ဆက်ခိုင်းလိုက်တာကြောင့် ကိုကိုကျော်က သူ့ကိုလှမ်းကြည့်ကာ ခေါင်းညိတ်ခေါ်လိုက်သည်။





"ရုပ်လွှာ ... ဒါ ကိုကိုကျော်သူငယ်ချင်း ဆေးတက္ကသိုလ် (၂)မှာ 3rd MBတက်နေတယ်၊ ဒီနှစ်မှ မန္တလေးက ပြောင်းလာခဲ့တာ နာမည်က ကောင်းနေခတဲ့"

"ဟုတ်ကဲ့ရှင့် ..."

"ကဲ ... နေခ ဒါကတော့ ရွှေရုပ်လွှာတဲ့၊ ဒီနှစ်မှ စီးပွားရေးတက္ကသိုလ်မှာ စတက်တဲ့ ဖရက်ရှာမလေးပေါ့၊ ရုပ်လွှာက ဖရက်ရှာသာဖြစ်တယ်၊ စီးပွားရေးတက္ကသိုလ်မှာတော့ ရောက်တာနဲ့ ကွင်းဖြစ်တော့တာပဲ"

"ကျွန်တော်က ဒီနှစ်မှပြောင်းလာပေမယ့် ရွှေရုပ်လွှာဆိုတဲ့ နာမည်လေးတစ်လုံးက ဆေးကျောင်းအထိတောင် ပျံ့နှံ့ခဲ့တာကို သိထားပြီးပါပြီ ... ဒီလို စီးပွားရေးတက္ကသိုလ်ကွင်း ရွှေရုပ်လွှာဆိုတဲ့ ကောင်မလေးနဲ့သိခွင့်ရတာ အရမ်းကိုပဲ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်"

ရုပ်လွှာက ရှက်စနိုးဖြင့် ခေါင်းလေးငုံ့နေသည်။ ထိုအခါ မေလေးက သူမ၏ သူငယ်ချင်းရုပ်လွှာ၏ လက်ကလေးကို ဆွဲကိုင်ကာ ...

"ကိုကိုကျော်နဲ့ ကိုကောင်းနေခတို့ ချီးမွမ်းစကားတွေ ပြောတာနဲ့ပဲ ရုပ်လွှာက ရှက်နေပြီ၊ မေလေ သူငယ်ချင်း ရှက်တတ်တယ် ကိုကိုကျော်ရဲ့"

"ဟုတ်လား ... ရုပ်လွှာ၊ အမှန်ကို အမှန်တိုင်းပြောတာပါ ရှက်စရာ မဟုတ်ပါဘူး ရုပ်လွှာရဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကျော်ကလည်း ရုပ်လှာကိုလှတယ်လို့ ထောက်ခံပေးနေတာကြောင့် ကြည်နူးမိ၏။ သို့သော် သူ၏စူးရဲသော မျက်ဝန်းတွေကြောင့် ရုပ်လှာရင်ထဲ ဖျတ်ခနဲ ခုန်သွားမိပြီး ခေါင်းငုံ့နေလိုက်ခြင်းသာ ဖြစ်ပေသည်။

"ကျေးဇူးတင်ပါတယ် ကိုကိုကျော်၊ ရုပ်လှာတို့ အတန်းထဲသွားတော့မယ်၊ ကိုကိုကျော်ရော ကိုကောင်းနေခရော ခွင့်ပြုပါဦးရှင်"

"ကောင်းပါပြီဗျာ ... "

ကိုကိုကျော်က ထိုသို့ပြောလိုက်ပြီး ကောင်းနေခကတော့ ခေါင်းညိတ်ကာ ပြုံးနေသည်။ သူ့အပြုံးကြောင့် ရုပ်လှာရင်ထဲ နွေးထွေးမှု တစ်စုံတစ်ရာ စီးဆင်းသွားသလို ခံစားရမိပြီး ထိုနေရာလေးမှ ရုပ်လှာသည် မေလေးလက်ကိုကိုင်ကာ မပြေးရုံတမယ် လျှောက်လှမ်းခဲ့မိတော့သည်။

အခန်း ( ၂ )

နောက်ရက်များတွင်လည်း ကိုကိုကျော်နှင့်အတူ ကိုကောင်းနေခ,က အမြဲတမ်းပါလာခဲ့သည်။ ထိုသို့ ပါလာရင်း ကောင်းနေခနှင့် ရုပ်လှာ တစတစ ရင်းနှီးလာခဲ့သလို ကိုကိုကျော် မလာဖြစ်လျှင်လည်း ကောင်းနေခက တစ်ယောက်တည်း ရောက်လာသည်ကို မအံ့သြတော့ပါ။ တကယ်တော့ ကိုကောင်းနေခသည် ရုပ်လှာကို စိတ်ဝင်စားကြောင်း ကိုကိုကျော့်အားဖွင့်ပြောခဲ့ပြီး မေလေးက တဆင့် သိခွင့်ရခဲ့ရပြီးဖြစ်သည်။

"ဟုတ်တယ် ရုပ်လှာ၊ နင့်ကို, ကိုကောင်းနေခက စိတ်ဝင်စားနေပြီတဲ့၊ ကိုကိုကျော်နဲ့ ကိုကောင်းနေခက ငယ်ငယ်ကတည်းက အတူကျောင်းတက်ရင်း ကြီးပြင်းလာတာတဲ့လေ၊ ကိုကောင်းနေခက ဘယ်မိန်းကလေးကိုမှ မချစ်ဖူးဘူးပြောတယ်၊ အဲဒါ နင့်စိတ်ထဲမှာ ဘယ်လို သဘောရလဲဟင် ... "

"အချစ်ဆိုတာတော့ ပြောရခက်သားပဲ မေလေးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါလည်း နင်နဲ့အတူ ငယ်ငယ်လေးတည်းက ကျောင်းတက်လာတာ ဘယ်တုန်းက ချစ်သူ ရည်းစားထားခဲ့ဘူးလို့လဲ ... "

"အဲဒါတော့ ဟုတ်တာပေါ့ ... နင့်ရင်ထဲမှာ မချစ်တတ်သေးလို့၊ နင့်ကိုချစ်ကြိုက်တဲ့ ယောကျ်ားတိုင်းကို နင်ပြန်ချစ်တာ ငါသိသားပဲ၊ အခု ကိုကောင်းနေခက အရမ်းချောတယ်နော်၊ အဲဒီ အတွက် နင်ဘယ်လို ခံစားရလဲ ... "

"ဟင်း ... ဟင်း ... မလေးရယ်၊ နင့်ကို ငါသူငယ်ချင်းအရင်းခေါက်ခေါက်ကြီးမို့ ပြောပြမယ်၊ ငါ့ကို ချစ်ခဲ့တဲ့ တချို့ယောကျ်ားလေးတွေလည်း အရမ်းချော၊ အရမ်းကြည့်ကောင်းတဲ့ သူတွေ ပါ,ပါတယ်၊ ဒါပေမယ့် ငါ ရင်မခုန်ဘူးဟ ... အဲ အခု ကိုကောင်းနေခကို တွေ့တော့ ငါ့ရင်တွေ အရမ်းခုန်မိသလိုပဲ"

"ဟင် ... ဒါဆို ကိုကောင်းနေခကို နင် ... ရင်ခုန်တယ်ပေါ့"

မလေးစကားကြောင့် ရုပ်လွှာက ရှက်ပြုံးလေးဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ထိုအခါ မလေးသည် ရုပ်လွှာ၏ ကိုယ်လေးကို လှမ်းဖက်ရင်း ...

"ရုပ်လွှာ အချစ်ဆိုတာ အဲဒါပဲ"

သူမနားသို့ တိုးတိုးလေးကပ်ပြောလိုက်သည်။

နောက်ရက်များတွင် ကိုကိုကျော်ကို မလေးပြန်ပြောလိုက်သည် ထင်၏။

ကိုကိုကျော်က ရုပ်လွှာကိုတွေ့သည်နှင့် စကားစတော့သည်။





"ရုပ်လွှာ ... ကိုကိုကျော် မနက်ဖြန် မန္တလေးပြန်လိုက်ဦးမယ်၊ ကိုကိုကျော် သူငယ်ချင်းကို ရုပ်လွှာဆီအပ်ခဲ့မယ်နော်၊ နေခက ဒီနှစ်ပြောင်းလာတာဆိုတော့ သူငယ်ချင်းအပေါင်းအသင်းက ရုပ်လွှာတို့ပဲ ရှိတယ်လေ၊ ဒါကြောင့် ရုပ်လွှာပဲ စောင့်ရှောက်ထားပေးနော်"

ကိုကိုကျော်က အလိမ္မာသုံးပြီး ပြောလိုက်တာကို ရုပ်လွှာက သဘောပေါက်သလို သူကလည်း ချက်ချင်းပင်နားလည်၏။ မလေးကလည်း သူမ၏လက်တစ်ဖက်ကို ဆုပ်ကိုင်ရင်း ပြုံးနေပြီး ကိုကိုကျော် ဘက်လှည့်ကာ ...

"ကိုကိုကျော် ရုပ်လွှာကိုပြောလိုက်လေ ... "

မလေး၏စကားကြောင့် ရုပ်လွှာက ဘာလဲဟင်ဟူသော သဘောဖြင့် မေးလေးဆတ်ပြသည်။ ထိုအခါ ကိုကိုကျော်က ရှင်းပြသည်။

"ဒီလို ရုပ်လွှာရေ၊ မနက်ဖြန် ကိုကိုကျော်ပြန်တော့မှာဆိုတော့ မလေးကပြောတယ်၊ ရုပ်လွှာက အားလုံးကက်တလိပ်ကိုကြက်အသည်းအမြစ် အစာသွပ်နဲ့ ကောင်းကောင်းလုပ်တတ်တယ်တဲ့၊ အဲဒါ ရုပ်လွှာကိုပြောပြီး ကိုကိုကျော်နဲ့ နေခကိုကျွေးချင်လို့တဲ့"

"ဒီလိုလား ရုပ်လွှာသိသားပဲ၊ မလေးက,စားချင်နေတာကြာပြီလေ၊ ရုပ်လွှာကိုပြောထားတာ၊ ရုပ်လွှာက ဟိုရွှေ့ ဒီရွှေ့လုပ်နေလို့ အခု ကိုကိုကျော်ကို ကြားခံလုပ်တာ ... ဟုတ်တယ်မလားမလေး ... "



www.burmeseclassic.com

www.burmeseclassic.com



မေလေးက သူမကို ရယ်ကျဲကျဲဖြင့် လှမ်းကြည့်သည်။

"အံမယ်နော် ... ကိုကိုကျော်ကလည်း တကယ်စားချင်နေတာ၊ အိမ်မှာ လုပ်ပေးပေမယ့် ရပ်လွှာလုပ်တာလောက် စားလို့မကောင်းလို့ ..."

"ဟွန်း ... လုပ်ပေးအောင်လို့ မြှောက်နေပြန်ပြီ"

"ရပ်လွှာရယ် ... ကိုကောင်းနေခကိုလည်း နင့်လက်ရာလေး မြည်းစေချင်လို့ပါ"

မေလေး၏အပြောကြောင့် သူကလည်း လှမ်းကြည့်ရင်းဖြင့်

"ရွှေရပ်လွှာက တကယ်မိန်းကလေးပီသတာပဲ ကျွန်တော်က ဒီလို နုနုရွရွ လှလှပပလေးဆိုတော့ ချက်တတ်ပြုတ်တတ်မယ် မထင်ဘူး ..."

"ရပ်လွှာကို ငယ်ငယ်ကတည်းက မေမေသင်ပေးထားခဲ့တာလေ၊ မိန်းကလေးဆိုတာ အိမ်မှုကိစ္စလည်း ကျွမ်းကျင်ရတာပေါ့ ကိုကောင်းနေခရဲ့"

"ဟုတ်တော့ ဟုတ်ပါတယ်၊ အခုခေတ် မိန်းကလေးအများစု ဟာ အိမ်မှုကိစ္စကို မကျွမ်းကျင်ကြဘူး၊ ရွှေရပ်လွှာကတော့ အဘက်ဘက်က ပြည့်စုံတဲ့ မိန်းကလေး တစ်ယောက်ပါပဲ"

ရပ်လွှာကို ကြည့်ပြီး သူက ချီးမွမ်းခန်းတွေ ဖွင့်နေ၏ ကိုကိုကျော်ကပါ ဝင်၍ ရပ်လွှာကို အမွှမ်းတင်နေပြန်သည်။

"နေခ ပြောတာမှန်တယ် ရပ်လွှာ၊ အခုပဲကြည့်လေ ရပ်လွှာ ချက်တတ် ပြုတ်တတ်သလောက် မေလေးက ဘာတစ်ခုမှ မလုပ်





တတ်ဘူး ..."

"ဟယ် ... ကိုကိုကျော်နော် မေလေးက လုပ်ပေးပါတယ်နော်၊ မေမေကဆူလို့ပဲဟာ"

"ဟုတ်တယ် ကိုကိုကျော်ရဲ့ မေလေး မေမေက သူ့သမီးကို အရမ်းချစ်တော့ ဘာမှမလုပ်ခိုင်းတာပါ ... ရပ်လွှာ မေမေသာ ရှိရင်လည်း ဘယ်လုပ်ခိုင်းပါ့မလဲ၊ ကိုကိုကျော်ရယ်၊ အခုဟာက ရပ်လွှာ ငယ်ငယ်လေးတည်းက မေမေဆုံးသွားတော့ ဖေဖေ့ကို ရပ်လွှာကပဲ ပြုစုချက်ကျွေးရတာ၊ ဒေါ်လေးတာတာတော့ ရှိပါတယ်၊ အကုန်စီမံပေးတယ်၊ သူပဲ အကုန်ချက်ပြုတ်ပေးတယ်၊ ဒါပေမယ့် ဖေဖေက ရပ်လွှာချက်ပြုတ်ပေးမှ ကြိုက်တာ၊ ဘယ်သူ လုပ်တာမှ သဘောမကျချင်ဘူး၊ ဒါကြောင့် မေမေသင်ပေးခဲ့တဲ့ ဟင်းချက်အမွေတွေကို ရပ်လွှာကျွမ်းကျင်ခဲ့တာပေါ့၊

ကဲပါ ... ဒါနဲ့ ဘယ်တော့ လုပ်စားမှာလဲ၊ ကိုကိုကျော်က မနက်ဖြန်ပဲ ပြန်တော့မယ် ..."

"ဒီနေ့ ... လုပ်စားမယ်လေဟာ"

"ဒါဆို ကျောင်းမတက်တော့ဘူးလား"

"ဟင့်အင်း ..."

မေလေးက ခေါင်းခါပြီးပြောလိုက်တော့ ကိုကောင်းနေခကလည်း ရပ်လွှာကိုပြုံးပြီး ...

"ကျွန်တော်တောင် ရွှေရပ်လွှာရဲ့လက်ရာလေးကိုစားဖို့ ကျောင်းပျက်ခံနိုင်သေးတယ်၊ ဘာလဲ ရွှေရပ်လွှာက ချက်မကျွေး



www.burmeseclassic.com

www.burmeseclassic.com



ချင်လို့လား”

“အို … မဟုတ်ပါဘူး ကိုကောင်းနေခဲ့ရယ်၊ ရုပ်လွှာက ပိုပြီး တောင်မှ လက်စွမ်းပြချင်သေးတယ်”

“ကဲ … ကဲ လက်စွမ်းပြချင်တဲ့သူနဲ့ လက်ရာကို မြည်းကြည့်ချင်တဲ့သူနဲ့ စကားတွေများနေလို့ တော်တော်နဲ့ စားဖြစ်မှာ မဟုတ်ဘူး၊ ခုပဲ သွားကြမယ်လေ”

“ကိုကိုကျော် ဘယ်မှာသွားလုပ်စားမှာလဲဟင်”

“ဪ … ပြောဖို့မေ့နေတယ်၊ အခု နေခဲ့နေတဲ့ ဘောက်ထော်က သူ့ရဲ့တစ်ထပ်တိုက်လေးမှာလေ ရုပ်လွှာရော မေလေးရော ရောက်ဘူးသွားတာပေါ့”

ထို့နောက် ဘောက်ထော်ရှိ သူ၏တိုက်သို့မသွားခင် အရင်ဆုံးဈေးဝင်ဝယ်ကြသည်။

ကိုကိုကျော်နှင့်သူကတော့ ကားထဲမှာစောင့်နေကာ မေလေးနဲ့ ရုပ်လွှာက အာလူးတို့ ကြက်အသည်းအမြစ်၊ ဆီ စသည်ဖြင့် လိုအပ်သည့် ပစ္စည်းများကို ရုပ်လွှာကိုယ်တိုင် ဝယ်လိုက်သည်။

ကားလေးက ဘောက်ထော်ရှိ လမ်းသွယ်လေးထဲသို့ ဝင်သွားပြီး ခြံကြီးတစ်ခြံရှေ့မှာ ရပ်လိုက်သည်။

“တီ … တီ … တီ”

ကားဟွန်းတီးသံ သုံးလေးချက် ဆင့်ပေးလိုက်ရာတွင် အထဲမှ ဦးလေးကြီးတစ်ယောက် တံခါးလာဖွင့်ပေးသည်။

“ဟာ … မောင်နေခ သားအစောကြီး ပြန်လာပါလား”





“ဟုတ်တယ် … ဦးလေးတုတ်ပေါ၊ ဒီနေ့ ကျောင်းလစ်လာတာ၊ မေမေဖုန်းဆက်ရင် သွားမပြောမိစေနဲ့နော်”

“စိတ်ချပါကွာ … ဦးလေးလည်း ငယ်ရာကကြီးလာတာ ဒါမျိုးတွေ နားလည်ပါတယ်၊ အေးဆေးတွေ့ကြပေါ့ကွာ၊ အေးဆေး တွေ့ကြ”

ဦးလေးတုတ်ပေါဆိုသည့် ထိုဦးလေး၏စကားကြောင့် ရုပ်လွှာနှင့်မေလေး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရုပ်လွှာ မျက်နှာလေးက ရဲရဲတွတ်နီမြန်းသွားရပါတယ်။ ဒါကို သဘောပေါက်ဟန်ရှိသော သူက …

“ဟာ … ဦးလေးတုတ်ပေါ ဘာတွေလျှောက်ပြောနေတာလဲ၊ ဒီမှာလေ ကျော်သူရကို မမှတ်မိဘူးလား”

“မှတ်မိတယ်လေကွာ၊ ဒါကြောင့် မင်းတို့ကနှစ်ယောက် ကောင်မလေးကလည်း နှစ်ယောက်ဆိုတော့ … ”

ပြောကာမှ ပို၍ရှုပ်ကုန်တော့သည်။ အကုန်လုံးကလည်း ဦးလေးတုတ်ပေါ၏ စကားကြောင့် ရယ်လည်းရယ်ချင်မိသလို ရုပ်လွှာကိုလည်း အားနာမိသည်။ ကျော်သူရနဲ့ မေလေးကတော့ ပြောစရာမလိုပါ။

“မဟုတ်ပါဘူး ဦးလေးတုတ်ပေါ … ဘာတွေပြောနေတာလဲ၊ ဟိုတစ်ယောက်က ကျော်သူရညီမလေး မေလေး၊ နောက်တစ်ယောက်က မေလေးသူငယ်ချင်း ရွှေရုပ်လွှာတဲ့၊ ဒီကိုလည်း မရောက်ဖူးလို့ အလည်ခေါ်လာရင်း အာလူးကက်တလိတ် လုပ်စားကြမလို့



www.burmeseclassic.com

www.burmeseclassic.com



လေ”

“ဟော ... ဒီလိုလား သမီးတို့၊ ဦးလေးက မသိလို့နော်၊ လာလာ ဦးလေးတို့ခြံကြီးက အကျယ်ကြီးပဲ နှင်းဆီပန်းတွေဆိုတာလည်း အမျိုးစုံရှိတယ်၊ သမီးတို့လိုချင်တာပြော ဦးလေးခူးပေးမယ်”

ဦးလေးတုတ်ပေါက ခြံတံခါးဖွင့်ပေးရင်း စကားတွေလည်း တရစပ်ပြောနေသည်။ ရုပ်လွှာနှင့်မေလေးလည်း ဦးလေးတုတ်ပေါကိုကြည့်ကာ ရယ်လိုက်မိ၏။ နာမည်ကသာ ဦးလေးတုတ်ပေါ လူကတော့ ခပ်ပိန်ပိန် အသားဖြူဖြူပင် ဖြစ်ပြီး နာမည်နှင့်လူမှာ ဘယ်လိုမှ မလိုက်ဖက်ပေ။

ကားလေးက လှပသော တစ်ထပ်တိုက်လေး၏ ပေါ်တီကိုအောက်တွင် ရပ်လိုက်သည်။ ဦးလေးတုတ်ပေါကလည်း ခြံတံခါးကို ပြန်ပိတ်ပြီး ပြေးလာကာ ...

“နေခ ... ဦးလေးရော ဘာကူညီရမလဲ ... ”

“ဒီနေ့တော့ ဦးလေးလုံးဝနားလို့ရပြီ၊ စားကာနီးကျမှ ဦးလေးကို လှမ်းခေါ်လိုက်မယ်”

ဦးလေးတုတ်ပေါ ပြန်၍ လှည့်ထွက်သွားသည်။

“ကိုကိုကျော်နဲ့ ကိုကောင်းနေခ အေးအေးဆေးဆေးသာ ထိုင်စကားပြောကြ၊ ရုပ်လွှာကို မေလေးကူပြီး လုပ်ပေးလိုက်မယ်”

ရုပ်လွှာက မေလေးနှင့်အတူ နောက်ဖေးမီးဖိုခန်းသို့ဝင်ကာ အဆင်သင့်ရှိသော ဂက်စ်မီးဖိုနှင့် အာလူးတွေကို စတင်ပြုတ်လိုက်သည်။ ကိုင်ပြီးသား ကြက်အသည်းအမြစ်လေးတွေကို ရေစင်





အောင် ဆေးပြီး အတုံးသေးသေးလေးတွေ တုံးကာ ဆား၊ နနွင်း၊ အချိုမှုန့် ရောနယ်ကာ တစ်ဖက်မီးဖိုပေါ်တွင် ကြက်သွန်ဖြူ ဆီသတ်ပြီး ချက်နေတော့သည်။

မေလေးကတော့ သူမ၏သူငယ်ချင်း ရုပ်လွှာကိုကြည့်ကာ

“ရုပ်လွှာ နင့်လက်ရာဖွဲ့ပြီးရင် ကိုကောင်းနေခကတော့ ဆွေမျိုးတွေ မေ့မမေ့တော့ မသိဘူး၊ နင့်ကိုတော့ ပြန်မလွှတ်ရင် ဘယ်လိုလုပ်မလဲ ... ”

“ဟယ် ... မေလေးရယ် ပေါက်ကရတွေ ဟိုကကြားသွားဦးမယ်”

“ကြားတော့ ပိုမကောင်းဘူးလား ရုပ်လွှာရယ်၊ တစ်ဦးတည်းသော သားလည်းဖြစ်၊ ဆွဆေးကျောင်းသားလည်းဖြစ်၊ နင်ပဲ ရင်ခုန်တယ်ဆို”

“ရင်ခုန်တာတော့ ခုန်မိတာပေါ့ မေလေးရယ်၊ ငါက နင့်ကို ကိုယ့်သူငယ်ချင်းမလို့ ပြောပြတာ၊ သူသိသွားရင် ရှက်စရာကြီးဟ”

“အိုး ... ဘာလို့ရှက်ရမှာလဲ၊ အရွယ်ရောက်ပြီးတဲ့ ယောကျ်ားလေးတစ်ယောက်နဲ့ အရွယ်ရောက်ပြီးတဲ့ မိန်းမပျိုလေးတစ်ယောက် ဖူးဝန်းချင်းဆုံပြီး ချစ်ရည်လည်ကြတာ ဒါအဆန်းမှ မဟုတ်တာ”

“ငါက ဘယ်တုန်းကမှ ချစ်သူရည်းစား မထားဘူးတော့၊ အခုတွေ့တာနဲ့တင် ရင်တွေ အရမ်းခုန်နေတယ်ဟ ... ”

“အဲဒါပြောတာပေါ့ ရုပ်လွှာရဲ့၊ အချစ်ဆိုတာ အဲလိုမျိုးပဲ”

မေလေး၏ “အချစ်ဆိုတာ အဲလိုမျိုးပဲ” ဟု ပြောလိုက်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဘာကြောင့်မှန်းမသိအောင် သူမရင်မှ အသိတရားများလည်း ဘယ်သို့လွင့်စင်ကုန်ပြီလဲမသိ၊ အာလူးတွေကို နယ်နေရင်းမှ ဆားတွေ အချိုမှုန့်တွေ ထပ်ထည့်မိသလိုလို၊ မထည့်ဘဲနဲ့ပဲ ထည့်မိသလိုလို ဖြစ်နေရတာ၊ ဒီတစ်ခါ အာလူး ကက်တလိပ်လုပ်ရတာ ဘယ်လိုမှ အဆင်မပြေနိုင်တော့။ အယောင်ယောင် အမှားမှားနှင့် သူမစိတ်တွေ ဖရိုဖရဲ လွင့်ထွက်ကုန်တော့၏။

သို့သော် ထိုနေ့က စားခဲ့ကြသော အာလူးကက်သလိပ်သည် ကိုကိုကျော်ရော သူကပါ အရမ်းကောင်းတာပဲဟု ချီးမွမ်းလိုက်သည့်အတွက် သူမပင်အံ့ဩရကာ မေလေးကလည်း ရုပ်လှာ၏ခါးလေးကို ဖက်ပြီး …

"ရုပ်လှာ နင်အယောင်ယောင် အမှားမှားနဲ့ ဆားတွေအချိုမှုန့်တွေ ဘယ်လောက်ထည့်မိမှန်း မသိတဲ့ဟာကို သူတို့က ကောင်းတယ်ဆိုတော့ နင်မအံ့ဩဘူးလား၊ အာလူးကက်တလိပ်ကပဲ ကောင်းတာလား၊ တို့စားတဲ့ အချဉ်လေးကပဲ ကောင်းတာလား မသိတော့ဘူး ရုပ်လှာရေ"

"ဒါဆို နင်လည်း စားကြည့်လိုက်လေဟာ"

"အေး … ငါစားကြည့်လိုက်မယ်"

အိမ်ရှေ့ညှော်ခန်းဆီမှလည်း ကိုကိုကျော်နဲ့ သူက အတူလာစားရန် လှမ်းခေါ်နေသည်။ သူမတို့၏ အဖြစ်ကို သူတို့ကမသိနိုင်အကယ်၍ ရုပ်လှာလုပ်ပေးခဲ့တာ အစပ်အဟပ်မတည့်လျှင် သူတို့ကတော့ ရုပ်လှာကိုအားနာပြီး ကောင်းတယ်ဟုသာ ပြောကြမည်။





ထို့ကြောင့် အိမ်ရှေ့သို့ မသွားရဲသေးဘဲ မေလေးကကောင်းတယ်ဟု ပြောမှသာ မေလေးနှင့်အတူ အပြင်သို့ထွက်ထိုင်မည်။ မေလေးသည် အာလူးကက်တလိပ်ကို ဒီအတိုင်းစားလိုက် အချဉ်နှင့်တို့စားလိုက် အမျိုးမျိုးလုပ်နေပြီး ရုပ်လှာမှာတော့ မေလေးမျက်နှာကိုကြည့်ကာ အကဲခတ်နေသည်။

ပြီးတော့မှ …

"အိုး … "

"ဘာ … ဘာဖြစ်လို့လဲ မေလေး၊ ငန်များသွားလို့လားဟင်"

"ဟင့်အင်း … "

"ဒါဖြင့် ဘာဖြစ်လို့လဲ … "

မေလေး၏ ပြန်ပြောဖို့အရေးကိုစောင့်စားရတာ သူမ စိတ်မရှည်နိုင်၊ ကောက်ကာငင်ကာဖြင့် ရုပ်လှာ အာလူးကက်တလိပ်တစ်ခုကိုကောက်စားလိုက်သည်။ ပြီးတော့ ပြုံးလိုက်သည်။ နောက်အချဉ်နှင့်ထပ်တို့သည်။

"အရမ်းကောင်းတယ် ရုပ်လှာ … "

နှစ်ယောက်သား အာလူးကက်တလိပ်တွေကို ပန်းကန်အပြည့်ထည့်လာရင်း အိမ်ရှေ့ ညှော်ခန်းဆီသို့ ယူလာကာ ဝိုင်းဖွဲ့စားသောက်ကြသည်။

ထိုအခါ ကိုကိုကျော်ကပင် …

"ရုပ်လှာကတော့ကွာ အချက်အပြုတ် အရမ်းတော်တယ်ဆိုတာ ခုမှယုံတော့တယ်၊ ဒါပေမယ့် ဒီတစ်မျိုးတည်းတော့ မရဘူးနော်၊



www.burmeseclassic.com

www.burmeseclassic.com



နောက် ကိုကိုကျော် ရန်ကုန်ရောက်ရင် ဒီတိုက်မှာပဲ ရုပ်လွှာတတ် သလောက် အမျိုးမျိုး လုပ်ကျွေးရမယ်"

"ရပါတယ် ကိုကိုကျော်ရယ်၊ မေလေး အစ်ကိုဟာ ရုပ်လွှာ အစ်ကိုပဲပေါ့ ... "

ကိုကိုကျော်က သဘောကျစွာ ပြုံးလိုက်သည်။

ထိုနေ့က သူမလက်စွမ်းပြခဲ့သည့် အာလူးကက်တလိပ်လေး တွေ တကယ်ကိုပင် အချိန်အဆမရှိဘဲ ကောင်းသွားခဲ့ရသည်မှာ အချစ်ဆိုသော အသိတရားတစ်ခုသာ ရင်ထဲမှာ လှုံ့ဆော်လာရင်း အချစ်၏ ချိုမြိန်ခြင်းတွေက ရောထွေးသွားခဲ့ရသည်ပဲလား မသိ တော့ပါ။ သေချာတာကတော့ သူ့ကို ရုပ်လွှာချစ်မိသွားတာပင် ဖြစ်သည်။

အခန်း ( ၃ )

နောက်ရက်များတွင်တော့ ဆေးကျောင်းသားလေး ကောင်းနေခ တစ်ယောက် စီးပွားရေးတက္ကသိုလ်သို့ ခြေချင်းထပ် လာခဲ့၏။ ကိုကိုကျော် မရှိပေမယ့်လည်း တစ်ခုခုကို အကြောင်းပြ ၍ လာတတ်သည်။ တကယ်တမ်း ရုပ်လွှာနှင့် တွေ့သည့်အခါမှာ တော့ ...

"ကိုကောင်းနေခက စီးပွားရေးတက္ကသိုလ်မှာ သူငယ်ချင်း ရှိလို့လား၊ နောက်ပြီး ကိုကောင်းနေခက ဒီနှစ်မှ ပြောင်းလာတာဆို တော့ ... "

ရုပ်လွှာက စကားကို တစ်ဝက်တစ်ပျက်နှင့် ရပ်လိုက်တာ ကြောင့် သူကလည်း ရုပ်လွှာ၏ မေးခွန်းကို သဘောပေါက်လိုက် သည်။

"ဟုတ်တယ် ... ရွှေရုပ်လွှာ၊ ကျွန်တော့်မှာ ရွှေရုပ်လွှာနဲ့ မေလေးကလွဲရင် ဘယ်မှာ သူငယ်ချင်းရှိပါ့မလဲ၊ ဒါကြောင့် ရွှေရုပ်



www.burmeseclassic.com

www.burmeseclassic.com



လွှာမေးတဲ့အခါ ကျွန်တော့်သူငယ်ချင်းဆီ လာတာလို့ပြောခဲ့တာပေါ့၊ အမှန်တကယ်လည်း ဟုတ်တယ်လေ၊ ရွှေရုပ်လွှာနဲ့ မေလေးရှိနေတာပဲ ...”

သူ၏စကားကြောင့် သုံးယောက်သား သဘောကျစွာ ရယ်လိုက်မိကြသည်။

“ရွှေရုပ်လွှာတို့ကို ဦးလေးကတောင် မေးနေတယ်၊ အိမ်ကိုလာလည်ကြဦးလေ ...”

“ဟာ ... လာလည်ချင်တာပေါ့၊ ကိုကောင်းနေခရယ်၊ ကိုကိုကျော်လည်း မရှိတော့ မေလေးတို့လာလည်ရင် မကြိုက်မှာစိုးလို့ပါ ...”

“ဟာ ... ကျွန်တော်က မကြိုက်ဘဲနေပါ့မလား မေလေးရယ်၊ မေလေးတို့ ရွှေရုပ်လွှာတို့ မလာချင်မှာစိုးလို့သာ ကျွန်တော်က မခေါ်ဘဲနေတာ ...”

“တကယ်ပြောတာနော် ကိုကောင်းနေခ၊ ကဲ ... ရုပ်လွှာ ကိုကောင်းနေခက ဖိတ်ခေါ်ပါတယ်တဲ့၊ ဘယ်လိုလဲ ...”

ရုပ်လွှာက ရှက်ပြုံးလေးပြုံးနေသည်မှာ ချစ်စရာပင်ကောင်းလှသည်။

“တကယ်ပြောတာ ရွှေရုပ်လွှာ၊ ကျွန်တော့်အိမ်ကို လာလည် မှာလား”

“ဟုတ်ကဲ့ ... ရုပ်လွှာနဲ့ မေလေး ဒီတစ်ပတ် တနင်္ဂနွေလာခဲ့ပါ့မယ်၊ ဒါနဲ့ ကိုကောင်းနေခက အဲဒီတိုက်မှာ တစ်ယောက်တည်းနေတာလား”

“ဟုတ်တယ် ... ရွှေရုပ်လွှာ၊ အခု လောလောဆယ်တော့ ကျွန်တော်နဲ့ ဦးလေးတုတ်ပေါ နှစ်ယောက်တည်းပေါ့ ...”

“ဒါဆို ကိုကောင်းနေခ မိဘတွေကရောဟင် ...”

“ကျွန်တော့် ဖေဖေက ကျွန်တော်မမွေးခင်ကတည်းက ဆုံးသွားပါတယ်၊ ကျွန်တော့် မေမေကတော့ မန္တလေးမှာ ...”

“အို ... ဒါဆို ရုပ်လွှာလိုဖြစ်နေပြီပဲ၊ ရုပ်လွှာက ဖေဖေရှိတယ်၊ မေမေကတော့ ရုပ်လွှာငယ်ငယ်လေးတည်းက ဆုံးသွားတယ်”

“တို့တွေက ဘဝတူတွေ ဖြစ်နေတာပေါ့ ... ရွှေရုပ်လွှာ”

“အင်းပေါ့နော် ... မေလေးကတော့ ကံကောင်းတယ်၊ အဖေရော အမေရော ရှိသေးတယ်လေ ...”

“ဟုတ်တယ် ... မေလေးက မိဘမေတ္တာကို အပြည့်အဝခံစားရတယ်”

“ဒါနဲ့ ကိုကောင်းနေခ မေမေက မန္တလေးမှာတစ်ယောက်တည်း ကျန်ခဲ့တာလား”

မေလေးကလည်း သူသိချင်တာ ဝင်မေးလိုက်သည်။

“ဟုတ်တယ် မေလေး၊ ကျွန်တော် ရန်ကုန်မှာလာနေတော့ ဟိုမှာ မေမေတစ်ယောက်တည်းလေ၊ ဒါပေမယ့် ဆိုင်မှာကူရောင်းပေးတဲ့ ကောင်မလေးနှစ်ယောက်ကတော့ မေမေနဲ့လာနေပေးတယ်၊ မေမေကတော့ ပြောပါတယ် ... သူ့ဖက်ရှင်ဆိုင်လေးကို အမြည်းဖြည်း ဖြုတ်လိုက်ပြီး ကျွန်တော်နဲ့လာနေမယ်တဲ့”







www.burmeseclassic.com

www.burmeseclassic.com



"ကိုကောင်းနေစဉ်က ကိုယ့်အမေ ကိုယ်ခွဲနိုင်တယ်နော်၊ ရှပ်လွှာကတော့ ဖေဖေတစ်ယောက်တည်းရှိတော့ မခွဲနိုင်ဘူး"

"ဒါကတော့ ရွှေရှပ်လွှာရယ်၊ ဘဝကပေးကံကြောင့်ပေါ့၊ အကယ်၍များ ရွှေရှပ်လွှာ တစ်နယ်တစ်ကျေးက လူတစ်ယောက်နဲ့ အိမ်ထောင်ကျသွားရင် ဘယ်လိုလုပ်မလဲ"

"အို ... ရှပ်လွှာကတော့ ဖေဖေနဲ့မခွဲနိုင်ပါဘူး"

"ဒါဆို ... ရွှေရှပ်လွှာက အပျိုကြီးပဲလုပ်တော့မယ်ပေါ့"

"ဟင့်အင်း ... ရှပ်လွှာ မဆုံးဖြတ်ရသေးဘူး"

ရှပ်လွှာ၏အဖြေကြောင့် သူကသဘောကျစွာ ရယ်သည်။ တကယ်မဆုံးဖြတ်ရသေးတာ ... ရှပ်လွှာ ရှင့်မျက်ဝန်းတွေထဲမှာ အချစ်ဆိုတာကို တွေ့လိုက်မိလို့ပဲ ... ထိုနည်းတူ ရှပ်လွှာရင်မှာလည်း ရှင်နဲ့တွေ့မိတိုင်း နှလုံးသားတွေ တဒိတ်ဒိတ်ခုန်နေမိသလို ရှင်နဲ့တွေ့တိုင်း ရှပ်လွှာပျော်မိတယ် ... ကြည်နူးမိတယ်၊ ရှပ်လွှာ ရင်ထဲက အချစ်ဆိုတဲ့ နှလုံးသားတံခါးကို ရှင်က စေစားဖွင့်နိုင်ခဲ့လို့ပါပဲ။

ဒီနေ့တနင်္ဂနွေ ဖြစ်တာကြောင့် သူ့ကိုလာမယ်ဆိုတာ ကတိပေးထားခဲ့တာဖြစ်ပြီး ရှပ်လွှာက သူမ၏မတ်ခ်တူးကို လဲလိုက်သော ပရာဒို ခဲပုပ်ရောင်ကားအား ခြံစောင့်ကိုဇော်ဝိတ်ကို ရေဆေးခိုင်းထားသည်။ ကိုဇော်ဝိတ်က ရေးဆေးသန့်စင်ပြီး အဝတ်ခြောက်နှင့်





ပွတ်တိုက်နေ၏။

"ကိုဇော်ဝိတ် ဖေဖေရောဟင်"

"ဆရာလမ်းလျှောက်ထွက်တာ အခုထက်ထိ ပြန်မရောက်သေးဘူး ရွှေရှပ်လွှာ ..."

ရှပ်လွှာ အိမ်ထဲဝင်လာတာကို မြင်သည်နှင့် ဒေါ်လေးတာတာက ခေါင်းညိတ်ခေါ်လိုက်သည်။

"ရှပ်လွှာ ... ဒီမှာ သမီး ဘွားလေးပြောမယ်တဲ့"

အနားမှာ ရောက်နေပြီဖြစ်သော ရှပ်လွှာက ဒေါ်လေးတာတာ လက်ထဲမှ ဖုန်းကိုလှမ်းယူလိုက်သည်။

"ဘွားဘွား"

"မြေးလေး ဘွားမှာသတိရနေလိုက်တာကွယ်၊ ဘွားဆီကို ဘယ်တော့မှ လာမှာလဲ ..."

"ဘွားရယ် ဟိုအရင်တုန်းကလည်း ရှပ်လွှာကိုသတိရရင် ဘွားက ရှပ်လွှာဆီကို ပြေးလာတတ်တယ်မလား၊ အဲလိုပဲ ဘွားလာခဲ့ပေါ့"

"ဟိုအရင်ကတော့ ဟုတ်တာပေါ့ မြေးလေးရယ်၊ အခု ဘွားက သိပ်မကျန်းမာတော့ဘူး၊ ဘာလဲ ဘွား အောင်သင်းကို ပြောပေးရမှာလား"

"မဟုတ်ပါဘူး ဘွားလေးရယ်၊ ရှပ်လွှာ ဖေဖေ့ကို မခွဲနိုင်တာ ဘွားလေးသိသားနဲ့၊ ရှပ်လွှာက ဘွားလေးနဲ့ ဝေးနေရပေမယ့် ဘွားလေးကို အမြဲတမ်း သတိရနေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်, သိပါတယ်၊ မြေလေးက ဘွားလေးတို့ဘက်ကို ပိုမချစ်တာသိပါတယ်၊ မြေးလေး မေမေဘက်ဆိုလို့ ဆွေမျိုးရင်းချာ ဘွားတစ်ယောက်တည်းရှိတာ၊ ဘွားမှာ အသက်လည်းကြီးနေပြီ၊ မတော်, တစ်စုံတစ်ခုများ ဖြစ်သွားခဲ့ရင် ဘွားလေးကို တမ်းတမနေ နဲ့တော့"

ဘွားလေး စိတ်ဆိုးစွာပြောလိုက်တာကို ရုပ်လွှာသိတာကြောင့် ဖုန်းပြောနေရင်းမှ ပြုံးလိုက်မိသည်။

"စိတ်မဆိုးပါနဲ့ ဘွားလေးရယ်၊ ရုပ်လွှာဘွားလေးကိုလည်း အရမ်းချစ်ပါတယ်၊ ဒီမှာက ဖေဖေတစ်ယောက်တည်းဆိုတော့ ဂရုစိုက်မယ့် လူမရှိလို့ပါ ဘွားလေးရယ်၊ ဘွားလေးမှာက အန်တီလေးတို့ သားအမိရှိတော့ အဖော်ရသေးတာပေါ့"

"အမလေး သူတို့ကိုများ စကားထဲ ထည့်ပြောနေသေးတယ်၊ အလကားနေ အပြင်ထွက် ဈေးဝယ်၊ ရုပ်ရှင်ကြည့် ဒါပဲ လုပ်နေကြတာ၊ ဘယ်လို အဖော်ရမှာလဲ၊ ဒါဆို မြေးလေးအဘွားနဲ့ လာနေနိုင်အောင် အောင်သင်းကို မိန်းမပေးစားလိုက်ရင် မကောင်းဘူးလား"

"ဟိ ... ဟိ အဘွားကလည်း ဖေဖေက ရုပ်လွှာကို မိထွေးနဲ့နေရမှာစိုးလို့ နောက်အိမ်ထောင် မပြုဘူးတဲ့"

"အင်း ... ဘွားလေးနဲ့လာမနေချင်လို့ အမျိုးမျိုးအကြောင်းပြနေတာ သိသားပဲ၊ ကဲ ဒါဘဲ ... ဒါဘဲ"





ဘွားလေးက စိတ်ဆိုးစွာဖြင့် တစ်ဖက်မှ ဖုန်းကိုဆောင့်ကြီးအောင့်ကြီးဖြင့် ဂွပ်ခနဲမြည်အောင် ချလိုက်တာကြောင့် ရုပ်လွှာကို အငှတ်လေး ဒေါကန်သွားတာ သိလိုက်သည်။

ထိုအခိုက် ဖေဖေက ဘယ်အချိန်ကတည်းက ပြန်ရောက်နေသည် မသိ။ ရုပ်လွှာကို ကြည့်ကာ ပြုံးလိုက်ပြီး ...

"သမီး အဘွား စိတ်ဆိုးသွားပြီ မဟုတ်လား၊ သမီး ကျောင်းပိတ်ရင် ခဏလောက်သွားနေပေးလိုက်ပါ သမီးရယ်၊ တော်ကြာ သမီးအဘွား စိတ်မကောင်းဖြစ်နေပါ့မယ်"

"သမီးလည်း စဉ်းစားထားပါတယ် ဖေဖေရယ်၊ ဘွားလေးဆီခဏသွားနေပေးမှာပါ"

ဖေဖေက ခေါင်းညိတ်ကာ သူ၏အားကစား ဖိနပ်ကိုငုံ့၍ချွတ်နေသည်။

"ဖေဖေ ဒီနေ့တနင်္ဂနွေနေ့ဆိုတော့ သမီးမေလေးဆီသွားမည်မလို့ ... အဲဒါ"

"ဟေ ... ဘာပြောချင်လို့လဲ သမီးပြောလေ"

"ဟို ... ဒီနေ့ သမီးဘာသာပဲ ကားမောင်းသွားတော့မယ်၊ စီးနိုင်ကို ခေါ်,ခေါ် မောင်းနိုင်းရတာ အားနာလှပြီ"

"သမီး မောင်းလို့ဖြစ်တယ်ဆိုရင် မောင်းလေ၊ ဖေဖေက တစ်ခါ သမီးတစ်ယောက်တည်း ပြန်လာပြီး ကောင်လေးတွေ လိုက်နှောင့်ယှက်တယ်ဆိုကတည်းက စိတ်မချဖြစ်လို့သာ လိုက်ပို့ခိုင်းတာ၊ အခုလည်း ဖေဖေက သိပ်တော့စိတ်မချချင်ဘူး၊ ဇော်ဝိက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် ခေါ်သွားလိုက်ပါလား"

"ရပါတယ် ဖေဖေရယ် စိတ်ချပါ၊ ဒီတစ်ခါ နှောင့်ယှက်ရင်တော့ သမီးကားထဲမှာ သံတုတ်ဆောင်ထားတယ်၊ အကွဲကို ဆော်ပစ်လိုက်မှာ"

"အမလေး သမီးရယ် ဟုတ်ပါ့မလား၊ ခွေးပေါက်စလေးတွေတောင် သမီးကကြောက်နေတာ၊ ဒီလို ရူးရူးမိုက်မိုက်ကောင်တွေဆိုရင် ဖေဖေ စိတ်မချပါဘူး သမီးရယ်"

"ခက်ပါလား ဖေဖေရယ်၊ ဘာမှ မဖြစ်ပါဘူး၊ ဟိုတစ်ခါဖြစ်တာကလည်း ကားကစက်ချို့ယွင်းသွားလို့ သမီးအောက်ဆင်းပြီး ဟိုကြည့်ဒီကြည့်ဖြစ်နေတုန်း သူတို့လာနှောင့်ယှက်တာပါ ဖေဖေရာ၊ အခု ကားကလည်း အသစ်လဲလိုက်ပြီ ဘယ်လိုမှ စက်မချို့ယွင်းနိုင်တော့ဘူး၊ သမီး ဘာသာပဲ မောင်းမယ် ဖေဖေရယ်နော်"

တဖွတ်ဖွတ်ထိုးပြောနေသော သမီးလေးကြောင့် ဖေဖေကပင်အလျှော့ပေးလိုက်ရပြန်သည်။ ရုပ်လွှာ၏ ပခုံးလေးကို ကြင်နာစွာဆုပ်ကိုင်လျှက် ...

"ကဲ ... ကဲ ... သမီးသဘော၊ ကားကိုလည်း သတိထားမောင်းနော်သမီး၊ အကယ်၍များ လမ်းမှာကားတစ်ခုခုဖြစ်ရင် ဖေဖေ့ဆီချက်ချင်း ဖုန်းဆက် ... အင်း သမီးလေးမှာ မေလေးအစ်ကို မောင်ကျော်သူရလိုမျိုး အစ်ကိုတစ်ယောက်ရှိရင် သိပ်ကောင်းမှာပဲ"

"ကဲပါ ဖေဖေရယ်၊ သမီးမှာ ဖေဖေ တစ်ယောက်လုံးရှိနေ





တာပဲ၊ အဲဒါ အကောင်းဆုံးပေါ့ ဖေဖေရဲ့ ... "

"ဒါဆို သမီး့မေလေးဆီသွားဖို့ ပြင်ဆင်တော့လေ သွားသွား"

ရုပ်လွှာရင်ထဲမှာ အပျော်လေးတွေ ဖြတ်သန်းစီးဆင်းသွားရပြီး ချက်ချင်းပင် အပေါ်ထပ်လှေကားထစ်ပေါ် ပြေးတက်ကာရေချိုးရန် ပြင်ဆင်လိုက်တော့၏။

ရုပ်လွှာသည် ဘယ်တော့မှ မှန်တင်ခုံရှေ့ ကြာကြာမထိုင်တတ်ပါ။

သူမ၏ ရှည်လျားမဲနက်နေသော မျက်တောင်ကော့ကော့လေးများသည် ဘာတစ်ခုမှ မပြင်မဆင်ဘဲ သဘာဝအတိုင်းပင်ရှည်ရှိနေ၏။ ပါးမို့မို့ထက်လေးဆီမှလည်း ပန်းရောင်ပြေးကာကြောစိမ်းလေးတွေပင် ယှက်သမ်းနေသည်။ နှုတ်ခမ်းအိအိလေးတွေက ထွေးအိနီမြန်းနေပြီး အရောင်မတင်ဆေးမကူဘဲ လှပနေသည်။ ရုပ်လွှာက သူမကိုယ်သူမ မှန်ထဲမှာကြည့်ရင်း ကျေနပ်နေမိသည်။ စိတ်တိုင်းကျ ပြင်ဆင်ပြီးမှ အောက်ထပ်သို့ဆင်းလာကာဖေဖေ့ကို နှုတ်ဆက်ပြီး ကားပေါ်သို့တက်ကာ မောင်းထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၄ )

ကျောင်း၏ကားပါကင်ကိုရောက်တော့ ကားကိုနေရာဝင်ထားပြီး ရုပ်လွှာထိုင်နေကျ ခုံတန်းလျားဘက်သို့လျှောက်လာလိုက်သည်။ မေလေးကတောင် အရင်ရောက်နှင့်နေသည်။

"ရောက်နေတာ ကြာပြီလား မေလေး"

"ဒါပေါ့ ... မနေ့က ရင်ခုန်ခဲ့ရတာလေးတွေလည်း ပြန်ပြောပြဦး"

မေလေး၏အမေးကြောင့် ရုပ်လွှာကရှက်စနိုးဖြင့်ခေါင်းလေးငုံ့နေလိုက်သည်။ သူမ၏ပခုံးပေါ်သို့ မေလေးကလှမ်းဖက်ရင်း

"ရုပ်လွှာ နင်ရှက်နေလား"

"အေးပေါ့ ..."

"နင်ပဲ အချစ်ကိုမြည်းစမ်းကြည့်ချင်တယ်ဆို"

"ဟုတ်တယ်လေ ... ဒါကြောင့်ပဲ သူနဲ့ငါနဲ့ ပွင့်လင်းသွားကြပြီ"





"ဟယ် ... တကယ်လား"

"တကယ်ပါဆို ..."

တနင်္ဂနွေနေ့က မေလေးကိုဝင်ခေါ်ကာ ဘောက်ထော်ရှိသူ၏ခြံထဲသို့ ရုပ်လွှာတို့ရောက်ခဲ့ကြသည်။ ဦးလေးတုတ်ပေါ်ကလည်း လာမယ်ဆိုတာ သိနေသည်ထင်၏။ ခြံတံခါးနားမှာ စောင့်နေပြီး ရုပ်လွှာ ကားဟွန်းသံပေးလိုက်သည်နှင့် ခြံတံခါးဖွင့် ပြီးနေပြီ။

"သမီးတို့ကို မောင်နေခက စောင့်နေတယ်ကွယ့်၊ မလာသေးလို့ တမျှော်မျှော်နဲ့ ခုပဲတိုက်ထဲဝင်သွားတယ်"

ပေါ်တီကိုအောက်မှာ ကားလေးရပ်လိုက်သည်နှင့် သူလည်း ရောက်လာခဲ့သည်။

"မျှော်နေတာလား ကိုကောင်းနေခ"

"လာမယ်ပြောထားတော့လည်း မျှော်မိတာပေါ့ဗျာ"

"ကဲ ညီ့သည်တွေကိုခေါ်ထားပြီး အိမ်ရှင်ကဘာနဲ့ညှော်ခံမှာလဲ"

"ပြောလေ ... ရွှေရုပ်လွှာနဲ့ မေလေးစားချင်တာ ကျွန်တော်ကျွေးမှာပေါ့"

"ဟင် ... ကိုကောင်းနေခက မေလေးတို့ကိုချက်ကျွေးမှာလား"

"ကျွန်တော်ကတော့ ဘယ်ချက်တတ်ပါ့မလဲ မေလေးရယ်၊ ဆိုင်မှာ သွားဝယ်ကျွေးမှာပေါ့"

"ဟယ် ... အဲလိုတော့ အားနာစရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... ဒီလိုလုပ်ပါလား ကိုကောင်းနေခ၊ ဦးလေး တုတ်ပေါက်ကို ဈေးမှာကြက်သား သွားဝယ်ခိုင်းလိုက်ပါလား၊ ရုပ်လွှာ ကြက်သား ကာလသားဟင်းချက်ကျွေးမယ်"

"ညှော်သည်က ပြန်ချက်ကျွေးမှာလား၊ မဟုတ်တာဘဲ ရွှေရုပ်လွှာ"

"ဘာလို့မဟုတ်ရမှာလဲ ကိုကောင်းနေခရဲ့၊ ဟိုတစ်ခါက ကိုကောင်းနေခပြောထားတယ် မလား၊ ရုပ်လွှာရဲ့ လက်ရာကို မြည်းစမ်းကြည့်ချင်လို့ဆို၊ ကဲပါ ငြင်းမနေနဲ့နော်၊ ဦးလေးတုတ်ပေါ ကိုသာ မြန်မြန်လွှတ်လိုက်တော့"

သို့နှင့် ရုပ်လွှာ၏စကားကို သူ မငြင်းပယ်နိုင်တော့ ဦးလေးတုတ်ပေါက်ကို ဈေးသို့ မြန်မြန်လွှတ်လိုက်ရသည်။

သိပ်မကြာခင်မှာပဲ ဦးလေးတုတ်ပေါ ကြက်သားထုပ် ဆွဲ ပြန်ရောက်လာသည်။

ထိုနေ့က ကြက်သားဟင်းကို စပါးလင်နံ့ကလေးနှင့် ကြိုင်နေပြီး ကရဝေးရွက်ပေါလော၊ ငရုတ်သီး အဖတ်လိုက်နှ ကာလသားဟင်း ဆီကျန်ရေကျန် ဆမ်းစား၊ သောက်စား ကော လောက်အောင် ချက်ပေးလိုက်သည်။ သူသည် ရုပ်လွှာချက်ပေး စားပြီးတိုင်း အမြဲချီးမွမ်း တတ်သလို ဦးလေးတုတ်ပေါကလည်

"သမီး ရွှေရုပ်လွှာ တနင်္ဂနွေနေ့တိုင်းလာရင် သိပ်ကောင်း ပဲ"

"ဘာဖြစ်လို့လဲ ဦးလေးရဲ့"





"မောင်နေခက ဘယ်တော့မှ ဒီလိုနေ့မျိုး ထမင်း၊ ဟင်းကို အားရပါးရ ကောင်းကောင်းစားတယ်မရှိဘူး၊ သမီးချက်ပေးမှပဲ စားလိုက်တာ တအားပဲ"

ထိုအခါ ရုပ်လွှာက ရှက်ပြုံးလေး ပြုံးလိုက်သလို သူက အားနာဟန်ဖြင့် လှမ်းကြည့်သည်။ မေလေးကလည်း လက်ဖက်စားနေရင်းမှ ရုပ်လွှာကို ကြည့်ကာ ...

"ဟုတ်တယ် ရုပ်လွှာ၊ ငါတို့တနင်္ဂနွေနေ့တိုင်း လာလည်ရင် မကောင်းဘူးလား၊ နင့်လက်ရာကို ဦးလေးတုတ်ပေါကပါ ပြောမဆုံးတော့ဘူး၊ အခုလည်း လက်ဖက်စားရတာ အရမ်းကိုအရသာရှိတာ"

"ဘာလဲ ... ရုပ်လွှာ အမြှောက်မကြိုက်တတ်ဘူးနော်၊ ကြည့်ပါလား သူစားချင်တာစားရလို့ မြှောက်ပင့်ပြောနေတာ"

"မဟုတ်ပါဘူး ရုပ်လွှာရယ်၊ နင်ကလည်း အကုန်လုံးက နင်တော်တာကို စေတနာနဲ့ပြောနေတာ၊ ဟုတ်တယ်နော် ကိုကောင်းနေခ"

မေလေးက သူတစ်ယောက်တည်းတင်မဟုတ် ကိုကောင်းနေခကိုပါ ဆွယ်လိုက်သေးသည်။

"ဒါပေါ့ဗျာ ... တကယ်ပြောတာပါ ရွှေရုပ်လွှာ၊ ဦးလေးတုတ်ပေါ ပြောသလို တနင်္ဂနွေနေ့တိုင်း လာလည်ပါလား"

"ရုပ်လွှာတို့လာလည်ရင် ကိုကောင်းနေခအတွက် စာကြည့်ပျက်နေမှာလည်း စိုးလို့ပါ"

"ရပါတယ် ရွှေရုပ်လွှာ၊ ကျွန်တော်စာကြည့်ချိန်ကို သပ်သပ်



www.burmeseclassic.com

www.burmeseclassic.com



ထားပါတယ်”

“ကဲပါ ရှပ်လွှာရယ်၊ ကိုကောင်းနေခက လာစေချင်နေတာ အားနာစရာကြီး၊ ရတယ် ကိုကောင်းနေခ ရတယ် မေလေးနဲ့ ရှပ်လွှာ တနင်္ဂနွေနေ့တိုင်း လာလည်မယ်လေ”

မေလေးက ပြောရင်းဖြင့် ရှပ်လွှာကိုပြုံးကြည့်နေသည်။ ဘယ်လိုလဲ ဆိုသည့်သဘောဖြင့်လည်း ကြည့်ပုံရ၏။

“ရှပ်လွှာရေ ငါ ဒီ့ကိုရိုးယားကား ကြည့်ပြီးရင် ပြန်ကြမယ်လေ၊ သြော် ကိုကောင်းနေခ ရှပ်လွှာက ဦးလေးတုတ်ပေါ် စိုက်ထားတဲ့ နှင်းဆီခင်းတွေကို မကြည့်ရသေးဘူး ကိုကောင်းနေခ လိုက်ပြပေးလိုက်ဦးနော်၊ မေလေးက ရောက်ပြီးသွားပြီ၊ နောက်ပြီး မေလေး ဒီမှာ အခွေကြည့်မလို့ မလိုက်တော့ဘူး”

မေလေးစကားကြောင့် ကောင်းနေခက ရှပ်လွှာကို လှမ်းကြည့်ကာ ...

“ရွှေရှပ်လွှာ လာလေ၊ ကျွန်တော် နှင်းဆီပန်းခင် လိုက်ပြပေးမယ်”

ရှပ်လွှာလည်း သူခေါ်ရာသို့ မငြင်းမိတော့ဘဲ ချက်ချင်း ပင်ထလိုက်လာခဲ့သည်။

အရောင်စုံ အသွေးစုံဖြင့် လှပနေသော နှင်းဆီပန်းစိုက်ခင်းလေးကို ကြည့်ပြီး ရှပ်လွှာအလွန်သဘောကျနေသည်။

“ရွှေရှပ်လွှာ ဘယ်အရောင်နဲ့ ဘယ်ပန်းကိုကြိုက်လဲ ... ကျွန်တော် ခူးပေးမယ်လေ”





“ရှပ်လွှာ မရွေးတတ်တော့ဘူး ကိုကောင်းနေခ၊ ကိုကောင်းနေခ စိတ်တိုင်းကျ အရောင်ရော ပန်းရော လှမယ့်ဟာခူးပေးလေ”

သူမက ထိုသို့စကားဆိုတော့ နဂိုကတည်းက အလှဆုံးပန်းကိုမှ ခူးပေးချင်နေတာကြောင့် ရှပ်လွှာကိုကြည့်လျက် ...

“ရွှေရှပ်လွှာ ဟိုစင်မြင့်ထက်မှာလည်း သဇင်ပန်းလေးတွေရှိသေးတယ်၊ သဇင်ပန်းလေးတွေက ပိုလှနေမလားလို့”

“ဟင့်အင်း ... ကိုကောင်းနေခ၊ ရှပ်လွှာ နှင်းဆီပန်းလေးတွေကိုပဲ ပိုချစ်တယ်၊ သဇင်ပန်းလေးတွေက ဟိုးအမြင့်ထက်မှာ ကိုယ်နဲ့ လက်လှမ်းမမီနိုင်တဲ့ ပန်းကို ရှပ်လွှာမလိုချင်ဘူး၊ ဘာလဲဟင် ကိုကောင်းနေခ ကရော နှင်းဆီပန်းလေးတွေထက် သဇင်ပန်းလေးတွေကို ပိုချစ်တတ်သလား”

“မဟုတ်ပါဘူး ... ရွှေရှပ်လွှာ၊ ကျွန်တော်လည်း နှင်းဆီပန်းလေးတွေကိုပဲ ပိုချစ်တတ်ပါတယ်၊ ဒါပေမယ့် ရွှေရှပ်လွှာများ သဇင်ပန်းလေးတွေကို လိုချင်နေမလားလို့၊ တကယ်လို့ လိုချင်တယ်ဆိုရင်တော့ ကျွန်တော် ခုံယူပြီး ခူးပေးမလို့ပါ”

“ကျေးဇူးတင်ပါတယ် ကိုကောင်းနေခ၊ ရှပ်လွှာအတွက် သဇင်ပန်းလေးတွေ ခုံနဲ့တက်ခူးပေးမယ်ဆိုပေမယ့်၊ လက်လှမ်းမမီဘဲ အခူးမတတ်ရင် ကိုကောင်းနေခ ခုံပေါ်က လိမ့်ကျမှာကို ရှပ်လွှာစိုးရိမ်တယ်”

ရှပ်လွှာသည် ပြောရင်းဖြင့် ရှက်ရိပ်လေးတွေသမ်းလာကာ ပါးမို့မို့လေးတွေ ပို၍နီးမြန်းသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေရုပ်လွှာ ..."

သူမနဲ့ အနီးကပ်ဆုံးသို့ သူခေါ်လိုက်တာကြောင့် သူမ ကိုယ်လေးဆတ်ခနဲဖြစ်သွားရ၏။ ကောင်းနေခက အလှပဆုံးသော နှင်းဆီပန်း ဖြူဖြူလေးတစ်ပွင့်ကို လက်လှမ်းပြီး ခူးလိုက်သည်။

"ရွှေရုပ်လွှာ ရော့၊ ဒါ ကျွန်တော့်ရင်ထဲက မေတ္တာပန်းပဲ ဆိုပါတော့ ... ကျွန်တော် အမှန်ဆုံးဝန်ခံပါရစေ ရွှေရုပ်လွှာကို ကျွန်တော် ချစ်တယ်"

"ရှင် ..."

"ဟုတ်ပါတယ် ရွှေရုပ်လွှာ၊ ရွှေရုပ်လွှာကို စမြင်ကတည်းက ချစ်ခဲ့တာပါ"

သူကပြောရင်းနှင့် ရုပ်လွှာ၏ ပခုံးလေးတစ်ဖက်ကို လှမ်းကိုင်လိုက်သည်။ ရုပ်လွှာ ကိုယ်လေးဆတ်ခနဲ တုန်သွားရသည်။ သူမ တစ်သက်တွင် ကိုယ့်ရင်ထဲက ချစ်မိသူ၏ ပထမဆုံးသော အတွေ့အထိမို့ တုန်သွားရသလို ရင်ထဲတွင်လည်း တဒိတ်ဒိတ်ဖြင့် ဖိန်းခနဲ ရှိန်းခနဲ ခံစားမိလိုက်သည်။

ထို့နောက် သူက ကျန်ပခုံးတစ်ဘက်ပေါ် နောက်ထပ် လက်တစ်ဘက်အုပ်ကိုင်ပြီး သူ၏ရင်ခွင်ထဲသို့ သူမ၏ကိုယ်လုံးလေး ဆွဲသွင်းကာ ကျောပြင်လေးကို လက်နှစ်ဘက်ဖြင့် ရစ်ပတ်ထား လိုက်ပြန်သည်။

"ကိုကောင်းနေခ ရုပ်လွှာကိုလွှတ်ပါရှင်"

"ဘာဖြစ်လို့လဲ ရွှေရုပ်လွှာ၊ ကျွန်တော့်ကို ပြန်မချစ်လို့လား





ဟင်"

"မဟုတ်ပါဘူး၊ ကိုကောင်းနေခ၊ ရုပ်လွှာ ... ရုပ်လွှာ ရှင့်ကို ချစ်ပါတယ်၊ ဒါပေမယ့် အဲဒီလို ဖက်ထားတာ ရုပ်လွှာကြောက် တယ်"

"ဖြစ်ရလေ ရွှေရုပ်လွှာရယ်၊ တစ်ယောက်ကို တစ်ယောက် ချစ်ကြမှတော့ ဒီလောက်တော့ရှိမှာပေါ့၊ ဒါဟာ တစ်ယောက်နဲ့ တစ်ယောက်ချစ်တဲ့ သင်္ကေတပဲဟာ"

ရုပ်လွှာ ဘာပြန်ပြောရမှန်း မသိ။ သူမ တစ်ကိုယ်လုံးလည်း ကြောက်ရွံ့စွာဖြင့် ထူပူရှိန်းဖိန်းနေသည်။ သူ့ရင်ခွင်ထဲမှ ရုန်းထွက်လျှင်လည်း ရုပ်လွှာ သူ့ကိုမချစ်လို့ဟု ထင်သွားမည်ကို စိုးရိမ်တာကြောင့် ငြိမ်နေလိုက်မိပါသည်။

ဒီတစ်ခါတော့ ရုပ်လွှာတကယ်ပင် ခေါင်းငုံ့ထား၏။ ရှက်မိသည်ပဲလား၊ ကြောက်သည်ပဲလား မပြောတတ်။ ခေါင်းဖော်ဖို့ကိုတော့ သူမ ဝန်လေးနေသည်။

"ရုပ်လွှာ ... ကြည့်စမ်း တကယ်ပဲ အသားလေးတွေတုန်နေတယ်၊ ရုပ်လွှာ သိပ်ကြောက်နေသလားဟင် ... ကဲ ... ကဲ မကြောက်ပါနဲ့တော့ ရုပ်လွှာရယ်"

သူက ရုပ်လွှာ၏ကိုယ်လေးကို လွှတ်လိုက်သည်။ သူ့ရဲ့ အပွေ့အပိုက်အောက်မှ ဖြေလိုက်တော့ ရုပ်လွှာစိတ်ထဲ ဝမ်းနည်းသလို ဖြစ်မိ၏။ ထို့နောက် သူ၏လက်တစ်ဘက်ကို လှမ်းကိုင်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကောင်းနေခ ... ရုပ်လွှာကို စိတ်ဆိုးသွားတာလားဟင်"

"ဟောဗျာ ... ဘာလို့ စိတ်ဆိုးရမှာလဲ ရုပ်လွှာရယ်၊ ကိုယ်က ပို့ပြီးတောင် ကျေနပ်သေးတယ်၊ တကယ်တော့ ရုပ်လွှာဟာ အထိအတွေ့မှာ မကြုံတတ်ဘူးသေးတဲ့ အပျိုစင်၊ အပျိုရိုင်း သက်သက်လေးမှန်း ကိုယ်သိတာပေါ့၊ တော်ကြာ ကိုယ့်ရင်ခွင်ထဲမှာ ရုပ်လွှာအကြောက်လွန်ပြီး ရှော့စ်ဖြစ်သွားမှာစိုးရိမ်လို့ လွှတ်ပေးလိုက်တာ"

ထိုအခါမှ ရုပ်လွှာက ခေါင်းလေးပြန်မော့လာသည်။ သူကလည်း ရုပ်လွှာဆုပ်ကိုင်ထားသော လက်တစ်ဖက်ကို သူ၏နောက်လက်တစ်ဖက်ကပါ ပြန်လည်ဆုပ်ကိုင်ရင်း ရုပ်လွှာ၏ကိုယ်လေးကို နောက်တစ်ဖန် သူ့ရင်ခွင်ထဲသို့ ပြန်လည်ဖက်ထားလိုက်သည်။

ရုပ်လွှာမှာလည်း စောစောကလောက် မကြောက်တော့ သူမ၏ ရှိန်းမြမြလေး ခံစားနေရသော ကိုယ်လေးသည် ချစ်သူ၏ ရင်ခွင်ကျယ်ကြီးတွင် ကြည်နူးလှစွာဖြင့် သူကလည်း ရုပ်လွှာ၏ ကိုယ်လေးကို အတန်ကြာ ထွေးပိုက်ထားခဲ့ပါသည်။

ထိုနေ့မှစ၍ သူနှင့်ရုပ်လွှာသည် သိပ်ချစ်တဲ့ ချစ်သူတွေဖြစ်ခဲ့ကြသည်။

နှစ်ယောက်သား ချစ်ခဲ့ကြပြီဆိုတော့ ပျော်လို့မဝနိုင်။ သူ့ရင်ခွင်ထဲမှာ ရုပ်လွှာခေါင်းလေးဝှက်လျှက် ...

"ကိုကောင်းနေခ ကျောင်းပိတ်ရင် မန္တလေးပြန်မှာလားဟင်"





"ဘာဖြစ်လို့လဲ ရုပ်လွှာရယ်"

"ဟင့်အင်း ... ကိုကောင်းနေခ မန္တလေး မပြန်ရဘူး"

ဟူသော နူးညံ့သည့် သူမစကားတွေကြောင့် သူ မပြန်ဖြစ်ခဲ့တော့ပါ။ မေမေကတော့ မျှော်နေမည်မှာ မလွဲပေ။ သူ့ နှလုံးသားထဲ သူ့ဦးနှောက်ထဲတွင်တော့ ရုပ်လွှာကိုချစ်သည့် အချစ်များမှလွဲ၍ တခြား ဘာကိုမှ သူထည့်မထားတော့ပေ။

တနင်္ဂနွေ အပတ်တိုင်းမှာလည်း ဘောက်ထော်ရှိ သူ့ရဲ့တိုက်လေးထဲမှာ ရုပ်လွှာအဖို့ အမြဲတမ်းမရိုးနိုင်တဲ့ စားဖွယ်ရာများကို ချက်ပြုတ်ကျွေးရတာ အကြိမ်ကြိမ်၊ အရင်က မေလေးပါမှ သွားခဲ့ပေမယ့် ခုခါမှာတော့ ရုပ်လွှာတစ်ယောက်တည်း သတ္တိတွေရှိနေခဲ့ပြီ။

"ကိုကောင်းနေခ"

"ပြောလေ ရုပ်လွှာ"

"ရုပ်လွှာကို မေလေးကပြောတယ် သိလား၊ တစ်ရွာသားကို ရည်းစားထားရင် လွမ်းရတယ်တဲ့"

"အဲဒါ ရုပ်လွှာက ပြန်ပြောလိုက်ပေါ့၊ မန္တလေးမှာ လိုက်နေမှာလို့"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"ရုပ်လွှာမှ ဖေဖေ့ကိုခွဲပြီး မနေနိုင်တာ"

"ဒါဆို ... ကိုယ့်ကိုတော့ ရုပ်လွှာခွဲနိုင်တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ပိုလို့တောင် မခွဲနိုင်သေးတယ်"

"ဒါနဲ့ ရုပ်လွှာဖေဖေကို မခွဲနိုင်ဘူးဆို"

"ဟုတ်တယ်လေ ... ဖေဖေနဲ့လည်း မခွဲဘူး၊ ကိုကောင်းနေခက ဆရာဝန်ဖြစ်ရင် ရန်ကုန်မှာပဲအပြီးနေတော့မယ့်ဟာ အဲဒီတော့ ရုပ်လွှာ ဘယ်သူနဲ့မှ မခွဲရတော့ဘူးပေါ့"

"ဟွန်း လူလည်မလေး"

သူက ရုပ်လွှာ၏နဖူးလေးကို လက်ညှိုးလေးနဲ့ ထောက်ရင်းပြောသည်။ တွေ့ကြပြီဆိုလျှင်လည်း စကားတွေပြောလို့ မဝနိုင်။

သူနှင့် ရုပ်လွှာတို့နှစ်ဦးသား ကန်တော်ကြီးထဲမှထကာ ဇွဲတိုက်ခတ်လာသော လေပြေတို့နဲ့အတူ ရုပ်လွှာ၏ ဆံနွယ်တွေကို သူက ငေးမောကြည့်ရင်း ...

"ရုပ်လွှာ ... ဒီဆံပင် အရှည်ကြီးတွေကို ဘယ်တော့မှ မညှပ်နဲ့နော်"

"ရုပ်လွှာ ဆံပင်ညှပ်လိုက်ရင် ကိုကောင်းနေခ အချစ်တွေပျော့သွားမှာ မလို့လား"

"ရုပ်လွှာရဲ့ မင်းကိုစချစ်တဲ့နေ့ကစပြီး ဒီဆံပင်ရှည်ကြီးတွေကိုပါ ချစ်တတ်လာခဲ့တာ"

သူကပြောလျှင် ရုပ်လွှာကရယ်သည်။ ထို့ကြောင့် သူက ရုပ်လွှာဆံပင်တွေ ညှပ်ပစ်မှာကို အရမ်းစိုးရိမ်သည်။ ရုပ်လွှာ Beauty Sloon သို့ သွားလျှင်လည်း သူက လိုက်ပို့တတ်ပြန်၏။ တစ်ခါတစ်လေ ဆံပင်ပေါင်းတင်ရင်ပဲဖြစ်ဖြစ်၊ ဖယောင်းသွင်းရင်ပဲဖြစ်ဖြစ်၊





ဘယ်လောက်ကြာကြာ စိတ်ရှည်လက်ရှည်နဲ့ ထိုင်စောင့်ပေးတတ်စမြဲပင်ဖြစ်သည်။ အားလုံးပြီးစီး၍ မွှေးပျံ့ပြောင်လက်နေသော ဆံနွယ်တွေကို တရှိုက်မက်မက်ကြည့်လျက် ပြုံးနေလျှင်တော့ ထိုမြင်ကွင်းကို ရုပ်လွှာအသည်းယားဆုံးဖြစ်သည်။ သူ့ရဲ့ အကြည့်နှင့်အပြောတွေ၊ အမူအရာတွေထဲမှာ ရုပ်လွှာအပေါ် မြတ်နိုးမှုချစ်ရိပ်တွေက တဖိတ်ဖိတ်လက်နေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၅ )

"ဒါဆိုရင် ကိုကောင်းနေခ ဒီမနက် မန္တလေးပြန်သွားတာပေါ့"

"ဟုတ်တယ် မေလေး သူ့အမေက ဆေးရုံတက်ရတယ်ဆိုပေမယ့် သိပ်မစိုးရိမ်ရဘူးလို့ ပြောတယ်"

"အင်းပေါ့နော် ... အမေတစ်ခု သားတစ်ခုဆိုတော့ ကိုကောင်းနေခ သူ့အမေကို စိုးရိမ်မှာပေါ့"

စကားတပြောပြောဖြင့် ကန်မ်တင်းမှဖြတ်ကာ အတန်းတက်ရန် လျှောက်လာခဲ့ကြသည်။ ထိုအချိန်တွင် နောက်ဖက်မှ ပြေးလာသော ခြေသံတဘုတ်ဘုတ်နှင့်အတူ ...

"အိုး ... "

ရုပ်လွှာ လက်ထဲမှ မွေ့ပိုက်ထားသော စာအုပ်လေးတွေ ကစဉ့်ကလျား လွင့်စင်ကျကုန်သည်။ တိုက်လိုက်သော သူက ရှေ့သို့ရောက်ပြီးမှ ပြန်လှည့်ကြည့်ကာ ...





"ဆောရီး"

တစ်ခွန်းသာ ပြောပြီး ရှေ့ဆက်လျှောက်သွားသည်။ စာအုပ်တွေကို ပြန်ကောက်ပေးခြင်း လုံးဝမရှိခဲ့။

မေလေးရော ရုပ်လွှာပါ ပြန်ပြီးရန်မတွေ့တော့ဘဲ ပြန့်ကျဲသွားသော စာအုပ်တွေကို ကောက်ဖို့ပြင်လိုက်စဉ် ...

"ဒီမှာ ရွှေရုပ်လွှာစာအုပ်တွေ ကျွန်တော်ကောက်ပေးထားပါတယ်၊ တောင်းပန်ပါတယ်ဗျာ၊ စောစောက ဝင်တိုက်မိတာ ကျွန်တော်တို့ သူငယ်ချင်းပါ အရေးကြီးနေလို့ စာအုပ်တွေ ပြန်မကောက်ပေးတာ သူ့အစား ကျွန်တော်တို့ကပဲ တောင်းပန်ပါတယ်"

အနူးအညွတ်တောင်းပန်နေတာကြောင့် ရုပ်လွှာခွင့်လွှတ်လိုက်ပါ၏။ စောစောကလူကတော့ ဘယ်လောက်ပဲ အရေးကြီး၊ ကြီးပါ ရိုင်းစိုင်းလွန်းသည်ဟု ထင်သည်။

"ရပါတယ်ရှင်၊ ဒါနဲ့ ရှင်တို့က ရုပ်လွှာကိုသိလို့လား"

"ဟာ ... စီးပွားရေးတက္ကသိုလ်မှာ ရွှေရုပ်လွှာဆိုတဲ့ နာမည်လေးကို မသိသူ မရှိပါဘူးဗျာ၊ ကျွန်တော်တို့ကိုလည်း မှတ်ထားပေါ့၊ ကျွန်တော့်နာမည်က ဇော်လေး၊ ဒီကောင့်နာမည်က [illegible]ဦးတဲ့"

"ဟုတ်ကဲ့ ... ရုပ်လွှာ မှတ်မိပါတယ်"

"ဒါနဲ့ စောစောက ရုပ်လွှာကို ဝင်တိုက်မိသွားတဲ့သူက ဝီရသ[illegible]သားဟင်"



www.burmeseclassic.com

www.burmeseclassic.com



မေလေး၏ အမေးကြောင့် ဖော်လေးက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်လေ မ … အဲ"

"ကျွန်မနာမည် မေလေးပါ"

"ဟုတ်ကဲ့ … မေလေး၊ ဒါနဲ့ မေလေးက ဝီရသကို သိလို့လား"

"စာစာက ရှင့်ရုပ်လွှာကို ပြောသလိုပဲပေါ့၊ စီးပွားရေးတက္ကသိုလ်မှာ ရည်းစားအများဆုံးနဲ့ အရုပ်ဆိုး ဝီရသဆိုတဲ့ ယောကျ်ားတစ်ယောက်ကို မသိတဲ့သူ ရှိပါ့မလား"

မေလေး၏အပြောကြောင့် ဖော်လေးနဲ့ သက်ဦးက သဘောကျသွားသည်။

"ကဲ … ရုပ်လွှာတို့ကို ခွင့်ပြုပါဦး၊ အတန်းနောက်ကျနေမှာ စိုးလို့"

"ဟုတ်ကဲ့ … ဟာ … ဖော်လေး တို့လည်းအတန်းတက်ရမှာပဲ … လာ … လာ မြန်မြန်လာ"

ရုပ်လွှာနဲ့ မေလေးတို့ နောက်မှထိုနှစ်ယောက် အတန်းရှိရာသို့ အမြန်လျှောက်ကြသည်။ သူတို့အုပ်စုကို ကျောင်းစတက်ကတည်းက ရုပ်လွှာရော မေလေးပါ မြင်ဖူးပြီးသား၊ သို့ပေမယ့် သေချာလည်း မရင်းနှီး၊ အတန်းတက်ချိန်နီးကပ်မှ ရောက်လာသော ရုပ်လွှာတို့နှစ်ယောက် ဝင်လာသည်နှင့် ဆရာကစာသင်နေပြီ အတန်းချိန်ပြီးတော့လည်း ချက်ချင်းပြန်၊ တစ်ခါတစ်ခါ ကိုကောင်း





နေခဲလာခေါ်လို့ လိုက်သွားဆိုတော့ … ကျောင်းထဲတွင် ကြာကြာသိပ်မရှိ၊ ဒီရက်တော့ ကိုကောင်းနေခဲလည်းမရှိ၊ ကားကိုလည်း ကိုယ်တိုင်ပဲ မောင်းတော့တာကြောင့် ကျောင်းသို့စောစောရောက်ဖြစ်သည်။ စောသေးတဲ့ အချိန်များမှာ ခုံတန်းလျားလေးတွင် ထိုင်ရင်း စကားလေးတွေ ပြောဖြစ်ကြသည်။

အတန်းထဲသို့ ဝင်လာသော သူမတို့နှစ်ယောက်ကို ဝီရသဆိုတဲ့သူက သေချာစိုက်ကြည့်ကာ မျက်နှာလွှဲလိုက်သည်။ လူကိုကြည့်တော့လည်း မမှိတ်မသုန် စိုက်ကြည့်၏။ စိုက်ကြည့်သည်မှာလည်း အထင်မကြီးဘူးဆိုသည့် ပုံစံမျိုးသက်ရောက်နေပြန်သည်။

"မေလေး … နင်က ဟိုအကောင်ကို နာမည်ပါသိနေတာပဲ"

"သိတာပေါ့ဟ … ကျောင်းမှာနာမည်ကြီးပဲဟာ၊ ဒါပေမယ့် သူ့ပုံစံက ဟိုအရင်ကတည်းက သတိထားမိတယ်၊ နင့်ကိုကြည့်တော့ ကြည့်တယ်၊ ဒါပေမယ့် စိတ်မဝင်စားဘူးဆိုတဲ့ပုံစံမျိုး"

"အမလေး … ဒီကလည်း ပိုင်ရှင်ရှိပြီးသားပါနော်၊ ဒီလို ရှုပ်ပွကိုတော့ ရုပ်လွှာတို့ကလည်း စိတ်မဝင်စားပါဘူး"

"အလကားပါ ရုပ်လွှာရယ်၊ ငါထင်တာတော့ နင့်ကိုစိတ်ဝင်စားရင်လည်း ဝင်စားမယ်၊ ဟန်ဆောင်နေတာလားမှ မသိတာ"

မေလေးက ဝီရသကို ကြည့်လိုက်၊ ရုပ်လွှာဘက်လှည့်ပြောလိုက်နှင့် လုပ်နေတာကြောင့် ဝီရသတို့ ဘာတွေကို သဘောကျသွားလဲမသိ၊ တဟားဟားနှင့် အော်ရယ်နေတော့သည်။

တော်တော်နဲ့ သဘောကျတာမရပ်ကြသေး၊ ဆရာဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



တာမြင်တော့မှ သူတို့ဘာမှ မလုပ်သည့် ပုံစံမျိုးတွေ ဖြစ်သွားကြ၏။

တစ်ခုခုကို သဘောကျစွာ ဟားတိုက်ရယ်မောနေသည်ဖြစ်စေ၊ တစ်ယောက်နဲ့စကား လက်ဆုံကျပြီး ပြုံးနေသည်ပဲဖြစ်စေ၊ ရှပ်လွှာနှင့် မျက်ဝန်းချင်းဆုံလိုက်သည့်အခါမှာတော့ မျက်နှာက အလိုမကျသလိုဖြစ်သွားတတ်ပြန်သည်။ ဘာကြောင့်မှန်းတော့မသိ။ ကိုကောင်းနေခန့် တခြားစီပါလားဟုတော့ တွေးလိုက်မိသည်။

ကျောင်းစတက်ကတည်းက သူ့သူငယ်ချင်းတွေက ပြောခဲ့သည်။

“ဟေ့ကောင် ဝီရ တို့ဆီက Eco ကွင်းက တော်တော်လှတယ်နော်”

ထိုစကားကို သူခေါင်းညိတ်မိသလို လက်လည်းလက်ခံခဲ့သည်။ တကယ်လည်း ဘာမှ အပြစ်ပြောစရာမရှိအောင် လှရက်သည့် မိန်းကလေးတစ်ယောက်ပါ။ သူက ရွှေရှပ်လွှာဆိုသော မိန်းကလေးတစ်ယောက်ကို သိပေနေပမယ့် ရွှေရှပ်လွှာကတော့ သူ့ကို သိမှာမဟုတ်။

“ဝီရ ရွှေရှပ်လွှာကို မင်းစိတ်မဝင်စားဘူးလား”

သူက ခနဲ့တဲ့တဲ့ ပြုံးသည်။ ထိုအပြုံးကို သူငယ်ချင်းတွေက နားမလည်။ ပြီးတော့ ခေါင်းညိတ်လိုက်ပြန်သည်။





“ဘာလဲကွာ”

“နားမလည်နိုင်တော့ဘူး”

“ဟေ့ကောင် ဝီရ ရိုးရိုးတန်းတန်း ကြွေစမ်းပါကွာ၊ ရှင်းစမ်းပြီး၊ ခေါင်းညိတ်တယ်ဆိုတော့ စိတ်ဝင်စားတယ်ပေါ့”

သူက ဝတ်ထားသော ဆွယ်တာလက်ရှည်အနက်ကို နည်းနည်းပင့်တင်လိုက်ပြီး နီကျင့်ကျင့် ဆံပင်ရှည်ပါးပါးကို အပေါ်သို့ သပ်တင်ကာ ...

“အဟမ်း ... စိတ်ဝင်စားတယ်၊ အရမ်းလှတာကိုး၊ ဘယ်ယောကျ်ားလေးကိုမဆို မေးကြည့်လိုက်လေ၊ စိတ်မဝင်စားဘူးဆိုတာ မရှိစေရဘူး၊ ငါလည်းဒီလိုပဲ ဒါပေမယ့် အထင်မကြီးချင်ဘူး၊ လို အရမ်းကြီး ပေါပျူလာဖြစ်နေချိန်မှာ ငါမပါချင်သေးဘူး၊ တွဲစရာတွေ အများကြီးရှိပါသေးတယ်”

သူ့စကားကြောင့် သူငယ်ချင်းတွေက သူ့ကိုကြည့်ကာ င်းတညိတ်ညိတ်ဖြစ်နေကြသည်။

သူ့စကားနှင့်သူဖြစ်နေတာကြောင့် ရွှေရှပ်လွှာဆိုသော ကလေးကို သူလှည့်၍ပင် မကြည့်ခဲ့တော့။ သို့သော် သူလှည့်ကြည့်ဖြစ်ခဲ့ပေမယ့် သူ့ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ချိန်မှာတော့ သူ မအံ့သြဘဲမနေနိုင်။

လူတစ်ယောက်နှင့်တွဲလာသော ရွှေရှပ်လွှာသည် ရယ်ကာ တာနှင့် ထိုမြင်ကွင်းကို သူကြည့်ပြီး ဘာဖြစ်မှန်းတော့မသိ။ က ငယ်ထိပ်သို့ ဆောင့်တက်လာသည်။ နောက်မှ ကိုယ်စိတ်

www.burmeseclassic.com



ကို ပြန်ထိန်းရင်း ကိုယ်နှင့်မဆိုင်ပါလားဆိုသည့် အသိက ဝင်လာခဲ့ သည်။ ဒါကြောင့်ပင် ဒီနေ့ ရွှေရုပ်လွှာကို ဝင်တိုက်ပစ်ခဲ့ပြီး စာအုပ် တွေ လွတ်ကျသွားပေမယ့် မကောက်ပေးချင်တာကြောင့် တမင် ပြန်လှည့်ထွက်ခဲ့လိုက်သည်။ သူငယ်ချင်းတွေကလည်း သူ့ အကြောင်းသိနေ၍ မတောင်းပန်ခိုင်းခဲ့။ သူတမင်ဝင်တိုက်ခဲ့ပေမယ့် ပြန်တောင်းပန်မည့် လူစားမျိုးမဟုတ်။ ဒါကိုပင် ဖော်လေး၏ သက်ဦးက ကြားကဝင်တောင်းပန်နေသေးသည်။ သူက ဒါမျိုးက မကြိုက်။ အခုလည်း ဖော်လေး ဘယ်သူနဲ့လေကန်နေလည်းမသိ ခုထိ ထွက်မလာ။ စိတ်ပေါက်ပေါက်နှင့် ရှေ့မှ ခဲတစ်လုံးကို လှမ်း ကန်လိုက်သည်။

"အို ..."

တော်သေး၏။ ခဲလုံးက လူကိုမထိဘဲ ဘေးမှသစ်ပင်က သွားထိခဲ့သည်။ မကျေမနပ် မျက်နှာလေးနှင့် ရုပ်လွှာ သူ့ကို လှမ်း ကြည့်လိုက်သည်။ သူကလည်း ရှုံ့သိုးသိုးတစ်ချက်ကြည့်ပြီး မျက်နှာ လွှဲသွားပြန်သည်။

"တော်သေးတယ် ရုပ်လွှာရယ်၊ လူကိုလာမထိလို့၊ သူက လုပ်သေးတယ် မတောင်းပန်တဲ့အပြင် စူပုပ်ပုပ်နဲ့ မျက်နှာလွှဲသွား တယ်"

"ဟုတ်ပ၊ ဘယ်လိုဟာလဲ မသိဘူး"

မေလေးက ရုပ်လွှာကို တိုးတိုးလေးပြောလိုက်ပေမေ ရုပ်လွှာကတော့ သူကြားအောင်ပြောလိုက်သည်။





သူကလည်း ကြားသွားတာမို့ ပြန်လှည့်ကြည့်သည်။ သူ့ကို ပြောမှန်းသိတာကြောင့် လှည့်ကြည့်ရာတွင် ဖြူဝင်းနေသော သူမ ၏ မျက်နှာသည် ရဲတက်လာသည်။ စိတ်တိုစွာဖြင့်လည်း သူ့ဘေးမှ အဖော်အား ...

"ဟေ့ကောင် သက်ဦး၊ ဖော်လေးက ကြာလှချည်လား လိုက်သွားကွာ"

သူသည် ထွက်သွားသော သက်ဦးအား လှမ်းကြည့်နေစဉ် မှာ နောက်မှခေါ်သံကြားလိုက်ရသည်။

"ဒီမှာ ... ဒီမှာ"

မျက်မှောင်ကုပ်ကာ ကြည့်သည်။

"ဘာလဲ ..."

"ရှင့်ရဲ့ကားကို နည်းနည်းရွှေ့ပေးပါ၊ ရုပ်လွှာတို့ကား ထွက် မလို့"

"မင်းကားထွက်တာပဲ ငါ့ကားကိုရွှေ့ပေးစရာလိုလား"

"လိုလို့ပြောနေတာပေါ့ရှင့်"

"ဒါဆိုလည်း ငါ့ကား ထွက်ပြီးမှထွက်"

မေလေးက ရုပ်လွှာကို လက်တို့၍ သူမတို့၏ ပရာဒိုကားကြီး ဘေးမှာပင် ရပ်နေလိုက်သည်။ ထပ်ပြောလျှင် ထပ်စကားများရ မည်ဆိုတာကိုသိ၏။ ဒေါသဖြစ်ဖြစ်နှင့်ပင် သူ့ကားထွက်မှာကို ရပ် စောင့်နေလိုက်သည်။

"တော်တော်ရိုင်းတဲ့လူ၊ လူကို လူလိုမမြင်ဘူး၊ ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုဖို့ကောင်းလဲ"

"အေးလေ မိန်းကလေးနဲ့ ယောကျ်ားလေး သူမို့ မညှာတယ်"

သူမတို့ ပွစိပွစိပြောနေစဉ်မှာပဲ ဇော်လေးနဲ့သက်ဦး ပြန်ရောက်လာသည်။ ဇော်လေးနှင့်သက်ဦးကလည်း ရုပ်လွှာနှင့်မေလေးကိုမြင်သည်နှင့် လှမ်းနှုတ်ဆက်သည်။

ဒါကိုပင် သူက ...

"ကဲ ဟော့ကောင်တွေ မြန်မြန်တက် သွားမယ်"

သူ၏ သူငယ်ချင်းတွေကိုခေါ်ကာ Landcruiser ကားအနက်ကြီးပေါ်သို့ တက်ရောက်ပြီးသည်နှင့် မောင်းထွက်သွားသည်။

ထိုအခါမှ ရုပ်လွှာလည်း ကားပေါ်တက် မေလေးကလည်း သူ့ကိုလာကြိုသော ကားပေါ်သို့တက်ကာ မောင်းထွက်ခွင့်ရတော့သည်။

အခန်း ( ၆ )

"တီ ... တီ ... တီ"

ရုပ်လွှာဖုန်းမြည်သံကြောင့် ရေချိုးခန်းမှထွက်ကာ ကမန်းကတန်း ဖုန်းလေးကို ဖွင့်ပြီးကြည့်လိုက်တော့ ကိုကောင်းနေခ ဖြစ်နေသည်။

"ရုပ်လွှာ ... "

"ပြောလေ ကိုကောင်းနေခ၊ ရုပ်လွှာ နားထောင်နေတယ်၊ ဟို ... ကိုကောင်းနေခ မေမေ သက်သာရဲ့လားဟင်"

"သက်သာပါတယ် ရုပ်လွှာ၊ မေမေက ကိုယ့်ကိုတစ်ပတ်လောက်တော့နေပါဦးတဲ့၊ အဲဒါ ကိုယ် ရုပ်လွှာသိအောင်လို့"

"ဟင် ... ဒါဆို တစ်ပတ်ကြီးများတောင် ကြာဦးမှာပေါ့"

"ဘာလဲ ... ကိုယ့်ကို သတိရနေပြီလား"

"အင်းပေါ့ ... "

"ကိုယ်လည်း သတိရတာပဲ၊ ကိုယ့်ကိုနားလည်ပါ ရုပ်လွှာ



www.burmeseclassic.com

www.burmeseclassic.com



ရယ်”

“ရုပ်လွှာနားလည်ပါတယ်၊ အမေနေမကောင်းလို့ ရုပ်လွှာနားကို မလာနိုင်သေးဘူးဆိုရင်လည်း ရုပ်လွှာက သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်နားလည်ပေးရမှာပေါ့”

“ကိုယ် တကယ်တောင်းပန်ပါတယ် ရုပ်လွှာ”

“ဟင် ... ရုပ်လွှာကလည်း ကိုယ့်ကို ဖွေမယူပါဘူး၊ ဘယ်တော့ ဖြစ်ဖြစ် ရုပ်လွှာက ချစ်နေရတဲ့သူပါ”

“ဒီလိုမပြောပါနဲ့ကွာ၊ ကိုယ်ကလည်း ချစ်နေရတဲ့သူပါပဲ”

“မယုံပါဘူး”

“မယုံရင် သေချာနားထောင်၊ ကိုယ် တိုးတိုးလေးပြောမယ်”

ရုပ်လွှာက ဖုန်းလေးကို သေချာစိုက်နားထောင်ရင်း ရှက်ရိပ်ကလေး တစွန်းတစဖြင့် နီရဲသွားသော မျက်နှာလေးက နှုတ်ခမ်းဖူးဖူးလေး တစ်စုံ၏ နောက်ကွယ်မှ ...

“ဟွန်း ... တော်တော်ပို”

ရုပ်လွှာက ပျော်ရွှင်စွာဖြင့် ဖုန်းလေးကို ပြန်ပိတ်လိုက်ပါသည်။

ရှည်လျားသော ဆံနွယ်တွေကို ဖြန့်ချထားသော်လည်း အစိုဓာတ် ရှိနေသေးသည်။ ခေါင်းလျှော်ရည်ရနံ့က သင်းသင်းလေး လှိုင်နေသည်။ ပုဇွန်ဆီရောင် ကိုယ်ကျပ်ဝတ်စုံလေးဖြင့် လှချင်တိုင်းလှနေသော ရုပ်လွှာသည် ကိုယ့်ပုံကိုယ် မှန်ထဲထပ်ကြည့်သည်။ ကျေ





နပ်တော့မှ အောက်ထပ်သို့ ဆင်းလာပြီး Break Fast ကို ကြက်သားနှင့် ပလာတာစားကာ လက်မှာပတ်ထားသော နာရီကို ငုံ့ကြည့်လိုက်သည်။

ပလာတာလေးတွေ နှင်ပေးနေသော ဒေါ်လေးတာက ရုပ်လွှာကိုကြည့်ပြီး ...

“အေးဆေးစားပါ သမီးရယ်၊ ကျောင်းက မီပါတယ်”

“မဟုတ်ဘူး ဒေါ်လေးရဲ့၊ ရုပ်လွှာ မေလေးကိုဝင်ခေါ်မယ် ပြောထားလို့”

“ဖုန်းဆက်ကြည့်ပါလား သမီးရဲ့”

“ရပါတယ် ဒေါ်လေးရယ်၊ ကဲ ... ကဲ ... ရုပ်လွှာသွားတော့မယ်၊ တကယ်လို့ မေလေးဖုန်းဆက်ရင် ရုပ်လွှာထွက်လာပြီလို့”

“အေး ... အေး သမီး ကားကိုဖြည်းဖြည်းလည်းမောင်းဦးနော်”

“ဟုတ်ကဲ့ပါ ... ဒေါ်လေးရဲ့”

ပြောပြီးသည်နှင့် ရုပ်လွှာ သူမ၏ ပရာဒိုကားပေါ်တက်ကာ မောင်းထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်လွှာ၊ မေလေးတို့ခြံထဲသို့ရောက်သည်နှင့် မေလေးက ဝင်စရာရှိလို့ဆိုကာ သွားနှင့်နေသည်။

မထူးတော့ပြီမို့ ရုပ်လွှာလည်း သူမ၏ကားလေးကို ဖြည်းဖြည်းမှန်မှန်ပင် မောင်းလာခဲ့လိုက်သည်။ ရုပ်လွှာကားကို ဘယ်တော့မှ တရကြမ်းမောင်းသည် မရှိခဲ့။

နောက်ဖက်ဆီမှ ကားဟွန်းတီးသံ အဆက်မပြတ် ထွက်ပေါ်လာတာကြောင့် ရုပ်လွှာကားကို ဘေးသို့ကပ်ပေးလိုက်၏။ ကျော်လွန်သွားသော ထိုကားကို ကြည့်မိတော့ ဝီရသ၏ကားဖြစ်နေသည်။ စောစောပိုင်းတည်းက နောက်နားဆီမှ ထိုလင့်ခရူဆာ ကားအနက်ကြီးကို တွေ့ပေမယ့် ဝီရသကားဟု မထင်။ ခုမှ သေချာကြည့်တော့ ထိုကားနံပါတ်ကြောင့် ရုပ်လွှာမှတ်မိသွားသည်။

မောင်းလိုက်သည်မှာလည်း တရကြမ်းပင်၊ သို့ပေမယ့် ကားတော့ ရှင်းနေပါသည်။

ကြည့်နေဆဲမှာပင် မထင်မှတ်သော အဖြစ်အပျက်လေးက ရုပ်လွှာရှေ့မှာပင် ဖြစ်သွားခဲ့သည်။

မုန့်ဟင်းခါးသည်ဟု ထင်ရသော အထမ်းသည်ဦးလေးတစ်ယောက်သည် တလှုပ်လှုပ်ဖြင့် ကားလမ်းကိုဖြတ်အကူး လင့်ခရူစကားအနက်ကြီးသည် အရှိန်ဖြင့်မောင်းလာရင်းမှ ထိုအထမ်းသည်ကြီးအား ပွတ်ကာသီကာဖြင့် တိုက်မိသွား၏။ ရုပ်လွှာလည်း အထိတ်တလန့်ဖြင့် သူမ၏ကားကို ချက်ချင်းရပ်ကာ ရင်တွေတလှပ်





လှပ် တုန်နေမိတော့သည်။ ရုပ်လွှာမကြည့်ရဲ ကြည့်ရဲဖြင့် ပြန်ကြည့်မိတော့ စောစောက ဦးလေးကြီးသည် လဲကျနေပြီး အထမ်းဖြင့် သယ်လာခဲ့သော ဟင်းရည်အိုးကြီးမှာလည်း အငွေ့တထောင်းထောင်းဖြင့် အကုန်လုံးမှောက်ကုန်ကာ ပန်းကန်ခွက်ယောက်များမှာလည်း အကွဲကွဲ အလဲလဲနှင့်။

ထိုဦးလေးကြီးမှာ ကားတော့မတိုက်မိပေမယ့် ထိုကား၏ ပွတ်တိုက်မှုကြောင့် ဟင်းရည်အိုးမှောက်ကာ အပူလောင်သွားသည်။ တချို့ပစ္စည်းများမှာလည်း ကစဉ့်ကလျား။

"ဘုရား ဘုရား ဘာများဖြစ်သွားလဲ မသိဘူး"

ရုပ်လွှာ ရင်တွေတုန်နေပေမယ့် သူမ၏ မျက်စိရှေ့တည့်တည့်မှာ မြင်လိုက်ရသော မျက်ဝါးထင်ထင် သနားစရာအဖြစ်က ရုပ်လွှာ၏ ကားလေးကို ရှေ့ဆက်မမောင်းတော့ဘဲ ထိုဦးလေးကြီးနားသို့ ချက်ချင်းပင် ရောက်သွားရ၏။ ပတ်ဝန်းကျင်ရှိ တချို့ကလည်း အကူအညီပေးကြသည်။ ထို့ကြောင့်ပင် ထိုဦးလေးကြီးအား ရုပ်လွှာ၏ ကားနှင့်ပင် ဆေးရုံသို့တိုင် အရောက် ကူညီပေးလိုက်ရသည်။

တိုက်သွားသောကားကို မေးကြတော့ ရုပ်လွှာမှလွဲ၍ မည်သူမျှ မသိရှိကြပေ။ ထိုကားဟာ ဝီရသကားဆိုတာ ကားမဖယ်ပေးသည့်နေ့က သူမ သေချာမှတ်သားထားခဲ့သည်။

တကယ်ဆို ကိုယ်တိုက်ပြီးသည့်နောက် ပြန်လှည့်ကြည့်သင့်



www.burmeseclassic.com

www.burmeseclassic.com



၏။ ခုတော့ သနားညှာတာမှု ကင်းမဲ့သော ဝီရသက တစ်ချက်ကလေးမှ လည့်မကြည့်ခဲ့။ ဘေးမှတွေ့လိုက်ရတဲ့ ရုပ်လွှာမှာသာ ဝီရသကို ဒေါသတွေ တစ်ခုပြီးတစ်ခု ဖြစ်နေရသည်။ ဘယ်တော့မှ တောင်းပန်ချင်တဲ့ လူစားမဟုတ်၊ ပြန်၍ မကြည့်သည့်အပြင် ကားကို တစ်ချိုးတည်းမောင်းပြေးသွားခဲ့သည်။

ရုပ်လွှာသည် သူမ၏ကားကို ပါကင်ဝင်ယူလိုက်ပြီး ခါတိုင်းထိုင်နေကျ ခုံမှာများ မေလေးစောင့်နေမလားဟု ကြည့်မိသေးသည်။ မေလေးကို မတွေ့ပါ။

ခုတော့ ဝီရသကို ဒေါသဖြစ်မှုတွေက သူမ,မလာရဲသော ကန်တင်းသို့ ရောက်လာခဲ့ရ၏။ ဒီအချိန်ဆို ကျောင်းကင်န်တင်းမှာ လူအများဆုံးအချိန်ပင် မတတ်နိုင်တော့။ ကြင်နာစိတ်ကင်းမဲ့တဲ့သူကို ရုပ်လွှာ နည်းနည်းလောက်တော့ ပြောပစ်လိုက်ချင်သည်။

ဆေးရုံပေါ်မှာ ရောက်ရှိနေသော ထိုဦးလေးကြီး၏ ငွေရေးကြေးရေးကို ထောက်ပံ့ရန်အတွက် အဓိကမဟုတ်၊ ဒါတွေက ရုပ်လွှာကူညီပေးခဲ့သည်။ တစ်ဖက်သားကို ဒုက္ခရောက်အောင်လုပ်ပြီးလျှင် တောင်းပန်ရမှာကို သူသိသင့်သည်။

ကျောင်းကင်န်တင်းထဲသို့ ရုပ်လွှာစင်လာသည်နှင့် အားလုံးသော မျက်လုံးတို့သည် ပြုံးဆင်းကျလာခဲ့ပြီး တခဏတော့ ရုပ်လွှာကြောက်မိလိုက်၏။ ချက်ချင်း စိတ်ကိုပြန်တင်းကာ ဝီရသတို့ဝိုင်းသို့ ရောက်လာခဲ့ပြီး သူတို့ကလည်း ရုပ်လွှာကို တွေ့လိုက်သည်နှင့်





တအံ့တသြ ကြည့်နေသည်။

သူတို့ အံ့သြနေပေမယ့် ရုပ်လွှာကမအံ့သြပါ။ သူ့ရှေ့တည့်တည့်မှာ သောက်လက်စဟုထင်ရသော ရေနွေးခွက်ကို ကောက်ယူပြီး ချက်ချင်းပင် ဝီရသ၏ မျက်နှာဆီသို့ ပက်လိုက်သည်။

"ရှင် ... တော်တော် လူမဆန်တဲ့ သူပဲ"

"အိုး ... "

လူအများရှေ့မှာ မျက်နှာကိုရေနွေးနဲ့ အပက်ခံလိုက်ရတာကြောင့် မျက်နှာတစ်ပြင်လုံး ရှက်စိတ်၊ ဒေါသစိတ်တို့ဖြင့် နီမြန်းသွားရကာ မတ်တတ်ထရပ်လိုက်ပြီး ...

"မင်း ... မင်း မိုက်ရိုင်းလှချည်လား ... ဘာလုပ်တာလဲ"

သူသည် ဒေါသတွေကို မျိုချခြင်းဖြင့် ...

"တောက် ... မိန်းကလေးဖြစ်နေလို့ပေါ့ကွာ"

ဝီရသ၏ သူငယ်ချင်းဖြစ်သူ သက်ဦးက သူ့မနားရောက်လာခဲ့သည်။

"ရွှေရုပ်လွှာ ဘာဖြစ်တာလဲဗျာ ... နောက်ပြီး ဝီရကို ဘာဖြစ်လို့ ဒီလိုလုပ်လိုက်ရတာလဲ ရွှေရုပ်လွှာ"

ရုပ်လွှာသည် တော်တော်နှင့် ပြောမထွက်ပါ။ ဝိုင်းကြည့်နေကြသော လူအများရှေ့မှာမို့ စောစောကတော့ ဒေါသတွေနှင့်မို့ မကြောက်ခဲ့၊ အခုမှ ရုပ်လွှာ ငိုချင်နေမိတော့သည်။

"ပါးစပ်က ပြောလည်းရတာပဲ၊ ဘာလို့ ရေနွေးနဲ့ ပက်ရတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ”

သူ့သူငယ်ချင်းတွေက တစ်ယောက်တစ်ခွန်းဖြင့် ရုပ်လွှာကို အပြစ်တင်ကြသည်။ ဇော်လေးဆိုတာတော့ မပါ။ သက်ဦးကတော့ ပြေပြေလည်လည် ပြောရှာသည်။ ကျန်သည့် သူတွေနှင့်တော့ ရုပ်လွှာမသိ။ ရုပ်လွှာသည် သူတို့ပြောတာတွေကို ဂရုမစိုက်တော့ဘဲ အသံလေးတုန်စွာဖြင့် …

“ရှင်တို့က ရုပ်လွှာကိုပြောရအောင် ရှင်တို့သူငယ်ချင်း ဘာလုပ်သွားတယ်ဆိုတာလည်း မေးကြည့်လိုက်လေ”

သူ၏ သူငယ်ချင်းတွေသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အဖြေရှာမရ။ ဘယ်လိုက ဘယ်လို ရွှေရုပ်လွှာနဲ့ သူတို့စဉ်းစားမရဖြစ်နေတုန်း ရုပ်လွှာပြောလိုက်သောစကားကြောင့် ဝီရသ စိတ်တို့ နားမလည်နိုင်ဖြစ်ရ၏။

ချက်ချင်းပင် ရုပ်လွှာရှေ့သို့ တိုးလာရင်း …

“ဒီမှာ ရွှေရုပ်လွှာ ငါ့ဘာသာ ငါနေတာ မင်းဘာပြဿနာမှလာမရှာနဲ့ … မင်းကိုငါ ဘာလုပ်ခဲ့လို့လဲ၊ ဒါ မင်းငါ့ကို တမင်သက်သက် လူတောထဲမှာ အရှက်ခွဲတာပဲ”

“ဩော် … ရှင်က အရှက်ကွဲတာတော့ ကြောက်တယ်၊ ကိုယ့်ရဲ့ အပြုအမူတွေ ရိုင်းစိုင်းတာကိုတော့ မသိသလိုဘဲ”

“ဘာ … မင်း ဘာတွေလာပြောနေတာလဲ၊ မင်းပြောတာတွေ ငါဘာမှနားမလည်ဘူး၊ သွားပါ … မင်းသွားပါတော့”





“ရှင် မနှင်လည်း ကျွန်မက သွားမှာပါ၊ လူစိတ်မရှိတဲ့ ရှင့်ကို သိအောင်လာပြောတာ၊ စောစောက ကားလမ်းမပေါ်မှာ ရှင့်သင့်ခရူဇာကားအနက်ကြီးနဲ့ မုန့်ဟင်းခါးသည် ဦးလေးကြီးတစ်ယောက်ကို ဝင်တိုက်သွားပြီး မသိချင်ယောင်ဆောင်နေတာလား၊ ခင်းပေ့ါလေ … ကျွန်မကတော့ လူစိတ်ရှိတဲ့ လူဆိုတော့ လူပီသစွာနဲ့ စေတနာထားပြီး ရှင်တိုက်ပစ်ခဲ့တဲ့ ဦးလေးကြီးကို ဆေးရုံပေါ် အရောက်တင်ပေးခဲ့တယ်၊ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ လူတစ်ယောက်ကို ရက်ရက်စက်စက်ကားနဲ့ ပွတ်တိုက်ပြီး လူ့ယဉ်ကျေးမှုကို နားမလည်တတ်သူပီပီ တော်တော်စာနာစိတ် ကင်းမဲ့တယ်”

ပြောချင်နေသည့် စကားတွေ ရင်ထဲမှ အလိုလိုပွင့်ထွက်မိတော့သည်။ စောစောက ငိုချင်နေသည့် စိတ်တွေလည်း ဘယ်က်ကုန်မှန်း မသိတော့။ ပြောနေသော သူမစကားတွေကြောင့် အလိုလို ရှက်လာမိသည်။ ရွှေရုပ်လွှာဆိုသော မိန်းကလေးသည် ယောက်စွာလိမ့်မယ်လို့ သူ မထင်၊ အခုလည်း သူဘာမှ လည်နိုင်သေး ပြောလိုက်တာတွေကလည်း သူ့ကို ချိုးချိုး နှိမ်

လူတောထဲလည်း မျက်နှာကိုရေနွေးနဲ့ အပက်ခံရတယ်။ ည်း သူ့ရဲ့အရှက်တွေ သိက္ခာတွေကို စုတ်ပြတ်သတ်သွား င် ပြောနေတော့သည်။ ကြည့်စမ်းပါဦး ကန်တင်းမှာရှိတဲ့ န်လုံးရဲ့ မျက်လုံးတွေက သူ့ထံသို့ စုပြုံကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ရွှေရုပ်လွှာ၊ ငါ့စိတ်တွေ မပေါက်ကွဲခင် မင်း ငါ့ရှေ့က ထွက်သွားရင် ကောင်းမယ်"

ထိုအချိန်မှာပဲ ရုပ်လွှာ၏နောက်နားသို့ မေလေးရောက်လာသည်။ မေလေးက ဘယ်ကနေဘယ်လိုသိ၍ လိုက်လာခဲ့သည် မသိပေ။

"ရုပ်လွှာ ဘာဖြစ်တာလဲ၊ လာ ... လာ နင်ကလည်း ရှက်ရာကြီးဟာ"

မေလေးရောက်လာပြီး ပြောတော့မှ ရုပ်လွှာပတ်ဝန်းကျင်ကို ပြန်သတိရ၏။ ရှက်တော့ရှက်မိသည်။ ရုပ်လွှာသည် ဘယ်တုန်းကမှ လူတစ်ယောက်ကို ဒီလိုမပြောဘူးခဲ့။ ကိုကောင်းနေခသိလျှင် ရုပ်လွှာကို အံ့သြတကြီးဖြစ်မှာ မြင်ယောင်မိသည်။ ပြလှည့်ထွက်လာသော မေလေးနဲ့ ရွှေရုပ်လွှာ၏ နောက်ဘက်ဆီ "တက်"ခေါက်သံ ခပ်ပြင်းပြင်းတစ်ချက်ကို ကြားဖြစ်အောင် ကြားလိုက်မိပါသည်။

အခန်း ( ၈ )

"ရုပ်လွှာရယ် ဘယ်လိုဖြစ်တာလဲ၊ ငါဖြင့် နင့်ကိုကြည့်ပြီး အံ့သြသွားတာပဲ"

"ဟုတ်တယ် မေလေး၊ ငါလည်း စဝင်သွားတော့ ဒေါသလည်းဖြစ်၊ ရှက်လည်းရှက်၊ ကြောက်လည်း ကြောက်ပေမယ့် ဟိုဘစ်လောတည်းက သူ့ကို အစာမကြေဖြစ်ထားတော့ ပြောချင်တဲ့စကားတွေက ဘယ်ကဘယ်လို ရောက်လာမှန်းမသိဘူး"

"ကဲ ... သေချာပြောပါဦး၊ ဘာဖြစ်တာလဲဆိုတာ"

မေလေး၏ အမေးကို ရုပ်လွှာက အကျိုးအကြောင်း အကုန်ရှင်းပြလိုက်သည်။ ထိုအကြောင်းကို သိတော့ မေလေးသည် ထိုဦးလေးကြီးအတွက် စိတ်မကောင်းဖြစ်မိသွားပေမယ့် ရုပ်လွှာကိုကြည့်ရင်းဖြင့်လည်း ရယ်ချင်လာမိသည်။

"နင့် သိပ်သတ္တိရှိတာပဲနော် ရုပ်လွှာ၊ ဟင်း ... ဟင်း ငါ ကိုကောင်းနေခလာမှ ပြောပြလိုက်ဦးမယ်"

www.burmeseclassic.com



မေလေးက ပြောရင်းဖြင့်လည်း ရုပ်လွှာကိုကြည့်ပြီး အံ့သြ လို့ မဆုံးနိုင်။

"ရွှေရုပ်လွှာ ... ရွှေရုပ်လွှာ"

နောက်ဖက်ဆီမှ ရုပ်လွှာနာမည် ခေါ်လိုက်သံကြောင့် မေလေးနှင့် ပြိုင်တူလှည့်ကြည့်မိကြ၏။ ဝီရသ၏ သူငယ်ချင်း ဇော်လေး။ စောစောက ထိုဝိုင်းတွင် သူမရှိ။

"ရွှေရုပ်လွှာ ခဏနေပါဦး"

"ဘာပြောစရာ ရှိလို့လဲ"

ရုပ်လွှာ၏ ခပ်တည်တည် မျက်နှာထားကြောင့် ဇော်လေး သည် ပြောရမှာ တွန့်ဆုတ်နေပုံရသည်။

"ရွှေရုပ်လွှာ စောစောက ဝီရကိုသွားကြမ်းတယ်ဆို"

"ဟုတ်တယ်လေ ... ရုပ်လွှာကလည်း သူ့ရဲ့ကားကို ကောင်းကောင်း မှတ်မိနေတာကိုး၊ အဲဒီအတွက် သူကဲ့ဆိုးသွားတာ ပေါ့"

"မဟုတ်ဘူး ... ရွှေရုပ်လွှာ၊ မင်းမှားသွားပြီ"

"ရှင် ... "

"ဟုတ်တယ် ရွှေရုပ်လွှာ၊ မှားသွားပြီ"

"ဘယ်လိုမှားတာလဲ ကိုဇော်လေး၊ ရုပ်လွှာ နားမရှင်းဘူး သူ့ကားဆိုတာ ရုပ်လွှာ အသေအချာသိနေတာပဲ"

"ဟုတ်ပါတယ် ... ရွှေရုပ်လွှာတွေ့လိုက်တဲ့ ဝီရရဲ့ကားဆိုတာ မှန်ပါတယ်၊ စောစောက မုန့်ဟင်းခါးသည်ကို တိုက်တာ ဝီ





ရဲ့ကားပါပဲ၊ ဒါပေမဲ့ ကားကိုမောင်းတာ ဝီရမဟုတ်ဘူး၊ ကျွန်တော်ပါ ဝီရရဲ့ကားကို ခဏငှားပြီး ကျွန်တော့်အရေးတကြီး ကိစ္စလေးရှိလို့ သွားခဲ့တာ၊ အခုလည်း ကျွန်တော် ကားပွတ်တိုက်မိသွားတဲ့ ဦးလေး ကြီးဆီက ပြန်လာခဲ့တာပါ၊ ကျွန်တော် အစစအရာရာ အကုန်ကူညီ ပေးလိုက်ပြီးပါပြီ၊ ဒါကြောင့် အခုမှ ကျွန်တော် ပြန်လာခဲ့တာ၊ ရောက် တယ်ဆို သူငယ်ချင်းတွေ ပြောလိုက်လို့ ဝီရကိုလည်း ကျွန်တော် တောင်းပန်ပြီးပါပြီ၊ အဲဒါ ရွှေရုပ်လွှာ မသိဘဲ ဝီရကို သွားကြမ်းမိတာ ကိုး"

"ရှင် ... "

ရွှေရုပ်လွှာ၏ နှင်းဆီဖူးလေးကို လှပသော နှုတ်လမ်းနှစ်လွှာ သား ဖွင့်ဟသွားခဲ့ရပြီး မေလေးဘက် လှည့်ကြည့်ရင်း ...

"ဟယ် မေလေးရယ် ဒုက္ခပါပဲ ... "

"ဘာတတ်နိုင်မှာလဲ ... ရုပ်လွှာရယ်၊ ကိုယ် မသိလို့ဖြစ်ရ တာပဲ"

"ရပါတယ် ရွှေရုပ်လွှာ၊ မင်းလည်း မသိလို့ဖြစ်ခဲ့ရတာပဲ၊ ကျွန်တော်ယ်လည်း မင်းစေတနာတွေကို ဟိုဦးလေးကြီးက ပြောလို့ မဆုံးနိုင်ဘူး"

ရုပ်လွှာ မျက်လုံးလေး ကလယ်ကလယ်ဖြင့် ဘာပြောရမှန်း မသိ၊ ဇော်လေးကိုတော့ တောင်းပန်ခိုင်းလိုက်သည်။

"ဇော်လေးရယ် ရုပ်လွှာတကယ်ပဲ တောင်းပန်ပါတယ်၊ ဝီရကို ပြောလိုက်ပါ၊ ရုပ်လွှာက ဒီကားကို သူမောင်းလာတယ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ထင်တာ၊ နောက်ပြီး လှည့်မကြည့်တော့တာကြောင့် ရုပ်လွှာ အရမ်း ဒေါကန်သွားမိတာ”

“မင်း ကိုယ်တိုင်တောင်းပန်ရင်တော့ ပိုကောင်းတာပေ့ါ ရွှေရုပ်လွှာ”

“ရှင် ...”

ဟင့်အင်း ... ဒီလိုတော့ ရုပ်လွှာမတောင်းပန်ချင်၊ မသိလို့ ဖြစ်ခဲ့ရတာဘဲ ခွင့်လွှတ်ပေးရမှာပေ့ါ။

ဒီလိုလူမျိုးကို ရုပ်လွှာကိုယ်တိုင်သွားပြီး မတောင်းပန်နိုင်၊ အရာရာတိုင်းက သူလုပ်ရင် ဘာမဆိုဖြစ်ရမယ်ဆိုတဲ့ လူမျိုးကို ရုပ်လွှာ အထင်မကြီး၊ သူ့ဘက်က ကိုယ့်ကိုဝင်တိုက်ခဲ့တုန်းကတောင် မှ “ဆောရီး” တစ်လုံးတည်းနဲ့သာ သည်းခံလိုက်ရသည်။ သို့နှင့် ရုပ်လွှာသည်လည်း သူ့ကို “ဆောရီး” တစ်လုံးတည်းနဲ့သာ ပြန်၍ ချေပလိုက်တော့မည်။

အမှန်တကယ် မထင်မှတ်ဘဲ ဖြစ်ခဲ့ရသော အပြစ်တစ်ခု ကြောင့် ကိုယ့်ဘက်က လွန်သွားတာကို သိပေမယ့် ရုပ်လွှာ ဘယ်လိုမှ တောင်းပန်ချင်စိတ် မရှိ။

ထို့ကြောင့်ပင် သူသည် ရုပ်လွှာအတွက် မုန်းစရာကောင်း လောက်တဲ့လူ တစ်ယောက်ဆိုသည်ထက် နည်းနည်းမျှ မပို။





သူ့ရင်ထဲတွင်တော့ ရုပ်လွှာကို ကျေနပ်လိမ့်မည် မထင်။ ခါတိုင်းလိုပဲ ရုပ်လွှာကတော့ မေလေးနဲ့ သွားမြဲတိုင်း၊ လာမြဲတိုင်း ဝင်၊ ဟိုအရင်က မထိုင်ဘူးသော ကန်တင်းမှာလည်း ရုပ်လွှာနဲ့ မေလေးထိုင်တတ်နေပြီ၊ နေ့လည် အတန်းနားချိန်တွင် ခုံတန်းလေး မှာ နှစ်ယောက်သားထိုင်ကာ ထမင်းစားခဲ့ကြပေမယ့် ယခုတော့ ကန်တင်းမှာထိုင်ကာ စားဖြစ်ကြသည်။

သူများဆိုင်မှာ ချက်ထားသောဟင်းကို မစားတတ်သော ရုပ်လွှာအဖို့ ယခုစားတတ်နေပြီ။ ရုပ်လွှာတို့ကို ထိုသို့ပြုလုပ်ပေးသူ မှာ ဇော်လေးပင် ဖြစ်သည်။

ဇော်လေးသည် သူတို့အုပ်စုထဲတွင် နားလည်မှုရှိတတ်သည်။ ဖော်လည်း ဖော်ရွေသည်။

“ဟိုအရင်းကတည်းက ရွှေရုပ်လွှာနဲ့ မေလေးကို ကြည့်နေ တာ၊ ထမင်းစားရင် အမြဲတမ်း ဒီခုံတန်းလေးမှာပဲ လာထိုင်စားတယ် နော်၊ တစ်ခါတစ်လေ ကန်တင်းမှာလာထိုင်စားပါလားဗျာ”

တစ်ခါခေါ်၊ နှစ်ခါခေါ်ဖြင့် ခေါ်ဖန်များတော့ အားနာစွာဖြင့် လိုက်ခဲ့ရသည်။

“ဒီဆိုင်က ငါးရံ့အူဟင်း အရမ်းကောင်းတာ၊ စားကြည့်စမ်း ပါဗျာ၊ လျှာလည်သွားစေရမယ်၊ ကျွန်တော်က ရွှေရုပ်လွှာနဲ့ မေလေး ကို ခင်လို့ ကျွေးတာနော်”

“ဇော်လေး ရှင် ရုပ်လွှာတို့နဲ့ လာ,လာနေတာ ဟိုလူသိလား ဟင်”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ …"

"ဝိရသလေ …"

"သိ,သိပေါ့ဗျာ၊ သိလို့ ကျွန်တော့်ကို သူတို့နဲ့ လာမတွဲနဲ့ဆို လည်း ဘာဖြစ်လဲ၊ ဒါပေမယ့် ဒီကောင် မနေနိုင်ပါဘူး၊ ကျွန်တော် က ငယ်ငယ်လေးတည်းက တွဲလာတော့ သူ့စိတ်ဓာတ်ရော သူ့ အကြောင်းတွေရော အကုန်သိပြီးသားလေ …"

"ဟွန်း … ဘယ်လိုကောင်စားမှန်း မသိဘူး"

"ရွှေရုပ်လွှာတို့ ထင်လို့ပါ၊ သူက စိတ်ရင်းကောင်းပါတယ်၊ ရည်းစားကတော့ များတယ်၊ ခုထက်ထိ တည်တည်တံ့တံ့ မရှိသေး ဘူး"

သူ့အကြောင်း ပြောနေစဉ်မှာပင် သူက ကန်တင်းသို့ဝင် လာ၏။ ဖော်လေးကို ရုပ်လွှာတို့နှင့်အတူ တွေ့လိုက်တာကြောင့် နှစ်ခါပြန် လှည့်ကြည့်သည်။ ဟုတ်မှ ဟုတ်ရဲ့လားဆိုသည့် သဘော နှင့်လည်းဖြစ်မည်။

"ဖော်လေး ရုပ်လွှာတို့သွားတော့မယ်၊ အတန်းပြန်တက်ရ ဦးမှာ၊ ရှင်လည်း ဟိုမှာသွားလိုက်ဦး၊ မျက်စောင်းခဲပြီး ကြည့်တော်မူ နေတယ်"

ဖော်လေးရယ်သည်။ ရုပ်လွှာနှင့်မေလေး ထထွက်လာ တော့ ဖော်လေးလည်း သူတို့ဝိုင်းသို့ ရောက်သွားတော့၏။

"ရုပ်လွှာ"

"ဟင် …"





"ကိုကောင်းနေခ ပြန်လာရင် အံ့သြမှာပဲသိလား"

"ဘာဖြစ်လို့လဲ"

"သူ့ချစ်သူလေးက ဟိုအရင်ကင်န်တင်းတွေဘာတွေ တစ်ခါ မှ မသွားတတ်ဘူး၊ အခု သွားတတ်နေပါကောလားလို့ သူက အံ့သြ မှာပေါ့"

"ဟုတ်တယ် … ကိုကောင်းနေခ သွားနေတဲ့ ရက်အတွင်း မှာ ထူးခြားသွားတာတော့ အမှန်ပဲ"

"ဘာကို ထူးခြားတာလဲဟ …"

"ဟိုအကောင်အုပ်စုနဲ့ ပတ်သက်မိလို့လေ"

"ဟုတ်ပ … ကိုကောင်းနေခ ရှိတုန်းက ဘာပြဿနာမှ မဖြစ်ဘူး၊ ကိုကောင်းနေခ ပြန်လာရင် နင်ပြန်ပြောမှာလား ရုပ်လွှာ၊ မသိတာဘဲ ကောင်းမယ်ထင်တယ်"

ရုပ်လွှာ ခေါင်းညိတ်လိုက်သည်။

အတန်းထဲရောက်တော့ ရုပ်လွှာ စဉ်းစားသည်။ ဝိရသ ဆိုသော လူနှင့်မျက်နှာချင်း မဆိုင်ချင်ပါ၊ တွေ့လိုက်လျှင် မထီမဲ့ မြင် စိုက်ကြည့်တတ်ပြီး မကျေနပ်သည့် ပုံစံမျိုးနှင့်သာ ဖြစ်သည်။

ဆရာစာသင်ပြီးလို့ အတန်းဆင်းသည်အထိ ထိုအုပ်စုရောက် မလာပါ။ ခါတိုင်းသတိမထားမိ။ ပြဿနာဖြစ်ပြီးမှ သတိထားတတ် လာသည်။ ရုပ်လွှာနဲ့ မေလေးဆီသို့ ဆရာကပြုံး၍ ရောက်လာပြီး

"ရွှေရုပ်လွှာနဲ့ မေလေး မနက်ဖြန် မနက်ခုနစ်နာရီ ဆရာ့ အိမ်မှာ အိမ်တက်လုပ်မလို့ မင်းတို့ဆက်ဆက်လာခဲ့ကြနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာ"

ဆရာပြန်လှည့်ထွက်သွားတော့ ရုပ်လှှာနဲ့မေလေး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ သွားမှာလားဆိုသည့်ပုံစံနှင့် နှစ်ယောက်သား ပြုံးလိုက်ကြသည်။

"ဆရာကိုယ်တိုင်လာဖိတ်တဲ့ နောက်တော့ မသွားလို့ မကောင်းဘူးထင်တယ်နော် ရုပ်လှှာ ..."

"အေးလေ ... ဒါဆိုလည်း သွားတာပေါ့"

"ဒီလိုဆို မနက်ကျရင် နင်ဝင်ခေါ်မှာလား ရုပ်လှှာ"

"ဝင်ခေါ်မယ်လေ ..."

"စောစောလည်း လာခဲ့ဦးနော်၊ ဆရာက ဟိုအုပ်စုကိုပါ ဖိတ်ချင်ဖိတ်နေမှာ တော်ကြာ အဲဒီအကောင်တွေနဲ့ ဆုံနေရဦးမယ်"

"ဆုံတော့လည်း ကြောက်စရာမလိုပါဘူးဟာ"

"အံမယ် ... ပြောသာပြောတယ်၊ ဟိုနေ့ကပဲ နင် မျက်နှာချင်းမဆိုင်ရဲတော့ဘူးဆို"

"အမလေး မေလေးရယ်၊ ငါက ကြောက်လို့ မဟုတ်ပါဘူးနော်၊ ရွံ့လို့"

ရုပ်လှှာက မျက်နှာလေးရှုံ့မဲ့ကာဖြင့် မေလေးကို ပြောလိုက်တော့ မေလေးသည် ရုပ်လှှာ၏ နောက်သို့ စိုက်ကြည့်ရင်း မျက်လုံးလေး ဝိုင်းကာဖြင့် ဘာပြောရမှန်းမသိအောင်ပင် ပါးစပ်ကလေးကလည်း ဖွင့်ဟလျက်သား ဖြစ်သွားရသည်။

"မင်း ဘယ်သူ့ကိုပြောတာလဲ"





"ဘယ်သူ့ကို ပြော,ပြောပေါ့၊ ရှင်နဲ့ ဘာဆိုင်လို့လဲ"

"ဒါဆို ဟိုအကောင်တွေနဲ့ဆိုတာရော ဘာစကားပြောတာလဲ"

"ရှင်က လူကိုအသလွတ်လာဟောက်နေတယ်၊ ဒီစကားက ရှင်တို့ကို ပြောမှန်းသိရင်လည်း ပြီးတာပဲ"

"မင်း သိပ်လွန်နေပြီနော်"

"နေပါဦး ... ရုပ်လှှာက ဘာတွေများလွန်နေလို့လဲ"

"အေးပေါ့ ... မင်းက ကိုယ့်ဟာကိုယ်ပဲ အကောင်းဖြစ်နေတာကိုး၊ အစက မင်းကို ရိုးရိုးအေးအေးလေးလို့ ထင်နေတာ၊ အခုတော့ မင်းက အမွှေးစုတ်ဖွားလေးနဲ့ သဘော်ခွေးလေးအတိုင်းပဲ"

"ရှင် ... ရှင် ရုပ်လှှာကို ခွေးနဲ့နှိုင်းတာပေါ့၊ ရှင် သိပ်မိုက်ရိုင်းတယ်၊ ရှင် မိုက်ရိုင်းတာရော ရှင်သိရဲ့လား"

သူသည် ရုပ်လှှာ၏ မျက်နှာလေးနားသို့ စူးစူးရဲရဲ စိုက်ကြည့်ပြီး ...

"ရွှေရုပ်လှှာ ... အဲဒါ ရိုင်းတာမဟုတ်ဘူး၊ မင်းက သိပ်ချစ်စရာကောင်းပြီး သိပ်ကို စွာနေလို့ ဥပမာပေးပြီး ပြောပြတာ"

ရုပ်လှှာ အသားလေးတွေ တဆတ်ဆတ်တုန်ရင်း သူ့ရဲ့နောက်ကျောကို အားရပါးရ လက်သီးနဲ့ထုလိုက်ချင်သည်။ ဘယ်တော့မှ မပြုံးတတ်တဲ့သူက မဲ့သလိုတစ်ချက်ပြုံးပြီး သူ၏ လင့်ခရူဇာဘားပေါ်သို့ တက်ထိုင်နေသည်။ ဇော်လေးကတော့ ရုပ်လှှာနှင့် မေလေးကို အားနာပါးနာ တစ်ချက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်သည့် သူ့သူငယ်ချင်းတွေကလည်း ကိုယ့်ကားပေါ် ကိုယ် ရောက်နေကြ၏။ မေလေး၏ကားလည်း မလာသေးတာကြောင့် ရုပ်လွှာ စောင့်ပေးရမည်။

"ရုပ်လွှာ နင်ပြန်ရင် ပြန်နှင့်လိုက်လေ၊ ငါ့ကားက တော်ကြာဆို လာတော့မှာပေ့ါ။ အဲဒီ အကောင်တွေ မသွားသေးခင် နင်က အရင်သာ ပြန်လိုက်တော့ ..."

"ရပါတယ် မေလေးရယ်၊ နင်တစ်ယောက်တည်း ငါပါ စောင့်နေမှာပေ့ါ"

ပြောနေရင်းမှ မေလေး၏ကားလေးရောက်လာသည်။ ရုပ်လွှာရော မေလေးပါ ကားပေါ်အသီးသီး ရောက်သွားသည့်တိုင် ထိုအုပ်စုကား မပြန်ကြသေး။

မေလေးက ကားပေါ်ထိုင်ပြီးသည်နှင့် ရုပ်လွှာအား သွားကြမယ်ဆိုပြီး မေးဆတ်ပြလိုက်ရာ ...

"ဟင် ..."

မေလေးက ဒရိုင်ဘာကိုလေးအား ခဏနေဦးဟုဆိုပြီး ရုပ်လွှာ၏ ကားဘီးများကို သေချာစွာစူးစိုက်ကြည့်နေ၏။

"ဟဲ့ ... ရုပ်လွှာ ခဏနေဦး၊ နင့် ကားဘီးတွေ လေမရှိပါလား"

မေလေးပြောမှ ရုပ်လွှာကားတံခါးဖွင့်ကာ အောက်သို့ ဆင်းကြည့်လိုက်၏။

"ဟယ် ... ဒါ တစ်ယောက်,ယောက် လက်ချက်ပဲဖြစ်မယ်"





မေလေးကလည်း ကားအောက်သို့ပြန်ဆင်းလာသည်။ တရားခံသည် မည်သူ ဖြစ်နိုင်သနည်း။ ထိုအုပ်စုကလည်း ရုပ်လွှာတို့ဆီ လှမ်းကြည့်ရင်း မျက်နှာတွေက တစ်ခုခုကို မဟုတ်တာလုပ်ပြီး သဘောကျနေသည့် ပုံစံတွေပင် ဖြစ်၏။ ဇော်လေးနဲ့ သက်ဦးကလည်း လှမ်းကြည့်နေပြီး မျက်လုံးတွေကတော့ ဝီရသဆီသို့ ညွှန်ပြနေသည်။ ထပ်မံ ရန်တွေ့ဖို့ ခြေလှမ်းပြင်ခိုက် ...

"ဟော့ကောင် အာကာ မင်းတို့ မပြန်သေးဘူးလား ... ငါတို့တော့ လိမ့်ပြီဟေ့"

ကားထွက်ကာနီးဆဲဆဲ ကားပြတင်းပေါက်မှ ပြန်၍ခေါင်းပြကာ ...

"ဩော် ... အာကာ မင်းတို့ကို မှာခဲ့ရဦးမယ်၊ ဟို အပင်နားမှာ ရက္ခစိုးမရှိတယ်နော်၊ သတိတော့ထား၊ အဲဒီနားမှာ ကြာကြာမနေနဲ့ဦး အန္တရာယ်ရှိတယ်၊ မင်းတို့ကို စေတနာနဲ့ သတိပေးတာနော်၊ သွားပြီးဟေ့ ... တာ ... တာ"

"ဟေ့ ... ဟေ့ ဝီရ တို့လည်းပြန်မယ်လေ"

"ဝီရ ... ငါတို့ကိုလည်း စောင့်ဦးကွ၊ ငါတို့လည်း ရက္ခစိုးမဘိုကြောက်တယ်"

ရုပ်လွှာသည် မျက်နှာလေးသုန်မှုန်စွာဖြင့် ဒေါသဖြစ်လို့နေ၏။ ဖြူဝင်းနေသော မျက်နှာလေးသည် ဒေါသစိတ်ကြောင့် နီမြန်းနေတော့သည်။ ဝီရတို့ တစ်သိုက် သူတို့၏ကားတွေဖြင့် အသီးသီးထွက်သွားကြရင်း နှုတ်ခမ်းလေးစူကာ ရန်တွေ့ဖို့ပြင်နေသော ရုပ်



www.burmeseclassic.com

www.burmeseclassic.com



လှာနှင့် မေလေးကို တာ့တာဟု လက်ပြနှုတ်ဆက်ကာ နောက်ပြောင်သွားကြသည်။

"ဟွန်း … မျက်နှာရှုးတွေ၊ အကျင့်ကို မကောင်းဘူး"

"ဟုတ်တယ် … အဲဒါကြောင့် မပြန်သေးဘဲ ရစ်သီရစ်သီလုပ်နေကြတာ"

ရုပ်လှာနဲ့ မေလေး ပြောနေခိုက် ဒရိုင်ဘာကိုလေးကလည်း စပ်ဖြီးဖြီးနှင့် ရယ်နေသည်။

"အံမယ် … ကိုလေး နင်က ဘာလို့ ရယ်နေရတာလဲ"

ရုပ်လှာသည် ဝီရတို့ကို ရန်မတွေ့လိုက်ရသည့်အတွက် ဒရိုင်ဘာကိုလေး့ကိုပင် မဲလိုက်တာကြောင့် ကိုလေးက ရုပ်လှာကို မျက်လုံးအပြူးသားနဲ့ ကြောင်ပြီး ကြည့်နေပါတော့သည်။

အခန်း ( ၉ )

သူတို့နဲ့ မတွေ့အောင် တမင်ရှောင်ပြီး စောစောလာခဲ့ကာမှ ဘယ်တုန်းကတည်းက ဝေ့တ်နေကျလည်းမသိ။ ခေါင်းမဖော်စတမ်း စားနေကြသော အုပ်စုထဲမှ အာကာက ခေါင်းမော့လာရင်း …

"ဟာ … "

"ဘာလဲကွ အာကာ"

အာကာကြည့်ရာသို့ သူတို့လိုက်ကြည့်မိ၏။ ကိုယ်ကျပ် အနီရဲရဲလေးကို ဝတ်ဆင်ထားပြီး အဖြူပေါ်မှာ အနီပွင့်အခက်လေးတွေပါသော ပိုးထမီပျော့ပျော့က ခြေဖမိုးထက်မှာ စုပုံနေကာ ရွှေရုပ်လှာ၏ ပုံစံလေးသည် တကယ်ကို ကျော့ရှင်းလှပနေပါသည်။

ဆံပင်တွေကို နောက်ဖက်တွင် ခပ်မြင့်မြင့်လေးစီးထားပြီး အနီရဲရဲ နှုတ်ခမ်းနီလေးကို ဆိုးထားတာကြောင့် သူမ၏ဝင်းမွတ်နေသော အသားလေးတွေမှာ အနီကာလာတွေကြားမှ ပို၍တောက်ပနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင် … ဝီရ မျက်တောင်လေး ဘာလေး ခတ်ဦး"

သက်ဦး ပြောလိုက်တဲ့အခါ သူပြုံးဖြစ်သွားသည်။ ခေါင်းထဲမှာ ဖျတ်ခနဲ အလင်းတန်းတစ်ခု ရောက်လာတာနှင့် မုန့်ပွဲပြင်နေသော ဝိုင်းသို့ သူရောက်သွားမိသည်။

ဆရာကတော့ သူတပည့်မတွေ လာသည့်အတွက် ဝမ်းသာနေပြီး သူ့အမျိုးသမီးပါ လှမ်းခေါ်ကာ မိတ်ဆက်ပေးနေသည်။ နောက်ဖက်သို့လည်း လှည့်၍ …

"ဟေ့ … ဆရာတပည့်မတွေအတွက် ဒီကိုမုန့်ပွဲလေးချပေးပါဦး"

ဝီရသည် မုန့်ဟင်းခါးဖတ်အလယ်တွင် ငရုတ်သီးမှုန့်ခပ်များများလေးထည့်ပြီး၊ ငရုတ်ကောင်းကိုလည်း ဖြူးပေးလိုက်သေးသည်။ နောက်ပြီး ရှောက်သီးကို အရည်ခပ်များများ ညှစ်ထည့်လိုက်ပြီး ငံပြာရည်ပါ ထပ်လောင်းထည့်ပေးလိုက်သည်။

ဟင်း … ဟင်း မင်း ငါ့ရဲ့လက်ရာလေးကို စားလို့အရမ်းကောင်းလို့ နောက်တစ်ခါ ထပ်စားချင်သွားမယ်။

မုန့်ပွဲလာချပေးရာ ကောင်းလေးနားသို့သွား၍ …

"ညီလေး … ညီလေး ဒီပန်းကန် ဟိုဘက်ထောင့်မှာ ထိုင်နေတဲ့ အကျီအနီ ရဲရဲလေးနဲ့တွေ့လား"

"ဟုတ်ကဲ့ … "

"အေး … အဲဒီ ပန်းကန်ကို သူ့ရှေ့မှာသွားချပေးနော်၊ နောက်တစ်ယောက်ကိုတော့ ရိုးရိုးပန်းကန်ပဲထားလိုက်၊ ရှေ့





ညီလေးအတွက် မုန့်ဖိုး"

"ဟုတ်ကဲ့ အစ်ကို … "

သူပြောလိုက်သလိုပင် ထိုကောင်လေးက ရွှေရုပ်လွှာ၏ ရှေ့မှာ ထိုမုန့်ပွဲကို သွားချပေးလိုက်သည်။ သူငယ်ချင်းတွေက သူ့ကို ဘယ်ရောက်သွားလဲဟု လှမ်းကြည့်နေကြသည်။ သူက လက်တစ်ဖက် ထောင်ပြလိုက်တော့မှ အာကာက ဘာလဲဟူသော သဘောဖြင့် မေးဆတ်ပြသလို သူကလည်း လက်ဝါးတစ်ဖက် ထောင်ပြရင်း ခဏဟူသော သဘောဖြင့် ပြောသည်။

သူသည် နောက်ထပ် ကောင်လေးတစ်ယောက်နားသို့ တိုးကပ်သွားပြန်၏။

"ညီလေး … ညီလေး ဒီရေခွက်ကလေးကို ဟိုအကျီအနီလေးနဲ့ ကောင်မလေးနား သွားချပေးနော်၊ ရော့ ညီလေးအတွက် မုန့်ဖိုးယူထား"

သူပြောသည့်အတိုင်းပင် ထိုကောင်လေးကလည်း ရွှေရုပ်လွှာ ဘေးနားမှာ မသိသလိုဖြင့် သွားချပေးလိုက်ပါသည်။

သူကြည့်နေစဉ်မှာပင် ရုပ်လွှာမျက်နှာလေး ရှုံ့မဲ့ကာ မျက်တောင်လေးတွေ တဖျပ်ဖျပ်ခတ်နေသည်။

"ရုပ်လွှာ ဘာဖြစ်လို့လဲ၊ ငရုတ်သီးတွေ တအားထည့်ပြီး စပ်နေလို့လား"

"ဟုတ်တယ် … မေလေး ဒီမုန့်ဟင်းခါးထဲကို ငါဘာမှ ထည့်ရသေးဘူး၊ နင်စားကြည့်စမ်းပါဟာ၊ စပ်တာကလည်း ငါ့လျှာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ကျွတ်ထွက်တော့မယ်၊ နောက်ပြီး ချဉ်လည်းချဉ်၊ ငန်လည်း အရမ်းငန်တယ်"

ငိုမဲ့မဲ့နှင့်ပြောနေသော ရုပ်လွှာကိုကြည့်ကာ မေလေးက ရုပ်လွှာ ပန်းကန်ဆီမှာ ယူစားကြည့်လိုက်သည်။

"အိုး ... ဟုတ်ပ ... ဟုတ်ပ ဘယ်လိုတွေထည့်လာတာလဲ မသိဘူး၊ ဒုက္ခပါပဲ ငါတစ်ဇွန်းပဲ စားရသေးတယ်၊ အာ ... လာ ... လာ စပ်ကလည်းစပ်၊ ချဉ်ကလည်းချဉ်၊ ငန်ကလည်းငန်၊ အဲဒါ နင် စောစောက ဘာဖြစ်လို့ ထပ်စားနေရတာလဲ"

ရုပ်လွှာသည် ရေနွေးလေးကို အအေးခံပြီး သောက်နေရင်း မှ ပါးစပ်မှလည်း ရှူးရှဲဖြစ်နေသည်။

"စောစောက ဆရာကတော်က အနားမှာလာထိုင်ပြီး ညီမလေး စား ... စားဆိုတော့ မစားရင် ဘယ်ကောင်းပါ့မလဲ အဲဒါနဲ့ နည်းနည်းစားလိုက်ရတာ"

"ဒုက္ခပါပဲ ... ရုပ်လွှာရယ်၊ ရေနွေးသောက်မနေနဲ့တော့လေ နေဦး၊ ငါရေတောင်းပေးမယ်၊ ဟဲ့ ရုပ်လွှာ နင့်ဘေးနားမှာ ရေခွက် ရှိတယ်လေ ..."

"အေး ... ဟုတ်သားပဲ"

ရုပ်လွှာသည် ရေခွက်ကို လှမ်းယူပြီး မော့သောက်လိုက် သည်။

"အား ... ဖွီး"

ရုပ်လွှာ ပါးစပ်မှ ရေတွေအကုန်လုံး ပြန်ထွက်ကုန်သည်။





"ဟဲ့ ရုပ်လွှာ ဘာဖြစ်တာလဲ၊ နင်ကလည်း ဖြည်းဖြည်း သောက်တာမဟုတ်ဘူး၊ ရေတွေ သီးကုန်မှာပေါ့၊ အဲ လူတွေကြည့် နေတယ်၊ ရှက်စရာကြီး ..."

ရုပ်လွှာသည် စိတ်ညစ်နေသော ပုံစံဖြင့် ခေါင်းလေးကုပ်ပြီး

"မေလေး ... နင်ရေကို သောက်ကြည့်စမ်းပါဦးဟာ"

မေလေးက ဖန်ခွက်ကိုယူပြီး နည်းနည်းလေးမော့သောက် လိုက်သည်။

"ဟယ် ... ရေကလည်း အမလေး ဆားရေတွေထင်တယ်"

လူတွေအားလုံးက ရုပ်လွှာတို့ကိုကြည့်ပြီး ရယ်နေကြ၏။ ရုပ်လွှာ ရှက်လိုက်တာ။ ဆရာကတော့ ဧည့်ခံနေရတာကြောင့် ရုပ်လွှာတို့ အဖြစ်ကို မသိလိုက်ခဲ့။

ဒါဟာ ရိုးရိုးသားသား မဖြစ်နိုင်ဘူး။ သူတို့လက်ချက်ပဲဆို တာ ခုမှ သဘောပေါက်သည်။

"ရုပ်လွှာ ဒါတို့ကို ဝိရသက ပညာပြနေတာပဲ၊ ကြာကြာ ဆက်နေလို့ မဖြစ်တော့ဘူး ... ပြန်ကြရအောင် ..."

ရုပ်လွှာနည်းတူ မေလေးကလည်း သိနေသည်။ ထဖို့ဟန် ပြင်တော့ သူတို့အုပ်စုဆီမှ ဝေါခနဲရယ်လိုက်သော အသံကြောင့် ရုပ်လွှာ အသားတွေ တဆတ်ဆတ်တုန်သွားရသည်။

"လုပ်ထားဦးပေါ့ ... ဆရာ့အိမ်မှာမလို့ သီးခံလိုက်ဦးမယ်"

"ဒါပေမယ့်နော် ရုပ်လွှာ၊ သူတို့လုပ်တယ်ဆိုတာ ငါတို့က သိနေပေမယ့် လက်ပူးလက်ကြပ် မမိတော့၊ အတင်းသွားရမ်းဖို့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူးနော်၊ ဟိုအကောင် နှစ်ကောင်ကလည်း နည်းနည်းမှ အသုံးမကျဘူး”

နှစ်ယောက်သား ပွစိပွစိပြောရင်း စိတ်တွေကိုလည်းလျှော့ချထားကာ ပြန်ရန် ဆရာ့ကို နှုတ်ဆက်လိုက်ကြသည်။

မြန်မြန်ပြန်ချင်နေသလို လူအများအလယ်မှာမို့ ရှက်လည်းရှက်၊ စိတ်တွေလည်းတိုရ၏။ လှမ်းကြည့်နေသော ဝီရသကို မျက်စောင်းတစ်ချက် ပစ်လွှတ်လိုက်ပြီး ဖိနပ်ထားရာဆီရောက်တော့ ရုပ်လွှာ ဖိနပ်တစ်ဖက် ရှာမတွေ့တော့ပေ။

“မေလေး ... ငါ့ ဖိနပ်တစ်ဖက် ဘယ်ရောက်သွားလဲ မသိဘူး”

“သေသေချာချာ ရှာပါဦးဟ”

“တကယ်မတွေ့တာ မေလေးရဲ့၊ ဒီမှာ တစ်ဖက်ထဲရှိတယ် တစ်ဖက်ပျောက်နေတာ၊ အင်း မဟုတ်မှလွဲရော ဒင်းတို့လက်ချက်ပဲနေမယ်”

“ဖြစ်နိုင်တယ်၊ နင့်ဖိနပ်တစ်ဖက်ထဲပဲ ရွေးပြီးပျောက်တာဆိုတော့ ဒီကောင်တွေပဲ”

“လာ ... လာ ရုပ်လွှာ ရှိတဲ့ဖိနပ်တစ်ဖက်တည်းကိုသာစီးလာတော့၊ ဟိုဘက်နား ဒီဘက်နားကြည့်ရအောင်”

မေလေးပြောသလို ရှိနေသည့် ဖိနပ်တစ်ဖက်ကို စီးလိုက်သည်။

ရုပ်လွှာ စီးပြီးသည်နှင့် ခြေလှမ်းလိုက်ရာ ...





“ဟင် ... ဒုက္ခပါပဲ မေလေးရယ်၊ ငါတော့ အရှမ်းကို ပေါက်ကွဲချင်နေပြီ၊ ဒီမှာကြည့်ပါဦး ... ဖိနပ်ကို ကော်တွေနဲ့ ကပ်ထားတယ်”

ရုပ်လွှာ၏ ငိုမဲ့မဲ့ မျက်နှာလေးနှင့် စိတ်ညစ်သွားသောညည်းသံလေးကို သူကြားလိုက်ရ၏။ မေလေးကတော့ ပျောက်နေသည့် ဖိနပ်တစ်ဖက်ကို လိုက်ရှာနေသည်။

“တွေ့ပြီ ရုပ်လွှာရေ တွေ့ပြီ”

မေလေးနားသို့ ရုပ်လွှာရောက်လာချိန်မှာတော့ ခွေးတစ်ကောင်က သူမ၏ဖိနပ်ကို ကိုက်ဖွဲ့နေလိုက်သည်မှာ ရစရာပင်မရှိဘော့။

“တော်ပြီ ... မေလေးရယ် ဒီအတိုင်းပဲပြန်တော့မယ်”

ရုပ်လွှာပုံစံလေးကို ကြည့်ပြီး မေလေးက ရယ်လည်းရယ်ချင် တ်လည်းညစ်ရသည်။

“ဝီရသကတော့ လွန်လာပြီ”

“အေးပေါ့ဟာ ... သေချာမတွေ့သေးလို့ပေါ့၊ သေချာတွေ့များတော့ ဝီရသဆိုတဲ့အကောင် အရိုးတခြား အသားတခြားကို စ်သွားစေရမယ်”

“ရုပ်လွှာရေ ... ခုနေမှာတော့ ကိုယ်ချည်းပဲခံနေရတယ် လာ ... တော်ကြာ ဟိုသကောင့်သားတွေ ထွက်လာဦးမယ်”

မေလေးက ရုပ်လွှာ၏ လက်ကလေးကိုဆွဲကာ ကားဆီသို့ လာခဲ့သည်။ အောက်ဖက်နားမှာ ပုံအိကျနေသော ထမီလေးကို

www.burmeseclassic.com



လက်ကလေးတစ်ဖက်ဖြင့် မ,ကိုင်ထားကာ ရဲနေသော ခြေဖနှောင့်လေးတွေသည် ဖိနပ်မပါသောကြောင့် ဗိုရ်ိ နီမြန်းနေပါသည်။

ဘယ်အချိန်ကတည်းက နောက်နားမှာ ရောက်နေလည်းမသိ။ ဆူညံသံတွေကြားတော့မှ လှည့်ကြည့်လိုက်မိသည်။ ဖော်လေးနဲ့ သက်ဦးကတော့ အားနာ၍လားမသိ ကားပေါ်ရောက်နှင့်နေပြီ။ အာကာ အပါအဝင် နောက်ထပ်နှစ်ယောက်ကတော့ ...

"ဟာ ... ရွှေရုပ်လှ၊ ဆရာအိမ်လာတာ ဖိနပ်ဘာလို့ စီးမလာတာလဲ"

"ဩော် ... ရွှေရုပ်လှာရယ်၊ ဖိနပ်မပါဘဲတောင်လာရတယ်လို့ ဆရာ့အိမ်ကြီးက ထွက်မပြေးပါဘူး"

"ရွှေရုပ်လှာ မုန့်ဟင်းခါးတော်တော်ကြိုက်တယ်ထင်တယ် ဖိနပ်တောင် စီးမလာဘူး"

တစ်ယောက်တစ်ခွန်းဖြင့် ပြောနေသော သူတို့ကို ခါးလေး ထောက်ကာ ကြည့်ရင်း ဘေးနားမှာရှိသော အုတ်ခဲကျိုးကို ကောက်ကိုင်လိုက်သည်နှင့် တစ်အုပ်စုလုံး ကားပေါ်သို့ အသီးသီး တက်ကာ မောင်းထွက်သွားကြတော့သည်။

အခန်း ( ၁၀ )

"သူ တော်တော်နေမကောင်းဖြစ်နေလားဟင် မေလေး"

"ဦးလေးတုတ်ပေါ် ပြောတာတော့ ညကပြန်လာတော့ မိုးရေတွေစိုပြီး အအေးမိတာလို့ ပြောတယ်"

ကိုကောင်းနေခ ညကမိုးရွာထဲမှာ ပြန်ရောက်လာရင်း နေမကောင်းဘူးဆိုတာကြောင့် မေလေးကိုဝင်ခေါ်ကာ ကျောင်းသို့ မသွားသေးဘဲ ကိုကောင်းနေခ နေထိုင်ရာ ဘောက်ထော်ရှိ တိုက်ကလေးသို့ ရောက်လာခဲ့သည်။

ဦးလေးတုတ်ပေါ်က ကိုကောင်းနေခထိုင်နေရာ ဧည့်ခန်းဆီသို့ ခေါ်လာသည်။

ကာကီရောင် ဘောင်းဘီနှင့် ဆွယ်တာလက်ရှည် အသားရောင်လေးဖြင့် ကိုကောင်းနေခ၏ မျက်နှာလေးသည် အနည်းငယ် ချောင်သလိုပင် ရှိနေသည်။ ရုပ်လှာကို တွေ့သည်နှင့် ကိုကောင်းနေခ၏ မျက်နှာက ကြည်နူးရိပ်တို့ဖြင့် ယှက်သမ်းသွားပြီး သူမသို့



www.burmeseclassic.com

www.burmeseclassic.com



ထဲလှမ်းလာခဲ့သည်။

"ကိုကောင်းနေခ နေမကောင်းဘူးဆို ထိုင်နေပါ"

"ဟုတ်သားပဲ … ကိုကောင်းနေခ မေလေးတို့က ဧည့်သည်မှ မဟုတ်တာ"

"ကိုကောင်းနေခ မေမေရော နေကောင်းတယ်မဟုတ်လား"

"ကောင်းပါတယ် ရုပ်လွှာ … မေမေက နေကောင်းတာနဲ့ဆိုင်သွားတော့တာပဲ"

"အမေကိုပြုစုပေးလိုက်ရလို့ ကိုကောင်းနေခ တော်တော်ပင်ပန်းလာတယ်နဲ့ တူတယ်"

"ဒီလိုလည်း မဟုတ်ပါဘူး၊ ဒီအမေနဲ့ ဒီသားနှစ်ယောက်ထဲပဲရှိတာဆိုတော့ မေမေ့ကို ဂရုစိုက်ရတာပေါ့"

"ကိုကောင်းနေခ ကျောင်းတွေလည်းပျက်ထားတော့ စာတွေ နောက်ကျနေပြီပေါ့နော်၊ ရုပ်လွှာ ကူးပေးချင်ပါတယ်၊ ဒါပေမယ့် ဆေးကျောင်းရဲ့စာကို နားလည်နိုင်မှာ မဟုတ်ဘူး"

"ဒီလိုပြောတာနဲ့တင် ကိုယ်က ကျေနပ်နေပါပြီ ရုပ်လွှာရယ်၊ ဒါနဲ့ ကျော်သူရက မေလေးနဲ့ ရုပ်လွှာကိုမှာလိုက်တယ်"

"ဟင် … ဟုတ်လား ကိုကိုကျော်က ဘာမှာလိုက်လဲဟင် ကိုကောင်းနေခ၊ ဘယ်တော့ လာမယ်တဲ့လဲ … "

"ညည်းအစ်ကိုက မှာလိုက်တယ်၊ ကျွန်တော် စာမေးပွဲပြီးလို့ မန္တလေးပြန်လာရင် မေလေးနဲ့ ရုပ်လွှာကို လိုက်လာဖို့ပြောလိုက်ပါတဲ့"





"ဟင် … ကိုကိုကျော်က သူကတော့ မလာဘဲနဲ့"

"ကျော်သူရကလည်း လာမှာပါ မေလေးရဲ့၊ ဒါပေမယ့် အခုတော့ မဟုတ်ဘူး၊ ကျွန်တော် စာမေးပွဲပြီးလို့ ပြန်သွားပြီး ကျောင်းပြန်ဖွင့်တော့မှ"

"အဝေးကြီးလိုသေးတယ်၊ ကဲ ရုပ်လွှာ နင် ကိုကောင်းနေခနဲ့ စကားပြောလိုက်ဦး၊ ငါဦးလေးတုတ်ပေါ် နှင်းဆီခြံကို သွားလိုက်ဦးမယ်"

မေလေးက ချစ်သူနှစ်ဦး စကားပြောဖို့အတွက် ခြံထဲသို့ ရှောင်ပေးသွားသည်။

ဒီတော့မှ ကိုကောင်းနေခက ရုပ်လွှာဘေးမှာလာထိုင်ရင်း ပခုံးလေးကို လှမ်းဖက်ထားကာ …

"အရမ်းသတိရတာပဲ ရုပ်လွှာရယ်"

"ရုပ်လွှာလည်း ကိုယ့်လိုပဲပေါ့"

"လွမ်းရော လွမ်းလား"

"လွမ်းတာပေါ့ … "

"အဲဒီလို ဝေးနေပြီးလွမ်းရတော့ ကိုယ့်ကို ပိုမချစ်ဘူးလား"

"ပိုချစ်တာပေါ့ … "

"လူလည်မလေး စကားတွေတတ်လာတယ်"

သူက မချင့်မရဲဖြင့် ရုပ်လွှာ၏နှာခေါင်းချွန်လေးကို ဆွဲလိမ်လိုက်သည်။

"အားနာတယ် ကိုယ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်လွှာ ..."

"ဟင် ..."

"ကိုယ်စောစောက နားကြားများလွဲသွားလားလို့"

"ဘာကိုလဲဟင် ..."

"ရုပ်လွှာရဲ့ ဒီနှုတ်ခမ်းလေးက ကိုယ်လို့ခေါ်လိုက်တာလေ"

"အဲလို မခေါ်စေချင်ဘူးလား"

"ကိုယ်က အစောကြီးတည်းက ခေါ်စေချင်တာ၊ ရုပ်လွှာ ရှက်နေမှာစိုးလို့၊ အခုတော့ ကိုယ်က ခေါ်ခိုင်းစရာမလိုဘဲ ရုပ်လွှာ က ခေါ်တတ်နေပြီပေါ့"

"အဲဒါ ကိုယ့်ကို သိပ်ချစ်လို့ပေါ့"

သိပ်ချစ်စရာကောင်းတဲ့ ကောင်မလေးက စကားတွေကို ပိုတတ်နေတာကြောင့် သူ့ရင်ခွင်ကျယ်ကြီးထဲသို့ ရုပ်လွှာကိုယ်လေး ကို ဆွဲယူပွေ့ဖက် ထားလိုက်မိသည်။

"ကို ... နေမကောင်းတဲ့လူက ဒီလိုကျတော့ သိတယ်"

"ဘာဆိုင်လို့လဲကွ ... ခုလို နေမကောင်းဖြစ်တော့မှ ကိုယ့် ချစ်သူလေးကို အနားမှာပိုရှိစေချင်တာ"

"တော်ပါ၊ တွေ့တော့မှ လာကဲနေတယ်"

"ဘယ်မှာကဲလို့လဲကွာ ... ဒါဆို ကဲပြရမှာလား"

"အို ... သွားပါ"

"ကိုယ်က ဘယ်ကိုသွားရမှာလဲ ရုပ်လွှာရဲ့"

"ကိုသွားချင်တဲ့ဆီ သွားပေါ့"





ချစ်စရာကောင်းပြီး နီထွေးနေတဲ့ နှုတ်ခမ်းဖူးဖူးလေးတွေ ကိုကြည့်ပြီး သူ့အသည်းယားလာတာကြောင့် သူမ၏ကိုယ်လေးကို ပို၍ တင်းကြပ်စွာ ရစ်နှောင်ထားမိသည်။

"ကိုယ်"

"ပြောလေ"

"တော်ကြာ ဦးလေးတုတ်ပေါ်နဲ့ မေလေးဝင်လာရင် ရှက် စရာကြီးကိုယ်ရယ်"

"ရုပ်လွှာရယ်၊ ကိုယ်ရုပ်လွှာကို သိပ်ချစ်လို့ ချစ်သူနှစ်ဦး ပွေ့ဖက်ထားတာ ဘာလို့ရှက်ရမှာလဲ"

"ဒါက ကို့ဘက်ကလေ၊ ရုပ်လွှာကတော့ ရှက်ပါတယ်"

"ကဲ ... ရှက်နေရင်လည်း ကိုယ့်ရင်ခွင်ထဲမှာ ခေါင်းလေး ဝှက်ထား"

အရှက်သည်းနေသော ကောင်မလေးကို သူပို၍ ချစ်မိလေ သည်။

"ကို ... အားရှိသွားအောင် ကြက်ပေါင်းသောက်မလား၊ ရုပ်လွှာပြုတ်ပေးမယ်လေ ..."

"နေပါစေ ရုပ်လွှာရယ်၊ ကိုယ် ဒီလောက်အထိ မစိုးရိမ်ရပါ ဘူး၊ တော်ကြာမှ ဦးလေးတုတ်ပေါ့ကို ခေါက်ဆွဲပြုတ်ခိုင်းပြီး သောက်လိုက်တော့မယ်၊ ဒါနဲ့ ရုပ်လွှာတို့ ကျောင်းနောက်ကျနေဦး မယ်၊ သွားရင်သွားတော့လေ"

"ရုပ်လွှာ ... ဒီနေ့ ကျောင်းပျက်ခံနိုင်ပါတယ် ကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကတော့ ရုပ်လွှာကို ကျောင်းမပျက်စေချင်ဘူး၊ စာမေးပွဲတွေ နီးနေပြီ ရုပ်လွှာ"

"ရုပ်လွှာကျတော့ပြောပြီး ကိုကျတော့ ကျောင်းပျက်ရက်တွေ များနေပြီလေ"

"ကိုယ်က သူငယ်ချင်းတွေကို စာအုပ်တွေပေးထားတယ် ရုပ်လွှာရဲ့ အိမ်မှာနေပြီး စာကျက်ရုံပဲ"

"အင်းပါ ... ဒါဆို ရုပ်လွှာသွားမယ်လေ"

သူက ခေါင်းညိတ်လိုက်ပေမယ့် ရုပ်လွှာရဲ့ကိုယ်လေးကို လွှတ်မပေးသေးပါ။

"ရုပ်လွှာ ..."

"ဟင်"

"ကိုယ် ဒီရက်တွေမှာ ရုပ်လွှာဆီလာနိုင်မှာ မဟုတ်သေးဘူး"

"ဘာဖြစ်လို့လဲ"

"ဩော် ... ကိုယ်စာတွေအများကြီး ကျက်ရဦးမှာလေ၊ ဒီတော့ ရံဖန်ရံခါလောက် ကိုယ်လာတွေ့မယ်၊ ကိစ္စရှိရင် ဖုန်းနဲ့ စကားပြောမယ်၊ ဟုတ်ပြီလား"

"ကို့ သဘော"

"ချစ်လည်း ကျေနပ်မှပါ"

"ကျေနပ်ပြီးသားပါနော်၊ ကို ရုပ်လွှာပြန်တော့မယ်၊ ကို့လက်ကြီးတွေက ဖယ်ပေးဦးလေ၊ ရုပ်လွှာကိုကျတော့ ပြန်ခိုင်းပြီး





ကို့ရဲ့လက်တွေက မဖယ်ပေးဘဲနဲ့"

"ကဲပါဗျာ ... ရွှေမင်းသမီးလေးရဲ့ စကားကို နားထောင်ပါ့မယ်"

သူက လက်တွေကိုပြေလျော့စွာ ဖြည်ပေးလိုက်သည်နှင့် ရုပ်လွှာက အင်္ကျီလေးကို သေသပ်စွာပြန်ဆွဲဆန့်လိုက်သည်။ ထိုအခိုက် မေလေးလည်းဝင်လာပြီး ...

"ရုပ်လွှာရေ ပြန်ကြရအောင်"

"ငါလည်း အခုပဲ နင့်ကိုခေါ်တော့မလို့"

"ကဲ ... ကိုကောင်းနေခ မေလေးတာဝန်ကျေတယ်နော်၊ ရွှေမင်းသမီးလေးနဲ့ တွေ့ပြီးပြီဆိုတော့ မေလေးတို့ကို ခွင့်ပြုပါဦး"

"ကျေးဇူးတင်ပါတယ် မေလေးရာ၊ ဒါမျိုးက အရမ်းကူသိုလ်ရတာနော်၊ ကျွန်တော်ပဲကြည့်လေ အခုနေကောင်းသွားပြီ၊ မေလေး အလှည့်ကျရင်လည်း ကျွန်တော်တို့ကပြန်ကူညီမှာပါ၊ နော် ... ရုပ်လွှာ"

ကိုကောင်းနေခသည် မေလေးတို့လာတုန်းက သိပ်လန်းဆန်းမှု ရှိမနေ။ အခု အပြန်မှာတော့ ရွှင်လန်းတက်ကြွလို့ နေသည်။ ဒါဟာ အချစ်သည် အင်အားတစ်ခု ဖြစ်စေခဲ့သည်ဆိုလျှင် မှန်မည်လား မသိတော့ပါ။ ဦးလေးတုတ်ပေါ် ရှူးပေးလိုက်သော ပန်းတွေကို တပွေ့တပိုက်ကြီးပိုက်ကာ ရုပ်လွှာနဲ့ မေလေး ပြန်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၁ )

ကောင်းနေခ ညတိုင်းရုပ်လွှာဆီဖုန်းဆက်တတ်သည်။ သူလည်း စာတွေတအားလိုက်နရလို့ မအားတဲ့အကြောင်း၊ ရုပ်လွှာကိုလည်း စာမေးပွဲတွေ နီးကပ်နေသည့်အတွက် ဘယ်မှမသွားဖို့နှင့် သူဆီတောင် မလာနဲ့ဦးဆိုသည့်အတွက် ရုပ်လွှာမသွားဖြစ်ပါ။ ညတိုင်းဖုန်းဆက်သည့် အထဲမှာတော့ လွမ်းကြောင်း၊ သတိရကြောင်းတွေ စုံနေခဲ့ပါသည်။ ကားလေးမောင်းနေရင်းမှ သူမ ပြုံးလိုက်မိ၏။ ဘယ်သောအခါ ဖြစ်ဖြစ် သိပ်ချစ်တတ်တဲ့ ကောင်းနေရဲ့ အချစ်တွေကို အကြွင်းမဲ့ယုံကြည်သည်။

တနင်္ဂနွေနေ့ဖြစ်သဖြင့် မေလေးကိုဝင်ခေါ်ကာ ဗိုလ်ချုပ်ဈေးသွားကြသည်။

"ရုပ်လွှာ စာမေးပွဲနီးလို့ ကိုကောင်းနေခက ဘယ်မှမသွားနဲ့ ပြောထားတာနော်"

"သူမေးတော့လည်း မသွားဘူးပေါ့ဟာ၊ အခန်းထဲအောင်း





ပြီး စာတွေအရမ်းကျက်နေတယ်လို့"

"ဟွန်း ... ကိုယ့်ချစ်သူ စကားကို တော်တော်နားထောင်တယ်"

"တစ်ခါတလေပါဟာ"

နောက်ထပ်ဝယ်စရာရှိသည့် ပစ္စည်းလေးတွေ နည်းနည်းပါးပါးဝယ်ပြီး ကားပေါ်တက်ကာ ပြန်မောင်းထွက်ခဲ့သည်။ မေလေးအိမ်ကို အရင်ဝင်ပို့ပေးပြီးမှ ရုပ်လွှာလည်း အိမ်သို့ပြန်လာခဲ့၏။ ဖေဖေက ဒီနေ့လည်း သူ့အသိတစ်ယောက်နှင့် ချိန်းထားတာကြောင့် ရုပ်လွှာကိုလိုက်ခဲ့ဖို့ ခေါ်ပြန်ရာ ရုပ်လွှာမလိုက်၍ စိတ်ဆိုးသွားသည်။ အိမ်ပြန်ရောက်မှ ဖေဖေ့ကို ပြန်ချော့ရမည်။ ထိုသို့ တွေးနေရင်းမှ ကားမထင်မှတ်ဘဲ တုန့်ခနဲ ထိုးရပ်သွားတော့သည်။

ဗိုက်ကလည်း ဆာလာသည်မို့ တစ်ခုခုဝင်စားဖို့ စိတ်ကူးလိုက်ကာမှ ကားပျက်သွားသဖြင့် ကျွတ်ခနဲစုတ်သတ်မိ၏။

လမ်းမှာ ကားသွားကားလာ မပြတ်သော်လည်း ကားပြင်ဖို့ဆိုတော့ ခက်လိမ့်မည်။ တတ်သလောက် မှတ်သလောက် ဆင်းကြည့်တော့လည်း ဘာဖြစ်သွားမှန်းကို အဖြေရှာမရပါ။

ဖေဖေ့ဆီဖုန်းဆက်ရင်လည်း ဖေဖေက ဘာမှမလုပ်တတ်။ နောက်ဆုံးတော့ ဝပ်ရှော့ကိုပဲ ဖုန်းဆက်ရတော့သည်။ ကားပြင်မည့်သူ မလာမချင်း စောင့်ဖို့အပြင် ဘာမှမရှိတော့သဖြင့် ဖုန်းကိုဆုပ်ကိုင်ထားလျက်နှင့် ကားမှာ ခပ်နွဲ့နွဲ့ မှီရပ်နေစဉ် ...

"အို ..."



www.burmeseclassic.com

www.burmeseclassic.com



သူမကားနှင့် အရောင်တူ အသွေးတူ ပရာဒိုကားတစ်စီးက အနားကျမှ ကပ်ကပ်လေး ဖွဲ့ဝင်လာ၏။ ထိတ်လန့်သွားပေမယ့် ရုပ်လွှာရှောင်ဖို့ သတိမရတော့ပေ။ ကားကလည်း လူကို မတိုက်ပါ။ နေပူလိုက်၊ မိုးရွာလိုက်နှင့် အကြိမ်ကြိမ်ဖြစ်နေသော်လည်း အမြဲ တမ်းရေဝပ်နေဆဲရှိသည့် လမ်းမလယ်က ဗွက်အိုင်ကိုသာ ခုန်ပေါက် ဖြတ်သန်းသွားခဲ့တာ ဖြစ်သည်။

"ဗွမ်း ..."

"အိုး ..."

ရုပ်လွှာ၏ ထမီအနားစမှ ခါးစပ်အထိ ရွှံ့ဗွက်ရေတွေ အင်နှင့် အားနှင့် ပစ်ဝင်သွားခဲ့သည်။

ရင်ဘတ်နားကိုပါ အစက်အပေါက်ကလေးတွေ စင်ကုန် သဖြင့် သပ်ခါချရင်း ရုပ်လွှာအသားလေးများပင် တုန်သည်အထိ စိတ်တိုသွားသည်။

ထိုကားက အတော်လွန်သွားပြီးမှ နောက်ပြန်ဆုတ်လာ သည်။ ကြည့်နေရင်းမှပင် ကားက တဖြည်းဖြည်း သူမနားရောက် လာသည်။ တင်ထားသည့် ပါဝါဝင်းဒိုးမှန်က လျှောခနဲကျသွားပြီး ဖြူဝင်းသော မျက်နှာတစ်ခြမ်းပေါ်လာ၏။

"ဝီရသ"

ရုပ်လွှာ စူးစိုက်ကြည့်နေဆဲမှာ ကားကရပ်သွားပြီးနောက် ကားတံခါးဖွင့်ကာ သူဆင်းလာသည်။ ဘောင်းဘီရှည် အနက်နှင့် အနက်ရောင် ကုတ်အင်္ကျီကို ရင်ဖွင့်ဝတ်ထားကာ





အတွင်းမှာက လိမ္မော်ရောင် စပို့ရှပ်နှင့်ဖြစ်၏။

"စိတ်ဆိုးသွားလား ဆောရီးနော်"

ရုပ်လွှာက တင်းပြတ်မတတ် စူပုတ်ထားမိသည့် မျက်နှာကို ချက်ချင်း ဖြေချသည်။ ဝီရသကို ရွံ့ရှာစက်ဆုပ်သလို ခြေပြန်ခေါင်း ပြန်ကြည့်ပစ်လိုက်ပြီးမှ မျက်နှာလွှဲလိုက်သည်။

"ရွှေရုပ်လွှာ ... မင်းအရမ်းလှတယ်"

ဝီရသက ရုပ်လွှာမျက်နှာလွှဲသည့်ဘက်ကို ပိတ်ရပ်ပစ်လိုက် ပြီး မျက်နှာချင်းဆိုင်အောင် လိုက်ငုံ့ကြည့်၏။

"ဒီမှာ ရွှေရုပ်လွှာ မင်း ငါ့ကိုအဲဒီမျက်လုံးမျိုးနဲ့ နောက်ထပ် မကြည့်စေနဲ့ ဝီရသဆိုတဲ့ နာမည်ကြီးနေတာ အလကားမဟုတ်ဘူး"

ရုပ်လွှာပါးစပ်ပိတ်နေလိုက်သည်။ ဒီလိုလူနဲ့စကားတွေ အသွားအပြန် မလုပ်ဖို့ ဆုံးဖြတ်ပြီးသား။

"မင်းကို တမင်ရန်စလိုက်တာကို သိတယ်မို့လား၊ ဘာဖြစ် လို့ ပါးစပ်ပိတ်နေရတာလဲ"

"မပြောချင်လို့လေ၊ ရှင့်မျက်နှာကို မကြည့်ချင်လို့ နားလည် လား ... ရှင်ထွက်သွားတော့"

"ဟား ... ဟား ... ဟား ... ဟား"

ဝီရသက ကုတ်အင်္ကျီနှစ်ဖက်စကို သိမ်းဖယ်၍ ခါးထောက် ရယ်သည်။

"ဒီစကားမျိုး ပြောခွင့်ပေးလိုက်တာ မင်းတစ်ယောက်ထဲပဲ ရှိသေးတယ်နော်၊ အဲဒါ မယုံမရှိနဲ့ အခု ကားပျက်နေတယ်မို့လား



www.burmeseclassic.com

www.burmeseclassic.com



လိုက်မလား ... ”

ရုပ်လွှာမျက်လုံး မီးဝင်းဝင်းတောက်သွားသည်။ ရိုက်ချပစ်လိုက်ချင်သည့် လက်ဖဝါးကို တင်းနေအောင် ဆုပ်ပစ်လိုက်ရပြီး သက်ပြင်းရှိုက်၏။

ထိုစဉ်မှာပဲ ဝပ်ရှော့ပ်မှကားရောက်လာသည်။ ကားပေါ်က ဆင်းလာကြတာ သုံးယောက်၊ အားလုံး လူငယ်တွေချည်းဖြစ်ကာ ကပြားပုံစံ ဆံပင်ကောက်ကောက်နှင့် နှစ်ယောက်က သွားကြီးတွေ တဖြဲဖြဲနှင့် ရုပ်တွေကလည်း မချိုမချဉ်။

“ကားပျက်နေတယ်ဆိုတာ ဒီက ညီမလေးလား”

ဟုမေး၍ ရှေ့တစ်လှမ်းတက်လာ၏။ သူက မျက်မှောင်ကုတ်၍ စိုက်ကြည့်သည်။

“ကားပြင်ဖို့လာတာ လူတွေကများလှချည်လား၊ ပြင်မှာလား ကားကိုဒီသုံးယောက်နဲ့ ဆွဲမှာလား”

“ဟိတ်ကောင် မင်းဘာစကားပြောတာလဲ”

ရှေ့ဆုံးက ထွက်လာသည့် တစ်ယောက်က ရင်ဘတ်ကြီးကော့ပြီး မေးဆတ်ပြ၏။

သူက ထိုသူ၏ရင်ဘတ်စကို တစ်ဖက်တည်းနှင့် ဆုပ်ဆွဲ၍ ဆောင့်ခါပစ်လိုက်သည်။

“ရန်စလိုက်တာလေ ... ငါက မိန်းမမြင်ရင် ငမ်းတတ်တဲ့ မျက်လုံးတွေကို သိပ်ကြည့်လို့မရဘူး”

“ဟာကွာ ... လူးပါးဝလို့ ကဲ ... ”





ဘေးကတစ်ယောက်က အသင့်ကိုင်ထားသည့် ဇွရှည်ကြီးနှင့် လွှဲရိုက်၏။ သူက ကိုယ်ကိုဖျတ်ခနဲလှည့်၍ စောစော ဆုပ်ကိုင်ထားသည့် လူနှင့် လှည့်ခံပေးလိုက်သည်။

“ဒုတ် ... ”

“အ ... ”

အော်သံက စူးစူးဝါးဝါး သွေးတွေဖြာခနဲ ရဲဆင်းကျလာ၏။

“အွန့် ... ”

ဟာခနဲ ငေးကြောင်သွားသော ဇွရှည်ကြီးကိုင်ထားသူ၏ ...ငဝကို သူထိထိမိမိ ကန်ထည့်လိုက်၏။ ထိုသူလည်း နောက်ပြန် ...နှိုင်းကြဲလျက် လဲကျသွား၏။

“မင်း ... မင်း မိုက်ရိုင်းလှချည်လား”

သွေးတွေကိုမြင်တော့ နောက်ထပ်တစ်ယောက်က မကပ်ရဲ ...ဘာ့တဲ မျက်လုံးပြူးနေ၏။ သူက ဒဏ်ရာကြီး ရထားသည့် လူကို ...နှံသည့် တစ်ယောက်ထံ တွန်းပစ်လိုက်ပြီးမှသည်။

“မင်းတို့ ငါ့နာမည်လည်း မှတ်သွားဦး ဗိုရသတဲ့၊ ဒီကားပြင် ...သည်း မလိုတော့ဘူး သွားလို့ရပြီ”

“တောက် ... ”

မကျေမချမ်း တက်ခေါက်သော်လည်း ကိုယ့်လူကိုယ်ဆွဲ ... ကားပေါ်ပြန်တက်သွားကြလေသည်။

ရုပ်လွှာ သူ၏ထိတ်လန့်ဖွယ်ကောင်းသော လက်ယဉ်လွန်း...သည့် ညာခြေဆိုးတစ်ခုကို နောက်ထပ်မြင်လိုက်ရတာ အသက်ရှူဖို့



www.burmeseclassic.com

www.burmeseclassic.com



ပင် မေ့နေခဲ့၏။ ခြေထောက်နှစ်ဖက်စလုံးပင် မရွေ့ခဲ့ဘဲ တစ်ချက်တည်း လှုပ်ရှားသွားတာ လူနှစ်ယောက် ခွေခနဲ ...

အံ့ဩနေတဲ့ သူမကို မျက်လွှာတစ်ချက်ပင့်ကြည့်ပြီး သူမ ကားကိုလည်း သူကပဲ ကိုယ်တိုင်ဖွင့်၍ ပြင်တော့သည်။ သိပ်မကြာ ခင်မှာပဲ ...

"ကားမောင်းတတ်ရင် ပြင်တတ်ရတယ်၊ ရပြီ ... သွားတော့" ဟုပြောပြီး တံခါးကိုလည်း သူကိုယ်တိုင်ပဲ ဖွင့်ပေး၏။ ပြီးတော့ ပြန်ပိတ်ပေးရင်းဖြင့်လည်း သူမ၏မျက်နှာလေးကို သေချာငုံ့ကြည့် ကာ ...

"ရွှေရုပ်လွှာ မင်းနဲ့ကိုယ် ရန်ဖြစ်ဖို့ ကြိုးစားဦးမှာ" ဟု ပြော လေသည်။ သူက မျက်နှာလေးမဲ့လိုက်သည်။ ပြီး ... ကျေးဇူးတင် စကား မပြော ... နှုတ်ဆက်စကားမဆိုဘဲ ခပ်တည်တည်ပင် ကား ကို မောင်းထွက်လိုက်သည်။



အခန်း ( ၁၂ )

နောက်တစ်နေ့ကျောင်းမှာ မေလေးကိုပြောပြတော့ အံ့အားတွေ သင့်နေသည်။

"ဒီလိုတော့လည်း စိတ်ကောင်းရှိသားပဲ"

"ပြောလို့မရသေးပါဘူး မေလေးရယ်၊ ငါတော့ လန့်နေတုန်း ..."

"ရုပ်လွှာ ... နင့်ကိုများ စိတ်ဝင်စားနေလား မသိဘူး"

"တော်ပါ မေလေးရယ် ... နားရှိလို့သာ ကြားရတယ် ဆာရီးပဲ"

မေလေးက အသံထွက်အောင် ခစ်ခနဲရယ်သည်။ အဝေးက ... လှမ်းကြည့်မိတည်းက ထိုအုပ်စုထဲမှာ သူ့ကို ကွက်ကွက်ကွင်း ကွင်း မြင်ရသည်။ ကင်န်တင်းသို့ ဝင်လာမယ်ထင်ပုံရ၏။ ဝင်မလာ ဘဲ ဆက်လျှောက်သွားတော့ သူမတိတ်တိတ်ထရပ်တာ မြင်လိုက် သည်။ ထိုစဉ် အေးအေးစက်စက် အရာတစ်ခု လက်ကို လာဆုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်လိုက်တာကြောင့် ရုပ်လွှာ လှည့်ကြည့်လိုက်၏။

"မေမေ ... မေမေ"

"အို ... "

ဘယ်က ဘယ်လို ကလေကချေ ကလေးမှန်းမသိ၊ ရွံ့ရှာ
ဖြင့် ရုပ်လွှာလက်ကို ချက်ချင်းခါထုတ်လိုက်မိသည်။

မေလေးကလည်း ...

"ဟဲ့ ... ဘာလုပ်တာလဲ သွားစမ်း၊ ဒီမှာ အကြွေမပါ
လာမတောင်းနဲ့ သွား ... "

"မဟုတ်ဘူး၊ ဒီမှာ ကျွန်တော့်မေမေကို လာခေါ်
မေမေကလည်း သားနဲ့အဖေ့ကိုထားပြီး မေမေကအပျံစား
ကျောင်းလာတက်နေတယ်၊ ဟိုမှာ ဖေဖေစောင့်နေတယ် ပြန်လို
ခဲ့ပါ မေမေ"

သွားခိုင်းကာမှ ထိုကောင်လေးက ပိုဆိုးနေတော့သည်
ရုပ်လွှာ မျက်နှာထူပူပြီး ဘာလုပ်ရမှန်းမသိ။ ကင်န်တင်းရှေ့
ဆိုင်ထဲမှ လူတွေကလည်း ကြည့်ကုန်ကြသည်။ နောက်ထပ်
ကိုင်တော့မည့်လက်ကို ရုတ်လိုက်ရင်း ...

"ဟဲ့ ... သွားလို့ ပြောနေတယ်မလား ... သွားစမ်း"

"မေမေ လာလေဗျာ ... "

"ဟဲ့ ... ပြောနေတယ်မလား သွား၊ နင်သွားမှာလား၊ မ
ဘူးလား၊ ဒီဟာက ငါ့သူငယ်ချင်း အပျိုစစ်စစ်၊ သူ့မှာ ယော
လည်း မရှိဘူး၊ သားလည်း မရှိဘူး"





"မဟုတ်ဘူး ... ဒါ ကျွန်တော့်မေမေ"

"ဟဲ့ ... နင်ပြောနေတာ မကြားဘူးလား၊ ဒီမှာ ဘာလဲ ငါ ကောက်ထုလိုက်ပြီး ရဲစခန်းကိုအကြောင်းကြားလိုက်မှာနော်၊ ဒါ နင့်ကို ဘယ်သူခိုင်းတာလဲ၊ မှန်မှန်ပြောနော်၊ မပြောရင် ဒီခဲလုံးနဲ့ ထုထည့်လိုက်မှာ နောက်ပြီး ရဲစခန်းကို ဖုန်းဆက်မယ်"

မေလေးသည် အနားမှာရှိသော အုတ်ခဲကျိုးကိုကောက်ကိုင်ပြီးပြောတော့ ထိုကောင်လေးမှာ ကြောက်ကြောက် လန့်လန့်ဖြင့် မေလေးလက်ထဲမှ အတင်းရုန်းထွက်ပြီး ထွက်ပြေးသွားတော့သည်။

ရုပ်လွှာ ကိုယ်လေး တဆတ်ဆတ်တုန်နေရပြီး ဝိုင်းဝန်း နောက်ပြောင်နေသော စကားတို့ကိုသာ ကြားယောင်နေမိသည်။

"ဟာ ... ရွှေရုပ်လွှာက ကလေးတောင်ရှိနေပါလား"

"အဲဒါပေါ့ကွ ... ယောကျ်ားရှိပြီး ကလေးရှိတာတောင် အပျို လာလုပ်နေသေးတယ်"

ရွှေရုပ်လွှာ မျက်ဝန်းမှ မျက်ရည်တွေ ဝိုးဝိုးပေါက်ပေါက် စီးကျလာကာ မေလေးက သူမ၏ပခုံးလေးကို လာရောက်ဖေးမရင်း ကားဆီသို့ ပြန်လာခဲ့လိုက်တော့သည်။

ထိုနေ့တွင် သူမတို့နှစ်ယောက်စလုံး ကျောင်းမတက်ဖြစ်တော့။ တစ်ခုတော့ နားလည်လိုက်သည်။ သူပြောခဲ့တဲ့ ဝီရသဆိုတဲ့ နာမည်ကြီးနေတာ အလကားမဟုတ်ဘူးတဲ့ ... ။



www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စဖြစ်ပြီး နောက်နေ့တွေမှာ ရွှေရုပ်လွှာကို မတွေ့မိတော့။ မေလေးတောင် တစ်ခါ့တစ်ခါမှ တွေ့တတ်သည်။ ဒါဆိုသူမကျောင်းကို ဘာလို့ မလာသလဲ။

မြင်ရသည့် မျက်နှာလေးကို မမြင်တာကြာတော့ သတိရမိ၏။ အလကားပြောနေတာမဟုတ်၊ ရင်ထဲက စကားတွေပဲဖြစ်သည်။

ညစဉ်လိုလို မက်ခဲ့သော အိပ်မျက်များထဲမှာ ရွှေရုပ်လွှာသည် ဆံနွယ်တွေ သွဲ့သွဲ့နွဲ့နွဲ့ ဖြာလျက်၊ သူရှိနေသော နေရာတိုင်းသို့ ရောက်လာခဲ့၏။ စိမ်းကားရက်စက်ချင်သော နှုတ်ခမ်းလေးတွေနှင့် ငိုမဲ့မဲ့ဖြစ်နေသော မျက်နှာလေး၏ မျက်ဝန်းထောင့်မှာ အကြင်နာစိတ်တွေ ဖိတ်လျှံနေတာကို သူခံစားခဲ့မိသည်။

ကျောင်းစတက်တဲ့ နေ့မှစ၍ မြင်ဖူးကတည်းက မျက်လုံးလွှဲမဖယ်ချင်လောက်အောင် လှနေသော ရွှေရုပ်လွှာဆိုသည့် မိန်းမသည် သူ၏ရင်ဘတ်ထဲမှာ သပ်စွဲထားသည့်ထက်ပို၍ ခိုင်မြဲစွာ စွဲထင်နေခဲ့သည်။ လက်ထဲမှာ ဆုပ်ကိုင်ထားသည့် ကာလပ်ဖန်ခွက်လေးထဲက ဝိုင်ချိုက ဘယ်လိုမှ ဖိတ်စင်မသွားဘဲ သူ၏ရင်ဘတ်ပေါ်မှာ ငြိမ်ငြိမ်သက်သက် ရှိနေ၏။ ပက်လက်ကနေပဲ ဖန်ခွက်ကို နှုတ်ခမ်းမှာတေ့ကာ မျက်နှာကြက်ကို ငေးနေရင်း ဝိုင်ကို တစ်ကျိုက်ချင်း မြို့ချသည်။

ထိုစဉ် သူ့အနားမှာရှိနေသည့် ဖုန်းအသံ မြည်လာသဖြင့် ဖုန်းကို လက်ပြန်ယူလိုက်ပြီး နားထောင်လိုက်သည်။





"ဝီရ မင်းဘာလုပ်နေလဲ"

"ဘာလဲ ဇော်လေး ... မင်းလာမလို့လား"

"မင်းကျောင်းကိုရောက်မလာလို့ပါ၊ ဘာများဖြစ်နေလို့လဲ"

"မင်းသူငယ်ချင်းအကြောင်း မင်းမသိဘူးလား ဇော်လေးရာ၊ ငါကြွေနေပြီလေကွာ"

"မင်းကို ငါအစက ပြောခဲ့သားပဲ ဝီရ၊ နောက်ပြောင်မှုတွေဟာ အတိုင်းထက်အလွန် ဖြစ်သွားရင် မကောင်းဘူးလို့"

"ချစ်လို့စတာ အပြစ်ရှိလို့လားကွာ"

"ဟ ... မင်းလုပ်ပုံတွေက ချစ်တာမဟုတ်ဘူးကွ၊ အရှက်ရအောင် လုပ်သလိုဖြစ်နေတာ"

"မင်းတို့ကပါ အဲလိုထင်တယ်ပေါ့"

"ခက်ပါလား ဝီရရာ၊ မင်း ကျောင်းကိုလာခဲ့ကွာ၊ မင်းတောင်းပန်ရင်နေ၊ ငါတို့ဘာသာ တောင်းပန်ပေးမယ်"

"ဟာ ... မလိုပါဘူးကွာ၊ ဒီလောက်အထိ မလိုဘူး"

"ဘာလို့ မလိုရမှာလဲ၊ ဟိုတစ်ခါ ကင်န်တင်းမှာ မင်းကိုရေနွေးနဲ့ပက်တည်းက မင်းရင်ထဲမှာ မကျေနပ်နေတာ သိပါတယ်ဝီရရာ"

"ဒါနဲ့ ဘာဆိုင်လို့လဲ"

"ဟ ... မင်းဘက်ကကြည့်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့်ခင်းရဲ့ တုံ့ပြန်မှုက ရက်စက်ရာကျမနေဘူးလားကွာ၊ တစ်ခါလောက်သွာပေးရင် တော်ရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ငါဝန်ခံပါတယ်၊ အစကတော့ မခံချင်စိတ်နဲ့ တုံ့ပြန်ခဲ့တာ၊ အဲလို မတုံ့ပြန်ခဲ့ရင် ဝီရသဆိုတဲ့ကောင်က အလကားကောင် ဖြစ်သွားမှာပေါ့"

"ထားလိုက်ပါ၊ အခုလာမှာလား"

"လာမယ်၊ အလကားကောင်မဖြစ်ရအောင် လာခဲ့မယ်"

ပြီး၍ သူဖုန်းကို ပြန်ချထားလိုက်သည်။

ဝိုင်ကို အကုန်မော့သောက်လိုက်ပြီး ဖန်ခွက်ကို လွှဲပစ်ရ လိုက်သည်။ သူထားခဲ့သော ရည်းစားတွေအတွက် ချစ်ခြင်းအားလုံး အဆုံးသတ်ဖို့ အချိန်တန်ပြီ။ သူ့အိပ်မက်ထဲတွင် ရောက်,ရောက်လာ သော ရွှေရုပ်လွှာဆိုသည့် မိန်းကလေးကို သူမသိစိတ်က သတိ မိသလို၊ တမ်းတမိသည်။ သူ့နှလုံးသားတွေ ဘာဖြစ်လို့ ရွှေရုပ်လွှာ ဆိုသော မိန်းမကိုမှ သတိရနေ, ရတာလဲ၊ အိပ်မက်တွေကို ဆုပ်ဖမ်း နိုင်ဖို့အတွက် ရွှေရုပ်လွှာဆိုသော မိန်းကလေးကို တောင်းပန်ရ ကောင်းမလား၊ မတောင်းပန်ဘဲ ထားရင်ကောင်းမလား၊ သူမဝေ နိုင်တော့ပါ။ အမြဲတမ်း စေ့ပိတ်၍ အေးစက်စက်ရှိနေခဲ့သည့် သူ့ မျက်နှာ သူ့နှုတ်ခမ်းတို့မှာ ခပ်လွှန့်လွှန့် အပြုံးများနှင့်သာ . . .

အခန်း ( ၁၃ )

သူမ ကျောင်းမသွားတာနှင့် ပတ်သက်ပြီး အကုန်လုံးက ရှက်ပြီး ကျောင်းမလာဘူးဟု ထင်ကြမည်မှာ မလွဲ။

ရှက်တော့ ရှက်မိ၏။ ကျောင်းမတက်ဖြစ်လျှင် စာမေးပွဲနီး နေသည့်အတွက် စာတွေမလိုက်နိုင်မှာ စိုးရသည်။ နေမကောင်း ဖြစ်နေလျက်နှင့် ကျောင်းသွားလျှင် ဖေဖေက တဆူဆူနှင့်။

ဒါကြောင့်ပင် သူမတစ်ပတ်တိတိ ကျောင်းမတက်ဖြစ်ပါ။ ကောင်းနေခ သိတော့ ခြေမကိုင်မိ လက်မကိုင်မိဖြင့် ဖုန်းထဲမှ အရမ်းစိုးရိမ်နေကြောင်းတွေ ပြောရှာသည်။

"မေလေး ဟိုလူရုပ်တွေတော့ နောက်ပြောင်ရမယ့်လူ မရှိ တော့ ပျင်းနေမှာပဲ"

"အမလေး ရုပ်လွှာရယ်၊ ကိုယ့်ကို အရှက်တကွဲဖြစ်အောင် လုပ်ထားတာများ သတိရနေသေးတယ်"

ဟုတ်တော့လည်း ဟုတ်သည်။ ရုပ်လွှာ ဘာလို့ သတိရမိ



www.burmeseclassic.com

www.burmeseclassic.com



နေပါလိမ့်။

"ဒေါက် … ဒေါက် … သမီး ရုပ်လွှာ"

ဖေဖေ တံခါးခေါက်လိုက်တာကြောင့် သူမတွေးနေရင်းမှ ခေါင်းလေးပု, ပခုံးလေး တွန့်လိုက်ကာ …

"လာပြီ ဖေဖေ … "

အခန်းတံခါးဝမှ ဖေဖေက မားမားရပ်လျှက် …

"သမီး နေကောင်းသွားပြီလား"

"ဟုတ်ကဲ့ ဖေဖေ … "

ဖေဖေက သူမ ပခုံးလေးကိုဖက်ပြီး စကားပြောရင်း အတူတူ လျှောက်လာသည်။

"ဖေဖေတို့ ဟိုဘက်ခြံကတိုက်ကို ဖေဖေနဲ့ ရှယ်ယာဝင်ထားတဲ့ သူဌေးတစ်ယောက်က ဝယ်လိုက်တယ်၊ ဖေဖေပဲ အစအဆုံး လုပ်ပေးလိုက်ရတာ၊ အဲဒါ ဒီနေ့ပြောင်းလာကြမယ်၊ ပြောင်းလာကြမယ် ဆိုပေမယ့် သူတို့က သားအဖနှစ်ယောက်ထဲပါ"

"အစက ဘယ်မှာနေလို့လဲ ဖေဖေ … "

"နေတာကတော့ သံလွင်လမ်းမှာပဲ၊ အဲဒီတိုက်ကြီးကို သူတို့က ဟိုတယ်ဆောက်မယ်လေ၊ နောက် … မန္တလေးမှာပဲ ဟိုတယ်တစ်ခုရှိတယ်၊ သူ့သားကျောင်းပြီးရင် စီမံအုပ်ချုပ်ခိုင်းမှာ"

"ဒါကြောင့် သူတို့က ဒီမှာဝယ်လိုက်တာပေါ့နော်"

"အေးပေါ့ … ဖေဖေပြောတာနဲ့တင် သူတို့က သဘောကျနေတာ၊ ဟိုတလောက သူ့သားလာကြည့်တော့ တွေ့လိုက်ရမှ ပိုပြီး





သဘောကျသွားတယ်၊ ဖေဖေတို့လည်း အိမ်နီးနားချင်းကောင်းရတာပေါ့ သမီးရယ်"

ထိုနေ့ နေ့လည်လောက်က ကားသံတွေဆူညံစွာဖြင့် စကားသံတွေပါ ရောထွေးကြားလိုက်ရသည်။ ဖေဖေကတော့ တစ်ချိန်လုံး ဟိုဘက်ခြံမှာ။ ရုပ်လွှာကတော့ စာတွေနဲ့ လုံးပန်းနေရတာကြောင့် ထွက်၍တောင် မကြည့်ဖြစ်ပါ။

သို့ပေမယ့် ဒီညစာကိုတော့ ဖေဖေက အိမ်မှာဖိတ်ကျွေးမည်ဟု ပြောထားခဲ့သည်။ သူမ လက်ရာလေးနှင့် ဧည့်သည်တွေကို ဧည့်ခံချင်ပေမယ့် ဘယ်လိုမှ ဒေါ်လေးတာနှင့်အတူ ကူလုပ်မပေးနိုင်ခဲ့ပေ။

ရုပ်လွှာအတွက် ပြင်ဆင်ဖို့ဆိုတာ ဘာမှ မလို၊ နဂိုလှပြီးသားဖြစ်နေသည့်အတွက် အထူးတလည် ဆေးကူစရာမလိုပေ။ သန္တာရောင် ပိုးပျော့ကိုယ်ကျပ် အီအိလေးနှင့် ဆံပင်နှစ်ဖက် ခွဲစည်းထားကာ ဧည့်သည်တွေ ရောက်နေပြီဟုဆိုတာကြောင့် အောက်ထပ်သို့ ဆင်းလာခဲ့သည်။

လှေကားပေါ်မှ ဆင်းလာသော သူမကို မြင်လိုက်ရသည်နှင့် သူ့မျက်စိတွေများ မှားနေပြီလို့ သေချာပြန်ပွတ်ကြည့်လိုက်သည်။ ရွှေရုပ်လွှာမှ ရွှေရုပ်လွှာပါ၊ သူ့မျက်လုံးတွေ ဘယ်လိုမှ မမှားနိုင်၊ ဒါဆိုလျှင် ရွှေရုပ်လွှာဟာ အန်ကယ်ဦးအောင်သင်းရဲ့ တစ်ဦးတည်းသော သမီး၊ သူနှင့် ခြံချင်းကပ်လျှက် ဖြစ်နေသည်။

သူ့စိတ်ထဲ နည်းနည်းတော့ ပျော်သွားမိသည်ထင်၏။ သူ



www.burmeseclassic.com

www.burmeseclassic.com



အရင်တွေ့နိုင်တာ သူမ,မသိ၊ ဒါကြောင့်ပင် သူ့မသိသလိုဖြင့် ခေါင်းငုံ့နေလိုက်မိသည်။

"ဟော ... သမီးလေး လာ၊ ဒီမှာ ဖေဖေ့မိတ်ဆွေ ဦးနေလတဲ့"

"ဟုတ်ကဲ့ အန်ကယ်"

"ငါ့သမီးက အချောအလှလေးပဲ"

ရှပ်လွှာက ရှက်ပြုံးလေးနှင့် ခေါင်းငုံ့နေ၏။

"သမီး, ဒါက ဦးနေလရဲ့ တစ်ဦးတည်းသောသား ဝီရသတဲ့"

ခေါင်းလေးငုံ့နေရာမှ ဖေဖေက ထပ်မိတ်ဆက်ပေးလိုက်တာနှင့် နာမည်ကြားပြီး လူပါတွေ့လိုက်ရတာကြောင့် သူမ အရမ်းအံ့အားသင့်သွားမိသည်။ ဖေဖေပြောသည့် စကားတွေကို သူမ,မကြားတော့ဘဲဖြင့် စူးစိုက်ကြည့်နေသော သူ့မျက်ဝန်းတွေကို လွှဲဖယ်ရင်း နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်နေသည်။

"ကျွန်တော်တို့က သူငယ်ချင်းတွေပါ အန်ကယ်၊ ရွှေရှပ်လွှာနဲ့ တစ်ခန်းတည်းပဲလေ"

"ဟာ ... ဒါဆို ကောင်းတာပေါ့၊ ကျောင်းသွားရင် သမီးအတွက် အဖော်တစ်ယောက်တိုးသွားပြီပေါ့"

ရှပ်လွှာ ဖေဖေ့ရှေ့မှာ ဘာစကားတွေ ပြောရမှန်း မသိတော့ပါ။ စားပွဲခုံမှာထင်ထားသော ပန်းအိုးလေးမှ ပန်းလေးတွေကို တစ်ခုချင်းစီ ပြန်စိုက်နေမိသည်။

"ဟဲ့ ... သမီး မောင်ဝီရနဲ့ စကားပြောနော်၊ သမီးတို့ သူငယ်





ချင်းတွေဆို"

"ရပါတယ် အန်ကယ်၊ ရွှေရှပ်လွှာနဲ့ ကျွန်တော်က ကျောင်းမှာ ရန်ဖြစ်ထားလို့လေ၊ အဲဒါ ကျွန်တော်နဲ့ မခေါ်ဘူး"

"ဟာ ... မင်းတို့ဟာက ကလေးတွေကျနေတာပဲ"

သူ၏ဒက်ဒီနဲ့ ဖေဖေက သဘောတွေကျပြီး တဟားဟား ရယ်တော့သည်။

"ဖေဖေ ... သမီး ဒေါ်လေးတာကို သွားကူလိုက်ဦးမယ်"

ပြောလည်းပြော ချက်ချင်းပင် အိမ်နောက်ဘက်သို့ မပြေးရုံတမယ် ဝင်သွားတော့သည်။ သူ့ကိုလည်း ဂရုမစိုက်ဘူးဆိုသည့်ပုံစံနှင့် မျက်နှာလေးမော့သွားသည်။ သူမအဖြစ်ကို ကြည့်ရင်း သူရယ်ချင်သည်။ တကယ်ကို လန့်နေပုံလည်းရ၏။ အိမ်နီးနားချင်းတွေဖြစ်ပြီဆိုတော့ မင်းကိုတကယ်စောင့် ရှောက်ခွင့်ရတော့မှာပေါ့ ရွှေရှပ်လွှာ။

ညစာ ထမင်းကို ဒေါ်လေးတာတို့နဲ့အတူ ရှပ်လွှာပါ တည်ခင်းပေးလိုက်သည်။ ဝီရသတစ်ယောက်တည်း ဆိုလျှင်တော့ အရေးစိုက်စရာ မလိုပါ။ ခုဟာက အန်ကယ်ဦးနေလကိုယ်တိုင်ပါနေပြီး ချောင်ထွက်သွားလျှင် ရိုင်းရာကျသွားမည်စိုးတာကြောင့် သူ့မျက်နှာကို မမြင်ချင်ပေမယ့်လည်း လူကြီးတွေကို အားနာတာနှင့် လုပ်ကိုင်ပေးလိုက်သည်။ သူက ဇွန်းခရင်းနှင့် ထမင်းကိုမွှေရင်း ရှပ်လွှာကို လှမ်းကြည့်သည်။ ရှပ်လွှာက မျက်နှာကိုတင်း၍ တစ်ဖက်လှည့်ထား၏။ နှုတ်ခမ်းနီ အရောင်ဖျော့ဖျော့လေးနဲ့ အရောင်ပြောင်းနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလှလှလေး တစ်စုံ၏ မဲ့ခနဲ တွန့်ကျသွားတာကို သူမြင်လိုက်သည်။

ထမင်းစားသောက်ပြီး၍ အချိုတည်းရန် ဧည့်ခန်းမှာထိုင်ကြသည်။

"သားတစ်ယောက်တည်း ဆိုပေမယ့် ရည်းစားများတာက လွဲလို့ ကျွန်တော့်သဘောထားအတိုင်း ကွက်တိလုပ်သွားနိုင်တယ်"

"တော်ပါတယ်ဗျာ၊ ကျောင်းတစ်ဖက်နဲ့ ကုမ္ပဏီကိုလည်း ကြည့်ရသေးတယ်ဆိုတော့"

"ဒါကြောင့်ပဲလေ ... သားကို အားကိုးပြီး ဟိုတယ်ဆောက်လိုက်တာ"

ဝိုင်းချီးမွမ်းနေသော လူကြီးတွေကြားမှ သူက သူ့ကိုယ်သူ အထင်ကြီးသလို ပုံစံမျိုးနှင့်နေပြီး ရုပ်လွှာကိုလည်း မျက်လုံးဝင့်ကြည့်လိုက်သေးသည်။

ရှည်လျားထူထဲသော မျက်တောင်ကော့ကြီးတွေ ဖျတ်ခနဲ ဝင့်တက်ကာ "အထင်မကြီးဘူး" ဆိုသော လှောင်ရိပ်နှင့်ကြည့်ပြီး သူမက မျက်နှာလွှဲ၍ မသိသလို နေလိုက်၏။

"ဒေါ်လေးတာ သမီး အအေးယူလာခဲ့မယ်"

"သက်သက်ကို ယူခိုင်းလိုက်လေ သမီးရဲ့"

"ရတယ် ဒေါ်လေး၊ သမီးပဲ သွားယူမယ်"

ကမန်းကတန်းထရပ်၍ ခလုတ်တိုက်မတတ် ပြေးထွက်သွားသည့် ရုပ်လွှာကို သူစူးစိုက်ကြည့်နေမိသည်။





ဘူးထဲမှ ဖောက်ထည့်လာဟန်ရှိသော ပျားလိမ္မော်အဖတ်လေးတွေနဲ့ အတူ ရေခဲတုံးလေးများကိုလည်း ထည့်ထားသည်။ ...လာခဲ့သော ဖန်ခွက်လေးလုံးကို သူမကိုယ်တိုင် သေသေချာချာ ...းပြီးမှ သူမ နေရာမှာပြန်ထိုင်သည်။ သူက ရေခဲမှုန်ကလေးတွေ ...ပ်ငြိလျက် အေးစိမ့်နေသည့် ဖန်ခွက်ကို ကိုင်၍ သူမရှေ့မှာချထားသော ဖန်ခွက်ကို လှမ်းကြည့်သည်။

ထိုစဉ်မှာပဲ ...

"သမီးလေး ရုပ်လွှာရေ သမီးဘွားဘွားဖုန်းဆက်တယ်"

"လာပြီ ... ဒေါ်လေးတာ"

ဖုန်းထားရာ စင်နားသို့ သူမရောက်သွားတော့ သူကလည်း ...င်၏။ စောစောက ဖန်ခွက်လေးလုံးကို ယူလာခဲ့သည့် ရွှေရုပ်လွှာ... ...ျက်နှာက ကျေနပ်ခြင်းကို ရှာဖွေတွေ့ရှိကာ၊ သူကြိတ်ပြုံးလိုက် ... ဖန်ခွက်လဲလိုက်သည်။ လူကြီးတွေက စကားကောင်းနေ၍ ...လုပ်ရပ်ကို မမြင်လိုက်။

မင်းက မကျေနပ်လို့ ပြန်လုပ်ပေမယ့် ငါကလည်းအလကား ...ောင်မှ မဟုတ်တာ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၄ )

"ဘယ်လိုဖြစ်တာလဲ ရုပ်လွှာရယ်၊ ဘာတွေအစားမှားလို့လဲ အခုပဲ မေလေးကပြောလို့"

"ဟုတ်တယ် ... ရုပ်လွှာလည်း ဘာမှအစားမမှားနိုင်ပါဘူး ကိုယ် စာမေးပွဲဖြေနိုင်လား"

"ဖြေနိုင်ပါတယ် ရုပ်လွှာ၊ မေလေးပြောလို့ သိရတာ၊ ရုပ်လွှာက ဘာဖြစ်လို့ ဖုန်းမဆက်လဲ"

"ကို စာမေးပွဲဖြေနေတော့ ရုပ်လွှာကြောင့်အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ။ နောက်ပြီး ရုပ်လွှာက မဖြစ်စလောက်လေးပါ"

"ကိုယ် စိတ်ပူနေတာပေါ့ ရုပ်လွှာရယ်"

"စိတ်မပူပါနဲ့ ကိုရယ် ... အခုကောင်းသွားပြီ"

"ဒါပေမယ့် ရုပ်လွှာအသံလေးတွေက တအားပျော့နေတယ်ကွဲ ... နေကောင်းအောင်နေနော် ရုပ်လွှာ၊ ကိုယ် အရမ်းလွမ်းနေ





ပြီ"

"အဟင့် ... "

"ရုပ်လွှာ ... "

" ... "

"ရုပ်လွှာ ဘာဖြစ်လို့ ငိုနေတာလဲ"

"ရုပ်လွှာ ... ရုပ်လွှာ ဝမ်းနည်းလို့ပါ ကိုရယ်"

"ကိုယ် ရုပ်လွှာနားကိုပြေးလာပြီး အားပေးချော့ချင်ပေမယ့် ကိုယ် မအားလို့ပါ ရုပ်လွှာရယ်"

"ရုပ်လွှာ သိပါတယ် ကိုရယ်၊ ဆေးကျောင်းစာတွေနဲ့ လုံးပမ်းနေရတယ်ဆိုတာ ရုပ်လွှာသဘောပေါက်ပါတယ်၊ ကိုယ့် စာမေးပွဲကို စိတ်အေးလက်အေးနဲ့ ဆက်ဖြေနော်၊ ရုပ်လွှာ ကောင်းသွားပါပြီ"

"ကလေးရယ် ... "

ဟု သူက တိုးတိုးဖွဖွလေးပြောရင်း ဖုန်းကိုပိတ်လိုက်သည်။ ဘာကယ်ကိုပဲ ရုပ်လွှာရင်ထဲ၌ ဘာကိုဝမ်းနည်းမှန်းမသိ ဝမ်းနည်း၍ နေလေသည်။

"ဖြစ်ရလေ သမီးရယ်၊ ဘာမှလည်း အစားမမှားဘဲနဲ့ ဘယ်လို ဖြစ်တာလဲ မသိဘူး"

ရေအိမ်ထဲမှ တုန်ယင်ချိနဲ့စွာ ထွက်လာရင်း ရုပ်လွှာ ဒေါ်လေးတာ၏ လက်မောင်းကို ဆုပ်ကိုင်အားပြုလိုက်ရသည်။ ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားတာ ခြောက်ကြိမ်လောက်ရှိပြီ လူက ဒူးတွေပါချောင်လာ ၏။

မကျေနပ်မှုကြောင့် ဒီတစ်ခါကိုယ့်အလှည့်ဆိုတာ စဉ်းစားမိတော့ ဖန်ခွက်ချင်းလဲသွားသလားလို့ မေးပစ်လိုက်ချင်ပေမယ့် မမေးရဲ၊ တော်ကြာ ကိုယ်လုပ်ကြံမှုပေါ်သွားမှ ခက်မည်။

ဝီရသ ရှင်ပဲ့ာ ရုပ်လွှာအပေါ်အမြဲတမ်း စိတ်ညစ်အောင်လုပ်တယ်။ ရှင့်ကို တစ်နေ့တစ်ခြား မုန်းလာပြီ။

ရေအိမ်ထဲမှ မထွက်နိုင်ဖြစ်လာတော့ စိုးရိမ်ကြီးကာ ဒေါ်လေးတာက ဆရာဝန်ပင့်ပြီး ဖေဖေ့ကိုဖုန်းဆက်ခေါ် ၏။ မေလေးရော ဖေဖေတို့ပါ ရောက်လာကြတော့ ရုပ်လွှာ အိပ်ရာပေါ်မှာ ပက်လက်ကလေး ဖြစ်နေခဲ့ရ၏။

"ဘယ်လိုဖြစ်တာလဲ သမီးရယ်၊ ဘာ အစားမှားသွားလို့လဲ"

လက်ဖျားခြေဖျားတွေ ဆုပ်ပြီး ဖေဖေနဲ့မေလေးမေးတော့ ရုပ်လွှာ မျက်ဝန်းမှ မျက်ရည်ပေါက်ကြီးတွေ ကျလာလျက် ဘာမှ မဖြေ။ ရင်ထဲမှသာ အမြဲတမ်းအနိုင်ရနေတဲ့ ဝီရသကို မကျေမနပ် ဖြစ်ရသည်။

"ဝီရရာ မင်းလုပ်ပုံတွေက မလွန်ဘူးလားကွာ၊ ရွှေရုပ်လွှာ သနားပါတယ်"





တစ်ဘက်ခြံထဲကို အပေါ်ထပ်ဝရံတာမှ အတိုင်းသားမြင်နေရသည်။ အန်ကယ်ဦးအောင်သင်းရော၊ မေလေးပါ၊ နောက်ထပ်ဆရာဝန်ဟု ထင်ရသော တစ်ယောက်က အိတ်ကိုဆွဲကာ အထဲဝင်သွားသည်။ မသင်္ကာတာနဲ့ ကိုဇော်ဝိတ်ကို လှမ်းမေးကြည့်တော့ ရွှေရုပ်လွှာ ဝမ်းတွေသွားလို့ ဆရာဝန်ပင့်ရသည်ဟု ဆို၏။

ဇော်လေးပြောသည့်စကားကို သူက ဝရံတာကို နောက်ပြန်မှီ၍ လက်ပိုက်ရင်းရယ်သည်။

"သူ့အပြစ်ခံတာပဲကွ၊ ဒီနေရာမှာ တကယ်ဆို ငါခံရမှာ၊ ဘယ်လောက်များ သူများကို ဒုက္ခဖြစ်စေချင်လဲ မသိဘူး၊ ခုတော့ မတ်တတ်တောင် မရပ်နိုင်တော့ဘူး"

ရယ်နေသည့် သူ့ကို ဇော်လေးက မျက်မှောင်ကုတ်ကြည့်ပြီး ...

"ရွှေရုပ်လွှာကို မင်းနည်းနည်းမှ မသနားဘူးလား၊ မင်းပဲ စိတ်ဝင်စားတယ်ဆို"

"ဟုတ်တယ်လေ ... ငါ သူ့အပေါ် မကျေနပ်စိတ်နဲ့ လုပ်တာမှ မဟုတ်တာ၊ သူကသာ ငါ့ကိုဒုက္ခရောက်အောင် လုပ်လို့ သူပြန်ခံရတာ"

စိတ်မသက်မသာဖြင့် ဇော်လေးက သက်ပြင်းချသည်။

"ဝီရ ကိုယ့်ကြောင့်ဖြစ်ရတာ သွားမေးရင် မကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မလိုအပ်ဘူး ထင်တယ်"

"လာပါကွာ ... သွားမေးရအောင် ကိုယ့်နီးနားချင်းတွေ ဘယ်ကောင်းပွဲ့မလဲ၊ ဟိုမှာ မေလေးလည်းရှိတယ်"

သူဆက်လက်၍ မငြင်းမိ။ ဇော်လေးဆွဲခေါ်လာဆီသို့ ပါလာ၏။

"ဟော ... ဟိုဘက်ခြံက ရုပ်လွှာ သူငယ်ချင်းပဲ"

"ဟုတ် ... ဟုတ်ကဲ့၊ ဆရာဝန်လည်း တွေ့လိုက်လို့ အန်ကယ်လည်း ပြန်လာတာတွေ့လို့ ဘယ်သူဘာများဖြစ်တာလဲ မသိဘူး"

ကိုဇော်ဝိတ်ကိုပြောလို့ သိထားပေမယ့်လည်း မသိသလိုဖြင့် နှုတ်ဆက်မေးလိုက်သည်။

"ဟောဒီမှာ မင်းတို့သူငယ်ချင်းပေါ့ကွယ်၊ ဘယ်ကိုအစားမှား သွားလဲ မသိဘူး၊ ဝမ်းပျက်လို့ ဆရာဝန်ခေါ်ရတယ်လေ၊ ခုတော့ အတော်လေး သက်သာသွားပါပြီ၊ စောစောကတော့ ဆေးရုံပဲ ပြေး တင်ရတော့မလိုလို ဒေါ်လေးဖြင့် ရင်တွေ ပန်းတွေကို တုန်သွား တာပဲ"

ဒေါ်လေးတာက ပြောပြရင်း ဇော်လေးက သူ့နောက်က လိုက်လာသော ဝီရကို လှည့်ကြည့်လိုက်တော့ သူက မှင်မော ကောင်းစွာ လိုက်ပါလာတာကြောင့် ဇော်လေးလည်း ကိုယ် မျက်နှာကိုယ် နေသားကျအောင် ပြုပြင်လိုက်သည်။





"လူမမာ လာမေးတာ ဘာမှတောင်မပါလာဘူး"

"ရပါတယ်ကွယ်၊ တခြားလူတွေမှ မဟုတ်တာ"

ဒေါ်လေးတာက အခန်းထဲသို့ ဦးဆောင်ခေါ်သွားကာ ...

"သမီးရေ ဟောဒီမှာ မောင်ဝီရတို့ လူမမာလာမေးကြတယ် ကွယ့်"

ပန်းရောင် လွင်လွင်လေးနှင့် ပြောင်အိနေသော မွေ့ရာကြီး ပေါ်မှာ ညဝတ်ဂါဝန် ပန်းရောင်ဖျော့ဖျော့လေးနှင့် ဖက်လုံးကိုခွ ဖက်ထားသော ရုပ်လွှာ၏ ဆံနွယ်ရှည်ကြီးများက အိပ်ရာထက်မှာ ပုံဝိုက်ခွေကျလျက် ရှိသည်။

ကလေးငယ်လေးလို လွတ်လွတ်လပ်လပ် နေပုံလေးက ဒေါ်လေးတာ၏ အသံကြောင့် ဆတ်ခနဲဖြစ်သွားကာ ခြေရင်းက စောင်ကိုချက်ချင်း ခါးပေါ်ဆွဲတင် ပစ်လိုက်လေသည်။ ပြီးတော့ မည်းနက်ထူလွန်းလှသော မျက်ခုံးလေးနှစ်ဖက်ကို ထိလုမတတ် ကွေးကုတ်ထားကာ စူးစိုက်ကြည့်နေ၏။ ဘေးမှာထိုင်နေသော မေလေးကလည်း သူမလက်ကလေးကို ကိုင်ထားရင်းမှ လှည့်ကြည့် နေသည်။

ဇော်လေးက ရှေ့မှလျှောက်လာရင်းမှ မေလေးကိုလည်း တွေ့သည်နှင့် ဟဲခနဲရယ်ပြကာ ...

"မေလေးလည်း ရောက်နေတာကိုး၊ ရွှေရုပ်လွှာ သက်သာ သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ရပ်လွှာက သူမ၏နှုတ်ခမ်းကို တင်းတင်းလေးစေ့ပစ်၏
ဖော်လေး၏ နောက်မှ ရပ်နေသော သူ့ကို လှမ်းကြည့်သည်။

"သမီးဖြေလိုက်လေ၊ ကိုယ့်ကိုခင်လို့ သတင်းလာမေးတဲ့
ဟာကို"

ဖြူဖျော့ဖျော့လေးဖြစ်နေသည့် သူမ၏နှုတ်ခမ်းသားလေး
တွေက တွန့်ခနဲ မဲ့သွား၏။

"သူတို့နဲ့ ရပ်လွှာမခင်ချင်ဘူး"

"ဘယ်လိုပြောလိုက်တာလဲ သမီးရဲ့၊ သူငယ်ချင်းတွေဆို"

"ဟုတ်သားပဲ ရပ်လွှာရဲ့ရယ်၊ သူတို့က စေတနာနဲ့ လာမေး
တာကို"

ဒေါ်လေးတာက မျက်စိမျက်နှာပျက်ကာ သူတို့ကိုအား
စွာဖြင့် ဘာပြန်ပြောရမှန်း မသိအောင်ပင် ဖြစ်သွားသည်။ သူ
ရပ်လွှာ မျက်နှာဖြူဖြူ ဖျော့ဖျော့လေးကို ခပ်စူးစူးလေးစိုက်ကြည့်
ရင်း ပြုံးလိုက်သည်။

"ရပါတယ် ဒေါ်လေး၊ ရွှေရပ်လွှာက ကျွန်တော်တို့ကို စိတ်
ဆိုးနေလို့ပါ၊ ခြံချင်းကပ်လျက် သူငယ်ချင်းတွေ ဖြစ်နေတော့ နှ
၏ စောင်မခြင်းသဘောနဲ့ သတင်းလာမေးတာပါ၊ အဲဒီတော့ စိတ်
ဆိုးတာက စိတ်ဆိုးတာပါ၊ နေကောင်းတယ်၊ မကောင်းဘူးဆိုတာ
လောက်တော့ ပြန်ဖြေပေးမှပေါ့"

မျက်နှာလေးက တင်းနေသယောင် ရှုပုပ်ပုပ် နှုတ်လေး





လေးဖြင့် ...

"ရှင် ... မြင်တဲ့အတိုင်းပဲ"

"ရပ်လွှာ ..."

"ရပါတယ် မေလေး၊ နေထိုင်မကောင်းတဲ့ သူဆိုတော့ ကိုယ့်
ကိုကိုယ်တောင်ပြန်ပြီး ဒေါသဖြစ်နေကြတာမျိုးပါ၊ ကျွန်တော်တို့
ဘယ်လိုမှ သဘောမထားပါဘူး၊ သူကိုယ်တိုင်ကလည်း ကိုယ့်ရှုး
ကိုယ်ပတ် ... အဲ ... ကိုယ့်ဘာသာကိုယ် မသိလိုက်ဘဲ အစားမှား
မိသလားမှ မသိတာ"

သူ့မျက်နှာပေါ်က လှောင်ရိပ်ကို ရပ်လွှာဆုပ်ဖမ်းဆွဲဖွဲ့ပစ်
လိုက်ချင်သည်။ သူမသည် ဒေါသဖြစ်စွာဖြင့် လက်ကလေးနှစ်ဖက်
ကို လက်သီးဆုပ်လျက် အသက်ရှူပြင်းလာကာ လှပသော ရွှေရင်
အစုံက မို့မောက်လှိုင်းထလာပြီမို့ ဝီရသတို့ နှစ်ယောက်ခြေလှမ်း
ပြင်ရသည်။

"ဒါဆို ကျွန်တော်တို့ သွားတော့မယ် ဒေါ်လေး၊ မေလေး
သွားပြီနော်၊ ဪ ... ရွှေရပ်လွှာ ညနေကျတော့ လူမမာအတွက်
စားလို့ရတာ ဝယ်လာခဲ့ဦးမယ်"

လှည့်ထွက်သွားသော သူ၏နောက်ကျောကိုကြည့်ပြီး စိတ်
တွေမငြိမ်မသက် ဖြစ်ရသည်။ အမြဲတမ်း အနိုင်ယူခဲ့သော သူ့ကို
ဘယ်လိုမှ ကြည့်မရချင်တော့။

"ဒါကတော့ နင်က အရင်သွားစတာကိုး၊ ဖြစ်ပြီးခဲ့တာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို နင်ပဲမေ့လိုက်တော့မယ်ဆို"

"ငါ့ ဝိုင်နက်ထဲရောက်တော့ ငါ့အလှည့်လို့ထင်လိုက်တာပေါ့"

"အဲဒါ နင်မှားသွားတာရှပ်လွှာ သူက နင့်ထက်တစ်ကွက်သာသလို၊ နင်လှည့်စားတာကို မခံဘဲ တုန့်ပြန်သွားတာ၊ ကိုယ်ညှိလို့ပဲ ကျေကျေနပ်နပ်ကြီးသာ ခံလိုက်တော့၊ အလှည့်ဆိုတာတော့ ကြုံလာဦးမှာပါပဲ"

မေလေးပြောသလို အလှည့်ဆိုတာ ဘယ်တော့ကြုံမှန်းမသိ၊ ခုလောလောဆယ်မှာတော့ အလှည့်ကျရင် မနွဲ့စတမ်းဆိုသည်မှာ ရှပ်လွှာအတွက်ချည်းပဲမို့ ...

အခန်း ( ၁၅ )

ရှပ်လွှာ မန္တလေးသို့ မသွားဖြစ်သေးသော်လည်း ရှပ်လွှာနေမကောင်းဘူးဆိုတာနှင့် ဘွားဘွားရောက်လာခဲ့သည်။

"ဘွား ... "

"သမီးလေး ရှပ်လွှာ ပိန်တောင်သွားပါလားကွယ်"

"အင်း ... ဘွားကိုလည်း လွမ်းတာပါတာကိုး"

"ဟွန်း ... ငါ့မြေးကတော့ စကားကလည်းတတ်ပါ့"

"ရှပ်လွှာ တကယ်ပြောတာပါ ဘွားရဲ့၊ ရှပ်လွှာနေမကောင်းတော့ ရှပ်လွှာဘေးနားမှာ ဘွားကိုရှိစေချင်တာ"

"ဟုတ်ပါတယ် ... ဘွားကိုခိုင်းချင်လို့ ရှိစေချင်တာမလား"

"ဟာ ... ဘွားကလည်း အဲလိုမဟုတ်ပါဘူး"

အနားမှာ ထိုင်နေကြသည့် ဖေဖေနဲ့ဒေါ်လေးတာက မြေးအဘွားနှစ်ယောက်ကို ကြည့်ပြီး သဘောကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သမီး ဘွားဘွား ပင်ပန်းလာတယ် နားပါစေဦး"

"ဟုတ်သားပဲ သမီးရဲ့၊ လာ မမထား အခန်းထဲမှာသွားနား ရအောင်၊ ဒါပဲနော် မမထား လာတဲ့နောက်တော့ ဒီမှာအကြာကြီး နေရမှာ"

"အေးပါအေ ... ငါ့မြေးလေးကို သတိရလို့သာ လာရတာ သွားရလာရတာ အသက်ကြီးတော့ ခရီးပန်းတယ်"

"ကျွန်တော်လည်း အမေ့မြေးကို ပြောပါတယ်၊ ကျောင်းပိတ် ရင် ဘွားဘွားဆီ သွားနေပေးလိုက်လို့၊ ကျောင်းဖွင့်လို့ ပြန်လာရင် အမေ့ပါ ခေါ်လာခဲ့ဖို့ ပြောထားတာ၊ အမေက ဖြူန်းစားကြီးရောက် လာတော့ အံ့သြနေတာ"

"အေးလေ ... မတာက ဖုန်းဆက်တော့ ငါလည်းစိတ်ပူသွား တာပေါ့၊ ကဲ ... ကဲ ငါအနားယူလိုက်ဦးမယ်နော်"

ရုပ်လွှာက ဘွားဘွားကိုတွဲရင်း အပေါ်ထပ်သို့ လိုက်ပို့ပေး လိုက်သည်။

"မြေးလေး ... "

"ပြောလေ အဘွား"

"ခရီးရောက်မဆိုက် မြေးလေးကို အဘွားပြောစရာရှိတယ်"

"ဘာများလဲ အဘွား၊ ပြောလေ"

"ပြောဆိုရင်တော့ အဘွားသဘောကျထားတဲ့ ကလေး တစ်ယောက်ရှိတယ်၊ အဲဒါ အဘွားမြေးလေးကို တွေ့ပေးချင်လို့"

"ဟင် ... တွေ့ပြီးတော့ အဘွား၊ ဘာပြောရမှာလဲဟင်"





"မြေးလေးရယ် ... မြေးလေးသဘောကျမကျ အဘွားသိ ချင်လို့ပါ"

"တကယ်လို့ ရုပ်လွှာသဘောမကျဘူးဆိုရင်ရော အဘွား"

"အဲဒီတော့လည်း အဘွားလက်လျှော့ရမှာပေါ့ကွယ်"

အဘွားလက်လျှော့ရမယ်ဆိုတာကိုတော့ ရုပ်လွှာသိနေ သည်။ ရုပ်လွှာမှာ သိပ်ချစ်ရတဲ့သူ တစ်ယောက်ရှိပြီးသားလေ။

"အမေ့တစ်ခု သားတစ်ခုပဲရှိတာ မြေးလေးရဲ့၊ အဲဒီ ကလေး က အဘွားကိုလည်းချစ်တယ်၊ အမေစကားဆိုလည်း အရမ်းနား ထောင်တာ၊ သိပ်လိမ္မာတဲ့ကလေးပဲ မြေးလေးတွေ့ရင် သဘော ကျသွားမှာပါ"

အမေတစ်ခု သားတစ်ခု ဆိုသည့်အတွက်ကြောင့် ကိုကောင်းနေခကို သတိရသွားမိ၏။

"အဘွား ... အဘွားမျက်စိထဲမှာ ရုပ်လွှာက မငယ်တော့ ဘူးလား"

"ခုကတည်းက စီစဉ်ထားမှ မြေးလေးကျောင်းပြီးရင် အတော်ဖြစ်မှာပေါ့ ... "

"ဟင် ... ဘွားလေးကလည်း ရုပ်လွှာကကျောင်းပြီးဖို့ အများကြီး လိုသေးတာ အခုနေ စောနေမလားလို့"

အဘွားကို ချက်ချင်းငြင်းပယ်လိုက်လျှင် မကောင်းတာ ကြောင့် ရုပ်လွှာ အချိန်ဆွဲထားလိုက်၏။

"စောနေသေးရင် ချက်ချင်းကြီး ယူခိုင်းတာမှ မဟုတ်သေး



www.burmeseclassic.com

www.burmeseclassic.com



တာ မြေးလေးရယ်၊ တွေ့ကြည့်ရုံပဲ၊ မြေးလေး သဘောကျမကျသာ အဓိကပါ၊ မြေးလေး သဘောကျရင်တော့ ဒီကိစ္စအောင်သင်းကို ဘွားလေးကိုယ်တိုင် ပြောလိုက်မယ်"

ရုပ်လွှာ ဘွားလေးကိုကြည့်ပြီး စိတ်မသက်မသာဖြစ်ရသည်။ ကိုယ့်မြေးလေး ကောင်းစားစေဖို့ ဘယ်အချိန်ကတည်းက ကြိတ်ရှာထားလဲ မသိ။

"မြေးလေး မနက်ဖြန် အဘွားကို ရွှေတိဂုံဘုရားလိုက်ပို့ ဟို သားအမိနဲ့ မနက်ဖြန်ဘုရားမှာ ချိန်းထားတယ်၊ ဒီည ထပ်သတိပေးရဦးမယ်"

"ဘွားလေး အဲဒီလူကို သွားကြည့်ဖို့အတွက်ရော မြန်မနေဘူးလား၊ နောက်ပြီး ဘွားလေးက မန္တလေးက ခုမှရောက်တယ်၊ ချက်ချင်းကြီး"

အဘွားသည် ရုပ်လွှာကို လက်ဝါးလေးကာပြရင်း ...

"မမြန်ဘူး မြေးလေး၊ မမြန်ဘူး အဘွားကမြေးလေးသဘောကျ မကျ မြန်မြန်သိချင်တာ"

"ကဲ ... ကဲ ... အဘွားအနားယူပါတော့၊ ရုပ်လွှာနဲ့ မနက်ကျတော့ သွားကြတာပေါ့ အဘွား ... "

အဘွား၏ အခန်းတံခါးလေးကို ပြန်လည်စေ့ပိတ်ပေးရင်း ရုပ်လွှာခြေသံ ဖွဖွလေးဖြင့် ပြန်ဆင်းလာခဲ့သည်။ ဘုရားတရားမလို့ ပြမယ့်လူဟာ ရုပ်ဆိုးဆိုးကြီးဖြစ်နေလျှင် ရုပ်လွှာငြင်းပယ်ဖို့လွယ်၏။ ဗိုက်ပူပူ ဝဝဖိုင့်ဖိုင့် လူမျိုးကြီးဖြစ်နေလျှင်လည်း အကြောင်းပြ





ရန် လွယ်သည်။ နည်းနည်း ချောချောလှလှ ဖြစ်နေရင်သာ သူမအတွက် ငြင်းရန်ခက်လိမ့်မည်။ အဘွားက သူမ စိတ်တိုင်းကျမှ ပြောဆိုပေမယ့်လည်း အဘွား၏စိတ်သဘောထားကို ရုပ်လွှာ အသိဆုံးပင်။ သူသဘောကျပြီဟုဆိုလျှင် ဘယ်လိုပုံစံဖြစ်ဖြစ် မရမက အတင်းပေးစားမှာဖြစ်သည်။ သို့ပေမယ့် ရုပ်လွှာမပူပါ။ အဘွား ဘယ်လိုပုံစံ၊ ဘယ်လိုလူမျိုးနဲ့ ပေးစား၊ ပေးစား ရုပ်လွှာအတွက် ကိုကောင်းနေခသာ အမွေးထွေးဆုံး ရင်ခွင်တစ်ခုဖြစ်မည်ဟု။

သူမဘဝမှာ ကိုကောင်းနေခကိုသာ အချစ်တတ်ဆုံးဖြစ်ခဲ့ပြီး ကိုကောင်းနေခ ရင်ခွင်မှာပင် ပြေးပုန်းနေတော့မည် ဖြစ်ပါသည်။

"မေမေ ရင်ပြင်တော်ပေါ်မှာ ချိန်းထားတာ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်သားရဲ့၊ သားရဲ့ အဘွားက သေချာပြောလိုက်တာ"

အဘွားမြေးလေးဆိုတာကြောင့် အဘွားကိုလည်းအားနာ၊ မေမေ့ကိုလည်း စိတ်မကောင်းမှာစိုး၍သာ လက်ခံမည်ဟုပြောလိုက်ပေမယ့် သူ့ရင်ထဲမှာတော့ သိပ်ချစ်စရာကောင်းတဲ့ ချစ်သူလေး တစ်ယောက်သာရှိနေခဲ့သည်။ သူချစ်သလို ချစ်သူကလည်း သိပ်ချစ်သည်။ သူမနှင့် မတွေ့ရတာလည်း ကြာခဲ့၏။ ညတိုင်း ဖုန်းပြောခွင့်ရပေမယ့်လည်း သူမ မျက်နှာလေးကို မြင်ချင်တွေ့ချင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီနေ့ စာမေးပွဲလည်းပြီးသည့်အတွက် ဖုန်းနဲ့အချိန်းအချက်လုပ်မယ်ဆိုကာမှ မေမေ၏ဆန္ဒတွေကို မပယ်ရှားချင်တာကြောင့် ရွှေတိဂုံဘုရားရင်ပြင်ပေါ်သို့ လာခဲ့သည်။

အဘွားတို့ကို စောင့်ရင်း မေမေ့လက်ထဲသို့ နှင်းဆီပန်းလေးတွေထည့်ကာ သူကလည်း နှင်းဆီပန်းတွေ ကိုင်ထားရင်း ဘုရားမှာ ဝတ်ပြုနေလိုက်သည်။

မေမေ၏ အစီအစဉ်တွေ အထမမြောက်ပါစေနဲ့ဟု ဘုရားမှာဆုတောင်းမိ၏။ အဘွားရဲ့ မြေးသည်လည်း ချစ်သူရှိပြီး သူ၏ချစ်သူနှင့် ပေါင်းဖက်ရပါစေလို့ ဆုတောင်းပေးမိပြန်သည်။ ဒါမှ သူ့အနေနှင့်လည်း မိဘစကားကို နားထောင်သော သားလိမ္မာတစ်ယောက်ဖြစ်ရပြီး မိဘပေးစားတာကို လက်ခံပေမယ့် ထိုမိန်းကလေးက သူ့ချစ်သူနောက် လိုက်ပြေးသွားခဲ့တယ်ဆိုလျှင် မေမေရော အဘွားပါ သူ့ဘက်ရပ်တည်ကြမည်၊ ဒါဆိုလျှင် သူ့ဆန္ဒ ပြည့်ဝမည်မှာ မလွဲပေ။

အကြိမ်ကြိမ် အခါခါ ဘုရားမှာဆုတွေ တောင်းနေမိသည်။

"သား ... ဘုရားရှိခိုးတာ ကြာလှချည်လား၊ ဘာတွေ ဆုတောင်းနေလဲ"

"သိပ် အတူးတာလည်မရှိပါဘူး မေမေရယ်၊ မေမေနဲ့ အတူတူနေရဖို့ပါပဲ"

"အခုလည်းနေ၊ နေရတာပဲ သားရယ်"

"ဒီလို မဟုတ်ဘူးလေ မေမေရယ်၊ သားနဲ့ ဒီမှာအတူတူလာ





နေဖို့ကိုပြောတာ"

"ဖြစ်ရမှာပေါ့ သားရယ်၊ အချိန်တွေ အများကြီးရှိပါသေးတယ်၊ ဒါနဲ့ သားဆုတောင်းတဲ့ထဲမှာ အဘွားရဲ့ မြေးလေးက ချောချောလှလှလေး ဖြစ်ပါစေလို့ မပါဘူးလားသား"

"ဟာ ... မေမေကလည်း"

"သား အဘွားက မေမေ့ကို ဓာတ်ပုံယူလာဖြတယ်၊ တော်တော်လှတဲ့ ကလေးမလေးသားရဲ့၊ သားတွေ့ရင် သဘောကျမှာ ကျိန်းသေတယ်၊ မေမေလည်း ရန်ကုန်လာဖို့ လေယာဉ်လက်မှတ် ချက်ချင်းရတာနဲ့ ဓာတ်ပုံလေး မေ့ကျန်ခဲ့တယ်"

မေမေ့စကားကြောင့် သူပြုံးလိုက်သည်။ အဘွားမြေးလေး ဒီလောက်လှနေတယ်ဆိုရင် ချစ်သူရည်းစားမရှိဘဲ နေပါ့မလား။

"သား ... ဒီပန်းတွေ ပန်းအိုးမှာသွားထိုးလိုက်၊ မေမေ ဒီမှာ ပုတီးစိပ်လိုက်ဦးမယ်"

မေမေ့လက်ထဲမှ နှင်းဆီပန်းတွေကိုယူပြီး သူပန်းအိုးထဲသို့ ထိုးလိုက်သည်။

"ရင်ပြင်တော်ပေါ်ချိန်းတာတော့ ဟုတ်တယ်လေ အဘွားရဲ့၊ ဘယ်မှန်လဲဆိုတာရော မပြောထားဘူးလား"

"မသိဘူးလေ ... မြေးလေးရယ်၊ အဘွားလည်း အမှတ်တမဲ့



www.burmeseclassic.com

www.burmeseclassic.com



ချိန်းမိလိုက်တော့ မေ့သွားတယ်၊ ကဲပါ မြေးရယ် ဘုရားရှိခိုး၊ ဆုတောင်းပြီးတော့ မြေးလေးရဲ့ မွေးနံထောင့်မှာ ဘုရားရေသပ္ပာယ် အဘွားက ဘုရားရှိခိုးရင်း ဒီနားမှာ စောင့်နေမယ်၊ မြေးလေး ပြန်လာရင် အဘွားတို့ ရင်ပြင်ကို တစ်ပတ်,ပတ်လိုက်တာပေါ့"

"ဟုတ်ကဲ့ ... အဘွား"

အဘွားပြောသလို သူမလက်ထဲမှာ လေးညှိုးကြာခိုင်ပန်းတွေကိုင်ရင်း ဗုဒ္ဓဟူးနံထောင့်ရှိ ဘုရားမှာ ဝတ်ပြုသည်။

ကြည်ပြာရောင် ပိုးသားပျော့ပျော့ကို အထက်အောက်ဆင်တူ ဝတ်ထားသော သူမ၏ကိုယ်လေးသည် ရှင်းရှင်းထင်းထင်းလေးနှင့် လှနေသည်။

ဆီမီး၊ အမွှေးတိုင်တို့ကို ထွန်းညှိနေရင်း သူမနဲ့ကပ်လျက်ဘေးမှ လူကလည်း ထိုနည်းလည်းကောင်း ပူဇော်နေသည်။

ပခုံးချင်းတိုက်မိလိုက်တာကြောင့် ...

"ဆောရီး ... "

ဟုသာ ပြောလိုက်ပြီး ရုပ်လွှာသေချာကြည့်မိ၏။ နိုင်ငံခြားသား တစ်ယောက်ပင်ဖြစ်ပုံရသည်။ မျက်မှန်အမဲ တပ်ထားပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့ဖြင့် ခေါင်းမှာလည်း ပန်ချာပီကုလားတွေလို ပေါင်းထားသေးသည်။ အင်္ကျီအဖြူပေါ်မှာ ခိုပြာရောင်ဝေ့စကုပ် ထပ်ဝတ်ထားပြီး ဘောင်းဘီမှာလည်း ခိုပြာရောင်ဝင်ဖြစ်သည်။ အလွန်ထွားကျိုင်း ကျစ်လစ်၍ ချောမောခန့်ညားသည့်ပုံစံရှိမည်ဟု ထင်သည်။





လက်ထဲမှ ပန်းစည်းကိုကိုင်ပြီး ဘုရားရှိခိုးရန် ထိုင်လိုက်တော့ ထိုလူကလည်း သူ့ပန်းစည်းတွေနဲ့အတူ သူမဘေးနားမှာထိုင်သည်။ သူမ တစ်ချက်လှည့်ကြည့်လိုက်ပေမယ့် သူက ဘာမှမသိသလို ဘုရားဝတ်ပြု၏။ တိုက်ဆိုင်မှုပဲလို့ ထင်လိုက်ပေမယ့် ...

"အရှင်ဘုရား တပည့်တော်မ သူ့ကို တကယ်ချစ်တာမှန်ကန်ပါ၏၊ တပည့်တော်တို့ ချစ်သူနှစ်ဦး သေတပန်သက်တစ်ဆုံး ပေါင်းဆုံခွင့်ရပါစေ"

သူမ ရှိခိုးနေရင်းမှ ဘေးဘက်ရှိ ထိုလူကလည်း သူမကြားလောက်ရုံသာ တိုးတိတ်စွာဖြင့် မြန်မာလိုဆုတောင်းနေတာ အံ့သြစွာဖြင့် ပြန်လှည့်ကြည့်မိ၏။ ထိုအသံကို သူမ ရင်းနှီးစွာကြားဘူးသလို ရှိသည်။ ထိုအခါ ...

"မင်း ... ဘုရားမှာဆုတောင်းပြီးပြီလား၊ ပေးလေး ပန်းစည်းတွေ ဘုရားမှာ သွားကပ်လိုက်မယ်"

သူမ အံ့သြစွာဖြင့် ဘာပြန်ပြောရမှန်း မသိခင်မှာပင် သူက ရုပ်လွှာလက်ထဲမှ ပန်းစည်းကိုယူကာ သူ့ပန်းစည်းနှင့်အတူ ပန်းအိုးထဲသွားစိုက်လိုက်သည်။

သူမ ရေသပ္ပာယ်တော့လည်း နောက်ဘက်မှ အရိပ်တစ်ခုပါလာသည်။ ဘေးမှယှဉ်ရပ်ကာ ရေကိုခပ်လိုက်တော့လည်း အတူတူ၊ ဆင်းတုတော်ကို ရေသပ္ပာယ်တော့လည်း ပြိုင်တူဖြစ်နေ၏။

ထို့အပြင် ...



www.burmeseclassic.com

www.burmeseclassic.com



"နှစ်စဉ်နှစ်တိုင်း တပည့်တော်၏ မွေးနံ့ထောင့်မှာ တပည့်တော်တို့ချစ်သူနှစ်ဦး ရေသပွာယ်ရသော အကျိုးအားကြောင့် ရာသက်ပန် ပေါင်းဆုံခွင့် ရပါစေ"

နောက်ထပ်တစ်ဖန် ဆုတောင်းလိုက်သော နိုင်ငံခြားသား က သူမတစ်ကိုယ်လုံးကို စူးစူးစိုက်စိုက် ရွှန်းရွှန်းစားစားကြီး ကြည့် နေသည်မှာ မျက်မှန်အနက်တပ်ထားပေမယ့် စူးလက်တောက် နေသည့် အတွင်းမျက်ဝန်းတွေကို သူမမြင်နေရသည်။

ဘေးနားမှာလည်း လူသိပ်မရှိ။ အနီးကပ်ဆုံးသူမသာကြား သည်။ ပထမတစ်ခါ တိုက်ဆိုင်မိတာထားတော့ နောက်ထပ်တစ် ဖန်တော့ တိုက်ဆိုင်မိတာ မဟုတ်နိုင်တော့။

ရှက်စိတ်က အလိုလိုဖြစ်ပေါ်လာရင်း နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ကာ သူမထိုနေရာလေးမှာ မပြေးရုံတမယ် လှည့် ထွက်ခဲ့သည်။ တော်တော်လှမ်းလှမ်း ရောက်ပြီးမှ နောက်ပြန်လှည့် ကြည့်တော့ စောစောက သူမလည်ပင်းမှာ သိုင်းထားသော ပုဝါ ကြည်ပြာရောင်လေးမှာ ထိုလူ့လက်ထဲ ရောက်နေပြီး သူမကို လ ဝိုက်လို့ ကြည့်ကာ ပြုံးနေပါသည်။ သူမ ရင်တွေ တလှပ်လှပ်တု ကာ နောက်ထပ်လှည့်မကြည့်ရဲတော့ပါ။ ဘွားဘွားရှိရာသို့သာ ခြေ လှမ်းများ မြန်မြန်ရွှေ့လျားနေမိတော့သည်။

အခန်း ( ၁၆ )

"မြေးလေးရယ် ကြာလိုက်တာ၊ ဘွားဘွားတောင် ပုတီးစိပ် ပြီးနေတာ ကြာလှပြီ"

"ဟို ... ဟို ... ရုပ်လွှာလည်း ဘုရားရှိခိုး၊ ရေသပွာယ်၊ ပုတီးစိပ်နေတာနဲ့ ကြာသွားတာ ဘွားဘွား"

"ကဲ ... လာ ... လာ အဘွားတို့ ရင်ပြင်တော်မှာ နည်းနည်း လျှောက်ကြည့်ရအောင်၊ ကြာဖြူတို့လည်း ခုလောက်ဆို ရောက် လောက်ပြီ"

အဘွားက သူမလက်ကလေးကိုဆွဲပြီး ရင်ပြင်တော်ပေါ်ဝယ် ဟိုကြည့်ဒီကြည့်, ကြည့်နေသည်။

"မြေးလေး လက်ကလေးတွေ အေးစက်နေပါလား၊ ဘာလဲ ဟိုကလေးနဲ့ တွေ့ရမှာမလို့ ကြောက်နေတာလား"

အဘွားကို သူမဘာမှ ပြန်မဖြေမိတော့ပါ။ ရင်ထဲမှာ ကြောက်သည့်စိတ်က မပျောက်ချင်သေး။



www.burmeseclassic.com

www.burmeseclassic.com



နှံ့သာရောင် ပါတိတ်ကို အထက်အောက်ဆင်တူဝတ်ထားသော ဒေါ်ကြာဖြူသည် ရေသပွာယ်နေသော သားကိုစောင့်ရင်း ဟိုဘက်ဒီဘက်ကြည့်နေသည်။

"မမထား ... မမထား ကြာဖြူ ဒီမှာ"

လှမ်းခေါ်သံနှင့်အတူ ဒေါ်ကြာဖြူဆိုသည့် ချောချောလှလှ ခပ်တောင့်တောင့် အမျိုးသမီးက အနားရောက်လာသည်။

"ကြာဖြူ ရောက်နေတာ တအောင့်ရှိသွားပြီ၊ မမထားရော ကြာပြီလား"

"သိပ်မကြာသေးပါဘူး ကြာဖြူရဲ့၊ ဒါနဲ့ ငါ့မြေး ကောင်းကောင်းရော"

"လာလိမ့်မယ် မမထား၊ ဟိုမှာ ဘုရားရေသပွာယ်နေတယ်"

"ကဲ ... ဒီမှာ မမထား မြေးမလေး ရွှေရုပ်လွှာ"

"အို ... မမထား မြေးမလေးက အရမ်းချစ်ဖို့ကောင်းတာပဲ ... ခတ်ပုံထဲမှာထက် ပိုတောင်လှသေးတယ်"

"မြေးလေး ဒါအဘွားပြောတဲ့ ကလေးရဲ့အမေ ဒေါ်ကြာဖြူတဲ့"

"ဟုတ်ကဲ့ ... အန်တီ တွေ့ရတာဝမ်းသာပါတယ်"

"အန်တီကလည်း သမီးလိုချောချောလှလှလေးကို ချွေးမတော်ရမှာ အရမ်းဝမ်းသာမိတယ်"

သူမသည် အားနာရှက်ရွံ့စွာဖြင့် ခေါင်းလေးငုံ့ထားခဲ့၏။

"ဟော ... ဟိုမှာ သားလာနေပြီ"





"မြေး ... ကောင်းကောင်း၊ အဘွားမြေးက အသားတွေတောင် ပိုဖြူလာတယ်၊ တကယ်ခန့်ချောကြီး ဖြစ်လာပါလား"

"အဘွားကလည်း တွေ့တာနဲ့ ပြောပြီ၊ အဘွားနေထိုင်ရေး ကောင်းရဲ့လား"

"ကောင်းပါ့ ငါ့မြေးရယ်၊ အဘွားမြေးလေး နှစ်ယောက်ကို တွေ့ပေးရရင်သာ အဘွားအနေမဖြောင့် အသေမဖြောင့်ဖြစ်ရမှာ"

အဘွားနောက်ဖက်မှ ခေါင်းလေးငုံ့နေသော ရုပ်လွှာမှာ ဘစ်ချက်မှ မော့မကြည့်ဖြစ်ပေ။

"မြေးလေး လာလေကွယ်၊ ဒီမှာ ကောင်းကောင်းနဲ့ မိတ်ဆက်ပေးရအောင်"

အဘွားက သူမလက်ကိုလှမ်းဆွဲကာ ခေါ်လိုက်တော့ ...

"ဟင် ... ရုပ်လွှာ ... "

သူမလည်း ဆတ်ခနဲမော့ကြည့်ကာ ...

"ကိုကောင်းနေခ ... "

"ဟင် ... မြေးလေးတို့က သိနေကြတာလား"

"သားတို့က သိနေကြတာကိုး ဒါများကွယ်"

ဒေါ်ကြာဖြူက သဘောကျစွာ ပြုံးနေ၏။

"ဒါဆို အထူးတလည် ပြောနေကြစရာ မလိုတော့ဘူးပေါ့နော် ... မမထား"

"အေးပေါ့ကွယ် ... ကလေးအချင်းချင်း ရင်းနှီးပြီးသားဆိုတော့ ပိုကောင်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနေခ ပျော်သွားသလို ရုပ်လွှာလည်း ပျော်သွားမှန်း သိသာသည်။

"ကဲ ... ကဲ မြေးလေးတို့နှစ်ယောက်လည်း စကားပြောကြ အဘွားလည်း ကြာဖြူနဲ့ ပြောစရာလေးတွေ ရှိသေးတယ်"

"ရုပ်လွှာ ဟိုနားက ခုံတန်းလေးမှာ သွားထိုင်ရအောင်"

"ကို ... အဘွားက ရုပ်လွှာကို သူသဘောကျထားတဲ့ ကောင်လေးတစ်ယောက်ရှိတယ်တဲ့၊ အဲဒါ ကြည့်ရမယ်ဆိုတော့ ရုပ်လွှာ စိတ်ညစ်သွားတာပဲ၊ ဟန်မပျက်သာလိုက်လာရတာ အဘွားစကားကိုလည်း မလွန်ဆန်ရဲလို့လေ"

"ကိုယ်လည်း ဒီလိုပါပဲ ရုပ်လွှာရယ်၊ မေမေပြောတော့ ကိုယ် ဘာလုပ်ရမှန်းတောင် မသိတော့ဘူး၊ မေမေ စိတ်မကောင်းမှာစိုး လို့သာ လိုက်လာရတာ၊ လုံးဝ စိတ်ပါတာ မဟုတ်ဘူး"

"ဟွန်း ... ခုကျတော့ရော"

"ခုတော့ ... ဝမ်းသာသွားတယ် ရုပ်လွှာကရော"

"ရုပ်လွှာလည်း ကိုယ့်လိုပဲပေါ့၊ ကိုယ်က အဘွားနဲ့ ဘယ်လို သိတာလဲဟင်"

"အဘွား ... နောက်ထပ်ဝယ်ထားတဲ့တိုက်က ကိုယ်တို့ ခြံချင်းကပ်လျက်လေ၊ အဘွားက တစ်ခါတစ်လေ အဲဒီတိုက်ကို ကောင်မလေးနှစ်ယောက်နဲ့ လာ,လာနေတယ်၊ နောက်တော့ အရမ်းခင်သွားတဲ့ မိတ်ဆွေတွေ ဖြစ်သွားတာပေါ့"

"တော်တော် အံ့ဩဖို့ကောင်းတယ်နော် ကို၊ ဒီမှာမျှားလား





ရတယ်လို့"

"ဒါကတော့ ကိုယ်တို့နှစ်ယောက်ရဲ့ ဖူးစာကံပေါ့"

"ကဲ ... ကို ဘွားဘွားနဲ့အန်တီစောင့်နေတာ အားနာစရာ ကြီး။ ရုပ်လွှာတို့ ပြန်ကြရအောင်"

သူမ ပြန်မယ်ဆိုတော့ သူကလည်း အလိုက်တသိပင်၊ ရုပ်လွှာ၏ လက်ကလေးကို ဆွဲကိုင်ကာ လျှောက်လာခဲ့သည်။

"သြော် ... ကို့, စာမေးပွဲပြီးသွားပြီဆိုတော့ မန္တလေးကို ပြန်ဦးမှာလားဟင်"

"ဘာလဲ ရုပ်လွှာက မပြန်စေချင်လို့လား"

"အင်းပေါ့"

"ဒါဆို ကိုယ်မေမေ့ကို ပြောလိုက်မယ်၊ ရုပ်လွှာနဲ့ စေ့စပ်ပေး ထားပါလို့"

"ဟင် ... ဘာဆိုင်လို့လဲ"

"စေ့စပ်ထားတော့ မေမေကလည်းငယ်ရာက ကြီးလာတာ ပဲ၊ နားလည်မှာပေါ့ ... ငါ့သားလေးက ချက်ချင်းစေ့စပ်နိုင်းတာ ကောင်မလေးကို မခွဲနိုင်လို့ထင်တယ်လို့ပြောပြီး မန္တလေးကို ဘယ် ခေါ်တော့မလဲ"

"အဟင်း ... ကိုကိုလူလည်ကြီး"

ထိုစဉ်မှာပဲ ...

စောစောက ရုပ်လွှာဘေးမှ ဘုရားဝတ်ပြုနေသော နိုင်ငံ ခြားသား ပန်ချာပီကြီးက ရုပ်လွှာနဲ့ သူ့ရှေ့သို့လာပြီး ဓာတ်ပုံတစ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ချွတ် ရိုက်နေတော့သည်။

ကိုကောင်းနေခ ဘေးနားမှာရှိနေသည့်အတွက် ရုပ်လျှာ ခကြောက်မိတော့၊ သို့ပေမယ့် သူ၏လက်မောင်းကိုတော့ ဆုပ်ကိုင်ထားခဲ့သည်။

"ဘယ်လိုလူလည်း မသိဘူး၊ ရိုက်စရာရှားလို့"

"ဒါဂုဏ်ယူစရာ ရုပ်လျှာရဲ့၊ နိုင်ငံခြားသားကြီးက ဒီကောင်လေးနဲ့ ကောင်မလေးက တော်တော်ကြည့်ကောင်းတဲ့ စုံတွဲပဲလို့ ထင်ပြီး ဓာတ်ပုံရိုက်နေတာ နေမှာပေါ့"

သူပြောသလို ဟုတ်မှာပါပဲလေဟု စိတ်ထဲမှာထားပြီး လှမ်းနေတဲ့ ခြေလှမ်းတိုင်းကို ပိုမို သွက်လက်စွာ လှမ်းလိုက်ပါသည်။

သူနဲ့ရုပ်လျှာတို့ ရောက်တာတောင် ဘွားဘွားနဲ့ အန်တီကြာဖြူမှာ စကားမပြတ်နိုင်သေး။ သူတို့ကိုမြင်မှ ပြန်ရန်ထလာကြတော့သည်။ ဓာတ်လှေကားမှ ထွက်သည်နှင့် သူမ၏မျက်ဝန်းများက ကားပါကင်ရှိ ဘီးလိမ့်စပြုနေသော ပရာဒိုကားကြီးဆီသို့ မျက်စိရောက်သွားမိသည်။ သူမတို့ကားဆီသို့အရောက် ပရာဒိုကားကြီး၏ တင်ထားသော ပါဝါးဝင်းဒိုးမှန်က လျှောခနဲကျလာပြီး နိုင်ငံခြားသား ပန်ချာပီကြီးက ပြုံးပြုံးရွှင်ရွှင် လက်တစ်ဖက်မြှောက်ပြသည်။

"ရုပ်လျှာ ... စောစောက ကိုယ်တို့ကို ဓာတ်ပုံရိုက်လိုက်တဲ့ ပန်ချာပီကြီးက လက်ပြနေတယ်"

သူပြောတဲ့စကားတွေ နားထဲမဝင်၊ တင်းတင်းစေ့ပိတ်ထားတဲ့ နှုတ်ခမ်းလေးကို ပို၍ စေ့ပိတ်ပစ်လိုက်သည်။ လှပသွယ်တန်း





နေသော မျက်ခုံးတန်းလေးတွေ တွန့်ကွေးသွားကြ၏။ သူ ဘာတွေပြောနေမှန်းပင် မသိတော့၊ အထူးတလည် ရှန်းကြွနေတာကတော့ ဒေါသတွေပဲ ဖြစ်၏။ ဒီလူ တမင်လိုက်နှောင့်ယှက်နေတာ သိသာလာ၏။

သူမတစ်ခါ ကားပျက်တုန်းက ရောက်လာခဲ့သော ပရာဒိုကားကြီးနှင့်အတူ သူ့ကားနံပါတ်၊ သူမဘေးနားမှာ လာရောက်ဝတ်ပြုတုန်းက မြင်လိုက်ရသည့် နဝရတ်လက်စွပ်၊ လက်မမှာ လုံးချောနှစ်ကွင်း ဒါတွေကို ဆက်စပ်တွေးရင်းဖြင့် ကားပြင်တုန်းက တွေ့ရတာကြောင့် မှတ်မိနေ၏။ ခုပုံစံနှင့် ထပ်တူထပ်မျှပါပဲ၊ ဒါဆိုလျှင် ဝီရသဆိုတဲ့လူကလွဲလို့ ဘယ်သူဖြစ်နိုင်ဦးမှာလဲ၊ ဒီတစ်ခါတော့ သူမ မမှားနိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၇ )

ဘွားဘွားက ကိုကောင်းနေခတို့ သားအမိကို အိမ်မှာထမင်းဖိတ်ကျွေးခဲ့သည်။ မထူးတော့ပြီမို့ ဖေဖေကလည်း ဟိုဘက်ခြံက သူ၏ မိတ်ဆွေ အန်ကယ်ဦးနေလတို့ သားအဖကိုပါ ဖိတ်လိုက်သည်။

သူစီးနေကျ ကော်ရိုလာဗင်ကို အသင့်ဖွင့်ထားသော ခြံဝန်းထဲသို့ ကွေ့ဝင်လိုက်သည်။ နန်းတော်ကြီးတမျှ ခမ်းနားလှသည့် အဆောင်အယောင်တွေကြောင့် သူ၏စိတ်တွေသည် အလိုလို သိမ်ငယ်မိ၏။

သို့ပေမယ့် ရုပ်လွှာကိုယ်တိုင်က သူမ၏ ဖေဖေသည် သဘောကောင်းကြောင်း အဆင့်အတန်း မခွဲတတ်ကြောင်း ခဏခဏ ပြောတတ်ပြီး ဘွားဘွားကလည်း အတင်းဖိတ်ခေါ်တာကြောင့် သူ ရောက်လာခဲ့သည်။

"ကြွပါခင်ဗျာ ... သမီးလေးနဲ့ အမေပြောလို့ ဒေါ်ကြာဖြူတို့





သားအမိအကြောင်း ရင်းနှီးနေပါပြီ၊ ခုမှပဲ လူချင်းတွေ့ဖူးတော့တယ်"

"ဟုတ်ကဲ့ ... အခုလို တရင်းတနှီး ထမင်းဖိတ်ကျွေးတာ အရမ်းကိုပဲ ကျေးဇူးတင်ပါတယ်"

"ဒါနဲ့ မောင်ကောင်းနေခက ဆေးကျောင်းတက်နေတာဆို"

"ဟုတ်ပါတယ် ခင်ဗျာ ... "

"နောင်လည်း ဝင်ပါ၊ ထွက်ပါကွယ်၊ ဦးလေးက အမြဲကြိုဆိုနေပါတယ်"

"ဟုတ်ကဲ့ ... "

"ဩော် ... အစ်မတာ ဟိုဘက်ခြံက သားအဖ မလာသေးပါလား၊ ဖုန်းဆက်ကြည့်လိုက်ပါဦး"

"အေး ... အေး"

ဒေါ်လေးတာ ဖုန်းခေါ်နေချိန်မှာပင် အန်ကယ်ဦးနေလတို့ သားအဖ ဝင်လာသည်။

"နောက်ကျလှချေလား၊ ကျွန်တော်တောင် အခုလေးတင် အစ်မတာကို ဖုန်းဆက်ခိုင်းနေတာ"

"လာမှာပေါ့ ... ကိုအောင်သင်းရယ်၊ စားရက်ကြံလို့ မှတ်ဆိတ်ပျားစွဲတာပဲ"

"ကဲ ... သားလာ ဝိရထိုင်၊ မိတ်ဆက်ပေးရဦးမယ်၊ ဦးနေလ ဒါမန္တလေးက အမေနဲ့ခြံချင်းကပ်နေကြတာလေ၊ ဒေါ်ကြာဖြူတဲ့၊ ဒါကတော့ ဒေါ်ကြာဖြူရဲ့သား၊ သမီးနဲ့ သူငယ်ချင်း ကောင်းနေခ



www.burmeseclassic.com

www.burmeseclassic.com



တဲ့"

ထိုသို့ မိတ်ဆက်ပေးလိုက်လျှင်ပဲ မေမေ၏ ပျက်ယွင်းသွားသော မျက်နှာအနေအထား၊ အံ့သြရိပ်တို့ သမ်းသွားသော ဦးနေလ ဒါကို ကောင်းနေခဲ သေချာသိလိုက်၏။

"တွေ့ရတာဝမ်းသာပါတယ်၊ ဒေါ်ကြာဖြူက မန္တလေးမှာပဲ နေတာပေါ့"

"ဟုတ်ပါတယ် ... "

စကားစပြတ်သွားပြီးမှ ဦးအောင်သင်းက ဒေါ်ကြာဖြူကို ကြည့်ကာ ...

"ဒေါ်ကြာဖြူ ဒါက ဟိုဘက်ခြံကို ပြောင်းလာတာ မကြာသေးဘူး၊ ဦးနေလတဲ့ ဟိုဟာက သူ့ရဲ့သား ဝီရသတဲ့"

"ဟုတ်ကဲ့ ... အခုလိုတွေ့ရတာ ဝမ်းသာပါတယ်၊ ဒါနဲ့ သားတစ်ယောက်တည်းပဲလား"

"ဟုတ်ကဲ့ ..."

"သားရဲ့ အမေကရောဟင်"

"ဆုံးသွားပါပြီ ... "

"သြော် ... "

အားလုံး တစ်စုတစ်ဝေးတည်း ထမင်းစားသောက်ကြတော့ မေမေသည် ထမင်းသိပ်မစားဘဲ တို့ကနမ်းဆိတ်ကနမ်းပင် စားနေခဲ့သည်။ ဘွားဘွားက အနားမှာလာရပ်ပြီး ...

"ကြာဖြူစားလေ ... မမထားက ကြာဖြူ့အကြိုက် မတော





ကို ပြောပြီးချက်ထားရတာ"

"ဟုတ်သားပဲ မေမေရဲ့၊ ဘာဖြစ်လို့လဲ စားလို့မကောင်းဘူးလား"

"မဟုတ်ပါဘူး သားရယ်၊ မေမေ ခေါင်းနည်းနည်းနောက်လို့ပါ"

"ဒါဆို မေမေ ပြန်အနားယူချင်လား"

"ဟုတ်တယ်သား မေမေပြန်ချင်ပြီ"

ရပ်လွှာလည်း စိုးရိမ်ကာ ...

"အန်တီ ဒါဆိုရင် အိပ်ခန်းထဲမှာ ခဏလောက်လှဲနေပါလား"

"ရပါတယ် သမီးရယ်၊ အန်တီ အိမ်မှာပဲ ပြန်နားတော့မယ်၊ အန်တီအတွက် အနှောင့်အယှက် မဖြစ်ပါနဲ့"

"အို ... အားနာစရာမှ မဟုတ်တာ အန်တီရယ်"

ဒေါ်ကြာဖြူက စားလက်စထမင်းကို လက်စသတ်ကာ ...

"ကဲ ... အားလုံးပဲ ကြာဖြူ့ကိုခွင့်ပြုပါဦး၊ ခေါင်းနည်းနည်းနောက်လာလို့ ပြန်အနားယူခွင့်ပြုပါ ဦးအောင်သင်း"

"ဟာ ... ရပါတယ် ဒေါ်ကြာဖြူ၊ နောက်တစ်ခါ ထပ်ဆုံကြတာပေါ့"

ဘွားဘွားနဲ့ ရပ်လွှာ မေမေ့ကိုကားထဲအထိ လိုက်ပို့နေ၏။ သူကတော့ ဦးလေးဦးအောင်သင်းနှင့် အန်ကယ်ဦးနေလတို့ကို နှုတ်ဆက်ကာ မေမေ့ရဲ့ လက်ကိုင်အိတ်ကို လှမ်းယူပြီး အပြင်သို့ ထွက်လာခိုက် ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကောင်းနေခ ခဏနေပါဦး၊ မေးစရာလေးရှိလို့"

ဦးနေလ၏သား ဝီရသအသံကြောင့် သူလှမ်းလက်စ ခြေလှမ်းကို ရပ်လိုက်ပြီး နောက်သို့လှည့်ကြည့်သည်။

"ကိုကောင်းနေခ ခင်ဗျားနဲ့ ရွှေရုပ်လွှာ ချစ်သူတွေလား"

"ဘာဖြစ်လို့ မေးတာလဲ"

"ကျွန်တော်သိချင်လို့"

"ဒါဆိုရင် မင်းရွှေရုပ်လွှာကို မေးကြည့်လိုက်လေ"

ဝီရသ ခေါင်းခါပြီး နှာခေါင်းရှုံ့ကာ ...

"ခင်ဗျားဆီက ပြောတာကို သိချင်လို့"

ကောင်းနေခက 'ဟက်' ခနဲ တစ်ချက်ရယ်ကာ ...

"ရွှေရုပ်လွှာဆီက သိရရင် ပိုမကောင်းဘူးလားဗျာ၊ ဘာလဲ ဝီရသက ရွှေရုပ်လွှာကို ချစ်နေလို့လား"

"ဒါ ခင်ဗျားနဲ့ မဆိုင်ပါဘူး"

"ကျွန်တော်နဲ့ မဆိုင်ဘူးဆိုရင်လည်း ရတယ်လေ၊ ဒါဆိုရင် ကျွန်တော်နဲ့ ရွှေရုပ်လွှာကိစ္စမှာလည်း ဝီရသနဲ့ မဆိုင်ဘူးထင်တယ်"

ပြောပြီး ကောင်းနေခ ထိုနေရာမှ လှည့်ထွက်ခဲ့သည်။

ထိုနေ့ညအဖို့မှာတော့ သူတော်တော်နှင့် အိပ်မပျော်ခဲ့၊ ဦးနေလဆိုသော သူကိုတွေ့လိုက်ရသည်နှင့် မေမေကဘာလို့ သိသိသာသာကြီး မျက်နှာပျက်ယွင်းနေရတာလဲ၊ ဝီရသဆိုတဲ့ လူကလည်း ရုပ်လွှာကို ချစ်နေတာပါလား၊ ထင်တော့ ထင်မိပါတယ်လေ။





ရုပ်လွှာနဲ့ ပတ်သက်တာမှန်သမျှ မေလေးက အကုန်ပြောပြခဲ့တာကြောင့် ဘယ်လိုကိစ္စမဆို သူသိထားခဲ့သည်။

ရင်မောစွာဖြင့် သက်ပြင်းချမိရင်း ခြေလှမ်းများက ခြံထဲရှိ ဂျပန်ပိတောက်ပင်ကြီး၏အောက်သို့ လှမ်းမိသည်။ ခုံတန်းလျားလေးတွင် ခပ်လျော့လျော့ မှီထိုင်လိုက်ပြီး ကောင်းကင်၌ ပြိုးပြိုးပြက်ပြက်လက်နေသော ကြယ်ကလေးများကို မော့ကြည့်နေမိသည်။

လက်ဆတ်သော လေအေးက တဖြူးဖြူးတိုက်ခတ်လျက် ညမွှေးပန်းရနံ့ ခပ်သဲ့သဲ့ကလေးကလည်း တစ်မျိုးပင် ကြည်နူးစရာကောင်းနေသည်။

ပန်းရနံ့တွေ မွှေးထုံပါနေသော လေပြည်ကို ဝဝကြီးရှူရှိုက်လိုက်တော့မှ သူ၏စိတ်ထဲမှာ ပေါ့ပါးရွှင်လန်းလာရင်း စိတ်တည်ငြိမ်မှုလည်း ရလာခဲ့သည်။

ဘွားဘွားရှိနေသည့် အတောအတွင်း ရုပ်လွှာတို့အိမ်သို့ ကောင်းနေခ အလာစိတ်လာခဲ့သည်။ ဘွားဘွားကလည်း သူ့ကို အိပ်ချစ်သလို သူကလည်း ဘွားဘွားကို ဂရုစိုက်သည်။

အန်တီကြာဖြူကတော့ ထမင်းဖိတ်ကျွေးပြီးသည့် နောက်ပိုင်း တစ်ခါမှ လိုက်မလာခဲ့ပါ။ ဘွားဘွားနဲ့ရုပ်လွှာမေးတိုင်း သူက ည့်ပတ်သော စကားတွေကိုသာဆိုသည်။ ထိုသို့ သူလာနေသည့်



www.burmeseclassic.com

www.burmeseclassic.com



ကာလပတ်လုံး ဘွားဘွားကလည်း သဘောကျထားသူ ဗီဗီ ...

"မြေးလေး ... ပျင်းရင် ကောင်းကောင်းနဲ့လိုက်လည်ပေါ့"

တစ်ခါတစ်ခါကျတော့လည်း ဘွားဘွားက သူကိုယ်တိုင် လိုက်ပြီး အန်တီကြာဖြူတို့တိုက်မှာ အကြာကြီး အချိန်ဖြုန်းတတ်သည်။ သူကတော့ ရုပ်လွှာအပေါ် အချိန်တွေကြာလေ ချစ်တတ်လေ ဖြစ်နေသည်။ ဒီလိုနှင့် ရုပ်လွှာတစ်ယောက် စာမေးပွဲ ဖြေပြီးတော့လည်း ဘွားဘွားကို မန္တလေး မပြန်နဲ့ဦးဟု ဆက်ပြီးဆွဲထားလိုက်သည်။

ဘွားဘွားနည်းတူ အန်တီကြာဖြူကလည်း သူ့သားကို နေ ချင်သေးဘူးဟုဆိုကာ မပြန်ဖြစ်သေး၊ ဘွားဘွားရယ် ရုပ်လွှာရယ် သူရယ်ကို ကြည့်ခြင်းအားဖြင့်လည်း ဗီရသဆိုတဲ့ လူက မနာလို ဖြစ်တတ်သေး၏။

"ဘွားဘွား အပြင်သွားတယ် ကိုရဲ့၊ လာလေ အိမ်ထဲကိုဝင် ဦး"

"လူကြီးတွေ မရှိရင်နေပါစေ ရုပ်လွှာ၊ ကိုယ်နောက်မှ လာ မယ်"

သူသည် ရုပ်လွှာတစ်ယောက်တည်းရှိနေပြီး ဖေဖေရော ဘွားဘွားပါ မရှိရင် ဘယ်တော့မှ အထဲမှာဝင်မထိုင်၊ ခြံထဲမှာ ပင် စကားပြောရင်ပြော၊ မပြောဖြစ်ရင် အိမ်သို့သာ ပြန်တတ်သည်။

ထိုစဉ်မှာပဲ ကိုဇော်ဝိတ် ဖွင့်ပေးထားသော ခြံကြီးထဲ ဗီရသက သူ၏ပရာဒိုကားကြီးကို မောင်းဝင်လာကာ ကိုကောင်း





နေခ နားမှာ ပွတ်ကာ သီကာ ရပ်လိုက်သည်။

"ဆောရီး ..."

တစ်ခွန်းဆို၍ အိမ်ထဲသို့လှမ်းကြည့်သည်။ ရုပ်လွှာလည်း ရှတ်တရက်ကြောင်သွားသည်။ အစကတည်းက သူ့ကို မလိုလား ခြင်းဖြစ်နေတာကြောင့် ဗီရသ တမင်ပွတ်တိုက်သွားမှန်း သိကာ သူ၏ မျက်နှာတင်းခနဲ ဖြစ်သွားရ၏။

"တောက်"

တက်ခေါက်သံ ကျယ်သွားတာကြောင့် ဗီရသလှည့်ကြည့် သည်။

"ဘယ်သူ့ကို တက်ခေါက်တာလဲ ငါ့ကိုလား"

"ဟုတ်တယ် ... မင်းကို"

ကောင်းနေခ ခပ်တည်တည်နှင့်ဖြေတော့ ဗီရသက လှစ်ခနဲ ပြုံးလိုက်သည်။

"ငါကားလာတဲ့နားမှာ မင်းရပ်နေတော့ မတော်လို့ပွတ်မိ သွားတာ ဆောရီးဆိုတဲ့ စကားတစ်လုံးနဲ့ မလုံလောက်ဘူးလား"

ဗီရသစကားကြောင့် သူ့မျက်နှာနီမြန်းကာဖြင့် ဒေါသကို မြိုထိန်းလိုက်ပြီး ...

"ယောကျ်ားဆိုတာ ယောကျ်ားအလုပ်၊ လုပ်ရတယ်"

"ဘာ ... ဘာပြောတယ်ကွ"

"မင်းက၊ မိန်းမညာဏ်သုံးလို့ သတိပေးတာ"

ဗီရသက သူ့မျက်နှာဆီ စူးစိုက်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား စကားပြောတာ ရှင့်သီးလွန်းနေပြီ"

ဟုဒီကြည့်နေရင်းမှ နှစ်ယောက်စလုံးကို တားလိုက်ရသည်။

"ကဲ ... တော်ကြပါတော့ရှင်"

သူမ ဝီရသရှေ့သို့သွားကာ ...

"ဝီရသ ရှင်ဘာကိစ္စရှိလို့လဲ"

"အဟင်း ... ကိစ္စရှိမှ လာရမှာလား ရွှေရုပ်လွှာ၊ ဟုတ်ပါ တယ် ငါကလည်း မင်းဆီကို ကိစ္စမရှိဘဲ မလာပါဘူး"

"ရုပ်လွှာ ကိုယ်ပြန်တော့မယ်နော်"

ကောင်းနေခက နှုတ်ဆက်ရင်း ကားပေါ်သို့တက်ကာ မောင်းထွက်သွားသည်။ ရုပ်လွှာက ခပ်တွေတွေပြုံးနေသည့် ဝီရသကို ကြည့်ကာ မျက်နှာလေးမဲ့လိုက်သည်။

"ရှင် ... ဘာပြဿနာ လာရှာတာလဲ"

"တို့က ပြဿနာလာရှာမှမဟုတ်တာ၊ မင်းကသာ တို့ကို ပြဿနာကောင်လို့ သတ်မှတ်ထားတာမလား"

စောစောကနှင့်ဘယ်လိုမှ ဆက်စပ်မရနိုင်သော ဝီရသ၏ စကားသံတို့က နူးညံ့ညင်သာနေလျက် အိမ်ထဲရှိ ဆိုဖာမှာဝင်ထိုင် လိုက်သည်။

"မင်းကို စတွေ့ကတည်းက ကြည့်နေခဲ့တာ မင်းနားမှာ ဘယ်ယောက်ျားမှ မရှိစေချင်ဘူး"

"ရှင် ဘာတွေလာပြောနေတာလဲ၊ ရှင်နဲ့ဘာဆိုင်လို့လဲ"

ကျယ်ဝန်းလှသော ဧည့်ခန်းမကြီး၏အလယ်မှာ တိတ်ဆိတ်





ငြိမ်သက်နေသဖြင့် ရုပ်လွှာထိတ်လန့်ကာဖြင့် ဒေါ်လေးတာကို အော်ခေါ်သည်။

"ခေါ်မနေနဲ့ ဒေါ်လေးတာနဲ့ သက်သက် ဈေးသွားတယ်၊ ဒီလောက်တုန်လှုပ်နေရအောင် တို့ကမင်းကို ဘာလုပ်မှာမလို့လဲ"

ရုပ်လွှာအပြင်ထွက်ရန် ရှေ့သို့အထွက် သူကတံခါးဝကို ကိုယ်လုံးနှင့် ကွယ်ရပ်လိုက်သည်။

"ရုပ်လွှာ ..."

တံခါးဝကို နောက်ပြန်ရပ်ရင်း ရုပ်လွှာ၏လက်မောင်းနှစ် ဖက်ကို ဆွဲကိုင်မိ၏။ မရည်ရွယ်ခဲ့သော်လည်း ရင်ထဲမှမြို့သိပ်မရ တော့ ...

"ဘာလုပ်တာလဲ ရှင်ဘာလုပ်တာလဲနော်၊ ဖယ်ပေးနော်"

"ကိုယ့်ကို ဒီလိုအသုံးအနှုန်းမျိုးတွေ မသုံးစမ်းပါနဲ့ ရွှေရုပ်လွှာ၊ ဟိုလူနဲ့ကျတော့ မင်းက ချိုအီလို့ ... ငါချစ်နေတာကျတော့ မသိချင် ယောင်ဆောင်နေတာလား"

ထင်ပေမယ့်လည်း ဖြစ်နိုင်ဖွယ်မရှိတာကြောင့် အရေးမလုပ် ခဲ့သည့် အဖြစ်တွေ ချစ်တယ်ဆိုတာ ကြားရတော့ သူမငေးခနဲဖြစ် သွားစဉ် သူက တစ်ကိုယ်လုံးကို သိမ်းဖက်ပစ်လိုက်ပြီး ...

"ရွှေရုပ်လွှာ မင်းကိုငါ သိပ်ချစ်တယ်"

တိုးတိုးလေး ရေရွတ်ပြောပြီးသည်နှင့် သူ၏ကားပေါ်သို့ တက်ကာ ပျောက်ကွယ်သွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

ကျောင်းတွေ ပြန်ဖွင့်သည့်အချိန်မှာတော့ ဘွားဘွား မန္တလေးပြန်သွားသလို မမေကလည်း သားနှင့်အချိန်အကြာကြီး နေပြီးမှတော့ မမေလည်း ပြန်ချင်ပြီဟုဆိုသည်။

"သား ကျောင်းပြီးတော့မှာပဲ မမေရယ်၊ ဆိုင်ကိုရောင်းပြီး သားနဲ့ပဲ လာနေပါလား"

"အေးပါ သားရယ်၊ မမေလည်း စဉ်းစားပြီးသားပါ၊ အ သားတို့ကိစ္စကရော ဘယ်တော့လောက် စီစဉ်မလဲသား"

"ရုပ်လွှာနဲ့ တိုင်ပင်ဦးမယ်လေ မမေ၊ ရုပ်လွှာနဲ့ပြောပြီး ဘွားဘွားကိုပြောပြီး ဦးလေးအောင်သင်းကို ဖွင့်ပြောရမှာပေါ့"

"ကောင်းပါတယ် သားရယ်၊ ဒါနဲ့ ရုပ်လွှာတို့တစ်ဖက်ခြံ ကောင်လေးက ရုပ်လွှာနဲ့ ပတ်သက်နေသလိုပဲသား"

"မမေ ဘာကိုဆိုလိုတာလဲ"

"မမေ့စိတ်ထင် ဦးအောင်သင်းက သားနဲ့သမီးလေး





ကို မသိသေးတော့ အဲဒီ ဝီရသဆိုတဲ့ကောင်လေးနဲ့များ သဘောတူနေလားလို့ ... ဟိုတလောက မမေမြို့ထဲသွားတော့ သမီးလေးကို အဲဒီကောင်လေးနဲ့ တွေ့လိုက်တယ်"

မျက်နှာပျက်သွားသော သူ့ကို မမေကရိပ်မိ၏။

"သား စိတ်မကောင်းဖြစ်မနေနဲ့နော်၊ သူတို့ ကိစ္စရှိလို့သွားကြတာလည်း ဖြစ်မှာပေါ့"

"သား ရုပ်လွှာကို ယုံပါတယ် မမေ၊ ဒါပေမယ့် ..."

"ဘာဖြစ်လဲ သား ..."

"ဝီရသက သူ့ကို တစ်ဖက်သတ် ချစ်နေတာ"

သူ၏စကားကြောင့် မမေက သူ့ပခုံးတစ်ဖက်ကို ဆုပ်ကိုင်ကာ အားပေးနှစ်သိမ့်သည်။

"ကဲ ... သားလည်း မြန်မြန် စိတ်ချမ်းသာရအောင် မမေ, သား ဘွားဘွားကို ပူဆာခိုင်းလိုက်မယ်"

"အလျှင်စလို မလုပ်ပါနဲ့ မမေရယ်၊ ရုပ်လွှာကို သားမေးကြည့်ပါ့မယ်၊ မမေသာ ပြန်ရောက်ရင် ဆိုင်ရောင်းပစ်လိုက်တော့ သားနဲ့လာနေပါ မမေရာ ..."

"အေးပါ သားရယ်၊ သား စိတ်ချမ်းသာစေရပါမယ်"

"မမေ ... သား မမေ့အတွက် လက်မှတ်လုပ်ပြီးရင် ရုပ်လွှာကို ဝင်အကြောင်းကြားလိုက်ဦးမယ်"

သူ့ဘဝမှာ မမေကလွဲလျှင် ဘယ်မိန်းမကိုမှ မချစ်တတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ထင်ထားပေမယ့် ရုပ်လွှာနှင့်တွေ့မှ အချစ်ဆိုတာ နားလည်တတ်ခဲ့သလို ရုပ်လွှာကိုလည်း သူစိတ်မချနိုင်ဖြစ်ရသည်။

ခုမှ သူ့ရင်တွေ ပိုလို့ပူလောင်မိရခြင်းမှာ ဝီရသဆိုတဲ့လူက ရုပ်လွှာအပေါ် တစ်ဖက်သတ်ချစ်နေပြီး ခြံချင်းကပ်လျက်လည်းရှိနေခဲ့၏။ ဒါကို သူပို၍ စိတ်မချနိုင်။

"ဟူး ... ရင်မောရပါလား ရုပ်လွှာရယ်"

ဖုန်းမြည်သံကြောင့် သူမကောက်ကိုင်လိုက်သည်။ မိုးတွေ သဲကြီးမဲကြီးရွာနေသောကြောင့် ပြောသည့်စကားတွေမှာ ပြတ်တောင်းပြတ်တောင်းဖြစ်နေသည်။

"သမီး ... အရေးကြီးတဲ့ ဖိုင်တစ်ခု ဖေဖေ့စာကြည့်စားပွဲက အံဆွဲထဲမှာ ကျန်ခဲ့တယ်၊ မောင်ဝီရလာယူလိမ့်မယ်၊ သမီးရှာပြီးပေးလိုက်ပါ"

ပြောပြီးသည်နှင့် ဖေဖေက ချက်ချင်းဖုန်းချသွားသည်။ ရုပ်လွှာအပေါ်ထပ်ရှိ ဖေဖေ့စာကြည့်ခန်းထဲသို့ ဝင်ကာ ဖိုင်ကို ယူပြီး ပြန်ဆင်းလာခဲ့တုန်းမှာပဲ ဝီရသရောက်လာသည်။

"အန်ကယ် ဖုန်းဆက်ထားတယ် မလား"

မေးလာသည့်သူ့ကို အဖြေမပေးဘဲ ကိုင်ထားသော ဖိုင်ကို လှမ်းပေးလိုက်သည်။





"ရော့"

"ဧည့်သည်ကို ထိုင်ခိုင်းဖို့တောင် မပြောတော့ဘူးလား"

"အပိုစကားတွေ ပြောမနေနဲ့၊ ဖေဖေမှာတာ ဒါပဲ"

ပန်းနုရောင် ကိုယ်ကျပ်လက်ပြတ်လေးနှင့် ဆံပင်တွေကို ဘေးနှစ်ဖက်မှာ ခွဲစည်းထားသည့် သူမ၏မျက်နှာလေးက ပန်းနုရောင်သန်းကာ ပွင့်ဖတ်လွှာလေး တစ်ချပ်ကို နုဖတ်အိစက်နေ၏။ ဖိုင်ကို လှမ်းပေးရင်း လှည့်ထွက်တော့မည့် သူမ၏လက်ကောက်ဝတ်ကို လှမ်းဆုပ်လိုက်သည်။

"ခဏနေပါဦး ရွှေရုပ်လွှာ"

"အို ... မကိုင်နဲ့"

"တို့ပြောမယ့် စကားကို အေးအေးဆေးဆေး နားထောင်ပေး၊ မင်းကို လက်ဖျားနဲ့တောင် မတို့ဘူး"

မျက်နှာကို ဆတ်ခနဲမဲ့ကာ ရုပ်လွှာဆိုဖာပေါ်မှာ ထိုင်လိုက်တော့ သူကလည်း မျက်နှာချင်းဆိုင်ထိုင်လိုက်သည်။

"မြန်မြန်ပြော ... ပြောပြီးရင်ကြွတော့"

"တော်တော်ကို မေတ္တာထားတာပဲ"

"ရှင်က မေတ္တာထားဖို့ ကောင်းတဲ့သူမှ မဟုတ်တာ"

"ဒါပေမဲ့ ... တို့ကတော့ မင်းအပေါ်မေတ္တာထားတယ်"

"ရှင့်စကားတွေကို မကြားချင်ဘူး၊ မြန်မြန်ပြန်တော့"

"မင်းမနှင်လည်း ပြန်မှာပေါ့၊ တို့ပြောခဲ့တဲ့ စကားတွေကို



www.burmeseclassic.com

www.burmeseclassic.com



တော့ မင်းရင်ထဲမှာ မှတ်ထားစေချင်တယ်၊ မင်းကို သိပ်ချစ်တတ်သွားပြီဆိုတာပဲ"

နှုတ်ဆက်ထွက်ခွာသွားသော သူ့ကျောပြင်ကိုကြည့်ရင်း သူမ တွေဝေစွာရပ်နေမိသည်။ အနိုင်ရမှ ကျေနပ်တတ်သည့် သူ့ကို ချစ်တယ်လို့ပြောပေမယ့် မယုံချင်ပါ။ အမှုအယာတွေ ပြောင်းလာတာကိုတော့ သတိထားမိ၏။ သို့ပေမယ့် သူ့စကားတွေကိုသာ ကိုကောင်းနေခဲ ကြားခဲ့လျှင်တော့ ... ။

အခန်း ( ၁၉ )

"အခုတော့ မင်းတကယ်ကြွေနေပြီလား ဝီရ၊ အစကလို ပြောသားပဲ"

ခေါ်လေး၏ စကားသံတွေက သူ၏နှလုံးသားကို အပ်နှင့်ဆွပေးသလို ဖြစ်နေသည်။ တကယ်ချစ်မိသည့် အခါကျတော့ သူမမှာ ချစ်သူရှိနေပြီတဲ့။

"မင်း ... ဘာဆက်လုပ်မလဲ ဝီရ"

"မင်းတို့ သတင်းကသေချာရဲ့လားကွာ"

"ငါတို့က မင်းသူငယ်ချင်းတွေပါကွာ၊ မင်းလောက်မတော်ပေမယ့် မညံ့ပါဘူး၊ အစတည်းက ပြောပါတယ် ဆေးကျောင်းက တစ်ယောက်နဲ့ တွဲနေတယ်ဆိုတာ"

"မထင်ဘူးလေကွာ"

အပေါ်ထပ်ရှိ ဝရံတာလက်တန်းကို နောက်မှီရပ်ရင်း အဝေးကြည့် မှန်ပြောင်းဖြင့် တစ်ဖက်ခြံသို့ လှမ်းကြည့်ကာ ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့နောက်ကျသွားပြီဆိုသော အသိနှင့်အတူ ဟိုအရင်က အဖြစ်တွေကလည်း သူမကို တမင်သက်သက် အရှက်ကွဲအောင် လုပ်ခဲ့ရခြင်းမဟုတ်၊ ထိုကိစ္စနဲ့ပတ်သက်၍လည်း သူ့အပေါ်များ မကျေနပ်သေးသလို ချစ်တယ်လို့ပြောတာရော ယုံပါ့မလား။ ကြည့်နေဆဲ သူမပုံရိပ်တွေက သူ့မျက်ဝန်းတွေထဲသို့ အလိုလိုဝင် ရောက်လာသည်။ စိမ်းပြာရောင်ဝတ်စုံနှင့် ဆံပင်တွေကို ဖြန့်ချထားသည်။ ဝင်းအိနေသော မျက်နှာလေးထက်မှာ ပန်းရောင်ဖျော့ဖျော့ နှုတ်ခမ်းဆိုးဆေးနှင့်။ မျက်တောင်ရှည်လေးတွေ၏ အထက်မှာ စိမ်းပြာရောင်ရှိုး ပြောင်ပြောင်တွေက စိုလက်နေ၏။

မျက်နှာရှေ့က အဝေးကြည့်မှန်ပြောင်းကိုခွာ၍ သူဒီအတိုင်းကြည့်သည်။ မြင်ကွင်းက တကယ်အဝေးကြီးမို့ ပုံရိပ်လေးပဲပြန်ဖြစ်သွား၏။ ထိုအခါ သူ၏မျက်လုံးတွေရှေ့မှာ မှန်ပြောင်းကို ပြန်ကပ်လိုက်သည်။ ကော့နက်သည့် မျက်တောင်ရှည်ကြီးတွေကိုတောင် တစ်ပင်ချင်း ရှင်းလင်းစွာမြင်နေရသည်။

လှလိုက်တာ၊ နှုတ်ခမ်းမှ ကျွတ်ခနဲ စုပ်သပ်သံက အားမလို အားမရ ... ။

"ဘာလဲကွ၊ ဘာမြင်လို့လဲ"

သူ၏ စုတ်သတ်သံကြောင့် ဖော်လေးက ဘာလဲဟူသော သဘောဖြင့် လှမ်းကြည့်ရင်း မေးလိုက်သည်။ သူပြန်မဖြေနိုင်သေးဘဲ လက်ဝါးတစ်ဖက်ကာပြလိုက်သည်။

"ချစ်တတ်တော့မှ အသည်းအသန်ကိုဖြစ်နေပါလား"





ဖော်လေးက ပြောတော့ သက်ဦးကလည်း ...

"နေမြင့်လေ အရှူးရင့်လေဆိုတာ အဲဒါမျိုးပေါ့"

"ဟာ ... ဟိုဘဲ လာနေပြီကွ"

"ဘယ်ဘဲ လဲ ... "

"ဆေးကျောင်းကလေကွာ၊ ကောင်းနေခ ဆိုတာ"

ထိုလူနဲ့စကားပြောနေရင်းမှ သူမမျက်နှာ ဒီဘက်လှည့်လာသည်။ ပြုံးယောင်သမ်းနေသော သူမ၏နှုတ်ခမ်းသွား မြည့်ပြည့်လေးတွေကို နီးသထက်နီးအောင် မှန်ပြောင်းဖြင့်ဆွဲကပ်ကြည့်ရင်း သူ့ရင်ဘတ်တစ်ခုလုံး ဆိုင်းသံဗုံးသံတွေ ချက်ချင်းကြီး ထဖြစ်လာကြလေသည်။

"တောက် ... "

တက်ခေါက်သံ ခပ်ပြင်းပြင်းကြောင့် ဖော်လေးနဲ့သက်ဦးက သူ့ကို လှမ်းကြည့်ကာ ...

"ဘာဖြစ်တာလဲ ... "

"ငါ့မြင်ကွင်းထဲမှာ ဒီလူကကွာ ... "

"မင်းဒီလိုကြည့်နေလို့ ဘာဖြစ်မှာလဲ၊ သတ္တိရှိရင် ကောင်းနေခနဲ့ စိမ်ခေါ်လိုက်လေ ... "

မှန်ပြောင်းကိုပြန်ချကာ သူခေါင်းရမ်းပြသည်။

"သူ မကြည်ဖြူတဲ့ အချစ်ကို ဇာပြတိုက်မယူချင်ဘူး၊ သူ မုန်းသွားမှာ ကြောက်တယ်"

"မင်း ဒီလောက်တောင် ဖြစ်နေပြီလား ဝီရ"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ပြီးမှတော့ မုန်းဖို့ဆိုတာ မစဉ်းစားတော့ဘူး"

သူငယ်ချင်းတွေက အံ့ဩစွာဖြင့် သူ့ကိုငေးကြည့်နေသည်။ မိန်းကလေးတိုင်းကို ချစ်ကြိုက်ပြီးရင် သိပ်မကြာ သူကပင်အရင်ဆုံး လမ်းခွဲ,ခဲ့သည်။ ရွှေရုပ်လွှာနှင့်ကျတော့ သူက, ဒီလိုမဟုတ်။ တကယ်ကို ခံစားနေရသည့်ပုံ ဖြစ်သည်။

ချစ်သူရှိပြီးသားဆိုပေမယ့် ရှေ့တိုးရမှာလည်း အခက်၊ နောက်ဆုတ်ဖို့ကျတော့လည်း ဟင့်အင်း၊ ဒါဆို တကယ်မချစ်လို့လားဆိုတော့လည်း မဟုတ်။

ဝေဝါးနေသော ပုံရိပ်ကို မှန်ပြောင်းလေးဖြင့် ပြန်လည်ဆွဲကပ်ကြည့်လိုက်သည်။ ကားပေါ်တက်ကာ ထွက်ခွာသွားဖြစ်သော ကောင်းနေခဆိုသူကို ရွှေရုပ်လွှာက လက်ပြနှုတ်ဆက်နေ၏။

ရွှေရုပ်လွှာက ပန်းခင်းလေးတွေဘက်လျှောက်သွားသည်။ ဆံနွယ်ရှည်ရှည်တွေကို ဖြန့်ချထားသည်မှာ ပတ်ဝန်းကျင်၏ အလှအပသာယာမှု အားလုံး တသားတည်းဖြစ်ကာ လိုက်ဖက်လှသည်မို့ ဘေးနားရှိသည့် ကင်မရာကိုယူပြီး သူပြေးထွက်ခဲ့သည်။ ဖော်လေးတို့ မေးလိုက်တာကိုပင် ကြားနိုင်စွမ်း မရှိတော့။

သူ့ရဲ့ နှလုံးသားမှာ ရွှေရုပ်လွှာကို ချစ်မိသွားရသည့် အချစ်တွေက နန်းတော်ကြီးတမျှ အခိုင်အမာတည့်တံ့နေခဲ့ပြီ။





"အန်ကယ် ... ဒက်ဒီ ပေးခိုင်းလိုက်တာ"

ယိုးဒယားဆွဲခြင်းနှင့်အပြည့် ထည့်ထားသော ပစ္စည်းများကို ကြည့်ပြီး ဦးနေလ မန္တလေးကပြန်ရောက်ပြီ ဆိုတာကို သိလိုက်သည်။

"မင်းဒက်ဒီ ပြန်ရောက်ပြီပေါ့"

"ဟုတ်ကဲ့ အန်ကယ်"

"အေးကွယ် ... ဦးလေးကိုပြောတာ မနက်မှပြန်ရောက်မယ် ဆိုလို့"

"ဟုတ်တယ် အန်ကယ်၊ ဒက်ဒီက ကိစ္စရှိလို့ ပြန်လာတာ ပြောတယ်၊ ဒီရက်အတွင်း ပြန်သွားစရာရှိသေးတယ်တဲ့"

"ဟုတ်တာပဲ၊ မန္တလေးက ဟိုတယ်ကိုလည်း သွား,သွားကြည့်ပေးဦးမှပေါ့၊ မန်နေဂျာနဲ့ လွှဲထားပေးမယ့်လည်း ကိုယ်တိုင်တစ်ခါတလေ သွားတာကောင်းပါတယ်"

အိတ်ကိုကိုင်ကာ ဧည့်ခန်းထဲသို့ ရောက်လာသော ရုပ်လွှာက သူမ၏ဖေဖေကို လှမ်းပေးလိုက်သည်။

"ကဲ ... မောင်ဝီရ၊ ဦးအလုပ်သွားလိုက်ဦးမယ်၊ မင်းဒက်ဒီနဲ့ ကုမ္ပဏီမှာ တွေ့မှာပေါ့၊ ဒီမှာ သမီးနဲ့ အေးဆေးစကားပြောလိုက်ဦး"

ရုပ်လွှာက မျက်ခုံးလေးတွန့်ကုတ်ကာ နှုတ်ခမ်းမဲ့လိုက်သည်။ ဒါကိုသိသော သူကလည်း ...

"ဟုတ်ကဲ့ပါ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ဒီနှစ်ကျောင်းပိတ်ရင် သမီးကိုလည်း ကုမ္ပဏီမှာဝင်လုပ်အားပေးခိုင်းရမယ်၊ သမီး မောင်ဝီရကို ညွှန်ခံလိုက်ဦးနော်"

ဖေဖေက ပြောပြီးသည်နှင့် ကားပေါ်တက်ကာ မောင်းထွက်သွားတော့သည်။ သူမကတော့ ဘာစကားမှ မပြောဘဲ ခပ်တည်တည်ထိုင်နေလိုက်သည်။

"ရွှေရုပ်လွှာ ... တို့ကို ခွင့်ပြုပါဦး"

ချက်ချင်းထကာ ပြန်တော့မည်ဆိုတော့ ရုပ်လွှာအံ့ဩရပြန်သည်။

ရုပ်လွှာကို ခပ်စူးစူးလေးတစ်ချက် စိုက်ကြည့်ကာ ထွက်သွား၏။ သူမရှေ့မှာ သူလည်းဆက်၍ထိုင်မချေင်ပါ။ ကိုယ့်ကို မချစ်လို့ အရေးမလုပ်ခဲ့ပေမယ့် ကိုယ်ထိုင်နေလျှင် သူ့ အနေခက်မိမှာကို တွေးမိသလို သူ့စိတ်တွေသည်လည်း ခံနိုင်ရည်ရှိမည် မဟုတ်။

ခေါင်းငုံ့လျှောက်နေမိရင်းမှ အိတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်လိုက်စဉ် ...

"ဟင် ... "

ကျကျန်ခဲ့ပြီဆိုတာကို သိသည်နှင့် ပြန်လှည့်လာခဲ့သည်။

သူ ပြန်လှည့်လာမည်ကို သူမကလည်း သိနေမည်မှာမလွဲ။

သူ့မျက်ဝန်းတွေက ဓာတ်ပုံနှင့် သူမကိုမြင်သည်နှင့် ကယောင်ချောက်ချားဖြစ်သွား၏။ သို့သော် ခဏလေးပဲဖြစ်ကာ ရှေ့သို့ဆက်လျှောက်လာပြီး ...

"တို့ ဓာတ်ပုံကျန်ခဲ့လို့"





ဝန်ခံခြင်းနှင့်အတူ ပြန်ပေးပါလို့မတောင်းရဲဘဲ သူမရှေ့မှာ ခြံစုံရပ်သည်။ ရုပ်လွှာက ဓာတ်ပုံကိုကိုင်၍ ထရပ်လိုက်သည်။

"ရှင်က ... သူခိုးကျင့် သူခိုးကြံပဲ၊ ဘာငြင်းချက်ထုတ်ချင်သေးလဲ"

"အဟင်း ... ဘာငြင်းချက်မှမထုတ်ပါဘူး၊ မင်းတို့ခြံထဲက ပန်းလေးတွေကို လှလို့ဓာတ်ပုံရိုက်ထားတာ"

"ဒါ. ခြံထဲက ပန်းတွေကိုရိုက်တဲ့ပုံလား"

သူမက ဓာတ်ပုံကိုထောင်ပြတော့ သိပြီးသားပေမယ့် သူက မျက်လုံးလှန်ကြည့်သည်။ ပြီးမှ ခေါင်းညိတ်၏။

"ဟုတ်ပါတယ် ရွှေရုပ်လွှာ၊ မင်းတို့ခြံထဲက ပန်းတွေကိုပဲ ရိုက်ထားတာပါ၊ ဒါပေမယ့် ပန်းတွေထက်လှတဲ့ မြင်ကွင်းကိုတွေ့လို့ ရိုက်ယူခဲ့တာ၊ တို့မှာ အပြစ်ရှိလား"

သူမ မျက်နှာလေးပျက်သွားသည်။ ကိုင်ထားသော ဓာတ်ပုံလေးကို ကြည့်ပြီး မျက်မှောင်ကြုတ် စဉ်းစားကာ သူမဓာတ်ပုံကို ဆုတ်ဖြဲပစ်ဖို့ ကိုင်လိုက်သည်။ သူက ထိတ်ထိတ်ပျာပျာ ဝင်ဆွဲကာ ဓာတ်ပုံ၏ အစွန်းနှစ်ဖက်မှာ ကိုင်ထားသော သူမ၏ လက်ကလေးနှစ်ဖက်ကို သူကဖိဆုပ်ထားလိုက်၏။

"ရှင်ဖယ်နော် လွှတ်လိုက်လေ"

"မလုပ်ပါနဲ့ ရွှေရုပ်လွှာရယ်၊ တို့တောင်းပန်ပါတယ်၊ ဘာပုံမှ ရှိတော့ပါဘူး၊ ဒီတစ်ပုံထဲရှိလို့ပါ မဖြဲလိုက်ပါနဲ့"

သူမက ဓာတ်ပုံကို လွှတ်လည်းမချ၊ သူပြန်လုဖို့ ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



နေတာကိုလည်း အပါမခံဘဲ ဖိဆုပ်ခြေမွပစ်ဖို့ ကြိုးစား၏။ သူ သူမလက်နှစ်ဖက်ကို ဖြေချဖို့ကြိုးစားရင်း ဒယိမ်းဒယိုင်တွေ ဖြစ်သွား သည်။ နောက်ဆုံးတွင် ဆိုဖာပေါ်ကို နောက်ပြန်လဲကျသွားကာ သူမ တစ်ကိုယ်လုံးက သူ့ရင်ခွင်ထဲမှာ ပုံလျက်သားလေးပါလာ၏ ဟန်ချက်တွေ ပျက်ကုန်သဖြင့် ခတ်ပုံလေးကလည်း နှစ်ယော စလုံးထံမှာ မရှိတော့ပေ။ ဒေါသတွေရော၊ ရှက်စိတ်တွေရော မွန် သူမ ပြန်ရုန်းဖို့ ကြိုးစားတော့ သူက ပွေ့ဖက်ထားသည့် လက်တို့ မလွှတ်၊ ရင်ဘတ်ချင်းကပ်လျက်ရှိသော မျက်နှာနှစ်ခု၏ အကွ အဝေးက သက်ပြင်းမချရဲသည့် အနေအထားနှင့် ...

“ရွှေရုပ်လွှာ ...”

အသံတို့ထွက်မလာဘဲ သူ့ရဲ့နှုတ်ခမ်းတွေ လှုပ်ခတ်သွား သည်။ ရုတ်တရက်မို့ သူမသတိလစ်မေ့မြောသွားသလို သူ့မျက်ဝန်း တွေမှာ ငေးစိုက်ငြိတွယ်မိကာ မိနစ်တွေ စက္ကန့်တွေ ဘယ်လော ထိ ဖြတ်သန်းသွားသည် မသိဖြစ်သွားသည်။

“အို ... ရှင်လွှတ်ပါ”

သူမ ကမူးရှူးထိုး အတင်းရုန်း၏။ သူက ပွေ့ဖက်ထားခြင်း ကို လျှော့၍ အတင်းရုန်းကန်နေသည့် သူမနှင့်အတူ ထရပ်လို သည်။ မြောက်တက်လာသော လက်တစ်ဖက်က ပြန်ကျလာသည်

“ရွှေရုပ်လွှာတို့ကို ရိုက်မလို့လား”

သူက လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်ရင်း မေးသည်။ သူ က မရုန်းတော့ဘဲ သူ့ကိုမော့ကြည့်၍ တက်ခေါက်၏။





“တို့ကို ရိုက်လိုက်လေ ရွှေရုပ်လွှာ”

သူမ လက်တွေကို လွှတ်ပေးလိုက်ရင်း သူ့လက်နှစ်ဖက်ကို သည်း စုံချရုပ်ကာ သူမရှေ့မှာ မျက်လွှာချပေးပြီးဆို၏။

သူမ အသံတိတ် လက်သီးနှစ်ဖက်ဆုပ်ရင်း သူ့ကိုစူးစူးရဲရဲ ကြည့်နေ၏။ ထို့နောက် ရှိုက်သံလေးရောစွက်ကာဖြင့် အထဲသို့ ချာခနဲလှည့်ပြေးသွားသည်။ ဝေ့ဝဲ လွင့်ပျံ့သွားသည့် သူမ၏ ဆံနွယ် သည်ရှည်အဖျားတို့က သူ့ရင်ဘတ်ကို လှုပ်ခတ်သွားသလို မွှေးပျံ့ပျံ့ ခွတ်ဖျန်းသွားသော ကိုယ်သင်းနံ့တစ်ချက်က ငေးမောသွားမိစေ သည်။ အပေါ်ထပ်သို့ ပြေးတက်သွားသော သူမ၏ ပုံရိပ်လေး ပျောက်ကွယ်သွားသောအခါ သူမျက်ဝန်းတွေကို မှိတ်ပစ်လိုက်မိ သည်။

ရင်ဘတ်ထဲမှာရှိသော အမှန်အတိုင်း အရှိကိုအရှိအတိုင်း ခံစားမည်ဆိုလျှင် သူမလည်း ရင်ခုန်သံတွေ မမှန်တော့ပါ။

လှည့်ထွက်လာခဲ့သော ကောင်းနေခကိုလည်း သူတို့မမြင်မိ ကြတော့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၀ )

အချိန်တွေ ဘယ်လိုပြောင်းပြောင်း သူနှင့်ရုပ်လွှာ၏အခ
တို့သည် ခိုင်မြဲစွာရှိနေလျက်ပင်၊ ရုပ်လွှာကျောင်းပြီးတော့
ဖြစ်သလို သူလည်းကျောင်းပြီးခါနီးပြီ၊ ဒီတစ်ခေါက် မန္တလေးပြ
သည်မှာ သူ့စိတ်တွေ အရမ်းပျော်နေမိ၏။ မေမေနှင့်ဘွားဘွား
တိုင်ပင်ပြီး ရုပ်လွှာ၏ဖေဖေကို စေ့စပ်ကြောင်းလမ်းဖို့အတွက်
ပြောတော့မည်။ ဒါဆို သူမအနားမှာ အမြဲတမ်းတွယ်ကပ်နေ
တစ်ဖက်ခြံက ဇီရှသဆိုတဲ့လူလည်း လက်လျှော့ရတော့မှာ ဖြစ်သ
နှစ်တွေကြာအောင် ချစ်လာခဲ့ရသည့် သူတို့နှစ်ယောက်အတွ
လည်း နီးစပ်ရတော့မှာ ဖြစ်သည်။

မေမေ့ဖက်ရှင်ဆိုင်လေးပိတ်ထားသည့်အတွက် အိမ်ဘက်
ကားကို ပြန်လှည့်လိုက်သည်။

အိမ်ရှေ့ရှိခြံဝန်းတံခါးကြီး ဖွင့်ထားတာမို့ သူမောင်းဝင်
ခဲ့သည်။ သူလာမယ်ဆိုတာကိုလည်း မေမေ့ဆီ အကြောင်းကြ
ထားသည့်အတွက်ကြောင့်လည်း မေမေမီးဖိုခန်း ဝင်နေပုံရသည်





သို့ပေမယ့် ဆင်ဝင်အောက်တွင် ရပ်ထားသော ကားတစ်
းကြောင့် သူ့စိတ်တွေ ဇဝေဇဝါဖြစ်မိနေ၏။ ကားမောင်းသည့် ဒရိုင်
ာနေရာ လှမ်းကြည့်လိုက်တော့ ထိုလူက စာအုပ်တစ်အုပ်ကို စူး
ိုက်စာ ဖတ်နေသည်။ သူ့ကိုတောင် တွေ့ပုံမပေါ်။

မေမေအံ့သြသွားအောင်လို့ သူအသံမပေးဘဲ ဝင်လိုက်မိ
ည့်အခါ လွင့်ပျံ့လာသော အထဲမှစကားတွေကြောင့် ရှေ့သို့လည်း
က်မလှမ်းမိ၊ နောက်သို့လည်း မဆုတ်နိုင်စွာဖြင့် ရပ်မိနေရင်းမှ
း ထောင်နေလိုက်ရသည်။

"ကိုယ့်ကို ခွင့်လွှတ်ပါ ကြာဖြူရယ်၊ မင်းပျောက်သွားတဲ့နေ့
ကစပြီး ကိုယ်လိုက်ရှာခဲ့ပါတယ်၊ မင်းကို တစ်ရက်ကလေးမှ မေ့လို့
ရခဲ့ပါဘူး၊ ဟိုတစ်ခါ ဦးအောင်သင်းအိမ်မှာ ဆုံပြီးကတည်းက
နောက်ထပ်ဆုံဖြစ်ဖို့ ကြိုးစားပါသေးတယ်၊ မင်းမန္တလေးမှာရှိတယ်
ဆိုတာလည်း မသိခဲ့ပါဘူး၊ အစောကြီးကတည်းက သိနေခဲ့ရင် မင်းနဲ့
တွေ့ပြီးတာ ကြာမှပေါ့"

"တောင်းပန်ပါတယ် ကိုနေလ၊ ပြီးခဲ့တဲ့ အတိတ်တွေကို
ပြန်တမ်းတမနေဘဲနဲ့ ရှင့်လမ်းရှင်လျှောက်ပါ"

"ဒီလိုပြောလို့ ဘယ်ဖြစ်မလဲကြာဖြူ၊ သားရှိနေခဲ့တာကို
သိဘဲနေခဲ့ရတာ ကိုယ်ဘက်လောက်ခံစားရသလဲ၊ အခုချိန်ကစပြီး
တော့ပဲဖြစ်ဖြစ် ကိုယ့်ရဲ့သား ကောင်းနေခအပေါ်မှာ ဖခင်
တစ်ယောက်အနေနဲ့ တာဝန်ကျေပါရစေလား ကြာဖြူ"

"ဟင့်အင်း ... မဖြစ်နိုင်ပါဘူးရှင်၊ အားလုံးက ပြီးခဲ့ပါပြီ
ကိုနေလ၊ အခုအချိန်မှာ ရှင်ဒါတွေပြောနေလို့ အပိုတွေပါဘဲ"

"သိပါတယ် ကြာဖြူရယ်၊ မင်းဘဝတစ်လျှောက်လုံး ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



မင်းကို အရမ်းပင်ပန်းအောင် လုပ်ခဲ့မိတယ်ဆိုတာ သိပါတယ်"

"ကိုနေလရယ် ရှင်ပြန်ပါတော့၊ ကြာဖြူ နောက်ထပ်ဘာ မကြားချင်တော့ဘူး၊ ဒီနေ့ သားပြန်ရောက်လာမှာ သားမလာခင် ပြန်ပါတော့ရှင်"

"နှစ်ပေါင်းများစွာ ခွဲခွာနေရတဲ့ ကိုယ့်ကို ဘာလို့အတင်းပြ နိုင်းနေတာလဲ ကြာဖြူ၊ သားပြန်လာရင် ကိုယ်ဟာသူ့ရဲ့ အဖေပါလို့ ကိုယ်ပြောလိုက်ချင်တယ်"

"အို ... မဖြစ်ဘူး၊ မဖြစ်ဘူး"

"ဘာလို့ မဖြစ်ရမှာလဲ ကြာဖြူ၊ သားအရင်းတစ်ယောက်လုံး တွေ့နေရတာတောင် ငါဟာ မင်းအဖေပါလို့ ပြောလို့မရတော့ဘူး လား၊ ဘာလဲ ... ကြာဖြူ ကိုယ့်ကိုပြန်တွေ့ရတာ ဝမ်းမသာဘူး လားကွာ၊ နည်းနည်းလေးတောင်မှ ကြည်နူးအောင်လုပ်မပေးနိုင် ဘူးလား"

ဦးနေလက မေမေ့ကို အမျိုးမျိုးတောင်းပန်နေတာကြည့်ပြီး သူ သဘောပေါက်ခဲ့၏။ ဟိုအလျှင် မေမေပြောတုန်းက ဖေဖေသေ ပြီတဲ့၊ အခုတော့ အသက်ထင်ရှားရှိနေပါသေးလား၊

သူဝင်ရန်အခက်၊ မဝင်ရန်အခက် တွန့်ဆုတ်နေစဉ်မှာ မေမေကအရင် သူ့ကိုလှမ်းတွေ့လိုက်၏။

"ဟင် ... သားရောက်လာပြီ"

မေမေကဝမ်းသာအားရကြိုဆိုသံနှင့်အတူ ဦးနေလကလည်း သူ့ကို လှည့်ကြည့်လိုက်၏။ သူ့ရင်ထဲမှာ ဘာဖြစ်မှန်းမသိ။ ပြန်လည် ကျောခိုင်းကာ လှမ်းထွက်လာခဲ့လိုက်သည်။

"သား ... ကောင်းနေခ ခဏနေပါဦး၊ စကားခဏပြော





အောင်"

"ခွင့်လွှတ်ပါ၊ ကျွန်တော် အန်ကယ်နဲ့ ဘာစကားမှပြောစရာ ရှိမယ် မထင်ပါဘူး"

"မဟုတ်ဘူးသား ... ပြောစရာရှိတယ်၊ ခဏနားထောင်ပါ ဦး၊ ငါကမင်းအဖေပါ၊ မင်းက အဖေ့ရဲ့သားပါကွာ"

ရင်ထဲမှ အသိတရားများက ဘယ်လိုဖျောက်ဖျက်ကုန်သည် မသိ၊ တွန့်ခနဲ မဲ့လိုက်ကာ ...

"အန်ကယ် မသိလို့ပါ၊ ကျွန်တော့်အဖေက ကျွန်တော် မမွေးခင်ကတည်းက ဆုံးသွားပြီလို့ မေမေပြောထားခဲ့လို့ ကျွန်တော် ယုံပြီးသားပါ"

"မဟုတ်ဘူးသား၊ မင်းအမေပြောတာ မဟုတ်ဘူး၊ ဖေဖေ ပြောတာ ခဏနားထောင်ပါဦး၊ သား ကောင်းနေခ ခဏနေပါဦး"

အတင်းပြေးထွက်လာပြီး သူ့ကိုလှမ်းခေါ်နေရင်းမှ လဲပြိုကျ သံကို ကြားလိုက်ရ၏။ သူ ပြန်လှည့် မကြည့်ဖြစ်တော့ပါ။ ကားပေါ် သို့သာတက်ပြီး မောင်းထွက်လိုက်သည်။

နောက်ထပ် မေမေခေါ်သံကိုပါ ကြားလိုက်ပေမယ့်လည်း သူ့နားထဲမှာ မသဲကွဲ။

သားစိတ်ထိခိုက်သွားတာသိပေမယ့် ခေါ်ကြာဖြူလှမ်းခေါ် မိသော်လည်း လှည့်မကြည့်၊ လဲကျသွားသော ဦးနေလကို စိုးရိမ်စွာ ဖြင့် ပွေ့ထူလိုက်သည်။ ကားပေါ်ရှိ လူကလည်း ပြေးလာပြီး ...

"ဆရာ ... ဆရာ ဘယ်လိုနေသေးလဲ"

"ကားပေါ်မှာ ဆေးရှိတယ် ယူလာခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ကိုနေလ ဒီမှာခဏနားလိုက်ပါလား"

"ရပါတယ် ကြာဖြူ၊ သားပြန်လာရင်သာ မင်းအမှန်အတိုင်း ပြောပေးပါကွာ၊ ငါ သားအပေါ်မှာ တာဝန်ကျေပါရစေ"

သူမက မျက်ရည်တွေကျနေရင်းဖြင့် ခေါင်းညိတ်ရှာသည်။ တကယ်တမ်း သူမရှေ့မှာ မူးလဲကျတာတွေ့တော့ ဟိုအလျှင်ရှိခဲ့တဲ့ သံယောဇဉ်တွေကြောင့် ဘယ်လိုမှ မျက်နှာမလွှဲရက်သလို ရင်ထဲမှာလည်းမကောင်း၊ လိုက်ရှာမယ်ဆိုတာကို သိနေတာကြောင့်လည်း ရှောင်ပုန်းပေမယ့် မလွတ်နိုင်။

သို့သော် သားကတော့ သူမကို ကျောခိုင်းလှည့်ထွက်သွားခဲ့၏။

ရင်ထဲမှာ အပျော်တွေ ဘယ်ရောက်ကုန်ပြီလဲမသိ၊ မူးဝေနောက်ကျိနေသော ခေါင်းတို့ကို ခါရမ်းလျက် မျက်ဝန်းမှ မျက်ရည်တို့က ယောကျ်ားတန်မဲ့ အလိုလို ရစ်ဝဲလာရသည်။

ဘာမှလည်း မစားချင်၊ ဘာမှလည်းမလုပ်ချင်၊ ဖြစ်နိုင်လျှင် သူ စကြာဝဠာဆုံးသည်ထိ ထွက်ပြေးလိုက်ချင်သည်။ တံခါးဖွင့်သံနှင့်အတူ ခြေလှမ်းဖွဖွအသံကြောင့် မေမေဝင်လာတာကိုသိ၏။

"သား ... မေမေနဲ့ စကားပြောရအောင်"

"သားကို ဘာစကားမှ မပြောပါနဲ့လား မေမေ၊ သားရင်တွေ ပွင့်ထွက်တော့မယ်ဗျာ ... "





"သားရင်ထဲမှာ ခံစားနေရတာကို မေမေနားလည်ပါတယ်၊ ဒါပေမယ့် မပြောမဖြစ်တော့မယ့် စကားဆိုတော့ သား နားထောင်ပေးရလိမ့်မယ်"

သူ ဘာမှပြန်မပြောနိုင်၊ ခေါင်းငိုက်စိုက်ကျလျက်မှ ...

"မေမေ ... အစကပြောတော့ ဖေဖေသေပြီဆို၊ အခု ဘာလဲ မေမေရာ၊ မေမေသေပြီဆိုပြီး သားမသိအောင် မေမေဘာလို့ ဖုံးကွယ်ထားရတာလဲ"

သားပြောသမျှ စကားတို့ကို သူမဘယ်လိုရှင်းပြရမှန်းမသိ၊ မျက်ဝန်းမှဝဲတက်လာသော မျက်ရည်တွေနှင့်ငိုရှိုက်သံတို့ကြောင့် ဒေါ်ကြာဖြူ သား၏ပခုံးလေးကို ဆုပ်ကိုင်ရင်း ...

"သား ... ဟုတ်တယ် ကိုနေလဟာ မင်းရဲ့ဖေဖေပါ ... မေမေတို့ ကျောင်းတက်တုန်းက တွေ့ခဲ့ကြတယ်သား၊ သူနဲ့ မေမေတို့ ချစ်သူဘဝရောက်သွားတဲ့အချိန်မှာ မေမေတို့အကြောင်းကို သူ့ဘက်က သိသွားကြလို့ အညတဖြစ်တဲ့မေမေ့ကို သူ့မိဘတွေက သဘောမကျခဲ့ဘူး၊ ဒါပေမယ့် မေမေဟာ သူတို့ဘယ်လိုပဲဖြစ်နေနေ သူ့ကိုပဲယုံကြည်ပြီး မေမေတို့နှစ်ယောက်ရဲ့ ချစ်ခြင်းကို ခိုင်မြဲအောင် စောင့်ထိန်းဖို့ လုပ်တယ်၊ ဒါပေမယ့် သူတို့ဘက်က အားလုံးရဲ့တင်းမာမှုတွေကြောင့် မေမေ့မှာ အင်အားမရှိခဲ့ပါဘူး ...

သူဟာ မေမေ, သားရဲ့ကိုယ်ဝန်ကိုလွယ်ထားရတာ သိသွားပြီးတဲ့နောက် အဝေးကိုထွက်ပြေးဖို့ ပြောခဲ့တယ်၊ ဒါပေမယ့် သူ့ဘက်က မေမေ့မှာ ကလေးရှိနေတယ်ဆိုတာ အကြောင်းပြပြီး တွယ်ကပ်နေတယ်လို့ အထင်မခံချင်တာကြောင့် မေမေကိုယ်တိုင် သူ့ကို စွန့်ခွာခဲ့တယ်သား၊ ဒါ အမှန်တကယ်ပါ သားရယ်၊ ကိုနေလဟာ



www.burmeseclassic.com

www.burmeseclassic.com



သားရဲ့အဖေ အရင်းပါပဲ”

သူသည် မေမေ့စကားတွေကို ထပ်မကြားချင်တော့စွာ ခေါင်းကို ခါယမ်းပစ်လိုက်သည်။

ဟင့်အင်း ... မယုံဘူး၊ သား မယုံဘူး မေမေ။

“မဟုတ်ဘူး၊ မဟုတ်ဘူး မေမေ၊ သားမေမေက သားငယ်ငယ်လေးကတည်းက မေမေပြောတာ ဆုံးသွားခဲ့ပါပြီ”

ကယောင်ချောက်ချားဖြစ်နေသော သားကို ဆံစလေးတွေ ပွတ်သပ်ပေးရင်း နှစ်သိမ့်နေမိ၏။

“သားရယ် ... သားက လက်မခံချင်ဘူးဆိုရင်လည်း သူ့ကို အဖေတစ်ယောက်အနေနဲ့ အသိအမှတ်ပြုပါလို့ မေမေအတင်းတောင်းဆိုဖို့ မရည်ရွယ်ပါဘူးသား၊ ဒါပေမယ့် ဒီဦးနေလဆိုတဲ့ လူက သားရဲ့အဖေဆိုတဲ့ အမှန်တရားကိုပဲ သိရင်တော်ပါပြီ”

“မေမေ ဦးနေလဟာ သားဖေဖေဆိုတဲ့ အမှန်တရားကို သိတော့ကော ဘာတွေများပြောင်းလဲသွားနိုင်မှာမို့လို့လဲ ... ငယ်စဉ်ကတည်းက အဖေမရှိခဲ့လို့ မေမေနဲ့သားတို့ရဲ့ ပင်ပန်းခဲ့ရတဲ့ အတိတ်က ပြောင်းလဲသွားမှာလား”

“သား ... ပြောင်းလဲတာ မပြောင်းလဲတာကို မေမေ မဆိုလိုချင်ပါဘူး၊ အခု အချိန်မှာ သားဖေဖေကိုတွေ့ပြီးပြီ၊ သားရင်ထဲမှာ သိထားဖို့က သားဖေဖေကို မမုန်းလိုက်ပါနဲ့၊ ဒါတွေဟာ တကယ်တော့ မေမေ့အမှားပါ၊ မေမေက သားဖေဖေကို စွန့်ခွာထားခဲ့လိုက်လို့ပါ”

“မေမေတကယ် စွန့်ခွာခဲ့တာပေါ့ ဟုတ်လား၊ ဒါဆိုရင် မေမေစွန့်ခွာခဲ့တဲ့ အချိန်တုန်းက အဲဒီလိုစွန့်ခွာရမယ့်အကြောင်း





အရင်းရှိခဲ့လို့ရော မဖြစ်နိုင်ဘူးလား”

“သား ... ”

မေမေသည် စူးရဲသည့်မျက်လုံးတွေနှင့် သူ့ကိုစိုက်ကြည့်၏။ ထိုအခါ သူ့ချာခနဲ တစ်ဖက်သို့ မျက်နှာလွှဲရင်း လှည့်ထွက်ခဲ့တော့သည်။

သူ့ရင်မှာ နေဆယ်စင်းမက ပူလောင်ပြီမို့ တွေးလိုက်မိသည်နှင့် အဖြစ်အပျက်များက မယုံနိုင်စရာ။

ဒါဆို ရုပ်လွှာကို တစ်ဖက်သတ်ချစ်နေသည့် ဝီရသဆိုတာဟာ သူနဲ့ညီအစ်ကိုတွေ ဖြစ်နေရပြီပေါ့။

မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး ဒါဟာ ဘယ်လိုမှခံစားလို့ မရနိုင်ဘူး၊ ဒီလို အဖြစ်တွေ ဘာလို့ဖြစ်ခဲ့ရတာလဲ၊ သူဘယ်လိုမှ မတွေးတတ်တော့ပေ၊ သာယာစွာရှိနေတဲ့ သူတို့သားအမိကြားကို ဖေဖေဆိုတာ ခုမှဘာလို့ပေါ်လာရတာလဲ ... ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၁ )

မန္တလေးရောက်ပြီးတည်းက အိမ်ထဲမှအိမ်ပြင်မထွက် အခန်းတံခါးပိတ်ကာနေသော သားကိုကြည့်ပြီး စိတ်မကောင်းနိုင်။

အမှန်ကို အမှန်အတိုင်း သိနေမြင်နေရတာတောင် သားက ဘာလို့ လက်မခံနိုင်ရတာလဲ။ မခေါ်ချင်နေ မတော်ချင်လို့မရ ဆိုပေမယ့် နှစ်ပေါင်းများစွာ ဝေးကွာနေရတဲ့ အဖေဆိုတာကို လှိုက်လှိုက်လှဲလှဲ ခေါ်စေချင်သည်။ သို့ပေမယ့် သားကိုချစ်ခဲ့မိသည့်စိတ်ကြောင့် သူမကပင် အလျှော့ပေးရမည်ဆိုတာကို သိနေခဲ့၏။

"သား ... သားလေးနေခဲ"

အထဲမှ ဘာသံမျှမကြား၊ တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေရသော သားကို မကြည့်ရက်နိုင်၊ အထဲမှ ခြေသံတရှပ်ရှပ်နှင့် အတူ ...

"သားကို မေမေဘာပြောချင်လို့လဲ"

"သားရယ် မင်းဒီလောက်အထိ စိတ်မကောင်းဖြစ်လိမ့်မယ်





လို့ မေမေ မထင်ဘူး၊ အမှန်တရားကို သားကလက်မခံချင်မှတော့ မေမေ ဘာမှပြောခွင့် မရှိနိုင်တော့ပါဘူး၊ သား ... မေမေ့ကို ခွင့်လွှတ်နော်၊ ဘယ်လိုမှ မထင်မှတ်ဘဲ သားဘဝမှာ ငယ်ငယ်တုန်းကတည်းက ဆုံးသွားခဲ့ပြီလို့ ထင်ထားခဲ့တဲ့ သားရဲ့ ဖေဖေဆိုတာကို ချက်ချင်းကြီး တွေ့လိုက်ရလို့ သားရင်ထဲမှာ ထိခိုက်နာကျင်သွားတာ မေမေတောင်းပန်ပါတယ် သားရယ်"

မေမေက ပြောရင်းဖြင့် သူ့ရင်ခွင်ထဲမှာ ရှိုက်ကြီးတငင် ငိုနေသည်။ မေမေ့ ကျောကိုသပ်ပေးရင်းဖြင့် သူနှစ်သိမ့်လိုက်မိ၏။

"မငိုပါနဲ့ မေမေရယ်"

မေမေငိုတော့ သူပါ မျက်ရည်လည်ရပြန်သည်။

"မေမေ ... မေမေ သားကိုချစ်တယ်မလား"

မေမေက မျက်ရည်တွေကြားမှ ခေါင်းလေးညိတ်ပြသည်။

"မေမေ ... သားကိုချစ်တယ်ဆိုရင် အခုဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေလို မေ့ပစ်လိုက်ရအောင်၊ ဒီနေ့ကစပြီး မေမေနဲ့သား ဘာကိစ္စမှ မဖြစ်ခဲ့ဘူးလို့ စိတ်ထဲမှာ မှတ်ထင်ပြီးနေသွားကြမယ်၊ ဒီလောကကြီးထဲမှာ အရင်ကလိုပဲ ဘာမှမပြောင်းလဲတဲ့ မေမေနဲ့သား နှစ်ယောက်တည်းပဲ ဘဝကိုရပ်တည်ပြီး ... ရန်ကုန်မှာ အခြေချကြရအောင်၊ သား ဆရာဝန်ဖြစ်ဖို့ ရည်ရွယ်ချက်ကလည်း မေမေ့အတွက်ပါပဲ၊ ဒါကြောင့် မေမေ့ရင်ထဲမှာ စိတ်မကောင်းစရာတွေတွေးပြီး ငိုမနေပါနဲ့တော့၊ မေမေငိုနေတာကို မြင်တော့ သား မကြည့်ရက်ဘူး"

မေမေ့မျက်ရည်တို့ကို သူက ယုယစွာသုတ်ပေးခဲ့၏။ သူ၏ မျက်ရည်ကို သေချာစိုက်ကြည့်ရင်းဖြင့်လည်း မေမေက ဖေးနက်



www.burmeseclassic.com

www.burmeseclassic.com



သော အပြုံးဖြင့်စကားဆိုလာသည်။

"သား ... ဒီစကားဟာ သားတကယ်ပြောတာလား၊ သားရင်ထဲကပြောတာဆိုရင်တော့ သားတကယ်ပဲ ဟိုးအရင်ကလို ဘာတစ်ခုမှ မပြောင်းလဲပဲ နေသွားမှာလား၊ သား အဲဒီလို အမြဲတမ်းနေသွားနိုင်မှာလား"

"ဘာလို့ မနေနိုင်ရမှာလဲ မေမေ၊ ဟိုအရင်ကတည်းက မေမေနဲ့သား နှစ်ယောက်တည်း ရှိခဲ့တာပဲ"

မေမေက သူ့ကို ပြုံးပြီး ကျစ်ခနဲတစ်ချက်မဲ့လိုက်သည်။

"မေမေပြောတဲ့ မေ့ပစ်ရမယ့်အကြောင်းအရာတွေထဲမှာ သားပတ်သက်သမျှတွေကိုလည်း မေ့ပစ်ရမှာနော်၊ သားပြောခဲ့သလို ပေါ့ ဟိုအရင်တုန်းကလို မေမေနဲ့သားနှစ်ယောက်တည်းပဲ"

မေမေက သူ့ကိုပြန်စိမ်ခေါ်လိုက်တာကို သူသဘောပေါက်၏။ သူ့စကားနှင့်သူ ဖြစ်ပြီးမှတော့ မတတ်နိုင်။

"သား၊ မေမေပြောတာ သဘောပေါက်ပါတယ်၊ သားဘဝမှာ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စတွေရော၊ မေမေ့ဘဝမှာ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စတွေရော အကုန်မေ့ပစ်မှာပါ၊ သား မေ့နိုင်သလို မေမေလည်း မေ့ပစ်နိုင်အောင် ကြိုးစားပါ"

သူနဲ့ ရုပ်လွှာကိစ္စကိုလည်း သူမေ့ပစ်ရတော့မည်။ မေမေ တကယ် မေ့ပစ်နိုင်ရင် သားလည်း မေ့နိုင်ရမှာပေါ့လေ။





တကယ်တမ်းမှာ ကိုယ်ချစ်ရတဲ့သူတစ်ယောက်ကို လမ်းခွဲစကားပြောဖို့ဆိုတာ တော်ရုံအသည်းမာမှုမျိုးနှင့် မဖြစ်နိုင်။ သူ့ရင်ထဲမှာ သိပ်ချစ်တတ်တာကို နားလည်ခဲ့ပေမယ့် မမာနိုင်ခဲ့တဲ့ သူ့ရဲ့အသည်းမှာ ရုပ်လွှာကို လမ်းခွဲဖို့ဆိုတာ ဘယ်လိုမှ ပြောမထွက်ရက်ပေ။

ကံတရားဟာ သိပ်ချစ်ခဲ့တဲ့ ချစ်သူနှစ်ဦးအတွက် ဘာဖြစ်လို့များ လမ်းခွဲဖို့အကြောင်း ဖန်လာခဲ့ရတာလဲ၊ မိန်းကလေးတစ်ယောက်ကို စ,စဦးဆုံးချစ်ခဲ့မိတဲ့ သူ့ရဲ့ဘဝပေးအခြေအနေကိုက ဒီလို ဖြစ်ဖို့ကို ကံတရားပါခဲ့ပုံပင် ... ။

အခုတော့ သူ့ရဲ့ကံကြမ္မာဟာ နှလုံးသားတစ်ခုလုံးနဲ့ ရင်းရပါလားဆိုတာ နားလည်သွားမိသည်။ သူ့လက်ထဲမှ ဖုန်းလေးဟာ တဆတ်ဆတ် တုန်ခါရင်း အောက်သို့ပြုကျသွားရ၏။ စိတ်ကို အတတ်နိုင်ဆုံးတင်းကာ ဖုန်းခလုတ်လေးများကို ပြန်လည်ခေါ်ယူလိုက်သည်။ တစ်ဖက်မှာ လိုင်းဝင်သွားသော်လည်း သူဘာစပြောရမှန်းမသိ။

"ကို ... "

" ... "

"ကို ... ဖုန်းကိုင်ထားပြီး၊ ဘာမှလည်း မပြောပါလား၊ ရုပ်လွှာ နားထောင်နေတယ်ပြောလေ ... "

"ရုပ်လွှာ ... "

"ဟင် ... ကို ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်လွှာ ကိုယ်ဒီစကားကိုပြောဖို့အတွက် အတန်တန်စဉ်းစားခဲ့တာပါ၊ ကိုယ် ရုပ်လွှာကို မချစ်လို့မဟုတ်ပါဘူး၊ ဒါပေမယ့် ရုပ်လွှာ ..."

"ကို ဘာတွေပြောနေတာလဲ၊ ရုပ်လွှာ နားမလည်နိုင်တော့ဘူး၊ ပြောပါ ရုပ်လွှာကို ရှင်းရှင်းပြောပါ ကို"

"ဟုတ်တယ် ရုပ်လွှာ ... ကိုယ့်ကို မေ့လိုက်ပါတော့"

"ရှင် ..."

သူမ ဖုန်းလေးကိုကိုင်ထားရင်းမှ နှုတ်ခမ်းလေးတွေ တုန်ရင်နေသလို ရင်ထဲမှာလည်း အံ့ဩမိကာ ... လှိုင်းထမို့မောက်သွားသည်။ တစ်ဖက်မှ ဖုန်းပိတ်လိုက်တာကြောင့် သူမ ဘာမှတောင်ဖြေရှင်းမှု မရလိုက်ဘဲ အကျိုးအကြောင်းလည်း ဘာမှ မသိရဘဲနဲ့ သူမက မေ့လိုက်ရတော့မှာလား ...

ကို ... ရယ် ... ရှင့်ကို ရုပ်လွှာဘယ်လိုနားလည်ပေးရတော့မှာလဲ၊ မထင်မှတ်စွာ အချစ်တွေပေးပြီး ဒီလောက်အထိ ချစ်လာခဲ့ပြီးမှ ဘာဖြစ်လို့ မေ့လိုက်ရမှာတဲ့လဲဟင် ...

လက်ကိုင်ဖုန်းလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလျက် သူမရင်ထဲမှ အသည်းလေးတစ်စ ပြတ်ကျသွားသလို ခံစားလိုက်ရ၏။ သူမ ရင်ထဲမှာ ကြာလာသည့်တိုင်အောင် ခိုင်မာသောအချစ်တွေသည် ယုံကြည်စွာရှိခဲ့ရပြီး သူကတော့ ပြတ်သားစွာ ပြောခဲ့ကာ လေစိမ်းတွေ စတိုက်နေတော့သည်။

သူမ မေလေးဆီ ဖုန်းဆက်တိုင်ပင်တော့လည်း မေလေးမှာ





စိတ်မကောင်းရုံကလွဲလို့ ဘာလုပ်ပေးရမှန်းမသိ။

မေလေးနဲ့အတူ ဘောက်ထော်က သူတို့အိမ်ကိုသွားဖို့ကျတော့လည်း မဝံ့မရဲ။

မန္တလေးက ဘွားဘွားကို မေးရန်စိတ်ကူးရသွားသည်နှင့် ချက်ချင်းပင် ဖုန်းခေါ်လိုက်၏။

"ဘွားဘွား ..."

"ဘာလဲ မြေးလေး ဘွားဘွားကို သတိရလို့လား"

"သတိရလို့ ဆက်တာပေါ့ အဘွားရယ်၊ အဘွား ..."

"ဘာလဲ မြေးလေး၊ ဘာပြောမလို့လဲ ပြောလေ"

"ဟိုလေ ... ဟိုအဘွားဆီကို ကိုကောင်းနေခ လာသွားပြီလား"

"ဟင့်အင်း ... မလာပါဘူး မြေးလေးရဲ့၊ ဘာဖြစ်လို့လဲ ကောင်းကောင်းက မန္တလေးလာမယ်ပြောထားလား"

အဘွားမေးတာကို ရုပ်လွှာဘာဖြေရမှန်းမသိ၊ ပြောလို့မဖြစ်ဘူးလေဆိုသည့်အတွေးနှင့် ...

"ဟုတ်တယ် အဘွား၊ သူ မန္တလေးသွားမယ်ပြောတယ်၊ အဘွားဆီလည်း ဝင်လာမယ်တဲ့"

"ဒါဆို လာမှာပါ မြေးလေးရဲ့၊ ကောင်းကောင်း မအားသေးလို့ထင်ပါတယ်၊ အဘွားလည်း ဟိုဘက်တိုက်ကိုမရောက်တာ ကြာဖြူနဲ့တောင် မတွေ့ဖြစ်ဘူး၊ နေပါဦး အဘွားမနက်ဖြန်လောက်တော့ အဲဒီတိုက်ကိုသွားရင်သွားဖြစ်မယ်၊ အဘွားမနက်ဖြန်သွားရင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းခေါင်းကို ခေါက်ထည့်လိုက်ဦးမယ်၊ အဘွားဆီကို အရင် မလာဘူးလို့ ကဲ မြေးလေး ဘာမှာဦးမလဲ"

"မမှာတော့ပါဘူး အဘွားရယ်၊ ဒါနဲ့ အဘွားဘယ်တော့လာမှာလဲ"

"ဟင် ... ဟိုတလောကတင် မန္တလေးပြန်ရောက်တာ မကြာသေးဘူး၊ မြေးလေးကျတော့ လာမယ်စိတ်မကူးဘူး၊ အဘွားကိုပဲ အတင်းခေါ်နေတယ်"

"လာပါ့မယ် အဘွားရယ်၊ ဒီတစ်ခေါက် ကျိန်းသေ အဘွားနဲ့ လိုက်မယ်"

အဘွားနှင့်စကားတွေ အကြာကြီးပြောပြီးမှ ဖုန်းချလိုက်သည်။ သူသည် အဘွားဆီသို့ပါ မသွားဘဲ အဆက်ဖြတ်ထားပုံရ၏ ဘာကြောင့်များလဲ ကိုကောင်းနေခရယ်။

## အခန်း ( ၂၂ )

အဘွားဖုန်းဆက်ပြောလိုက်သည့် စကားတွေက၊ သူ့မအတွက် ပို၍ ပဟေဠိဖြစ်ရသည်။ ကောင်းကောင်းတို့ရဲ့ ဆိုင်ရော၊ အိမ်ပါ တံခါးတွေပိတ်ပြီး သော့ခတ်ထားတယ်၊ သားအမိနှစ်ယောက်စလုံး မတွေ့ဘူး၊ ဘယ်သွားကြမလဲမသိဘူး၊ ဆိုသည့် စကားတွေနှင့်အတူ ...

ဘွားဘွားနောက်ရက် သွားကြည့်တော့လည်း ဒီအတိုင်းပဲ၊ မတွေ့ပြန်ဘူး မြေးလေးရယ်၊ ခါတိုင်း ဘယ်နေရာသွားသွား၊ အဘွားကို ကြာဖြူက အကြောင်းကြားတယ်၊ ဒီတစ်ခါ ဘယ်လိုဖြစ်လို့လဲ မသိဘူး။

ရုပ်လှာ ဘာမှစဉ်းစားမနေတော့ ဘောက်ထော်ရှိ သူနေတဲ့ အိမ်ကို လိုက်လာခဲ့လိုက်၏။

ဟိုအရင် ခြံစောင့်ဦးလေးတုတ်ပေါ် မဟုတ်တော့ဘဲ တခြား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုသာ တွေ့လိုက်ရသည်။

"ဦးလေး ..."

"ဆို ... ကလေးမ"

"ဒီက ဦးလေးတုတ်ပေါရောဟင်"

"ကိုတုတ်ပေါက ရွာကိုခဏပြန်တယ်၊ ပြောခဲ့လေ သူလာရင် ဘာပြောပေးရမလဲ"

"ဟို ... ရပါတယ် မပြောပါနဲ့၊ ဒါနဲ့ ကိုကောင်းနေခရော ရှိလားမသိဘူး"

"ကိုနေခက မိုးလင်းကထွက်ပြီး၊ မိုးချုပ်မှ ပြန်ရောက်လာတတ်တယ်၊ ကိစ္စရှိရင် ပြောထားခဲ့လေ"

"ဒါဆို အန်တီကြာဖြူကရောဟင်"

"မမလေးလည်း အပြင်ထွက်ပါတယ်"

"အန်တီကြာဖြူရော ကိုကောင်းနေခပါလာရင် ပြောပေးပါ။ ရုပ်လွှာ လာသွားတယ်လို့၊ ရုပ်လွှာဆီ ဖုန်းဆက်ပါဦးလို့၊ ရုပ်လွှာ ခေါ်တိုင်း ဖုန်းအမြဲပိတ်ထားတယ်"

"သူတို့လာရင် ပြောထားပေးပါ့မယ်"

ဒီလိုနှင့် သူမခေါင်းငိုက်စိုက် ပြန်ခဲ့ရပြန်သည်။

ကျောင်းကိုသွားလျှင် တွေ့မှာဆိုတာကို သိပေမယ့်လည်း သူမ မသွားရဲ၊ သူမကျောင်းကိုများ ပေါ်လာလေမလားလို့ မျှော်ရတာလည်း အမော၊ စာသင်ခန်းသို့ ရောက်ပေမယ့်လည်း ခေါင်းထဲမှာ သူသာလျှင် စိုးမိုးနေဆဲ။ သူမကို ကြည့်ပြီး စိတ်မသက်မသာဖြင့်





မေလေးက သက်ပြင်းတချချ။

"ကိုကောင်းနေခ ဘာဖြစ်လို့ ဒီလိုပြောရတယ်ဆိုတာ မစဉ်းစားတတ်တော့ဘူး"

"ငါလည်း ဘယ်လိုမှတွေးလို့မရဘူး မေလေးရယ်၊ ဖုန်းဆက်တော့လည်း ဖုန်းကိုပိတ်ထားတယ်၊ ဘာကိစ္စရယ်လို့ အကျိုးအကြောင်း မသိရဘဲနှင့် မေ့လိုက်ပါတော့လို့ဆိုတဲ့ စကားတစ်ခွန်းနဲ့ သူမို့ပြောရက်တယ်"

"ဟင်း ... ရုပ်လွှာ သိပ်လည်းစိတ်ညစ်မနေပါနဲ့၊ ငါ ကိုကိုကျော်ဆီ ဖုန်းဆက်ပြီး အကျိုးအကြောင်း မေးခိုင်းပေးမယ်"

မေလေးသည်လည်း ထိုစကားမှလွဲ၍ တခြားဘာကိုမှ အားမပေးနိုင်တော့ချေ။

ခါတိုင်း မေလေးအိမ်က ကားမလာသေးလျှင် ရုပ်လွှာ စောင့်ပေးတတ်၏။ အခုခါမှာ ရုပ်လွှာသည် အသည်းကွဲဝေဒနာကို တစ်ယောက်တည်း ခံစားရင်း စိတ်သွားတိုင်းကိုယ်မပါ ဖြစ်နေရသည်။

"မေလေး ငါပြန်နှင့်တော့မယ်ဟာ ..."

"သွားလေ ရုပ်လွှာ၊ နင်အိမ်မှာ အေးအေးဆေးဆေး ပြန်အနားယူပါဟာ၊ ကိုကိုကျော် ဖုန်းဆက်ရင် နင့်ကို ငါလှမ်းပြောပါ့မယ်"

ထွက်ခွာသွားသော ရုပ်လွှာကားလေးကို မျက်စိတဆုံး ကြည့်နေမိ၏။ ချစ်သူ ရည်းစား မထားခဲ့ဖူးသော ရုပ်လွှာအဖို့ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာခံစားနေရတာကို သူမလည်းနားလည်ပေးနိုင်သည်။

"မေလေး ..."

ခေါ်သံနှင့်အတူ ရှေ့မှာလာရပ်သော ခြေတစ်စုံကြောင့် သူမ မော့ကြည့်လိုက်သည်။

"ဝီရသ"

"ကျွန်တော် မေလေးနဲ့ စကားပြောစရာရှိလို့"

"ပြောလေ ဝီရသ၊ ဘာပြောမလို့လဲ"

"ကျွန်တော် ရွှေရုပ်လွှာအကြောင်းမေးချင်လို့"

"ဪ ..."

"ရွှေရုပ်လွှာက ကျွန်တော်နဲ့ပတ်သက်တာတွေ မေလေးကို ဘာများပြောထားတာရှိသေးလဲ"

"ဟင် ... ဘာမှ မရှိပါဘူး၊ ဘာဖြစ်လို့မေးတာလဲဟင်"

"ရွှေရုပ်လွှာ အခုတလော မျက်နှာမကောင်းလို့ ဘာများဖြစ်လဲလို့၊ နောက်ပြီး ရွှေရုပ်လွှာရဲ့ ချစ်သူဆိုတာလည်း အရင်လိုလာတာမတွေ့ဘူး၊ ကျွန်တော်နဲ့များ ပတ်သက်နေမလားလို့"

ပြောင်းလဲသွားသော ဝီရသတစ်ယောက် ရုပ်လွှာအပေါ် အနိုင်မယူတော့သလို မျက်စိအောက်က အပျောက်မခံဘဲ ဂရုတစိုက်ရှိတတ်နေသည်မှာ ရုပ်လွှာနှင့် မေလေးသိနေသလို ဝီရသ၏ သူငယ်ချင်းတွေလည်း အကုန်သိ၏။ ပြောသင့်သည် ထင်သောကြောင့်လည်း မေလေးမှာ မနေသာတော့ ...

"ဟုတ်တယ် ... ဝီရသ၊ ရုပ်လွှာကို ကိုကောင်းနေခ အဆက်





ဖြတ်လိုက်တယ်၊ ရှင် ရုပ်လွှာကိုချစ်နေတာတော့ ကိုကောင်းနေခ သိတယ်၊ ဒါပေမယ့် ဒီကိစ္စနဲ့တော့ မဖြစ်နိုင်ဘူး၊ ကိုကောင်းနေခ သိနေတာ ကြာလှပြီပဲ"

"ကျွန်တော်နဲ့ ပတ်သက်တယ်ဆိုရင်တော့ ကျွန်တော်ရှင်းပြပေးမှာပါ၊ ရွှေရုပ်လွှာ ဒီလိုခံစားနေရတာကို ကျွန်တော်မကြည့်ရက်ပါဘူး"

"ဝီရသ ရှင်က ရုပ်လွှာကို တစ်ဖက်သတ်ချစ်နေရတဲ့ သူပဲ၊ ကိုကောင်းနေခ အဆက်ဖြတ်လိုက်တဲ့ အချိန်မှာ ရှင့်အတွက် အခွင့်အရေးတစ်ခု ရလိုက်တယ်လို့ မထင်လိုက်ဘူးလား"

ဝီရသက ခေါင်းခါသည်။

"သူများ ချစ်သူနှစ်ယောက်ကြား ပဋိပက္ခဖြစ်နေချိန်မှာ ကျွန်တော် ပွဲလန့်တုန်းဖျာဝင်မခင်းပါရစေနဲ့ မေလေး၊ ရွှေရုပ်လွှာကို ကျွန်တော်ချစ်တာ သူပျော်ရွှင်တာ၊ စိတ်ချမ်းသာစေချင်တာ မြင်ရရင် လုံလောက်ပြီ၊ စွန့်လွှတ်အနစ်နာခံမှတို့ ရယူပိုင်ဆိုင်ရမှတို့ ဆိုတာ အသာထား၊ ဘယ်သူမဆို ကိုယ့်ချစ်ရတဲ့သူကို ဘယ် စွန့်လွှတ် ရက်ပါ့မလဲ၊ ကျွန်တော် တစ်ဖက်သတ်ချစ်နေရသလိုပေါ့၊ ကိုယ့်ကိုမချစ်ဘဲနဲ့ ရယူပိုင်ဆိုင်ရမှာကိုတော့ ကျွန်တော်မလိုလားဘူး"

ထိုအခါမှ မေလေးက ပြုံးလိုက်ပြီး ...

"ရှင် ... ရုပ်လွှာကို တကယ်ချစ်မိသွားတာ မေလေး ယုံကြည်ပါပြီ၊ တကယ်လို့များ ရှင်နဲ့ပတ်သက်မှု ရှိနေတယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ရှင်းပြရဖို့အတွက် ဝန်မလေးပါဘူး၊ မေမေ
သာ ကိုကောင်းနေခဲ့ဆိုတဲ့ လူကို မေးကြည့်လိုက်၊ ကျွန်တော့်ဘ
က အဆင်သင့်ပဲ"

သူ့အပြောကြောင့် မေလေးအရမ်းကျေနပ်သွားရသည်။

ကိုယ်ချစ်ရတဲ့သူကို လမ်းခွဲစကားပြောလိုက်ရပေမယ့်လည်း အချိန်တိုင်းသတိရနေမိသည်။ စချစ်လာတည်းက လမ်းခွဲဖို့ဆိုတာ ယောင်လို့တောင်မတွေးခဲ့၊ သူသတိရ လွမ်းနေသလို ရပ်လွှာလည်း လွမ်းဆွတ်နေလိမ့်မည်။

ခွင့်လွှတ်ပါ ရပ်လွှာရယ်၊ မထင်မှတ်ဘဲ ဖြစ်လာခဲ့ရလို့ပါ

သူဘယ်လောက်ကြာကြာ တွေဝေငေးမောနေမိသည်မသိ လက်တစ်ဖက်က ပခုံးကိုဆုပ်ကိုင်ရင်း သူ့နာမည် ခေါ်လိုက် ကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

"ဟင်"

"မအံ့သြပါနဲ့ သား၊ ဖေဖေစကားပြောချင်လွန်းလို့ မင်း စောင့်ကြည့်နေတာပါ၊ ရုတ်တရက်ကြီးထတော့ မသွားပါနဲ့ဦး ဖေဖေတောင်းပန်ပါတယ်"

တောင်းပန်စကားပြောရင်း တားမြစ်လိုက်တာကြောင့် နေ အတိုင်းပင် ထိုင်နေလိုက်သည်။ ဦးနေလကလည်း သူနဲ့ မလှ မကမ်းမှာ ဝင်ထိုင်ရင်း ...





"သား ... မင်းကို ဖေဖေ ဘယ်ကစပြီး ပြောရမှန်းတောင် မသိတော့ပါဘူး၊ တကယ်တော့ မင်းမေမေမှာ ဖေဖေနဲ့ ..."

"ကျွန်တော့်ကို စကားတွေ အရှည်တဝင့် ရှင်းပြနေစရာ မလိုပါဘူး အန်ကယ်"

ဦးနေလ စကားမဆုံးမီ သူက ဖြတ်ပြောလိုက်ပေမယ့်

ဦးနေလ ဆက်ပြောလိုက်ပြန်သည်။

"မဟုတ်ဘူးသား ... မင်းအရမ်းအံ့သြပြီး အရမ်းလည်းစိတ်ဆင်းရဲနေမယ်ဆိုတာ ဖေဖေ သိပါတယ်"

"အဟင်း ... ကျွန်တော် အံ့လည်းမအံ့သြဘူး၊ စိတ်လည်း မဆင်းရဲပါဘူး၊ ဒီအကြောင်းတွေကိုလည်း ကျွန်တော် ဘာမှမသိသလို ဘာမှလည်း နားမထောင်ချင်ဘူး"

"သွေးသားဆိုတာ ဖြတ်ဖို့ခက်ပါတယ်သားရယ်၊ နားမထောင်ချင်ပေမယ့်လည်း နားထောင်ဖို့တော့ လိုအပ်လိမ့်မယ်၊ သားရင်ထဲမှာ ခံစားရသလို သားရှိတာကို အခုမှ သိလိုက်ရတဲ့ ဖေဖေ့အတွက်လည်း ရင်နာလို့ မဆုံးဘူးသား"

"ကျွန်တော့် မေမေက မပြောလို့ အပြစ်ပြောချင်တာလား၊ မေမေဟာ အရမ်းသနားဖို့ကောင်းခဲ့တာပါ၊ ကျွန်တော် ငယ်ငယ်တုန်းတည်းက ရှာဖွေကျွေးခဲ့တာ ဘာလေးပဲစားစား ကျွန်တော် မဝမှာစိုးလို့ မေမေဟာ သူကိုယ်တိုင် အငတ်ခံခဲ့တယ်၊ ကျွန်တော်နဲ့ မေမေ ဘဝကိုတကယ်ကိုပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲနဲ့ ရုန်းကန်ရင်း နေခဲ့ရတယ်။ ပတ်ဝန်းကျင်က လူတွေရဲ့ ကဲ့ရဲ့မှုအောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကို မျက်ရည်ကျချင်ပေမဲ့လည်း ဘဝကို ကြံ့ကြံ့ခံပြီး မျက်ရည်တွေကို သိမ်းဆည်းထားခဲ့ရတယ်၊ မေမေဟာ ကျွန်တော့်ကြောင့် မျက်ရည်တွေကို မြိုသိပ်ထားခဲ့တယ်ဆိုတာ ကျွန်တော်သိတယ် မေမေ မြိုသိပ်ထားတဲ့ မျက်ရည်တွေဟာ မေမေ့ရင်ထဲမှာ ရေစွေးစီး ကြောင်းအနေနဲ့ စီးဆင်းနေရတယ်ဆိုတာလည်း ကျွန်တော် သိ လိုက်ရတယ်၊ အဲဒီအချိန်ကစပြီး ကျွန်တော်ဖေဖေ့ကို အရမ်း နာ ကြည်းနေရင်း အသက်ရှင်လာခဲ့ရတာ၊ မေမေ့ကိုမေးလိုက်ရင် သား ငယ်ငယ်လေးတည်းက ဖေဖေဆုံးပြီတဲ့၊ ဒါပေမဲ့ ... ပတ်ဝန်းကျင်က ပြောတဲ့ စကားတွေကြောင့် ဖေဖေရှိတယ်ဆိုတာကို သိရတယ်၊ မေမေ့ကို တစ်ယောက်တည်းထားပြီး ဒီလို တာဝန်မဲ့စွာ စွန့်ခွာသွား ခဲ့တဲ့ မျက်နှာလေးတောင် မမြင်ဘူးလိုက်ရတဲ့ ကျွန်တော့်ရဲ့ ဖေဖေ ကို အရမ်းနာကြည်းနေခဲ့တာ ...

"သား ... ဖေပြောတာ နားထောင်ပါဦး"

"တောင်းပန်ပါတယ် အန်ကယ်၊ ကျွန်တော့်ဘဝမှာ ဖေဖေ ဆိုတာ မလိုအပ်တော့ပါဘူး"

ဦးနေလ ရင်ထဲမှာ အောင့်တက်လာခဲ့ရပေမယ့် နာနာ ကြည်းကြည်းပြောနေတဲ့ သားရဲ့စကားတွေကို စိတ်မကောင်းဖြစ် မိရင်း ဝေဒနာကို တင်းခံနေလိုက်မိသည်။

"သားရယ် ခုအချိန်မှာ ဖေဖေ့ကို အသိအမှတ်ပြုဖို့ဆိုတာ မလွယ်ကူမှန်းသိပါတယ်၊ ဒါပေမယ့်လည်း သားရင်ထဲမှာ ဖေဖေ့ကို နားလည် မပေးနိုင်ဘူးလား၊ အတိတ်က ဒီလိုမျိုးနာကြည်း ပင်ပန်းခဲ့





ရတဲ့ အချိန်တွေကို အခုကနေစပြီး ပေးဆပ်ခွင့်ရအောင်လို့ ဖေဖေ့ ကို အသိအမှတ်ပြုပေးလို့ မရဘူးလား"

စကားကို မျက်ကွယ်ပြုကာ မျက်နှာကို တစ်ဖက်လှည့်၍ မဲ့ကာပြုံးလိုက်ပြီး ...

"ဘယ်လို ... ပေးဆပ်ခွင့်ဟုတ်လား၊ ကျွန်တော်တို့က ဘယ်လိုမျိုးတွေနဲ့ ပေးအပ်ရဦးမှာလဲ အန်ကယ် ... ကျွန်တော်ဟာ မေမေ့ကိုလုပ်ကျွေးပြုစုဖို့ စာတွေကိုလည်း ကြိုးစားခဲ့တယ် ... ဒါကြောင့် ကျွန်တော့်မေမေကို လုပ်ကျွေးပြုစုနိုင်နေပြီ ... အခု ကျွန်တော့်ဘဝဟာ ဖေဖေဆိုတာ မလိုအပ်တော့ပါဘူး၊ ဒါကြောင့် ကျွန်တော့်အနေနဲ့ အန်ကယ်နဲ့နောက်ထပ်တွေ့ဖို့ မလိုအပ်တော့ဘူး လို့ ထင်ပါတယ်"

သူ့ရင်ထဲရှိတဲ့အတိုင်းသာ ပြောနေရပေမယ့် ဘယ်လိုမှတော့ စိတ်မကောင်းနိုင်၊ ကျလုလု မျက်ရည်တို့ကို ပြန်ထိန်းရင်း ဘာ စကားတစ်ခွန်းမှ ပြန်လည်၍ ခွန်းတုံ့မပြန်တော့ဘဲ သူ့မျက်နှာကို စိုက်ကြည့်နေသော ဦးနေလကို ကျောခိုင်းကာ လှည့်ထွက်လာခဲ့ သည်။ သူ့ နောက်ကျောကိုတော့ ဦးနေလက မျက်စိတဆုံးကြည့် နေမှာတော့ မလွဲဧကန်ပင်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၃ )

ရွှေရုပ်လွှာ မျက်နှာလေး ညှိုးနွမ်းနေတာမြင်တော့ သူ စိတ်မကောင်းနိုင်၊ အမြဲတမ်းအဝေးကနေ ကြည့်ပြီး နှစ်သိမ့်ခဲ့ရတာလည်း မမောနိုင်၊ ဘာဖြစ်လို့များ ဒီလူကထားခဲ့ရတာလဲလို့ စဉ်းစားမိတာလည်း မရေတွက်နိုင်၊

ကိုယ့်ကို ထားခဲ့တဲ့ယောက်ျားတစ်ယောက်ကို တမ်းတမ်းတတ လွမ်းနေတဲ့ ရွှေရုပ်လွှာကို သူဒေါသလည်းဖြစ်မိသလို၊ ပို၍လည်း ကြင်နာချင်သည်။ သူချစ်သူနဲ့ကွဲလို့ ဝမ်းသာနေခြင်း မဟုတ်ပါ။ သူမကို ချစ်မိသော သံယောဇဉ်များကြောင့် ဖေးမကူညီချင်တာဘဲ ဖြစ်၏။ သူမဘက်က သူ့ကိုဘယ်လိုပဲ ဆက်ဆံ ဆက်ဆံ ဘယ်လိုပဲ ပြောပြော သူမ ခြေဖဝါးအောက်မှာ လည်စင်းခံပေးမည်။

"ရွှေရုပ်လွှာ ..."

တွေတွေ ငေးငေးလေး ကြည့်နေရုံမှအပ သူမ ဘာမှမပြော။

"ရွှေရုပ်လွှာ တို့ဒီမှာထိုင်မယ်နော်"

"ထိုင်ပေါ့ ထိုင်ဖို့လုပ်ထားတာပဲ"





သူက ခုံတန်းလျား တစ်ဖက်စွန်းမှာ ဝင်ထိုင်လိုက်သည်။

"ရှင် ... ဘာကိစ္စရှိလို့လဲ၊ ဖေဖေက ကုမ္ပဏီသွားပြီ"

"တို့ အန်ကယ်ဆီလာတာ မဟုတ်ပါဘူး၊ ရွှေရုပ်လွှာဆီလာတာ"

သူမက မျက်မှောင်လေးကျုတ်ကာဖြင့် ...

"ဘာကိစ္စလဲ ..."

"တို့က ကိစ္စရှိမှ လာရမှာလား ရွှေရုပ်လွှာ"

"ဘယ်သိမှာလဲ ရှင်လာရင် ကိစ္စတစ်ခုခုရှိမှလာတာ မဟုတ်ဘူးလား"

ဟုတ်တော့လည်း ဟုတ်သည်။ ဘယ်တုန်းကမှ ကိစ္စမရှိဘဲ သူ မလာတတ်၊ တစ်ခုခု ကိစ္စရှိမှ လာတတ်သည်ကို သိသော သူမကြောင့် စိတ်ထဲမှာတော့ ကြည်နူးမိသည်။ သူမက ဒီလိုတော့ သိပါလားဆိုသည့် အတွေးနှင့်။ ဘာစကားမှလည်း မပြောဘဲထိုင်နေသော သူ့ကို ရွှေရုပ်လွှာက ဘယ်လိုလဲဆိုသော သဘောဖြင့် လှည့်ကြည့်တော့ သူက နှုတ်ခမ်းလေး တွန့်ရုံပြုံးနေသည်။

"ဘာပြုံးနေတာလဲ"

"ဟင်"

"ရှင့်ကိုမေးနေတာ"

"မဟုတ်ပါဘူး၊ တို့ဘာသာတို့ တွေးရင်းပြုံးနေတာ"

ရုပ်လွှာက သူ့ကို အတန်ကြာစိုက်ကြည့်ပြီး ...

"ဝီရသ ..."

"ပြောလေ ..."

"ရှင် ... ရုပ်လွှာကို အမှန်အတိုင်းပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ ... ရွှေရုပ်လွှာ၊ ကိုယ်က ဘာကို အမှန်အတိုင်း ပြောရမှာလဲ"

"ရှင် ကိုကောင်းနေခကို တစ်ခုခုများ ပြောလိုက်မိလား"

"ဘယ်လို တို့က ပြောမိလားဟုတ်လား ရွှေရုပ်လွှာ၊ ဘာ ကောင်းနေခကို တို့က တစ်ခုခု သွားပြောလိုက်လို့ မင်းကိုအဆင် ဖြတ်လိုက်တယ်လို့ ထင်နေတာလား ရွှေရုပ်လွှာ ဒီမှာ ရွှေရုပ်လွှာ တို့မျက်နှာကို သေသေချာချာ ကြည့်ထား၊ မင်းကို ငါ သိပ်ချစ်ခဲ့ မယ့် ဒီလိုအောက်တန်းမကျဘူး၊ မင်းမယုံရင် ကောင်းနေခကို ဖုန်း ဆက် မေးကြည့်လိုက်ပေါ့"

ပြောလို့သာ ပြောလိုက်ပေမယ့်လည်း သူမကိုမမေးစေချင်

"အဲဒါဆိုပြီးရော ရှင်ရုပ်လွှာကို တစ်ခုလောက်ကူညီနိုင် မလား"

"ဘာလဲ ပြော"

သူ မကြည့်ဘဲနှင့် ပြောလိုက်သည်။

"ရုပ်လွှာ ကိုကောင်းနေခဆီ သွားချင်တယ်၊ လိုက်ပို့ပေး ပါလား၊ ရုပ်လွှာဖုန်းဆက်တိုင်း ဖုန်းပိတ်ထားတယ်၊ အိမ်ကို လိုက် သွားတော့လည်း အမြဲတမ်းသော့ခတ်လျက်သား၊ အန်တီ ကြာ ကလည်း မန္တလေးမှာ မရှိဘူး၊ သူ့ကျောင်းကို လိုက်သွားချင်တယ် ရုပ်လွှာကို လိုက်ပို့ပေးပါလား"

သူ ဆုံးဖြတ်ရခက်နေ၏။ ရုပ်လွှာ စိတ်ချမ်းသာအောင် သူ ဘာလုပ်ပေးရမည်လဲ၊ လိုက်မပို့ဘူးဆိုရင်လည်း သူ့ကို သ မကောင်း ဖြစ်မှာကျိန်းသေ၏။ သူ့ကို မယုံသလို ဖြစ်မှာတော့ မ လား၊ သူ့အချစ်တွေ ပိုပိုဆိုးသည်။



ထို့ကြောင့် ...

"ရွှေရုပ်လွှာ တို့လိုက်ပို့ပေးမယ်"

သူ့စကားကြောင့် ပျော်ရွှင်သွားသော သူမ မျက်နှာလေး ကို ကြည့်ပြီး သူ့ရင်တစ်ခုလုံး နွေးထွေးသွားရသည်။

သူမစိတ်တိုင်းကျ သူဖြည့်ဆည်းပေးချင်သည်။

သွားချင်တယ်ဆိုတာကြောင့် လိုက်ပို့ခဲ့ပေမယ့်လည်း ကို ကောင်းနေခ အိမ်ရောက်တော့ ခြံစောင့်တောင်မရှိဘဲ သော့ခတ် ထားတတ်တာ တွေ့ရသည်။ ကျောင်းကိုသွားချင်တယ်ဆိုလို့ ကျောင်းကိုလိုက်ပို့ရန်ပြန်သည်။

"ကိုကောင်းနေခ သူ့သူငယ်ချင်းတစ်ယောက်နဲ့ အဆောင် မှာနေတယ်၊ ကျောင်းတောင် သိပ်မလာဘူး"

"ဒါဆို သူ့သူငယ်ချင်းအဆောင်က ဘယ်နေရာလဲဟင်"

"ကျွန်တော်တို့လည်း သေချာမသိဘူးဗျ၊ ဒါပေမယ့် ဒီရက် အတွင်း ကိုကောင်းနေခအမေ ရိပ်သာကထွက်ရင် အိမ်ပြန်နေမယ် ပြောတယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ"

သူမ စိတ်တိုင်းကျ လိုက်လံပို့ဆောင်ခဲ့ပြီးသည်နှင့် ...

"ရွှေရုပ်လွှာ ..."

သူမသည် ဘာတစ်ခွန်းမှ မပြောတော့ဘဲ ရှုံ့ပွဲချငိုလိုက် ပါတော့သည်။ ထိုအခါ သူသည် ခြေမကိုင်မိ၊ လက်မကိုင်မိဖြင့်သာ လုပ်ရမှန်းမသိ။

ကားကိုသာ လမ်းဘေးသို့ ထိုးရပ်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေရုပ်လွှာ ..."

သူ့ စိတ်မကောင်းဖြစ်သွားမိရင်း သူမ၏ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်မိ၏။

"ရုပ်လွှာရယ မင်းတို့နှစ်ယောက် ပြန်နီးစပ်ဖို့ တို့ဆောင်ရွက်ပေးခဲ့တယ်နော်၊ ခုချိန်မှာ ရုပ်လွှာရင်ထဲ ဘယ်လိုခံစားနေရမယ်ဆိုတာ တို့သိပါတယ်၊ မင်းကို နှစ်သိမ့်ဖို့အတွက် တို့ကို အနားမှာနေခွင့်ပေးပါ ရုပ်လွှာ၊ မင်း မငိုပါနဲ့တော့ ရုပ်လွှာရယ်"

သူမ မျက်ဝန်းလေးတွေမှာ နှိပ်စက်နေကြသည့် မျက်ရည်စ တို့ကို သူနာကြည်းစွာ ကြည့်မိသည်။

ဒီမျက်ရည်တို့ကို ခြိမ်းခြောက်မောင်းထုတ်ရန် သူ့မှာခွန်အားမရှိ။

"ရုပ်လွှာ ..."

သူက ရုပ်လွှာ၏ မျက်နှာလေးကို မေးဖျားလေးမှမော့ယူ၍ မျက်နှာချင်းနီးအောင် အနည်းငယ်တိုးကပ်သည်။

မျိုသိပ်ထားခဲ့ရသော ချစ်ခြင်းမေတ္တာတို့ကို နှုတ်ဖျားမှာပဲ ပိတ်ကာ တားဆီးထားရရင်း မချင့်မရဲ မျက်ဝန်းလေးဖြင့် စူးစိုက်ငေးကာကြည့်နေမိ၏။ မျက်ဝန်းတို့၏ ဆုံစည်းမှုက သိပ်မကြာလိုက်ပါ။ ရုပ်လွှာ မျက်လွှာလေးချသွားကာ ပခုံးမှာကိုင်ထားသည့် သူ့ရဲ့လက်တွေကို ဖယ်ချပစ်သည်။

တစ်ဖက်က ဖယ်ကျသွားလျက် တစ်ဖက်မှာတော့ သူက လွှတ်မပေးဘဲ ဆုပ်ကိုင်ထားလိုက်သည်။

"ရုပ်လွှာရယ်၊ ဒီလိုဖြစ်နေတုန်းမှာ တို့ကို အခွင့်အရေးယူ





ဘယ်လို့ မထင်ပါနဲ့"

မော့ကြည့်လာသော သူမ မျက်ဝန်းလေးတွေဆီသို့ ...

"တို့ အခွင့်အရေးယူပြီး ပြောမှာမျိုး မဟုတ်ပါဘူး ရုပ်လွှာရယ် ... မင်းသိထားစေချင်တာမျိုးပါ၊ တို့ ရုပ်လွှာကို သိပ်ချစ်ခဲ့တာအဲဒါကိုတော့ ယုံပါ၊ ဒါပေမယ့် ကိုယ့်ကိုမချစ်တော့လို့ထားသွားတဲ့လူတစ်ယောက်ကို ဘာဖြစ်လို့ တမ်းတချင်ရတာလဲ"

"အို ... မဟုတ်ဘူး၊ သူက ရုပ်လွှာကို မချစ်လို့ထားသွားတာမဟုတ်ဘူး"

"ရုပ်လွှာရယ် ဒီလောက်ရှောင်ပုန်းနေတဲ့ လူတစ်ယောက်ကို ဘယ်လိုရှာရှာ သူကပြေးနေမှာပဲ"

သူပြောကာမှ ပို၍ ရှိုက်လိုက်သော ရုပ်လွှာကို မကြည့်ရက်တော့ပြီ၊ သူမ၏ ကိုယ်လေးကို သူ၏ရင်ခွင်ထဲသို့ ဆွဲယူပွေ့ဖက်ကာ ...

"မငိုပါနဲ့တော့ ရုပ်လွှာရယ်၊ မင်း ဒီလောက်ခံစားနေရရင် နောက်ရက်ကျ တို့စုံစမ်းပေးပါ့မယ်၊ မင်း အနားမှာအားပေးနှစ်သိမ့်နေပေးပါ့မယ်၊ တို့ရင်ခွင်ဟာ မင်းအတွက် အမြဲတမ်း နွေးထွေးနေရမှာပါ၊ မင်းအတွက် ပျော်ရွှင်ရအောင်၊ မင်းစိတ်ချမ်းသာအောင် တို့စွမ်းဆောင်ပေးပါ့မယ် ရုပ်လွှာ"

သူ၏ ရင်ခွင်ထဲမှ သူမ, ရုန်းမထွက်နိုင်လောက်အောင် သူက တင်းကြပ်စွာ ပွေ့ဖက်ထားသည်။ မျက်ဝန်းမှာ မျက်ရည်လေးတွေ ဖြစ်တည်လာ၏။ မှိတ်ထားသော်လည်း တဖျပ်ဖျပ်လှုပ်ခတ်နေသော မျက်တောင်ဖျားတို့မှ တစိမ့်စိမ့်ဆင်းကျလာသည့် မျက်ရည်တို့က ဆံနွယ်များကြားသို့ ဝင်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ တယုတယသုတ်ပေးနေရင်းမှ ဝမ်းနည်းစိတ်ကြောင့်လား၊ ကိုယ့်ကို ပစ်ခွာပြေးတဲ့ သူတစ်ယောက်ကြောင့်လား၊ သူ့ကို အားပေးစကားတွေပြောရင်း ချော့မော့နေသော သူ့ကြောင့်လားဆိုတာ သူမ မသိတော့ ... ။

"မငိုပါနဲ့တော့ ရုပ်လှာရယ်"

သူမ၏ ကိုယ်လေးသည် သူ့ရင်ခွင်ထဲမှာ ရှိုင်ငိုနေရင်း တသိမ့်သိမ့် တုန်လှုပ်နေသည်။

သူနှင့် မေမေ့အကြောင်းကို မပြတ်စုံစမ်းလျက်ရှိသော ဦးနေလသည် မေမေရိပ်သာထွက်ပြီးသည်နှင့် အိမ်သို့ရောက်လာပြန်သည်။ ဧည့်ခန်းထဲ လှမ်းဝင်လာသောသူ့ကို ဦးနေလက ပြုံးပြလိုက်သည်။

"အန်ကယ် ကျွန်တော့်မေမေဆီကို ဘာကိစ္စများရှိလို့လာတာလဲ"

"သား ... "

မေမေလှမ်းတားလိုက်ပေမယ့်လည်း သူစကားတွေကို မရပ်၊

"အန်ကယ် ... ဒီကို ကိစ္စမရှိဘဲလာတာဆိုရင် ကျေးဇူးပြုပြီး လာရာလမ်းအတိုင်း ပြန်သွားပါ"

ဦးနေလ မျက်ဝန်းမှ မျက်ရည်များပြည့်လျှံကာ သားကို





ကြည့်ရင်း ...

"သား ဖေဖေဟာ မင်းအဖေပါသားရယ်၊ သားအနေနဲ့ ဘယ်လိုမှ လက်မခံနိုင်ခဲ့ပေမယ့် ဒါတွေဟာ ဘယ်လိုမှလည်း ပြောင်းလဲလို့ မရတဲ့ကိစ္စတွေပါ"

"ဒီမှာ အန်ကယ်၊ ကျွန်တော် မကြားချင်ဘူး၊ ထွက်သွားပါဗျာ၊ ထွက်သွားပါ"

သူ သတိလက်လွတ်အော်ဟစ်လိုက်မိရင်း ရင်အစုံသည် နိမ့်ချည်မြင့်ချည်ဖြင့် မေမေ၏မျက်နှာကို လှမ်းကြည့်လိုက်တော့လည်း တောင်းပန်သော အကြည့်တွေဖြင့် သားကို ကြည့်လို့နေပြီး ...

"သား ... အဲဒါ မင်းအဖေပါသား၊ ဒီလိုမပြောပါနဲ့ သားရယ်"

"နေပါစေ ကြာဖြူ၊ သားရင်ထဲ ခံစားနေရတာတွေ ပြောပါစေ၊

သား ... ဖေဖေ့ကို နားမလည်နိုင်သေးတဲ့ ဘယ်အချိန်ထိ ဒီလိုလုပ်နေမှာလဲ၊ ဖေဖေ ဘယ်လိုလုပ်မှ ကျေနပ်နိုင်မှာလဲသား"

"လွယ်ပါတယ် အန်ကယ်၊ ကျွန်တော်တို့ သားအမိရှေ့မှောက်ကို နောက်ဘယ်တော့မှ ပေါ်မလာနဲ့ပေါ့"

ဦးနေလ ရင်နှင့်စွာခံစားလိုက်ရပေမယ့် သားကိုစိုက်ကြည့်မိရင်း ...

"သား ... တကယ်လို့ ဖေဖေ့နေရာမှာ သားဆို ဒီလိုလုပ်နိုင်ပါ့မလား"

"ကျွန်တော်သာ အန်ကယ့်နေရာမှာဆို အရင်ကတည်းက ဒီလို အခြေအနေတွေ ဖြစ်အောင်လုပ်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သားနေခ ..."

လှည့်ထွက်လာခဲ့ပြီး မေမေ၏ခေါ်သံနှင့်အတူ လဲပြိုကျ
ကို ကြားလိုက်ရသည်။

ကားပေါ်က လူတစ်ယောက် အတင်းပြေးဆင်းသွားခဲ့တာ
မြင်တော့ ... လဲကျသွားတဲ့သူမှာ မေမေ မဖြစ်နိုင်၊ ဦးနေလပဲ ဖြ
နိုင်၏။ ဒါဆိုလျှင် သူပြောလိုက်တာ တအားများလွန်းသွားပြီလား
အဖေတစ်ယောက်လုံးကို ဒီလိုပြောခဲ့ရလိုက်ပေမယ့် ရင်ထဲမှာတော့
မချိပေ။ ဒါပေမယ့် သူတို့သားအမိ၏ ဘဝတစ်သက်တာလုံး ခံစား
လာခဲ့ရတဲ့အတွက် ဖွင့်အန်ထုတ်မိတော့သည်။

ဘာဖြစ်လို့များ ကျွန်တော်တို့ဆီကို ပြန်ရောက်လာရတာလဲ
ဗျာ ...

ဘာဖြစ်လို့ ပြန်ရောက်လာခဲ့တာလဲ ...

ကားစတီယာရင်ပေါ် မျက်နှာအပ်လျက် သူအားရအောင်
ငိုချခဲ့မိတော့သည်။

အခန်း ( ၂၄ )

ဝီရသနဲ့ မေလေးတိုင်ပင်ကာ ကောင်းနေခအိမ်မှာရှိမည့်
အချိန်ကို စုံစမ်းလိုက်ပြီး မေလေးကိုယ်တိုင် လိုက်လာခဲ့သည်။

"ထိုင်ပါ မေလေး"

"ဟုတ်ကဲ့ ... ကိုကောင်းနေခ မေလေးရောက်လာတာ
အရမ်းအံ့သြသွားမှာပဲ၊ မေလေးရောက်လာတာ ရုပ်လွှာအတွက်
ကြောင့်ပါ၊ ကိုကိုကျော်ကိုတော့ မေလေးဖုန်းဆက်လိုက်သေး
တယ်"

"အဲဒါ ဘာပြောလဲ"

"ကိုကိုကျော်က ခရီးသွားခါနီးဆဲဆဲဆိုတော့ သူပြန်လာမှ
ကိုကောင်းနေခနဲ့ တွေ့မယ်လို့ ပြောတာ၊ သူကလည်း မလာသေး
တော့ မေလေးကိုယ်တိုင်ပဲ လိုက်လာခဲ့တာ"

"ရုပ်လွှာရော နေကောင်းရဲ့လား"

"ဒါပဲ ပြောချင်လို့ လာတာပါ ကိုကောင်းနေခ၊ ရုပ်လွှာ ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်တော့ ဖုန်းပိတ်ထားတယ်၊ အိမ်ကိုလိုက်လာတော့လည်း မတွေ့ဆိုတော့ လူကတော့ နေကောင်းတယ်လို့ ဆိုရမှာပေါ့၊ စိတ်ကတော့ အရမ်းထိခိုက်နေတယ် ကိုကောင်းနေခ၊ ကိုကောင်းနေခ အနေနဲ့ ချက်ချင်းကြီးလမ်းခွဲစကားပြောလိုက်တော့ သူ အရမ်းခံစားရတာပေါ့၊ ဝီရသက ပျော်အောင် အမျိုးမျိုး ဖန်တီးပေးပေမယ့်လည်း သူဘယ်လိုမှ မပျော်နိုင်ဘဲ တမှိုင်မှိုင် တတွေတွေနဲ့ … ကိုကောင်းနေခကို မေလေး တစ်ခုလောက် မေးချင်တယ်"

ကိုကောင်းနေခသည် မေလေးပြောသမျှကို ဘာမှပြန်မပြောဘဲ ခေါင်းပဲညိတ်လိုက်သည်။

"ကိုကောင်းနေခ ဘာဖြစ်လို့များ ရုပ်လွှာကို လမ်းခွဲစကားပြောရတာလဲ၊ ဝီရသကြောင့်များ ရုတ်တရက်ကြီးမုန်းသွားတာလားတကယ်လို့ ကိုကောင်းနေခ အနေနဲ့ ရုပ်လွှာကို မုန်းရင်လည်းမုန်းတယ်လို့ ပွင့်ပွင့်လင်းလင်း ပြောပေးလိုက်ပါ၊ ဒီလိုပဲ မပြောရင်တော့ ရုပ်လွှာက ကိုကောင်းနေခကို စွဲလမ်းပြီး ခံစားနေရမှာပါ"

"မေလေး ကျွန်တော် ရုပ်လွှာကို မမုန်းပါဘူး၊ သူ့မှာဘာအပြစ်မှလည်း မရှိပါဘူး၊ အခု ကိစ္စက ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စကြောင့်ပါ"

"အဲဒီ ကိစ္စကို မေလေးအနေနဲ့ သိခွင့်မရှိဘူးလားဟင်"

"အတိုင်းအတာတစ်ခုကျော်ပြီး ပြောပြလို့မရလို့ပါမေလေး"

မေလေး ဘာပြောရမှန်း မသိစွာဖြင့် တစ်ချက်မဲ့လိုက်ရင်း

"ကိုကောင်းနေခ … ကိုကောင်းနေခက ကိုယ့်ဟာကိုယ်





အရမ်း တစ်ကိုယ်ကောင်းဆန်တယ်လို့ မထင်ဘူးလား၊ မေလေးစကားကို မပြောဘူးလို့ ဆုံးဖြတ်ထားပေမယ့် ခုတော့ ကိုကောင်းနေခ သိအောင် ပြောပြချင်တယ် … ရုပ်လွှာကို ဝီရ ချစ်နေခဲ့တာတောင်မှ မပြတ်သားဘဲ ရှင့် အတွက်ခံစားနေရတယ်၊ အဲဒါကြောင့်ဘာပြဿနာဆိုတာ ပြောလို့မရဘူးလား … ရုပ်လွှာမှာ ဘာအကြောင်းရယ်ဆိုတာ သေချာမသိဘဲနဲ့ အခုထိ ခံစားနေရတာကိုတောင် ကိုကောင်းနေခက မဆိုင်သလို နေတော့မှာလား"

"ကျွန်တော် တောင်းပန်ပါတယ် မေလေး၊ ဘယ်လိုမှပြောလို့ မဖြစ်တဲ့ ကိစ္စမို့ပါ"

"ဒါဆိုရင်လည်း မေလေးနားလည်ပါပြီ၊ မေလေးကိုပြန်ခွင့်ပြုပါဦး"

မေလေးက မကျေမနပ်ဖြစ်ရင်း ထွက်ခွာသွားခဲ့တာကို သူကြည့်နေမိကာ သူ၏ရင်ခွင်ထဲတွင်လည်း ရုပ်လွှာကို ဘယ်လိုမှ မေ့ရနိုင်။ မေမေနှင့် အတိုက်အခံကြားမှ ရုပ်လွှာကို သူလမ်းခွဲလိုက်ရပေမယ့် အချိန်တိုင်း သတိရနေ၏။ ကျောင်းစာတွေထဲမှာ စိတ်ကိုနှစ်ထားသော်လည်း အချည်းအနှီးပင်။

ဒါကြောင့်လည်း ပြန်စဉ်းစားမိ၏။ ရုပ်လွှာနဲ့ မဝေးနိုင်တာကြောင့်ရယ်၊ ဖေဖေရဲ့ရောဂါ အခြေအနေကြောင့်ရယ်၊ မေမေ၏ ခြိမ်းခြောက်မှုတွေသည် နောက်ဆုံးတော့ သူ့ကိုအလဲထိုး အနိုင်ယူသွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မေလေးပြောလာတဲ့ စကားကြောင့် ရုပ်လွှာနားမလည်နိုင်ခဲ့။ သူက မမုန်းပါဘူးဆိုသည့်အတွက်ကြောင့်လည်း ဖြေသာနေခဲ့သည်။ ဒါဆို ဘာဖြစ်လို့လဲ ဒါကိုပဲ သူမသိချင်သည်။ သူမ ကိုယ်တိုင်သွားမေးချင်သော ဆန္ဒတွေက တားဆီးမရနိုင်ခဲ့ပေ။

အင်လျားလေနုအေးအေးလေးက လျှောက်လာသော သူတို့နှစ်ယောက်ကို ဖြတ်သန်းကျီစယ်နေသည်။

"သူက ငါ့ကို ဘာဖြစ်လို့ အမှန်အတိုင်းမပြောရတာလဲ မသိဘူး"

"အဲဒါကိုပဲ ငါလည်းဒေါသဖြစ်ရတာ၊ တကယ်ဆိုပြောသင့်တာပေါ့၊ ရုပ်လွှာ နင်ဝီရသကို မသနားဘူးလားဟင်၊ သူက နင့်ကို တကယ်ချစ်နေတာ၊ ကိုကောင်းနေခကလည်း နင့်ကိုထားခဲ့သွားတာပဲ၊ ဝီရသအတွက်တော့ နင်စဉ်းစားပေးဖို့ကောင်းတယ်"

မေလေးစကားကို ရုပ်လွှာ အဖြေမပေးမိ၊ ဟိုအရင်က သူ့ရဲ့ဂရုမစိုက်၊ မာနထားမှုများကို တနုံ့နုံ့ခံစားရင်း မုန်းတီးခဲ့မိသော ဝီရသကို သူမရင်ထဲမှာ တိတ်တဆိတ် သနားခြင်းများ စီးမျောခဲ့၏။ သို့သော် သူမရင်ထဲတွင်တော့ ကောင်းနေခက နေရာယူထားဆဲပင် ဖြစ်နေသည်။

အခန်း ( ၂၅ )

ဆုံးဖြတ်ခဲ့သည့်အတိုင်း သူမလိုက်လာခဲ့သည်။ ထိုအခါ အန်တီကြာဖြူနှင့် တွေ့ပြီး ရုပ်လွှာကို ဝမ်းသာအားရဖြင့်ကြိုဆိုလိုက်လျှင် ...

"ရုပ်လွှာကို ဘာဖြစ်လို့ မတွေ့ချင်ကြတာလဲ အန်တီ"

"မဟုတ်ဘူး သမီး၊ သမီးကိုမတွေ့ချင်လို့ မဟုတ်ဘူး၊ အခုလည်း သမီးဆီကို အန်တီသားအတွက် ဖုန်းဆက်မလို့ပါ၊ သမီးရောက်လာတာနဲ့ အတော်ဖြစ်သွားတယ်"

"ကိုကောင်းနေခအတွက် ဟုတ်လား အန်တီ"

"ဟုတ်တယ် သမီး၊ သားက သမီးဆီကို ဘာဖြစ်လို့ အဆက်အသွယ် မလုပ်တာလဲ သမီးသိလား"

"ဟင့်အင်း ... ရုပ်လွှာ ဘာမှမသိရပါဘူး၊ သူက ရုပ်လွှာကို မေ့ပစ်လိုက်ဖို့ ပြောခဲ့တယ်၊ ဒါပေမယ့် မသေချာတဲ့အကြောင်းတစ်ခုကြောင့် ရုပ်လွှာမမေ့နိုင်သလို မေ့ပစ်ဖို့မကြိုးစားသေးပါဘူး"

"သမီးလိုပါပဲ သားကလည်း မမေ့နိုင်ဘူးဆိုတာ အန်တီသိပါတယ်"

www.burmeseclassic.com



"အန်တီသိနေပေမယ့် အခု သူက ရုပ်လွှာကို မေ့လိုက်ပါဆိုတဲ့ စကားဟာ ဘာဖြစ်လို့လဲ မေးတော့ အေးတိအေးစက်နဲ့ ဘာမှ မပြောခဲ့ဘူး"

"သမီးက သားအဲဒီလို အေးတိအေးစက်ပြောခဲ့သလို သူ့ရဲ့ စိတ်ကိုလည်း အဲဒီလိုပဲလို့ ထင်နေတာလား ... မဟုတ်ဘူး သမီး သားဟာ သမီးကိုသိပ်ချစ်ခဲ့တယ်၊ သမီးနဲ့ လမ်းခွဲဖို့ကို ခက်ခက်ခဲခဲ ဆုံးဖြတ်ခဲ့ရတာပါ၊ သမီးအနေနဲ့ အချစ်ဆိုတာကို ဘယ်လောက်ထိ ယုံသလဲ၊ နုနယ်တဲ့ အရွယ်မှာ တိုတောင်းလှတဲ့ အချစ်ကြောင့် တစ်ဘဝလုံး မခံစားသွားစေချင်ဘူး"

"အန်တီ ဘာကိုပြောချင်တာလဲ"

"အန်တီပြောချင်တာက ဝိရသက သမီးကို တစ်ဖက်သတ် စွဲလမ်းနေတယ်လို့ သားကပြောခဲ့တယ်၊ သားကို ဝိရသအမြင်မကြည်တာတွေလည်း သားကသိနေတယ်၊ နောက်တစ်ခုပြောချင်တာက သားဟာ ငယ်ငယ်လေးတည်းက နှစ်ပေါင်းများစွာ ခွဲခွာနေတဲ့ သူ့အဖေနဲ့ ပြန်တွေ့ခဲ့ရပြီး အရမ်းထိတ်လန့် စိတ်ပင်ပန်းခဲ့ရတယ်"

"အဲဒီကိစ္စတွေက ရုပ်လွှာနဲ့ လမ်းခွဲဖို့အတွက် သက်ဆိုင်နေလို့လား"

"ဆိုင်တာပေါ့ ... သားရဲ့အဖေက ဦးနေလဖြစ်နေလို့လေ၊ သားက ဝိရသရဲ့အစ်ကိုဖြစ်နေလို့ပဲ၊ ဒီအကြောင်းတွေကို ဝိရသက ဘာမှ မသိရှာသေးဘူး"

"ရှင် ..."

"ဟုတ်တယ် သမီး၊ ဒါတွေဟာ အဖြစ်မှန်တွေပါ၊ ဒီနေ့





သမီးကိုတွေ့ဖို့အတွက် သားကကျောင်းကိုသွားပြီ၊ သမီးသွားတွေ့လိုက်ပါ၊ သားစောင့်နေလိမ့်မယ်"

ဘာတွေဖြစ်လာမှန်း မသိအောင်ပင် သူမခေါင်းတွေမူးဝေနောက်ကျိနေပါတော့သည်။

ပြန်တွေ့ရတော့ နှစ်ဦးသားရင်မှာ လှုပ်ခါသွားမိသည်။ စောင့်ရတဲ့သူကလည်း ကြာသည်ဟုထင်ပြီး လာရသည့်သူကလည်း နှေးနေသည်ဟုထင်သည်။ ဘယ်လိုပဲထင်ထင် တွေ့ချင်ကြတဲ့သူနှစ်ဦးကတော့ ဆုံမှတ်တစ်ခုတည်းပင်ဖြစ်၏။

"ရုပ်လွှာ"

"ကို ..."

တစ်ဦးနဲ့တစ်ဦး ပွေ့ဖက်မှုမရှိ၊ နားလည်မှုကိုယ်စီဖြင့် ဖွဖွလေး ခေါ်လိုက်ကြသည်။

"ကို ... ရုပ်လွှာဆီလာတာမလား"

သူခေါင်းညိတ်ပြီး ...

"ရုပ်လွှာ ဘယ်လိုသိလဲ"

"အန်တီ ... ကြာဖြူဆီက ပြန်လာတာ"

"ဒါဆို မေမေ့၊ ရုပ်လွှာကို အကုန်ပြောပြလိုက်ပြီပေါ့"

"အင်း ..."

မတွေ့တာကြာသော သူမမျက်ဝန်းလေးတွေ မို့အစ်နေ

www.burmeseclassic.com



သည်။

"ကိုယ် ... ဝိရသက ကိုယ့်ရဲ့ညီတဲ့"

"ဟုတ်တယ်လေ ... ဝိရက ကိုယ့်ရဲ့ညီဆိုပေမယ့် ရုပ်လွှာကို ချစ်နေခဲ့တာမလား၊ ကိုယ့်ရဲ့ညီဆိုတဲ့ အကြောင်းပြချက်နဲ့ ရုပ်လွှာကို ဒီတစ်ခါရှောင်ဖယ်သွားမှာ မဟုတ်ဘူး၊ ကိုယ့်ကို ယုံပါ ရုပ်လွှာ၊ ကိုယ်လေ နောက်ထပ်ရုပ်လွှာ စိတ်ပင်ပန်း၊ စိတ်ဆင်းရဲအောင် မလုပ်တော့ပါဘူး"

အတားအဆီးမဲ့စွာ ကျလာသော မျက်ရည်တို့ကို သူကတယုတယသုတ်ပေး၏။ အနားသို့ကပ်ကာလည်း နူးညံ့သော စကားတို့ဖြင့် ဖွဲ့စီသီကုံးပေးပါသည်။

"ရုပ်လွှာရယ်"

ချစ်တတ်သူတိုင်း ခံစားရတယ်ဆိုတာ ကိုယ်တကယ် လက်တွေ့ကြုံမှ ယုံမိတယ်၊ ကိုယ် ရုပ်လွှာနဲ့ မတွေ့ခင်ကဆိုရင် ကောင်းကင်မှာ မိုးတိမ်တွေ ဖုံးအုပ်နေတာမြင်တိုင်း မိုးရွာမှာကို အမြဲတမ်းစိုးထိတ်မိတယ်၊ ရုပ်လွှာနဲ့သိပြီးနောက်မှာတော့ ဒီတိမ်မည်းတွေရဲ့နောက်ကွယ်မှာ တောက်ပတဲ့နေရောင်ခြည်ရှိမယ်လို့ ကိုယ်မျှော်လင့်လိုက်တယ်၊ အခု ကိုယ်မျှော်လင့်နေသလိုပဲ ရုပ်လွှာဟာ ကိုယ့်ရဲ့ နေရောင်ခြည်လေးပါပဲ"

သူ့ရင်ထဲက ပြောတဲ့စကားတွေကို သူ့ခံစားချက်နဲ့အညီ ရုပ်လွှာသိသွားလျှင် ကျေနပ်ပြီ။ သူ အရှုံးပေးလိုက်တာကို မေမေကလည်း ကျေနပ်နေမည်မှာ မလွဲ။

အတန်တန်တောင်းပန်ပြီး ပြောခဲ့သော မေမေ့စကား။





ရောဂါသည် ဖေဖေ့ကို ကိုယ်ချင်းစာမိလိုက်တာကြောင့်လည်း ထိုနေ့က ...

"သား ... နေခ"

"မေမေ ဘာပြောချင်လို့လဲ"

"သား မိဘကိုမပြစ်မှားကောင်းဘူးဆိုတာ မင်းသိတယ်နော်"

မေမေပြောတာကို သူဘာမှ ပြန်မပြောဘဲ နားထောင်နေလိုက်သည်။

"သားရယ် မင်းဖေဖေဟာ အရမ်းသနားဖို့ကောင်းပါတယ်၊ အခု သူ့ရဲ့ရောဂါ အခြေအနေက ဘယ်လိုမှ မကောင်းဘူးသား၊ မြန်မြန် အနားယူရမယ်လို့ ဒေါက်တာကပြောတယ်၊ အခုတလော စိတ်ဖိစီးမှုတွေ အရမ်းများနေမယ်ဆိုရင်တော့ လုံးဝမကောင်းဘူးတဲ့ သားရယ်"

မေမေ ဝမ်းနည်းစွာ ငိုချလိုက်တာကိုကြည့်ပြီး သူစိတ်မကောင်းဖြစ်မိရသည်။

"ရောဂါက ဘာရောဂါတဲ့လဲ"

"အဆုတ်ကင်ဆာတဲ့ သားရယ်၊ သား အခုသားရဲ့ဖေဖေကို မမုန်းပါနဲ့တော့နော်၊ နှစ်တွေအကြာကြီး မေမေတို့ကို မရှာခဲ့ဘူးဆိုတာ မေမေ့မှာ အပြစ်ရှိခဲ့လို့ပါ၊ ဟုတ်တယ်သား ဘယ်လိုပဲဖြစ်ဖြစ် သားဖေဖေဟာ ခွင့်လွှတ်ပေးရတော့မယ့် သူတစ်ယောက်ဖြစ်သွားပြီလေ"

သူ ခေါင်းငိုက်စိုက်ရင်း သက်ပြင်းချသည်။

"သား ... မေမေလေ မင်းကိုယ်ဝန်ရှိနေတယ်ဆိုတာ သိပ်



www.burmeseclassic.com

www.burmeseclassic.com



အချိန်တုန်းက ကိုနေလက အဝေးကြီးကို ထွက်ပြေးပြီး မင်းကို ပြုစုရင်းနေကြမယ်လို့ ပြောခဲ့တယ်၊ ဒါပေမယ့် မေမေက သူ့ကိုယူဖို့ သတ္တိမရှိခဲ့ဘူး၊ သူ့အားလုံး စွန့်ခွာသွားမှာကိုလည်း စိုးရိမ်နေခဲ့တယ်၊ ဒါကြောင့် မင်းကိုယ်ဝန် မရှိတော့ဘူးလို့ လိမ်ပြောခဲ့ပြီး မင်းဖေဖေ ဘေးကနေ အပြီးအပိုင် ထွက်လာခဲ့တာပေါ့ သားရယ်"

သားဖေဖေကလေ မင်းကိုယ်ဝန်မရှိတော့ဘူးဆိုတဲ့ စကားကိုကြားတော့ အရမ်းကို ဒေါသဖြစ်ခဲ့တယ်၊ ဘယ်တုန်းကမှ ဒေါသမဖြစ်တတ်တဲ့ သားဖေဖေကို ဒီလိုမျိုးအရမ်းကိုဒေါသဖြစ်တဲ့ပုံကို မေမေပထမဆုံးမြင်ဖူးခဲ့တာပဲ၊ ဒါကြောင့်မလို့ ဒီအတောအတွင်း မေမေ့ကို လိုက်မရှာခဲ့တာ နေမှာပေါ့"

"မေမေတို့နှစ်ယောက် ဒီလိုမျိုး အမုန်းတရားတွေနဲ့ လမ်းခွဲခဲ့တယ်ဆိုရင် သားကိုမယူခဲ့ရင် ပိုမကောင်းဘူးလား၊ မေမေသာ တခြားဘဝမျိုးကို ရွေးချယ်ခဲ့မယ်ဆိုရင် မေမေလည်းပျော်ပျော် ရွှင်ရွှင်နေနိုင်ခဲ့မှာပေါ့"

"သား ... မေမေ ဒီလိုမလုပ်ပါဘူး၊ မင်းကိုယ်ဝန်လွယ်ထားတာကလည်း မေမေ့မာနတွေကြောင့်ပါ၊ သူတို့ဘက်က သားကိုပြုပြီး သူ့ငွေးချေးမနေရာချင်လို့ဆိုတာ ဝိုင်းပြီးပြောကြမှာကို သည်းမခံနိုင်လို့ သူ့ဘေးကနေ တိတ်တိတ်လေး ထွက်သွားခဲ့တာပါ၊ ဒီလိုလွဲမှားတဲ့ မာနတွေထားလို့ နောက်ဆုံး သားရဲ့ဘဝကိုတောင် ပင်ပန်းအောင် လုပ်သလို ဖြစ်ခဲ့ရတယ်၊ သားရယ် အခုကနေစပြီး အားလုံးကို ခွင့်လွှတ်ပေးလိုက်ပါ၊ သားရဲ့ဖေဖေကိုလည်း အသိအမှတ်ပြုပေးလိုက်ပါ သားရယ်၊ မေမေ့ရင်ထဲမှာတော့ မင်းဖေဖေ စိတ်ဆင်းရဲနေတဲ့ပုံကို ဒီထက်ပိုပြီး မကြည့်ရက်တော့ဘူး သား"





မေမေ မကြည့်ရက်တဲ့နောက်တော့ သူကရော မျက်နှာလွှဲလို့ ဖြစ်မည်တဲ့လား၊ အဖေဆိုတာကို စိတ်ကသိနေပေမယ့် တကယ်လက်တွေ့မှာ ဖေဖေဆိုတာ ခေါ်ဖို့အတွက် နှုတ်ကမထွက်၊

ကျေနပ်သွားသော ဖေဖေ့မျက်နှာကလည်း ဖိုးလမင်းကြီးလို လှလှပပပြုံးနေပါတော့သည်။

ဦးနေလက သူတို့အိမ်လာဖို့ ဖိတ်ထားတာကြောင့် မေမေ ပြင်ဆင်နေ၏။ သူ, မလိုက်တော့ဘူး ပြောလိုက်သည့်အတွက် မေမေ တကယ်စိတ်မကောင်းဖြစ်သွားပုံရသည်။

"မေမေ သားမလိုက်တာ ဝိရာသနဲ့တွေ့နေရမှာစိုးလို့ပါ၊ သူ့အနေနဲ့ ဘာမှမသိသေးတဲ့အတွက် နားလည်နိုင်မှာမဟုတ်ဘူး မေမေ၊ မေမေတစ်ယောက်တည်းပဲ သွားလိုက်ပါတော့၊ အန်ကယ်ကိုလည်း နေကောင်းအောင်နေပါလို့ ပြောလိုက်ပါ"

သူပြောလိုက်တာကို မေမေက နားလည်စွာဖြင့် ခေါင်းညိတ်ရင်း ဦးနေလလွှတ်ပေးလိုက်သော ကားလေးပေါ်သို့ ရောက်သည်နှင့် မေမေက လက်ပြရင်း ထွက်ခွာသွားခဲ့သည်။

ဆင်ဝင်အောက်မှ ခြံပြင်သို့ ခေါင်းတမော့မော့ လှမ်းကြည့်နေသော ဦးနေလသည် သွားခေါ်သောကားကိုမြင်မှ သက်ပြင်းချနိုင်သည်။

"ကြာဖြူ သားမပါဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ သားမအားလို့ပါ၊ ကိုနေလကိုတောင် နေကောင်းအောင် နေပါလို့ မှာလိုက်သေးတယ်"

"ဟုတ်လား ... အေးပေါ့၊ ဝီရလည်း ဟိုဘက်ခြမ်းမှာထင်တယ် ပြန်မရောက်သေးဘူး"

ခမ်းနားထည်ဝါသော အိမ်ကြီးကို မျက်စိကစားကြည့်မိရင်း ဦးနေလနှင့်တွဲရိုက်ထားသော ဓာတ်ပုံကိုကြည့်ကာ ...

"ဒါ သားလေးဝီရ အမေပေါ့နော်"

"ဟုတ်တယ်လေ ... မင်းနဲ့ကွဲသွားပြီး အိမ်ကပေးစားတဲ့သူကိုယူခဲ့တာ၊ တကယ်တော့ အချစ်မရှိတဲ့ အိမ်ထောင်ရေးဘဝမှာ ငါအပြင်မှာပဲ အချိန်တွေ ကုန်ခဲ့တယ်၊ ဝီရ အမေနဲ့ အဆင်မပြေတာတော့ မရှိခဲ့ပါဘူး၊ ဒါပေမယ့် ကိုယ်က အဲလိုထင်ပေမယ့် သူ့စိတ်ထဲမှာ အဆင်မပြေမှုတွေ အားလုံးကို ရင်ထဲမှာ မြိုသိပ်သွားတဲ့ပုံပဲ၊ ဝီရ အလယ်တန်းလောက်မှာ နှလုံးရောဂါနဲ့ ဆုံးသွားရှာတယ်၊ ဝီရက သူ့အမေဆုံးပြီးတည်းက အခုချိန်ထိ အထီးကျန်ကျန်နဲ့ ကြီးပြင်းခဲ့ရတယ်၊ ဝီရက ပါးစပ်က ထုတ်မပြောပေမယ့် တော်တော်လေး အထီးကျန်နေရှာမှာ၊ အင်း ... ကောင်းနေခလည်း အထီးကျန်မှာပဲ ကြာဖြူ သားနဲ့အတူ ကိုယ်တို့အိမ်မှာ လာမနေနိုင်ဘူးလား၊ မင်းကို ငါ့အနားမှာရှိစေချင်တယ်၊ ငါ့ရောဂါ အခြေအနေက ပြောလို့ရတာ မဟုတ်ဘူး၊ နောက်ပြီး ကောင်းနေခနဲ့ ဝီရကိုလည်း ညီအစ်ကိုရင်းတွေလို စောင့်ရှောက်ပေးရင်း အတူတူနေချင်တယ်"

ဦးနေလက သူ့ရောဂါ အခြေအနေ သူသိနေတာမို့ ပြောခဲ့ပေမယ့် ဒေါ်ကြာဖြူရင်ထဲမှာတော့ ဝီရသ အမြင်တွေကြည်ဖို့သာ





ဆုတောင်းနေမိသည်။

တကယ်တော့ ဒေါ်ကြာဖြူသည် ဦးနေလအပေါ် ဘယ်လိုစိတ်မျိုးမှ မရှိခဲ့ဘဲ ရောဂါဝေဒနာခံစားနေရသော မောင်နှမသားချင်းမျိုးနဲ့သာ ပြုစုဂရုစိုက်ပေးခဲ့သည်ကို သူမှလွဲ၍ မည်သူမျှမသိခဲ့ချေ။

အိမ်ရှေ့မှ ကားရပ်သံကြားလိုက်တာကြောင့် ဝီရသပြန်လာပြီဆိုတာကို မှန်းဆမိလိုက်သည်။

"ဟော ... သားပြန်လာပြီ၊ သား ဝီရ ဒီမှာလာနှုတ်ဆက်ပါဦး၊ ကောင်းနေခ အမေလေ သားမှတ်မိတယ် မလား"

"ဟုတ်ကဲ့ မှတ်မိပါတယ်"

"ထိုင်ပါဦး သားရဲ့"

"ဒက်ဒီ သားကို စောစောပြန်လာခိုင်းပြီး မိတ်ဆက်ပေးဖို့ ရှိတယ်ဆိုတာ ဒီအန်တီကိုပြောတာလား"

သူ ခေါင်းကိုတစ်ဖက်လှဲလိုက်ပြီး ဟူးခနဲ၊ တစ်ချက်မှုတ်ထုတ်လိုက်သည်။ သူ့ရင်တွေ အရမ်းကို ပူလောင်နေ၏။ ကောင်းနေခနဲ့ ရုပ်လွှာတို့ အဆင်ပြေသွားတာ တွေ့လိုက်တော့ ဝမ်းသာဝမ်းနည်းဖြစ်မိ၏။ ရုပ်လွှာ ပျော်တာ၊ ပြုံးတာမြင်တော့ သူပျော်သည်။ သူများရင်ခွင်မှာ ပျော်မွေ့နေတာကို ကြည့်ပြီးတော့လည်း သူ မခံစားနိုင်ပြန်။

"ကျွန်တော့်ကို ခွင့်ပြုပါဦး အန်တီ"

အပေါ်ထပ်သို့ ပြေးတက်သွားသော သူ့ကို ဒက်ဒီလှမ်းခေါ်သည်။

"သား ဝီရ ခဏနေပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စ ရှိလို့လား ဒက်ဒီ"

"ဒက်ဒီ ညှိုသည်နဲ့လာစကားပြောပါဦးသား၊ နောက်ပြီး သားကို ပြောစရာရှိသေးတယ်"

ကောင်းနေခ အမေသည် သူ့ဒက်ဒီနှင့် ဘယ်လိုရင်းနှီးနေကြ တာလဲ။ အန်ကယ်ဦးအောင်သင်းအိမ်မှာ တစ်ခါတည်းပဲဆုံဖူး တယ်။

"ဒက်ဒီ သားနားပါရစေ၊ သား ခေါင်းတွေပွင့်ထွက်တော့ မယ်"

"နေပါစေ ကိုနေလရယ် သားအနားယူချင်တာ နေပါစေ"

"မဟုတ်ဘူး ကြာဖြူ သားကို ကိုယ်တစ်ခါတည်းပြောပြချင် တယ်"

"ပြောလေ ဒက်ဒီ သားကို ဘာပြောချင်တာလဲ"

တစ်ခုခုပြောချင်နေပုံရသော ဒက်ဒီ့စကားကို သူနားစွင့် လျက် ...

"သား ... ဝီရ ဒီကအန်တီကြာဖြူရဲ့သား ကောင်းနေခဟာ သားရဲ့ အစ်ကိုပါ"

"ဗျာ ..."

ဒက်ဒီပြောသည့်စကားဟာ သူနားကြားများလွဲသွားပြီလား ဟု ကိုယ့်ကိုယ်ကို မယုံစွာဖြင့် ဖြစ်နေမိ၏။

"ဒက်ဒီ စောစောက ဘာပြောလိုက်တယ်၊ ကောင်းနေခ ဟာ သားရဲ့ အစ်ကိုဟုတ်လား"

"ဟုတ်တယ် သား"

သူ့ခေါင်းတွေ ချာချာလည်အောင် မူးသွားသလိုပင်၊ တွေး





ခြင်ရတာတွေသည် ဒီနေ့အဖို့ သူ့ရင်ထဲမှာ မပီပိုးတဝါး။

"ဒက်ဒီ သားကိုနောက်နေတာလားဟင်"

"ဒက်ဒီကို နားလည်ပါသား၊ မင်းအမေနဲ့ မယူခင်တည်းက ဒက်ဒီ ကျောင်းတက်တုန်း သူနဲ့ချစ်ခဲ့ကြတယ်၊ အိမ်က သဘောမတူ လို့ မယူဖြစ်ကြပေမယ့် ကောင်းနေခ ငယ်ငယ်လေးတည်းက တစ်ယောက်တည်း ကျွေးမွေးပြုစုရင်း သနားစရာကောင်းစွာ နေခဲ့ ရှာတဲ့သူပါ"

"ဘယ်လို ဒက်ဒီ အန်တီကြာဖြူက သနားဖို့ကောင်းတယ်"

သူ့စကားကို ဒက်ဒီ ဘာမှမပြောခင် ...

"အန်တီကြာဖြူက သနားဖို့ကောင်းတယ်ဆိုရင် သားမေမေ ကကော သနားဖို့မကောင်းဘူးလား၊ တစ်ယောက်တည်း အထီး ကျန်နေလာရပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးသွားခဲ့တာတောင် ဒက်ဒီ ...းဝမသနားဘဲ ... "

သူ စကားတစ်ဝက်တစ်ပျက်နှင့် ရပ်ကာ အန်တီကြာဖြူကို လှမ်းကြည့်သည်။ ဒါဆို ဒက်ဒီနားလည်မှာပေါ့ဆိုသည့် ပုံစံမျိုး။ ထကြည့်ထွက်သွားသော သူ့ကို ဒက်ဒီကလည်း လှမ်းမခေါ်ဖြစ်တော့ ပါ။

"စိတ်မကောင်းဖြစ်မနေပါနဲ့ ကိုနေလရယ်၊ သားနေခတုန်း ကတောင် ဒီလိုခံစားခဲ့ရတာပဲ၊ နောက်ပြီး သူတို့နှစ်ယောက်ကြား မှာ တခြားအကြောင်းလည်း ရှိချင်ရှိနေမှာပေါ့"

"ဘယ်လို ကြာဖြူ တခြားအကြောင်းဟုတ်လား၊ ဘယ်လို အဓိပ္ပါယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သားနေခနဲ့ ဝီရသက မိန်းကလေးတစ်ယောက်တည်းကို ချစ်နေကြတယ်လေ ... အဲဒါ ဟိုဘက်ခြံက ဦးအောင်သင်း သမီးလေး ရွှေရုပ်လွှာပဲ"

"ဟင် ..."

ဦးနေလ ပို၍ခေါင်းရှုပ်သွားရပြန်၏။ ဘယ်လိုမှ ညှိလို့မရသေးတဲ့ ပြဿနာကြောင့် နောက်ထပ်ဆက်နွယ်ခဲ့တာတွေ သူဘယ်လိုရှင်းရမှာလဲ၊ ကိုယ့်ရောဂါ အခြေအနေ ကိုယ်သာအသိဆုံးဖြစ်နေတာမို့ သူမျှော်လင့်ခဲ့သည်က ကောင်းနေခနှင့်ဝီရသကို ညီအစ်ကိုရင်းသဖွယ် အမြဲတမ်းမြင်တွေ့ချင်နေမိတာပင် ဖြစ်ခဲ့သည်။

အခန်း ( ၂၆ )

ကောင်းနေခဆိုသော သူကို သူ့မတွေ့ချင်၊ မမြင်ချင်အောင် ဖြစ်ရ၏။ ရွှေရုပ်လွှာနဲ့ ပတ်သက်ပြီး သူ့နှလုံးသားကို ပေးဆပ်ခဲ့ရသလို အခုလည်း ဒက်ဒီ မေတ္တာတွေကိုပါ ပေးဝေရတော့မည်။

တစ်ခုမဟုတ် တစ်ခု သူ့အတွက် ကျန်ရင်တော်သေး၊ ခုတော့ သူ့ရင်တစ်ခုလုံး ပွင့်ထွက်ပြီး နှလုံးသားတွေ အက်ကြောင်းထပ်နေပြီ။

အခုလည်း ကောင်းနေခနှင့် ရုပ်လွှာတို့ စေ့စပ်တော့မည်။

ဘယ်သူ့ကိုမှလည်း မတွေ့ချင်၊ မမြင်ချင်၊ စကားမပြောချင်၊ ကြာလေလေ ဝီရသဆိုတဲ့ကောင်သည် အလွမ်းအဆွေးတွေကြားမှာ မေတ္တာငတ်ရင်း နစ်မွန်းရမည်။ ဒါတွေကို ဥပေက္ခာပြုနေပေမယ့် သည်း ရင်ထဲက ဝေဒနာကို ညာလို့မရ။

တစ်ယောက်တည်း မြို့ညသိပ်စွာ ငေးနေတွေးနေကာမှ ခင်းပျံ့သော ကိုယ်သင်းနံ့လေးနဲ့အတူ ...

"ဝီရသ ..."



www.burmeseclassic.com

www.burmeseclassic.com



သူမော့ကြည့်လိုက်တော့ ရွှေရုပ်လွှာ ...

သူမနဲ့ ခပ်လှမ်းလှမ်းနေရာမှာတော့ ကောင်းနေခ ...

"ဘာလဲ ရုပ်လွှာ၊ စေ့စပ်ဖို့အကြောင်းပြောမလို့လား တို့သိပြီးပါပြီ ... "

"ရှင် ဒီလိုဖြစ်နေတော့ ရုပ်လွှာတို့ စိတ်မကောင်းဘူး"

"တို့က အမြဲတမ်း အထီးကျန်နေခဲ့ရလို့ နေတတ်နေပါပြီ"

သူမ ရင်နင့်စွာ ကြည့်နေပြီးမှ စကားဆိုသည်။

"ဝီရသရယ် ရုပ်လွှာကို ခွင့်လွှတ်ပါ"

"တို့ကို မတောင်းပန်ပါနဲ့ ရုပ်လွှာ၊ မင်းတောင်းပန်လို့လည်း ငါ့ရင်ထဲက ချစ်ခဲ့တဲ့အချစ်တွေဟာ နူးညံ့စွာနဲ့အရည်ပျော်သွား မဟုတ်ဘူး၊ ပုံဆောင်ခဲတွေပဲ ဖြစ်တည်သွားမှာ၊ ငါ့အနားကနေ ပြ ပါတော့ ရုပ်လွှာ"

ရုပ်လွှာ ထ,မသွား ...

"မင်းတို့မသွားရင် ငါသွားပါရစေ"

သူ့ခြေလှမ်းတွေ ပြင်နေခိုက် ...

"ခဏနေပါဦး ဝီရသ"

"မင်း ငါ့ကို အစ်ကိုတစ်ယောက်လိုပုံစံနဲ့ လာမပြော ရုပ်လွှာကို မင်း, ထားခဲ့တုန်းက ထားခဲ့ပြီး၊ အခုမှ ဘာဖြစ် လာရတာလဲ ... "

"ဘာလဲ ... ငါပြန်လာလို့ မင်းအတွက်မျှော်လင့်ချက် ပျောက်ဆုံးကုန်ပြီလား၊ ဒါပေမယ့် ဝီရသ ... အခု ရုပ်လွှာ ဘဝအတွက် ဖြစ်နေပြီ"

"ခင်ဗျား ... ဘဝအတွက်ဟုတ်လား တော်စမ်းပါ"





"မင်းအတွက် ရုပ်လွှာရင်ထဲမှာ နေရာမရှိတော့တာကို လိုလိုလားလား လက်ခံပေးလိုက်စမ်းပါ"

သူဆက်၍ သည်းမခံနိုင်တော့။ ရှုံးနေပါတယ်ဆိုမှ ဖွင့်လှဲ ချဖို့ စိတ်ကူးနေတော့သည်။

"ခင်ဗျား ပါးစပ်ပိတ်ထားရင်ကောင်းမယ်"

ကောင်းနေခ ကော်လံနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ် ကိုင်ထားရင်း ဝီရသ ဒေါသတွေပွင့်ထွက်လာပြီမို့ ရုပ်လွှာက အတင်း ခြေးလာပြီးတော့ တားသည်။

"တော်ပါတော့ ... တော်ကြပါတော့ရှင်"

ဝီရသ တစ်ချက်မဲ့ပြုံးလိုက်ရင်း ...

ဒီလိုကျတော့ သိပ်ချစ်တတ်နေပါလားလို့ ... ပြောလိုက်ချင် သည်။ သို့သော် ...

"ရုပ်လွှာ နှလုံးသားစစ်ဆင်ရေးတစ်ခုမှာ လိုအပ်တဲ့ သက်နက် သုံးခွင့်ရှိတယ်ဆိုပေမယ့် မင်းကို တို့ချစ်တာတွေ ရင်ထဲ မှာ သယံဇာတ အဖြစ်နဲ့ သိမ်းထားပြီးသား၊ မင်းချစ်တဲ့သူဟာ ငါ့ အစ်ကိုဖြစ်နေလို့၊ ငါနောက်ဆုတ်လိုက်တာ မဟုတ်ဘူး၊ မင်းပျော် နေတာကိုပဲ မြင်ချင်လို့"

ပြောပြီး လှည့်ထွက်သွားသော သူ့ကို ရုပ်လွှာရော ကောင်းနေခပါ ငေးကြည့်နေမိ၏။

"သူ အရမ်းစိတ်ထိခိုက်နေတယ် ကိုရယ်"

"စိတ်မပူပါနဲ့ ရုပ်လွှာ ... နောက်ကျတော့ အဆင်ပြေသွား မှာပါ၊ အခုတော့ သူ့ရင်ထဲမှာ သွေးပူနေတုန်းမလို့ပါ၊ သူနားလည်



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာပါ”

ဒီလိုနဲ့ ခံစားမှုတွေရင်ဝယ်ပိုက်ပြီး သူ့အဖို့ မသောက်ချင် သော အရက်တွေကို အဖော်ပြုနေရသလို ဒက်ဒီကလည်း သူ့ကို စိတ်ပျက်နေပုံရ၏။ ဒါပေါ့ ဒက်ဒီ့အတွက် အကောင်းစား သားဆရာ ဝန်တစ်ယောက် ရလိုက်ပြီကိုး သူ့အတွက်ကတော့ အလကား ကောင်ဖြစ်နေရပြီလေ။

မေတ္တာငတ်ခဲ့ရတဲ့ သူ့အဖို့ ပို၍ပင် မေတ္တာငတ်ခဲ့ရပြန်သည် မေမေ မရှိတော့ဘဲ အထီးကျန်စွာ နေလာခဲ့ရပြီး ဒက်ဒီကပါ ရင်ထဲက ထွက်သွားချင်နေပြီ၊ ချစ်ခဲ့ရသော သူကလည်း မျက်နှာ ခဲ့ပြီ၊ တကယ်ပဲ ရင်ထဲမှာ မခံစားနိုင်တော့။ သူ့ဘဝမှာ အကောင်း ဆုံး အဖော်ဟာ ဒီတစ်ခုပဲရှိတော့တာကြောင့် အချိန်တိုင်းမှူးနေ သည်။ အမြဲတမ်း မဆုံမိအောင် ကြိုးစားကာမှ ဒက်ဒီပြန်အလာ သွားဆုံမိသည်။

“သား ... ဝီရသ ဘယ်သွားမလို့လဲ”

“ဪ ... ဒက်ဒီက ဒီတစ်ခါသားကို ဂရုတစိုက်မေး လား၊ အလကားကောင် ဖြစ်နေတဲ့သားကို ဒက်ဒီ ဂရုစိုက်မနေ နဲ့”

“ဒက်ဒီ့ကို စိတ်ဆိုးနေတာလား သား၊ ဒက်ဒီကို အရွဲ့ နေရင် သားဘဝဟာ အသုံးမကျတဲ့ လူတစ်ယောက်လို ဖြစ် လိမ့်မယ်”





“ဒါဆိုလည်း ဒက်ဒီအတွက် အသုံးကျတဲ့ သားဆရာဝန်ကို ခေါ်ထားလိုက်လေ”

“ဒက်ဒီ စိတ်ပျက်အောင် မလုပ်ပါနဲ့သား”

“ဟုတ်တယ်၊ သားက ဒက်ဒီအတွက် စိတ်ပျက်စရာကောင်း တဲ့ သား၊ ဒီအတွက် ဒက်ဒီသားကို ဂရုစိုက်မနေပါနဲ့၊ စိတ်ချမ်းသာ အောင်သာ နေပါ”

လွယ်ထားသော ကျောပိုးအိတ်ကို အပေါ်သို့ပြန်ပင့်တင် ရင်း ဒက်ဒီကို စေ့စေ့ကြည့်ကာ သူလှည့်ထွက်လာခဲ့သည်။

“သား ... ဝီရ ခဏနေပါဦး”

ခေါ်သံနှင့်အတူ လဲပြိုကျသံပါ တဆက်တည်း ကြားလိုက်ရ ပြီး ဒက်ဒီအသံပါ ငြိမ်သက်သွားတာမို့ သူစိုးရိမ်စွာဖြင့် လှည့်ကြည့် မိတော့ ...

“ဒက်ဒီ ... ”

လဲကျနေသော ဒက်ဒီကို ပွေ့ထူလိုက်ပြီး အပြင်သို့လှမ်း ခေါ်လိုက်သည်။

“ဒက်ဒီ ... ဒက်ဒီ ကိုနောင် ဒီမှာဒက်ဒီလဲကျလို့ ဘာဖြစ်တာ လဲ မသိဘူး ... လာပါဦး”

ကိုနောင်က ကားဆေးနေရင်းမှ အတင်းပြေးလာသည်။ မျက်လုံးလေးများ ပွင့်လာသော ဒက်ဒီက သားကိုကြည့်ရင်း ...

“သား ... ဝီရ”

“အန်ကယ်ကို ဆေးရုံပို့မှဖြစ်မယ် ဝီရ”

ပြောလည်းပြော၊ နှစ်ယောက်သား ဦးနေလ ကိုယ်ကြီးကို ကားပေါ်သို့ ပွေ့တင်လိုက်သည်။ သတိရှိသော ဦးနေလက သား၏



www.burmeseclassic.com

www.burmeseclassic.com



လက်တွေကို ဆုပ်ကိုင်လိုက်သည်။

"သား ... ကြာဖြူ့ကို ဖုန်းဆက်ပေးပါ"

တိုးညှင်းစွာ ပြောလိုက်သော မသဲကွဲသည့်အသံတို့ကြောင့် သူ ကိုနောင်ကို လှမ်းကြည့်လိုက်သည်။

"ကိုနောင်ပဲ ဆက်လိုက်ပါဗျာ"

ကိုနောင်က ခေါင်းညိတ်ပြရင်း ဆက်လိုက်ရာ ချက်ချင်းပင် ဖုန်းဝင်သွားတာကြောင့် အကျိုးအကြောင်း ပြောပြလိုက်သည်။

"ကိုနောင် ဒက်ဒီက ဒီလိုပဲဖြစ်တတ်လား"

"ဟုတ်တယ် ဝီရ ... အန်ကယ်က မင်းကိုမပြောနဲ့ဆိုလို့သာ ရောဂါက ကျွမ်းနေပြီ"

"ဘာ ... ရောဂါ ကျွမ်းနေပြီဟုတ်လား၊ ဘာရောဂါတဲ့လဲ"

"အဆုတ်ကင်ဆာ ... "

"ဟင် ... "

ကြားလိုက်ရသည့် စကားကြောင့် သူ့ခေါင်းတွေချာချာလည်ကာ လဲကျမတတ်ပင် ဖြစ်သည်။

ကင်ဆာဆိုသော အရာသည် သိလိုက်တာနှင့် လွန်နေပြီ။

သတိလစ်မတတ် ဖြစ်နေသော ဒက်ဒီကို ကြည့်ကာ သူ့ ရင်ထဲမှာ ဘယ်လိုမှ မကောင်းနိုင်။

ဘုရား ... ဘုရား အဆုတ်ကင်ဆာ ဆိုပါလား၊ ဒက်ဒီရယ် ဘာဖြစ်လို့ သားကိုမပြောရတာလည်းဗျာ။

သူတို့ SSC ရောက်တော့ အန်တီကြာဖြူတို့ သားအမိလည်း ရောက်လာကြသည်။

ဒက်ဒီသည် အမြင်မကြည်နေသည့် သား၏လက်ကလေးကို





ကိုင်ပြီး စကားတွေပြောလိုက်၊ ခဏနားလိုက်နှင့် အသက်ခပ်ပြင်းပြင်း ရှူနေရတဲ့ ဒက်ဒီကိုကြည့်ပြီး သူ့ရင်ထဲမချိတွေ့စွာ ခံစားရ၏။

"ဒက်ဒီ ဒက်ဒီရယ် ဘာမှမပြောပါနဲ့ဗျာ၊ ဒက်ဒီ မောနေလိမ့်မယ်"

"ရပါတယ် သားရယ်၊ သား လိမ်လိမ်မာမာနေနော်၊ သားကို မှာခဲ့မယ်၊ အခု မန္တလေးမှာရှိတဲ့ ဟိုတယ်ကို သားတာဝန်ယူရမယ်၊ ဒက်ဒီ့ကို ခွင့်လွှတ်ပါသားရယ်"

"ဒါတွေ မပြောပါနဲ့ ဒက်ဒီရာ၊ ဒက်ဒီ အရမ်းမောနေပြီ"

"မပြောလို့ မဖြစ်ဘူးသား၊ ဒက်ဒီ သားကို စိတ်ချချင်တယ်"

"ဒက်ဒီ ဘာတွေပြောနေတာလဲ၊ ဒက်ဒီ ဘာမှမဖြစ်ဘူး၊ ဘာမှ မဖြစ်ရဘူး"

စိတ်မချစွာဖြင့် တဖွဖွမှာနေသော ဒက်ဒီကိုကြည့်ကာ သူ မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။ အန်တီကြာဖြူနဲ့ ကောင်းနေခကလည်း မျက်ဝန်းမှာမျက်ရည်တွေ ပြည့်လျှံနေပြန်၏။

"သား ... ကောင်းနေခ သားညီလေးကို စောင့်ရှောက်ပါနော်"

"ကိုနေလ ... စကားတွေအများကြီး မပြောပါနဲ့၊ ရှင်မောနေလိမ့်မယ်"

"အေးပါ ကြာဖြူရယ်၊ ငါနားလည်ပါတယ်၊ မင်းတို့တွေ ငါ့ကြောင့် စိတ်ညစ်နေရပြီနော်၊ သား ... ဝီရ သားအစ်ကို့ကို ကောင်းကောင်း ဆက်ဆံနော်"

ပြောချင်တဲ့ စကားတွေကို အတန်တန်အားယူကာ ပြော



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သော ဒက်ဒီသည် ချက်ချင်းဆိုသလိုပင် သူတို့နှင့်ဘဝချင်း ခြားသွားခဲ့သည်။

"ဒက်ဒီ … ဒက်ဒီ"

"ဦးနေလ ဆုံးသွားရှာပြီ"

ဒေါက်တာပြောလိုက်သော စကားဟာ သူ့အတွက် မယုံကြည်နိုင်တော့။

ဒက်ဒီ ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့ပြီတဲ့။ မြန်လိုက်တာ ဒက်ဒီရယ်။

"ဒက်ဒီ သားကို တစ်ယောက်တည်းစိတ်မချဘူးဆို၊ အခု စိတ်ချသွားပြီပေါ့၊ သားကို စကားတွေ အများကြီးပြောပါဦးလား ဒက်ဒီရယ်"

မေမေက ခွဲခွာသွားခဲ့ပြီ၊ အခု မထင်မှတ်ဘဲနဲ့ ဒက်ဒီကပါ အခု သားကို ထားရစ်ခဲ့ရလား ဒက်ဒီရယ်။

ဒက်ဒီ သား မေတ္တာတရားကို ဘယ်လိုခံစားရမှာလဲဟင်။

တသွင်သွင် စီးကျနေသော အန်တီကြာဖြူ၏ မျက်ဝန်းမှ မျက်ရည်တို့က ဦးနေလ၏ ပါးပြင်ထက်ဆီသို့ ကြွေဆင်းကျနေသည်။

အခန်း ( ၂၇ )

ကောင်းနေခသည်ပင် ရန်ကုန်ဆေးရုံကြီးတွင် လက်တွေ့ဆင်းနေရပြီဖြစ်သည်။

ဝီရသဘွဲ့လာယူတာ မတွေ့တော့ ရုပ်လှ စိတ်မကောင်းဖြစ်ရပြန်၏။ အရှမ်းကြေကွဲနေမှာပဲဆိုတာကိုလည်း သိသည်။

အန်ကယ်ဦးနေလ တာဝန်ယူခိုင်းသော မန္တလေးမှဟိုတယ်ကြီးကိုလည်း သူလှည့်မကြည့်နိုင်လောက်အောင် အတွင်တွင်သာ မှုးနေတော့သည်။

တစ်ယောက်တည်း ကျန်ရစ်နေရှာသော သူ့ကိုအန်တီကြာဖြူက အားပေးစကားတွေပြောရင်း ဖေးမကူညီခဲ့သည်။

အစပိုင်းမှာတော့ အန်တီကြာဖြူကို သူ မကျေနပ်စွာပြောခဲ့ပေမယ့် အတိုင်းထက်အလွန်သည်းညည်းခံပြီး အစစအရာရာ ဂရုစိုက်ရှိခဲ့တာကြောင့် မိဘမေတ္တာငတ်နေတဲ့ သူ့အဖို့ တဖြည်းဖြည်း စာနာ, နားလည်နိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကောင်းနေခဲဆိုတဲ့ သူနဲ့တော့ မျက်နှာချင်းမဆိုင်ခဲ့ပေ။

ကောင်းနေခနှင့် ရပ်လွှာတို့ကို အတူယှဉ်တွဲလျှက် တွေ့နေမြင်နေရလျှင် ငြိမ်သက်စပြုနေတဲ့ ရင်ထဲက ဝေဒနာတွေကို နောက်ထပ် ကုစားဖို့မလွယ်။ ထို့ကြောင့် သူ့စိတ်တွေ ယိုင်နဲ့နေရင်းနဲ့ပဲ မန္တလေးမှာသာ ဘဝကို ဆက်လက်ရှင်သန်ရန် ဆုံးဖြတ်လိုက်သည်။

ဒက်ဒီ့စကားကို သူ့ရင်ထဲကပဲ ခေါင်းညိတ်လိုက်ခဲ့ပါသည်။ မင်္ဂလာကိစ္စနှင့် ပတ်သက်၍လည်း ရပ်လွှာကိုကြည့်ရသည်မှာ စိတ်အားထက်သန်စွာ မရှိခဲ့ပါ။ နှစ်တွေများစွာ ချစ်လာခဲ့ပြီး လက်ထပ်ရန်အတွက် မပျော်ရွှင်နိုင်သည့်အရေးကို သူဝေခွဲမရ ... ။

"ကိုယ် ... ရပ်လွှာတို့ မင်္ဂလာရက်ကို နောက်ဆုတ်လိုက်ရအောင်"

"ဘာဖြစ်လို့လဲ ရပ်လွှာ"

"ရပ်လွှာ အချိန်နည်းနည်းလောက် ယူပါရစေဦး"

"အင်းလေ ... ရပ်လွှာသဘောပါပဲ"

ဝီရသကြောင့်လားလို့ မေးလိုက်ချင်ပေမယ့် သူမမေးတော့ပါ။

သူမရင်ထဲမှာ လက်ထပ်ဖို့ရက်ကို ဆုံးဖြတ်ရန်ခက်ခဲနေကြောင်း သူ ရိပ်မိခဲ့၏။

တကယ်လက်ထပ်ဖို့အတွက် သူမ ဘာလို့ဝေခွဲမရဖြစ်နေတာလဲ၊ သူမ ဘာကိုများနှောင့်နှေးနေရတာလဲ။





သူစိတ်တွေ လေးလံစွာဖြင့် သူမ မျက်နှာလေးကို လှမ်းကြည့်လိုက်တော့ ငေးငေးငိုင်ငိုင်နှင့် တစ်နေရာသို့ ငေးစိုက်ကြည့်နေသည်။

"မင်း ဘာတွေဖြစ်နေတာလဲ ရပ်လွှာ၊ ဟိုအရင်လို ချစ်စကားတွေ မဝေနိုင်တော့ပါလား"

သူ ထိုသို့မေးတဲ့အခါ ရပ်လွှာ မဖြေတတ် ...

"ရပ်လွှာ ဘာဖြစ်လို့ အဲလို ငိုင်နေရတာလဲ"

"ကိုရယ် ... ရပ်လွှာ အဲလိုဖြစ်နေလို့လား"

ကိုယ့်ကိုယ်ကို မသိတာပဲလား။ မသိချင်ယောင်ဆောင်နေတာပဲလားလို့ သူမကိုမမေးရက်တာကြောင့် ခေါင်းကိုတစ်ဖက်သို့လှည့်ကာ သက်ပြင်းချလိုက်မိသည်။

ရပ်လွှာကလည်း သူ့ကိုကြည့်ရင်းသဘောပေါက်လိုက်၏။ သူမ ဒီလောက်တောင် ရပ်ပျက်ဆင်းပျက် ဖြစ်နေရပြီလား၊ သူမအနေနှင့် သူ့ကိုမခွဲနိုင်သလို ဝီရသအပေါ်၌လည်း သနားမှုတွေ ပိုခဲ့ပြီး သံယောဇဉ်တွေ တွယ်မိခဲ့၏။ သူနဲ့ ရပ်လွှာလက်ထပ်ခဲ့လျှင် ဝီရသရင်ထဲ ဘယ်လိုနေမလဲဆိုသည့် အတွေးက ဝင်လာခဲ့ရပြန်သည်။ သူတို့နှစ်ယောက် မသင့်မြတ်ခဲ့တာ ပို၍ပင်ဆိုးတာကြောင့် သူတို့နှစ်ယောက်ကြား သူမ ဘယ်လိုရပ်တည်ရပါ့မလဲ၊ သူမ ဘာလုပ် သင့်သလဲ ဆိုသည့်အတွေးတွေက အစီအရီ ...

တစ်ခုခုကို ဆုံးဖြတ်ရန် သူမစဉ်းစားမိ၏။ နှစ်ဦးစလုံး၏ သံယောဇဉ်တွေကြောင့် သူမဒီမှာရှိနေသရွေ့ သူတို့ညီအစ်ကိုနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အတွက် သင့်မြတ်ဖို့ မလွယ်ကူချေ။ သူတို့နှစ်ယောက် ညီအစ်ကိုကောင်းတွေ ဖြစ်ခဲ့ကြရင် သိပ်ကောင်းမှာပဲဆိုသည့် အတွေးများသာ စိုးမိုးလာသည်။

နောက်ဆုံး သူမ၏ဆုံးဖြတ်ချက်ကတော့ ဒေါ်လေး တာပြောဖူးသည့် အတိုင်း မြို့နှင့်အလှမ်းကွာဝေးသော သူတို့ရွာ လေးမှာ ပညာရေးချို့တဲ့ပြီး ပညာမသင်နိုင်သော ကလေးငယ်များ ရှိသည်တဲ့။ ဖေဖေ့ကို နားလည်အောင် ပြောပြပြီး ထိုတောရွာလေး မှာပဲ ကျောင်းဆရာမလုပ်ဖို့ ဆုံးဖြတ်လိုက်တော့သည်။

ခွဲခွာရတော့မည် ဆိုသည့် အသိနှင့် သူမရဲ့စေ့စပ်လက်စွပ် လေးကို ပြန်ပေးရန် " M Cafe" မှာ ချိန်းလိုက်သည်။ ဘယ်လို အကြောင်းရယ်ဆိုတာကို သိမနေသည့်အတွက် ရပ်လွှာက ပြော စရာရှိသည့်ဆိုတာနဲ့ ကောင်းနေခ ချက်ချင်း ရောက်လာခဲ့သည်။ မတိုးမကျယ် သီးချင်းခပ်အေးအေးလေးကို နားထောင်ရင်း ...

သူမ အကြိုက်ကို အမြဲတမ်း သိတတ်သော သူ Cappuccino နဲ့ သူ့အကြိုက် Banana Coffee တို့ကို လှမ်းမှာလိုက်ပြီး သူမ ပြောမယ့်စကားကို နားစွင့်နေခဲ့သည်။

"ကို ..."

"ပြောလေ ရပ်လွှာ၊ ဘာပြောစရာရှိလို့လဲ"

"ဟို ... ဟိုလေ"





"ဘာလဲ ရပ်လွှာရဲ့၊ လက်ထပ်ရက်ကို နောက်ဆုတ်လိုက်လို့ ကိုယ်စိတ်မကောင်း ဖြစ်နေတယ်ထင်လို့လား"

"ဟင့်အင်း ..."

"ဒါဆို ဒီရက်အတိုင်းပဲ သတ်မှတ်ချင်လို့လား"

"ဟင့်အင်း ..."

"ဒီလိုဆို ဘာလဲ ရပ်လွှာ၊ ပြောပါ ကိုယ့်ကို ရှင်းရှင်းလင်း လင်းပြောစမ်းပါ"

"ရပ်လွှာကို ခွင့်လွှတ်ပါကို၊ ကို့ရဲ့စိတ်တွေကို ရပ်လွှာ နာကျင်အောင် မလုပ်ချင်ပါဘူး"

"ဘာကိုဆိုလိုတာလဲ ရပ်လွှာ၊ ကိုယ်ဘာမှ နားမလည်နိုင် တော့ဘူး၊ ကိုယ်နားလည်အောင် ပြောစမ်းပါ"

ငုံ့ထားသော သူမမျက်နှာလေးမော့လာပြီး သူ့ကိုမျက်ဝန်း နုံးစုံးတွေနဲ့ ဖျတ်ခနဲ စိုက်ကြည့်ကာ ခေါင်းကို ပြန်ငုံ့ချလျက် ...

"ရပ်လွှာ ... ဒါကို လက်မခံထားပါရစေနဲ့ ကိုပဲပြန်ယူထား ပါ"

*စားပွဲပေါ်သို့ တင်ပေးသောအရာကို လှမ်းကြည့်မိတော့* စေ့စပ်လက်စွပ်ဘူးလေး ဖြစ်နေ၏။

"ဒါ ... ဘာလုပ်တာလဲ ရပ်လွှာ"

"ရပ်လွှာကို နားလည်ပေးပါကို၊ ဝီရသဟာ ကို့ရဲ့ညီ ဖြစ်နေ လို့ စိတ်ပင်ပန်းခဲ့ရတာထက် မထင်မှတ်လဲ သူ့ကိုချစ်မိသွားလို့ ရပ်လွှာစိတ်တွေ ပိုပင်ပန်းခဲ့ရတယ်"

"ဒါဆို ကိုယ့်အတွက်ကကော၊ ကိုယ်တို့နှစ်ယောက် ချစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြပြီး ပျော်ရွှင်မှုတွေနဲ့အတူ ဒီအထိလျှောက်လှမ်းခဲ့ရတဲ့ ကိုယ့်ဘဝ က ဘာလဲ ... ကိုယ့်အတွက်က ဒါပဲလား ... ရုပ်လွှာနဲ့ ကိုယ်ချစ်ခဲ့ကြတဲ့ အချစ်တွေက ရုပ်လွှာစိတ်ထဲမှာ ခံစားမှုနဲ့ ခဏတာ တွယ်တာမှုပဲလား၊ ကိုယ့်ကို ချစ်ခဲ့တုန်းက ရုပ်လွှာရဲ့စိတ်ကို အချစ်လို့ ယုံကြည်ခဲ့လို့ ချစ်ခဲ့တာမဟုတ်ဘူးလား၊ ဒါမှမဟုတ် အချစ်တွေက အေးစက်သွားပြီး ပြောင်းလဲသွားတာလား ... ပြောပါဦး ရုပ်လွှာရာ"

"ကိုရယ် ... ရုပ်လွှာရင်ထဲမှာ ကို့ကို မချစ်ခဲ့ဘူးဆိုရင် ဝီရသ ဆီကို သွားမိမှာပေါ့ ... ရုပ်လွှာ စဉ်းစားမိပါတယ်၊ အားလုံးအတွက် ပိုပြီးမခံစားရခင် ရုပ်လွှာတို့စေ့စပ်ထားတာကို ဖျက်သိမ်းလိုက်ရ အောင်"

"ဒီလောက်တောင်ပဲ စဉ်းစားပြီးပြီလား ရုပ်လွှာ၊ ထားပါလေ ရုပ်လွှာ ကိုယ့်ကို မချစ်လို့ဘဲဖြစ်ဖြစ်၊ ဝီရသနဲ့ပတ်သက်တဲ့ သနား ဂရုဏာကို အချစ်လို့ထင်နေတာပဲဖြစ်ဖြစ်၊ ကိုယ် ဒီလက်စွပ်ကို ပြန် လက်မခံပါရစေနဲ့၊ ပြန်ပြီး လက်ခံရမယ့် လက်စွပ်ဆိုရင် အစ ကတည်းက မပေးခဲ့ဘူး၊ ကိုယ် အရမ်းနားလည်သွားပါပြီ ရုပ်လွှာ တကယ်တော့ အချစ်ဆိုတာ နားလည်ဖို့ အရမ်းခက်ခဲတဲ့ အရာ တစ်ခုပါပဲ"

မရေမရာ နောက်ကျိုရှုပ်ထွေးသွားသော အတွေးများစွာဖြင့် အဆုံးသတ်သွားခဲ့သော သူ့ကို သူမရင်နာစွာဖြင့် ငေးကြည့်နေမိ သည်။





မနက်ဖြန် မန္တလေးသွားဖို့အတွက် ပြင်ဆင်နေခိုက် ဖုန်းမြည် ကြောင့် ဝီရသ လှမ်းကိုင်လိုက်သည်။

မေလေးပြောနေသော ဖုန်းထဲကစကားသံတွေကို သူ့နား မယုံချင်၊ ဝရံတာဘက်ကို ပြေးထွက်ပြီး တစ်ဘက်ခြံကို လှမ်း ကြည့်လိုက်တော့ သူမက တစ်ယောက်တည်း ထိုင်နေသည်။

သိချင်သည့်အတွက် ခြေလှမ်းတွေက ဘယ်လိုရောက်သွား မသိ။

"ရုပ်လွှာ"

"ဝီရသ"

"ဘယ်လိုဖြစ်တာလဲ ရုပ်လွှာ၊ မေလေးပြောလို့ သိရတာ၊ ဖြစ်လို့ စေ့စပ်တာကို ဖျက်သိမ်းလိုက်တာလဲ"

"အားလုံးအတွက် ရုပ်လွှာလုပ်တာ မမှားနိုင်ဘူး ထင်လို့ပါ"

"ဘာ ဒါဆိုမင်းလုပ်တာ သိပ်မှန်နေပြီပေါ့ ... မင်း သူ့ကိုအစ ချစ်တယ်ဆို၊ တို့ကိုလည်း လက်လျှော့လိုက်ပါလို့ ပြောခဲ့တယ် သူနဲ့လက်ထပ်ပါရစေ လက်ခံပေးပါလို့ မင်းပါးစပ်လေးက တာလေ၊ ဒါကြောင့်ပဲ တို့ရင်နာနာနဲ့ စွန့်လွှတ်ခဲ့ရတာ၊ ဘာဖြစ် လို့လုပ်လိုက်ရတာလဲ ရုပ်လွှာရယ်"

ရုပ်လွှာ သူမနှုတ်ခမ်းလေးကို ဖိကိုက်လျက် ...

"ဟုတ်တယ် ... ရုပ်လွှာ ဒီလက်ထပ်ပွဲကို မယုံကြည်ချင် လို့"

"ဘယ်လိုပြောလိုက်တယ် ရုပ်လွှာ"



www.burmeseclassic.com

www.burmeseclassic.com



ငိုနေရင်းမှ ပြောနေသောသူမကို သူအားမလိုအားမ…
လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လျှက် ...

"ရုပ်လွှာ တို့ကိုကြည့်ပါဦး၊ တို့ကိုကြည့်ပြီးမှ ပြောလေ… ပါ ရုပ်လွှာရဲ့ တို့ကြောင့်လား ... တို့ကို အားနာလို့လား၊ တို့ကြော… ဆိုရင်တော့ ဒီလိုမလုပ်ပါနဲ့ ... မင်းလက်ထပ်ပွဲကို ဖျက်သိမ်း… မလိုပါဘူး ... တို့လေ မင်းပျော်ရွှင်တာမြင်ချင်လို့ စွန့်လွှတ်ခဲ့တာ… မင်း ဒီလိုဖြစ်နေတာ တို့လိုချင်တဲ့ဟာမဟုတ်ဘူး၊ ရုပ်လွှာ တို… တောင်း ပြန်ပါတယ်၊ ဖြူစင်စွာနဲ့ မင်းကို စွန့်လွှတ်လိုက်မို့ ဆုံး… ထားရဲ့ သားနဲ့ တို့အတွက်နဲ့ မင်းစိတ်ပင်ပန်းနေအောင် ဖြစ်သွား… ပြီနဲ့တူတယ်၊ တို့ဘာမှ မဖြစ်ပါဘူး ရုပ်လွှာ ... တို့တကယ် ဘာ… မဖြစ်ပါဘူးကွာ၊ တို့အတွက်နဲ့ ဒီမင်္ဂလာပွဲ ကို ဖျက်လိုက်ရတယ်ဆို… ဒီလိုမလုပ်ပါနဲ့"

တတွတ်တွတ်တောင်းပန်နေသော သူ့ကိုကြည့်ပြီး ရုပ်လွှာ… ရင်မှာနင့်ခနဲ ခံစားလိုက်ရ၏။

"ဝီရသ ရှင်တကယ်ခံစားနေရတဲ့သားနဲ့ ဘာဖြစ်လို့ ဒီလိုပြော… ရတာလဲ"

"ဟင့်အင်း ... ကိုယ်တကယ် ဘာမှမဖြစ်ပါဘူး"

ဟန်ဆောင်ကာပြောနေသော သူ့ကိုကြည့်ပြီး ရုပ်လွှာရင်… လို့ မဆိုးနိုင်၊ ကြိုးစားကာ သူပြုံးနေပေမယ့်လည်း နောက်ကွယ်မှ… ငိုရှိုက်ခြင်းတွေက ရောထွေးနေသည်။

"ဝီရသ ရုပ်လွှာကို အဲလို မပြုံးပြပါနဲ့ရှင်၊ ရှင်အဲလိုပြုံးတာ…





…ရင် ရုပ်လွှာ ရင်နာလို့ ရူးတော့မယ်"

"ရုပ်လွှာရယ်"

နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်နေရှာသော သူမကို …ဖက်ထားရင်း သူမ၏ဆံပင်ရှည်တချို့ကို ခပ်ဖွဖွဆွဲယူ၍ လက် …ပေါ်တင်ကာ အကြာကြီးငေးကြည့်နေသည်။ ပြီးတော့ မြတ် …နိုးနိုး ဆုပ်ကိုင်ထားပြီး ...

"အချစ်တွေကို ရင်ထဲမှာပဲ သိမ်းထားလိုက်ပါတော့ ရုပ်လွှာ …ယ်"

"ဟင့်အင်း ... ရုပ်လွှာ ရှင့်ဆီက ရုန်းမထွက်နိုင်တာ အဲဒါ …တွေပဲ၊ ရှင် ခဏခဏ အဲဒီလိုလုပ်နေလို့ ရုပ်လွှာလေ ရှင့်ရဲ့အတွေး …တွေကို မောင်းထုတ်မပစ်နိုင်ခဲ့သလို ရှင့်ကိုချစ်မိသွားရတာ"

"ဘာ ... ဘာပြောလိုက်တယ် ရုပ်လွှာ၊ တို့ကို ချစ်တယ်လို့ …ပြောလိုက်တယ် ... တကယ်နော် ... တို့ရင်ထဲမှာ အတိုင်းအဆမဲ့ …ပျော်သွားပြီ ရုပ်လွှာ"

"ရုပ်လွှာကတော့ မပျော်ဘူး၊ ရှင်နဲ့သူ့ကြားမှာ ရုပ်လွှာ …ဘယ်လိုမှ မပျော်ရွှင်နိုင်တော့ဘူး"

"တို့သိပါတယ် ရုပ်လွှာရယ်၊ မင်းရင်ထဲမှာ ကောင်းနေခ …နေသေးမှန်း သိပါတယ်၊ တို့ကို ချစ်တယ်လို့ ပြောလိုက်တာ မင်း …သိမ့်နေတာလားဟင်၊ ဒါပေမယ့် ရုပ်လွှာရယ် မင်း ... တို့ကို …တကယ် ချစ်,ချစ်, မချစ်ချစ်ပါ၊ ဒီစကားဟာ တို့အတွက် အရမ်း …နောက်ကျသွားပါပြီ၊ မင်းတို့ မင်္ဂလာပွဲကို မဖျက်တော့ဘဲ ပြန်လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ ရုပ်လွှာ၊ တို့ ခံစားနိုင်ပါတယ်၊ မင်းတို့ မင်္ဂလာပွဲလုပ် အချိန်ကျရင်လည်း တို့က မန္တလေးကိုရောက်နေမှာပါ၊ ရုပ် ကောင်းနေခဆီကို ပြန်သွားလိုက်ပါနော်”

သူ့ လက်ဖဝါးပေါ်ရှိ သူမဆံနွယ်များအပေါ် ကျရောက် သော အနမ်းတို့ကို သူမ တယုတယ သိမ်းထားလိုက်ပါသည်။

လှည့်ထွက်သွားသော သူ့ကို ငေးမောနေမိရင်း ...

ရုပ်လွှာ ရှင်တို့နှစ်ယောက်စလုံးနဲ့ ဝေးရာကို သွားတော့ ပါ ဝီရသရယ်။

အခန်း ( ၂၈ )

မန္တလေးမှာရှိတဲ့ ဟိုတယ်ကို ဒက်ဒီတာဝန်ပေးခဲ့တာမို့ အန်တီကြာဖြူ ကိုယ်တိုင်ကလည်း ဒက်ဒီစကားကို နားထောင် သောအားဖြင့် စီမံအုပ်ချုပ်သင့်တယ် ဆိုတာကြောင့် သူသွားဖို့ အတွက် ပြင်ဆင်နေခဲ့သည်။

လေဆိပ်သို့ အန်တီကြာဖြူကိုယ်တိုင် လိုက်ပို့ပေးခဲ့သည်။ သူနဲ့ရုပ်လွှာတွေ့ခဲ့ပြီးသည့် အကြောင်း၊ ကောင်းနေခကိုလည်း လက်ထပ်ဖို့ကိစ္စ မဖျက်သိမ်းဖို့ ပြောခဲ့ကြောင်းကိုလည်း အန်တီ ကြာဖြူအား ပြောပြခဲ့ပြီး ကောင်းနေခကို ရုပ်လွှာဆီသွားရောက်ဖို့ လည်း ပြောခဲ့လိုက်သည်။

“သား ကျန်းမာညရေးကို ဂရုစိုက်နော်၊ ဖုန်းလည်း ခဏခဏ ဆက်၊ အန်တီ မျှော်နေမယ်”

“ဟုတ်ကဲ့ပါ အန်တီလည်း နေကောင်းအောင်နေနော်၊ ကောင်းနေခတို့ လက်ထပ်ပြီးရင်လည်း အန်တီနဲ့အတူခေါ်လာခဲ့ပါ”

“အေးပါသားရယ်၊ မင်းဒက်ဒီသာရှိရင် သိပ်ဝမ်းသာမှာပဲ”



www.burmeseclassic.com

www.burmeseclassic.com



အန်တီကြာဖြူ ပြောလိုက်သည့်စကားကြောင့် သတိရမိသည့် စိတ်ဖြင့် ရစ်ဝိုင်းလာသော မျက်ရည်တို့ကို ပုတ်ထုတ်ရင်း အန်တီကြာဖြူကို နှုတ်ဆက်ကာ ကျောခိုင်းထွက်လာခဲ့သည်။

အန်တီကြာဖြူကလည်း သူ၏နောက်ကျောကို ကြည့်ကာ မျက်ရည်တွေ စီးဆင်းကျနေမည်မှာ မလွဲပေ။

သူမ တကယ်သွားတော့မယ်ဆိုတော့ ဖေဖေက ခေါင်းတညိတ်ညိတ်ဖြင့် လက်ခံသလို အန်တီတာကလည်း သာခုခေါ်သည်။ အသွားကိုတော့ ဘယ်လိုမှ အသိပေး၍ မဖြစ်နိုင်တာကြောင့် ဘာမှမပြောဘဲသာ နေလိုက်သည်။

သူမ ဒီလိုသွားမယ်ဆိုတာကို သူသိလျှင်လည်း အံ့သြမှာ ကျိန်းသေသည်။ မသိတာဘဲ ကောင်းပါတယ်လေဟု သူမတွေးလိုက်ပေမယ့် ...

"မေမေ ဒါဆို ရှပ်လွှာ ဝီရန့်လိုက်မသွားဘူးပေါ့"

"ဟုတ်တယ်သား ... ရှပ်လွှာက ဝီရန့်လိုက်မသွားသလို သားကိုလည်း လက်ထပ်မှာ မဟုတ်ဘူး"

"ဗျာ ... "

"ဟုတ်တယ် သား၊ မေမေ ရှပ်လွှာသူငယ်ချင်း မေလေးနဲ့ တွေ့ပြီးသွားပြီ၊ ရှပ်လွှာက သားတို့နှစ်ယောက်နဲ့ အလှမ်းကွာဝေးလွန်းတဲ့ ရွာလေးမှာ ကျောင်းဆရာလုပ်ဖို့ သွားတော့မယ်"

"ဟင် ... ဒါတကယ်လား မေမေ"





"မေမေ ဒီသတင်းကို အတိအကျ သိလာတာသား"

မေမေ့စကားကို သူဆုံးအောင်တောင် နားမထောင်တော့ဘဲ ကားပေါ်သို့တက်ကာ အတင်းမောင်းထွက်ခဲ့သည်။ မောင်းရင်းဖြင့်လည်း သူ့အသိတစ်ယောက်ဆီ ဖုန်းခေါ်ကာ ...

"ဟေ့ကောင် လက်မှတ်ရမှာလား ... "

"မပူနဲ့ရတယ်၊ မင်းသာ လေဆိပ်ကိုလာခဲ့ ငါစောင့်နေမယ်"

"အိုကေ ... "

ဒီအတိုင်းခေါ်လျှင် သူမ လိုက်မှာ မဟုတ်ဘူးဆိုတာကို သိ၏။ ထို့ကြောင့်ပင် မေလေးအား အကူအညီတောင်းလိုက်သည်။ ရှပ်လွှာစာသွားသင်မည့် နေရာကို ဒီနေ့သွားမည်။ ဒေါ်လေးတာနှင့် မေလေးလည်း ခဏတဖြုတ် လိုက်မည်ဖြစ်၏။

ခပ်ဝေးဝေးမှ ကြည့်ကတည်းက ကားပျက်နေပြီဆိုတာကို ခန့်မှန်းရင်း ရုတ်တရက် ထိုးရပ်လာသော သူ့ကားကြောင့် လှည့်ကြည့်လိုက်ကြသည်။

"ဟင် ... "

"ဟာ ... ကိုကောင်းနေခ"

"ဘာလဲ ကားပျက်နေလို့လား"

"ဟုတ်တယ် ကိုကောင်းနေခ၊ မေလေးတို့လည်း ဘာမှ မလုပ်တတ်ဘူး၊ နောက်ပြီး ကားမမီ ... "

မေလေး ပြောနေရင်းမှ ရှပ်လွှာက လှမ်းဆိတ်လိုက်တာကြောင့် ... စကားတစ်ဝက် တစ်ပျက်ဖြင့် ရပ်သွားကာ

"ကိုယ်သိပါတယ် ... ရှပ်လွှာရယ်၊ မင်း အန်တီတာတို့ရွာကို သွားဖို့အတွက် ကားမမီမှာ စိုးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုသိတာလဲလို့ သူမ တွေးတောနေစဉ်မှာပဲ သူက ကားထဲရှိ တစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

"ဒါ ကိုယ့်သူငယ်ချင်း မက္ကနစ်တစ်ယောက်ပဲ၊ ကားကို သူကြည့်ပေးလိမ့်မယ် ရုပ်လွှာ၊ ကိုယ်က ကားဂိတ်ကို လိုက်ပို့ပေးပါရစေ၊ ကိုယ့် သူငယ်ချင်း ကားပြင်ပေးပြီးရင် ဒေါ်လေးတာ့ရဲ့ မေလေးကို ခေါ်လာလိမ့်မယ်"

အားလုံးကို မတွေ့အောင်ရှောင်ကာမှ သူနှင့်ထိပ်တိုက် တိုးရသည်။ ချစ်ခဲ့ကြတဲ့ ချစ်သူတွေဆိုတဲ့ အသိက ရင်ထဲမှာ ရှိသေးတာကြောင့် လှပ်ခနဲ ခုန်မိသောရင်ကို အသိတရားဖြင့် ထိန်းချုပ်ထားပြီး သူ့ကားလေးပေါ် သူမပါလာခဲ့သည်။

"ရုပ်လွှာ ..."

"..."

"ရုပ်လွှာကို ကိုယ်မေးစရာရှိလို့ပါ၊ ရုပ်လွှာ ကိုယ့်ကို ဖြောခဲ့ပြီး ဝီရသနောက်ကို လိုက်သွားမယ်ထင်တာ၊ ရုပ်လွှာ ဘာဖြစ်လို့ လိုက်မသွားတာလဲဆိုတာ ကိုယ့်ကို ဖြေပေးလို့ရမလား"

"ရုပ်လွှာ မဖြေပါရစေနဲ့"

"ခက်ခဲနေမယ့် အဖြေတစ်ခုကို ရုပ်လွှာမဖြေနိုင်ရင် မဖြေပါနဲ့ ကိုယ်နားလည်ပါတယ်၊ ဒါပေမယ့် ရုပ်လွှာ ကိုယ်လေ ဝီရသကို ဒီလိုအချစ်စစ်မျိုးနဲ့ ချစ်တတ်လာလိမ့်မယ်လို့ မထင်ထားခဲ့မိဘူး မိန်းကလေးတွေနဲ့ လွယ်လွယ်တွဲပြီး လွယ်လွယ်ကွဲတတ်သူလို့ ထင်ထားခဲ့တာ၊ ဒါကြောင့်ပဲ ရုပ်လွှာကိုလည်း တစ်ခဏနဲ့ မေ့ပစ်နိုင်မယ်ထင်ခဲ့မိတာ၊ ကိုယ်ထင်တာ အရမ်းမှားသွားခဲ့တယ်၊ ရုပ်လွှာနဲ့ ကိုယ်စေ့စပ်တာ ဖျက်သိမ်းလိုက်တော့ ဝီရသနောက်ကို လိုက်သွား





မယ်ပဲထင်နေတာ၊ သူတကယ် မန္တလေးကိုရောက်ရင်ရော ရုပ်လွှာကို မေ့နိုင်ပါ့မလား၊ မမေ့နိုင်တဲ့ အပြင်က စိတ်တွေလေပြီး အမြဲတမ်း မူးနေမှာကို စိုးတယ်"

"ကိုကောင်းနေခဲ ဘယ်ကိုမောင်းနေတာလဲဟင်"

ကားက လေယာဉ်ကွင်းဘက်သို့ ရောက်လာတာကြောင့် သူမှားပြီးများ မောင်းနေတာလားဟု မေးလိုက်သည်။

"ခဏလေးပါ ရုပ်လွှာ၊ ကိုယ့် အသိတစ်ယောက်ဆီ ဝင်ချင်လို့၊ ရုပ်လွှာသွားရမယ့်ကားက မထွက်သေးပါဘူး၊ ကိုယ် မီအောင် ပြန်ပို့ပေးပါ့မယ်"

လေယာဉ်ကွင်းကို ရောက်တော့ သူဆင်းသွားပြီးသည်နှင့် ချက်ချင်းပင် ပြန်လာသည်။

"ရုပ်လွှာ ခဏလေးဆင်းပါဦး၊ ကိုယ့်သူငယ်ချင်းနဲ့ မိတ်ဆက်ပေးချင်လို့"

ဒီမြေ ဒီနားကနေ မြန်မြန်ခွာချင်ခဲ့သည်ဆိုကာမှ သူက ဆင်းခိုင်းနေပြန်သည်။

"ရုပ်လွှာ ... ရော့"

ရုပ်လွှာ လက်ကလေးကိုကိုင်ကာ သူမလက်ထဲသို့ စာအိတ်လေး တစ်အိတ်ထည့်ပေးလိုက်တာကြောင့် ...

"ဘာလဲဟင်"

"ရုပ်လွှာ ... ကိုယ့်ကို ခွင့်လွှတ်ပါ၊ အဲဒါ ရုပ်လွှာအတွက် လေယာဉ်လက်မှတ်"

"ရှင် ..."

"ဟုတ်ပါတယ် ရုပ်လွှာ၊ ရုပ်လွှာကို ဒီတိုင်းပြောပြီးလွှတ်ရင်



www.burmeseclassic.com

www.burmeseclassic.com



မသွားမှာစိုးလို့၊ အန်ကယ် ဦးအောင်သင်းရော၊ မေမေပါ အားလုံး တိုင်ပင်ပြီး ရုပ်လျှာအတွက် အကောင်းဆုံးဖြစ်အောင် လုပ်ပေးလိုက်တာပါ”

“ဟင် … မေလေးနဲ့ ဒေါ်လေးတာ”

“သူတို့လည်း သိပါတယ် ရုပ်လျှာ၊ ရုပ်လျှာ အရင်လို ပျော်ရွှင်နေတာကိုပဲ မြင်ချင်ပါတယ်၊ ဝီရသကလည်း ဟိုမှာတစ်ယောက်တည်း အထီးကျန်နေလိမ့်မယ်၊ ရုပ်လျှာသွားပြီး အဖော်လုပ်ပေးလိုက်ပါ”

“ဟင့်အင်း … ရုပ်လျှာ မသွားနိုင်ဘူး”

“ကိုယ့်ကို ရုပ်လျှာတကယ်ချစ်တယ်ဆိုရင် သွားလိုက်ပါ ရုပ်လျှာရယ်၊ ကိုယ် ကြည်ဖြူစွာနဲ့ နားလည်နိုင်ပါတယ်၊ ကိုယ် အစကတော့ ရုပ်လျှာကို တော်တော်ဒေါသထွက်ခဲ့တယ် … ဒါပေမဲ့ အဲဒီခံစားချက်ကနေတစ်ဆင့် ရုပ်လျှာဆီကနေ အသိတရားနှစ်ခုကို သင်ယူခွင့်ရလိုက်တယ် … တစ်ခုက တစ်စုံတစ်ယောက်ကို ချစ်တတ်တဲ့ စိတ်နဲ့ … နောက်တစ်ခုက တစ်စုံတစ်ယောက်ကို ခွင့်လွှတ်နားလည်ပေးတတ်တဲ့ စိတ်တွေကိုပေါ့၊ အခု ရုပ်လျှာကို နားမလည်နိုင်ပေမယ့် ကိုယ် ခွင့်လွှတ်ပေးနိုင်မယ် ထင်ပါတယ်”

“ကိုရယ် … ရုပ်လျှာ မသွားပါရစေနဲ့”

ကြေကွဲမှုတွေ ရင်ဝယ်ပိုက်ပြီး ခံစားနေရတဲ့သူ့ကို ဒီအတိုင်းထားခဲ့ရပြီး ရုပ်လျှာ မသွားချင်။

“ရုပ်လျှာ ကိုယ်နဲ့မင်းရဲ့ ရင်မှာ အရမ်းခံစားခဲ့ရတယ် မဟုတ်လား၊ ဝီရသလည်း တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေရမှာပဲ၊





ဒီလိုနဲ့ပဲ ဆက်လက်ရှင်သန်နေရမယ်ဆိုရင် ကိုယ်တို့သုံးယောက်စလုံး အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ပြီး သူစိမ်းတွေဖြစ်သွားနိုင်တယ်၊ ရုပ်လျှာ အဲဒီလို မမြင်ချင်ဘူး မဟုတ်လား … ဒီတော့ ရုပ်လျှာက ကိုယ်နဲ့ ဝီရသကို ဒီထက်ပိုပြီး ရင်းနှီးအောင် ကြားထဲက ကူညီပေးပါ”

“ကို … ”

“လေယာဉ်ထွက်ကာနီးပြီ၊ ရုပ်လျှာသွားတော့နော်၊ ဟိုမှာ ဝီရသလာကြိုနေလိမ့်မယ်၊ မေမေလည်း ဖုန်းဆက်ထားတယ်”

အရည်လဲ့နေသော သူမမျက်ဝန်းတွေက သူ့ကိုရှုန်းရှုန်းစားစား စိုက်ကြည့်နေကာ သူမ၏လက်ကလေးကို ဆုပ်ကိုင်ထားပေးရင်း လေယာဉ်ဝင်ပေါက်ဆီသို့ သူမကို တွန်းပို့လိုက်ပါသည်။

ကိုယ့်ကို မေ့ထားလိုက်ပါ ရုပ်လျှာရယ်၊ ကိုယ့်ရဲ့ဘဝ ကံကြမ္မာကိုက ဒီလိုဖြစ်ဖို့ ဖန်လာခဲ့တယ် ထင်ပါတယ်၊ ဝီရသနဲ့တွေ့ရင် မင်းပျော်သွားမှာပါ ရုပ်လျှာ၊ တစ်ချိန်တုန်းက မင်းကိုယ့်ကို ချစ်ခဲ့တဲ့အချစ်မျိုးဟာ အခုမင်းကို ဝီရချစ်တဲ့ အချစ်မျိုးလိုပေါ့၊ အဲဒီ အချစ်တွေဟာ ဘယ်တော့မှ အေးစက်သွားမှာ မဟုတ်တော့ပါဘူး ရုပ်လျှာရယ်။

ထွက်ခွာသွားပြီဖြစ်သော လေယာဉ်ကြီးကို သူငေးမောကြည့်နေဆဲမှာပင် တိမ်စိုင်တိမ်ခဲတွေကြားသို့ ဝင်ရောက်သွားသော လေယာဉ်ကြီးဟာ မှုန်ရီဝေဝါးစွာဖြင့် တဖြည်းဖြည်း ပျောက်ကွယ်သွားပါတော့သည်။

ရုပ်လျှာရယ် ကိုယ့်အတွက်ကတော့ မင်းဟာ တိမ်မည်းတွေနောက်က နေရောင်ခြည်လေးဖြစ်ခဲ့သလို၊ ဝီရသအတွက်တော့



www.burmeseclassic.com

www.burmeseclassic.com



တိမ်ညိုမှိုင်းတွေကြားက လရိပ်ဖြာလေး ဖြစ်ခဲ့ပြီပေါ့နော် ... ။

ရုပ်လွှာ လာမယ်ဆိုတာသိလို့ သူ့ရင်ထဲက အပျော်တွေသည် ဘာနဲ့မှ နှိုင်းဆလို့ မရအောင်ပင်။

အချစ်ကိုပိုင်ဆိုင်ခွင့် ရလိုက်လို့ သူဝမ်းသာပြီး မျက်ရည်များပင် လိုက်တက်လာရ၏။ စွန့်လွှတ်အနစ်နာခံတတ်သော ကောင်းနေခကိုတော့ တကယ်ပင်လေးစားမိသွားသည်။

သူလာကြိုနေမှာပဲဆိုတာ သူမသိနေလောက်ပြီ။

ဝင်လာသော ခရီးသည်များထဲမှ သူမကိုထင်းခနဲမြင်လိုက်ရသည်နှင့် သူ့ပျော်ရွှင်မှုသည် ထခုန်မိမတတ်ပင် ဖြစ်ရသည်။

လက်ရှည်ဆွယ်တာအဖြူ၊ ကီမိုနို အဖြူပွင့်နှင့် ဆံပင်ရှည်တွေကို နောက်ဘက် ခပ်မြင့်မြင့်မှာ ခပ်ပါးပါးပုဝါအဖြူလေးနဲ့ အပွင့်ဖော်ကာ စုချည်ထား၏။

သူ့ကိုတွေ့သည်နှင့် မပြေးရုံတမယ် လှမ်းလာသောသူမကို ဆီးကြိုပွေ့ဖက်လိုက်သည်။

လူအများကြီးရှေ့မှာလည်း သူဟန်မဆောင်နိုင်တော့ ...

"ရုပ်လွှာ တို့ဆီလိုက်လာတယ်နော်၊ ဝမ်းသာလိုက်တာ ရုပ်လွှာရယ်"

ရုပ်လွှာသည် ရှက်စနိုးဖြင့် ပြုံးရင်း ...

"အို ... လွှတ်ပါ၊ ဟိုမှာ လူတွေကြည့်နေတယ်"

"ကြည့်ကြည့်ပေါ့ကွာ၊ ချစ်လို့ဖက်တာ ဘာဖြစ်လဲ၊ ကဲ





ဒီလောက်ရှက်နေရင် ကားထဲသွားမယ်"

ဘာပစ္စည်းမှ ရွေးစရာမရှိသည့်အတွက် သူမလက်ကိုဆွဲကာ ကားပေါ်သို့ ရောက်သည်နှင့် မောင်းထွက်လိုက်သည်။ ညနေခင်းနေရောင်ခြည်နှင့်အပြိုင် သူမက လှချင်တိုင်းလှနေ၏။

"ရုပ်လွှာ တို့ဆီကို လိုက်လာတာ ဘာဖြစ်လို့လဲဟင်"

"သနားလို့ပေါ့"

"ဒါဆို မချစ်ဘူးလား"

"ဟင့်အင်း"

"တကယ်လား"

"အင်း ... "

"ပြီးမှ စိတ်မဆိုးနဲ့နော်"

ချစ်လို့လိုက်လာတာကို သိရဲ့သားနဲ့မေးတော့ သူမ ဟင့်အင်းပဲ ဖြေလိုက်သည်။ ကားကို လမ်းဘေးသို့ထိုးရပ်ကာ သူမဘေးနားသို့ အတင်းကပ်လိုက်ပြီး ရုပ်လွှာ၏ ကိုယ်လေးကို ဆွဲပွေ့ရင်း ...

"စိတ်မဆိုးနဲ့လို့ ပြောထားတယ်နော်"

"အို ... ဟင့်အင်း"

သူမ ရုန်းပေမယ့် မလွှတ်။ တပ်မက်မွေ့မူးစေသော အနမ်းရိုင်းများမှာ သူမမျောပါသွားသည်။ နွေးထွေးသော အနမ်းတို့ဖူးပွင့်စေခဲ့ပြီး ကြည်နူးခြင်းများစွာနှင့် သူ့ရင်ခွင်ထဲမှာ ငြိမ်သက်နေမိလေသည်။ ချစ်လိုက်တာ ရုပ်လွှာရယ်လို့ သူတိုးတိတ်လှိုက်လှဲစွာဖြင့် ချစ်စကားတို့ကို အထပ်ထပ်ဆိုလျှက် ...



www.burmeseclassic.com

www.burmeseclassic.com



"ရပ်လွှာ သနားတဲ့စိတ်တွေများသွားရင် တခြားစိတ်တွေ ဝင်လာနိုင်တယ်ဆိုတာ မင်းယုံလားဟင်"

"ဟုတ်တယ် ... ရပ်လွှာယုံကြည်တယ်၊ လူတွေဟာ တစ်ခါတလေ သနားကရုဏာ သက်မိတဲ့ စိတ်လေးကြောင့်ပဲ မမေ့နိုင်ဘဲ ရှိတတ်ကြတယ်၊ အဲဒါ လက်တွေ့ပဲလေ"

"ဒါဆို ရပ်လွှာက တို့ကို သနားကရုဏာသက်မိပြီး ချစ်မိသွားခဲ့တာပေါ့နော်"

"ရပ်လွှာ အမှန်အတိုင်းပြောရရင် ရှင့်ကိုအရမ်းသနားမိတယ်၊ ထူးဆန်းတာက အဲဒီသနားကရုဏာ ဖြစ်နေတာက ရုန်းမထွက်နိုင်ခဲ့ဘူး၊ ဒါကြောင့်ပဲ ရှင့်ကိုချစ်မိသွားရတာပေါ့"

"ရပ်လွှာရယ် ..."

ချစ်ခဲ့ရသည့်

သူကလည်း သနား၍ချစ်လာရသည်ဆိုသော သူမကို ဗိုမိုတင်းကျပ်စွာ ပွေ့ဖက်ရင်း နှစ်သိမ့်လိုက်မိပါသည်။

ထွက်ပြူစရှိနေသော လမင်းကြီးကလည်း ချစ်သူနှစ်ဦးကို ငုံ့ကြည့်ရင်း ရှက်ရိပ်တွေဖြာလျက် တိမ်ညိုမှိုင်းကြားသို့ ဝင်ရောက်ပျောက်ကွယ် သွားပါတော့သည်။

ပရိသတ်အတွက်
အမြဲတမ်း
သျှိုး

BURMESE CLASSIC

www.burmeseclassic.com